


တိဂံရှား နှင့် သိုင်းကညာ

## အခန်း (၁)

မြစ်ရိုး **တစ်လျှောက်ကို** ဖြတ်သန်းတိုက်ခတ်လာသော လေသည် နှလုံးသားကို အေးမြသွားစေသည်။

နေ့ခက်ကျိနေသော စိတ်များပင် လန်းဆန်းသွားသည်ဟု ထင်လိုက်ရလေသည်။

မြစ်ရိုးတစ်လျှောက် ကသွင်သွင် စီးဆင်းနေသော ရေမှ လှိုင်းကြက်ခွပ်ကလေးများသည် လရောင်ကြောင့် လင်းခနဲ လက်ခနဲ ဖြစ်နေသည်။

နံနက်မိုးလင်းသည်မှ ညနေ နေလုံးပျောက်သည်အထိ ဆူညံခဲ့သော ဆိပ်ကမ်းကြီးသည် ယခုအခါ၌ အတော်ကလေး တိတ်ဆိတ်စပြုသွားပြီ ဖြစ်လေသည်။

ဆိပ်ကမ်းနားတွင် လှေကြီး လှေငယ်များ၊ ကုန်တင်သမ္ဗန်ကြီး များ အစီအရီ ဆိုက်ကပ်ထား၏။

ကုန်တင်ရှက်လှေကြီးများမှ ကုန်စည်များကို တစ်နေ့လုံး ထမ်းချသယ်ပိုးနေကြသော အလုပ်သမားများလည်း အနားယူ ပျောက်ကွယ်သွားကြလေပြီ။

တစ်ဆင့်ခံခေါင်းရွက်ဗျပ်ထိုး ဈေးသည်ငယ်ကလေးများ၏ အသံဗလံများသည်လည်း တစ်စ တစ်စ ပျောက်ကွယ်သွား လေသည်။

အချို့သော ကုန်ထမ်းအလုပ်သမားကြီးများသည် တစ် နေ့တာ မောပန်းသမျှကို ယမကာဆိုင်များ၌အနားယူ အပန်း ဖြေနေကြပြီဖြစ်သည်။

တဖြည်းဖြည်း ညဥ့်နက်လာလေလေ....

ဆိပ်ကမ်းတစ်ခုလုံး ပို၍ တိတ်ဆိတ်လာလေလေ ဖြစ်၏။

*  *  *

ဆိပ်ကမ်း၏ အခြားတစ်ဖက်ဆီမှ တံငါတဲများတွင် မီးရောင် လက်လက်ကလေးများကို တွေ့မြင်နေရသည်။



ထို့အတူ....

လှေကြီးလှေငယ် အချို့တို့တွင်လည်း မီးရောင်များ ရှိနေ သည်။

ဆိပ်ကမ်းဆိုသည်က အနယ်နယ် အရပ်ရပ်မှ လာကြသည့် ကုန်လှေများ၊ ထိုလှေကြီးများနှင့်အတူ လိုက်ပါလာကြသည့် ကုန်သည်များ၊ ပွဲစားများ ကျက်စားရာနယ်မြေ ဖြစ်သည်။

အချို့ဆိုလျှင် သန်းခေါင်းသန်းလွဲအထိ အရောင်းအဝယ် ကိစ္စပြုလုပ်နေကြဆဲဖြစ်သည်။

အချို့ကလည်း ညဥ့်နက်သန်းခေါင်တိုင်အောင်ဆိပ်ကမ်း၌ အပန်းဖြေ အနားယူကြသည်။

ဆိပ်ကမ်းနှင့် မနီးမဝေးတွင် မိုးအလင်း ဖွင့်ထားသော စားသောက်ဆိုင်များကလည်း အသင့်ရှိနေပေသည်။

အချို့သော ကုန်သည်လှေများသည် ညကြီးအချိန်မတော် လည်း ဆိပ်ကမ်းသို့ ဆိုက်ကပ်တတ်သည် မဟုတ်ပါလား။

ကမ်းနားတစ်လျှောက် လေကလေးက ခပ်ဖြူးဖြူးကလေး တိုက်ခတ်နေ၏။

ဆိပ်ခံတံတားပေါ်တွင် နေ့ခင်းအခါကဲ့သို့ လူများများစား စား မရှိတော့ပေ။

သို့သော်....

တံတားပေါ်တွင် လူတစ်ယောက်ကတော့ ငုတ်တုတ် ထိုင်နေသည်။

ထိုသူသည် အချိန်အတော်ကြာအောင်းက ထိုနေရာ၌ ငုတ်တုတ်ထိုင်နေခဲ့ခြင်း ဖြစ်သည်။

ထိုသူသည် ပူအိုက်လွန်း၍ လေညင်းခံနေခြင်းလော။

ဒါမှမဟုတ်....

သူ၏ဘဝအတွက် ရင်ဆိုင်နေရသောပြဿနာများကို တိတ်ဆိတ်သောနေရာ၌ သာယာေအာက် ကျော်းတော စဉ်းစားနေခြင်းလော။

ငုတ်တုတ်ထိုင်နေသော သူသည် အချိန်အတော် ကြာကပင်ရောက်ရှိနေသော်လည်း သိပ်ပြီး လှုပ်လှုပ်ရှားရှားမတွေ့ရပေ။

တစ်ခါတစ်ရံ အနားမှ ဖြတ်သွားသောသူများက ထိုလူကို သေသေချာချာ အကဲခတ်ကြည့်သွားကြသည်။

အချို့ကအတော်လွန်သွားမှပင်သမင်လည်ပြန် ပြန်၍ကြည့်နေကြ၏။

သို့သော်လည်း....

ငုတ်တုတ်ထိုင်နေသော သူသည် မည်သူ့ကိုမှ ငဲ့စောင်း၍ မကြည့်ပါ။ ထိုသူ၏ မျက်နှာသည် ညင်သာစွာ စီးဆင်းနေသော မြစ်ရေကိုသာ ငေးမောကြည့်ရှုနေပေသည်။



လူငယ်အချို့သည် ထိုသူကို မြင်လိုက်သည်နှင့် အချိန်ကြာမြင့်စွာ ရပ်ကြည့်ပြီး သူတို့၏ ပါးစပ်မှလည်း တစ်စုံတစ်ခုကို ခပ်တိုးတိုး လှမ်းပြောကြသည်။

သို့သော် ထိုသူက လုံးဝကိုလှည့်မကြည့်။

လှည့်မပြောပေ။

ထိုအခါ လူငယ်တို့သည် တစ်စုံတစ်ရာပြောပြီး တခစ်ခစ် ရယ်မောသွားကြသည်။

အဘယ်ကြောင့်ဆိုသော်....

ငုတ်တုတ်ထိုင်နေသူမှာ အမျိုးသမီးတစ်ယောက် ဖြစ်နေသောကြောင့်ပင်။

* * *

အသက်အားဖြင့် နှစ်ဆယ်ကျော် သုံးဆယ်နီးပါးခန့်ဟု ခန့်မှန်းရသော အမျိုးသမီးတစ်ဦး ဖြစ်သည်။

သူမသည် ဆိပ်ခံတံတားပေါ်၌ ထိုင်နေခဲ့သည်မှာ အတော်ကြာပြီ ဖြစ်လေသည်။

ဆိပ်ကမ်းဆိုသည်က အရှုပ်သား။

ညဥ့်ငှက်ဟုခေါ်သော ညပျော်အမျိုးသမီးများလည်း ခြေရှုပ်သည့် နေရာဖြစ်သည်။

တစ်နေ့လုံး ပင်ပန်းပြီး အနားယူအရက်သောက်ရာမှ အမူးလွန်၍ အောင်ဟစ်သောင်းကျန်းနေသူများလည်း ရှိသည်။

သူခိုးကြမ်းပိုး အဃစ်သမားများကလည်း မရှား။

အမျိုးသမီးတစ်ဦးတည်း လူရှင်းသည့် နေရာတွင် တွေ့လိုက်ရသော ယောကျ်ားများသည် သူတို့၏ စိတ်ထဲ၌ သို့လော သို့လော ဖြစ်သွားကြသည်မှာ မမှတာပင်။

အချို့က လေချွန်ကြည့်သည်။

မတိုးမကျယ် လှမ်း၍ခေါ်ကြည့်သည်။

မဖွယ်မရာ စကားလုံးကလေးများဖြင့် စကြည့်သည်။

သို့သော်လည်း အမျိုးသမီးက ဖုတ်လေသည့်ငါးပိ ရှိသည်ဟုပင် မအောက်မေ့ဘဲ တုဏှိဘာဝေ နေလိုက်သောအခါ သူတို့ထင်သလို မဟုတ်မှန်းသိ၍ လက်လျှော့သွားကြသည်။

ဒါတောင် အချို့အတင့်ရဲသည့် ငနဲသားက အနားသို့သွား၍ ပြီတီတီလုပ်ကြည့်သည်။

'ဒီမှာညီမ၊ တစ်ယောက်တည်းလား'

မိန်းကလေးက တုတ်တုတ်မျှမလှုပ်၊ လှည့်မကြည့်။



'ကျုပ်ကလဲ လူသွတ်ပါပဲ၊ ငွေလဲ အများကြီးပါတယ်၊ ဒီတစ်ည....'

မိန်းကလေး၏ ခက်ထန်သော မျက်နှာကို မြင်လိုက်ရ၍ စကားတစ်ပိုင်းတစ်စ ရပ်သွားသည်။

နောက်တော့....

ယောင်ပေယောင်ပေနှင့်အနားမှ ခွာထွက်သွားတော့သည်။

မိန်းကလေးက လေပူတစ်ချက်ကိုမှုတ် ထုတ်လိုက်သည်။

ပြီးမှ သူမသည် တစ်နေရာဆီသို့ ငေးမောကြည့်လိုက်ပြန်သည်။ ကမ်းစပ်နှင့် ခပ်လှမ်းလှမ်းတွင် ရပ်တန့်ထားသော လှေကြီးတစ်စင်းဆီသို့ ဖြစ်သည်။

ထိုကြီးမားသော လှေကြီးမှ မီးရောင်လက်လက်ကို မြင်တွေ့နေရသည်။

ဆိပ်ခံတံတားပေါ်မှ အမျိုးသမီးသည် လှေကြီးကိုကြည့်ရင်းမှ မသိမသာ သက်ပြင်းချပြန်သည်။

သူမသည် လှေကြီးပေါ်မှ တစ်စုံတစ်ယောက်ကို စောင့်စားနေသည်ပဲ။

* * *

ချိကန်းသည် အသက်လေးဆယ်ကျော်ပြီ ဖြစ်သော်လည်း နုပျိုဆဲပင် ဖြစ်သည်။

သူ၏လှုပ်ရှားမှုများက လူငယ်တစ်ယောက်ကဲ့သို့ပင် သွက်သွက် လက်လက် ရှိလှသည်။

လှေကြီးပေါ်တွင် သူ ဝင်ဆောင်လာသော ကုန်စည်များ မှာ မနည်းမနောပေ။ ကုန်စည်စာရင်းများကို ပြုလုပ်ပြီး သည်နှင့် ကပျာကယာ ရေမိုးချိုးကာ သစ်လွင်တောက်ပ သော အဝတ်အစားများကို လဲလှယ်လိုက်သည်။

သူသည် ဤဆိပ်ကမ်းသို့ ရောက်တိုင်း ပြုလုပ်နေကျအလုပ် များကို မမေ့ပါ။

ပါလာသော ကုန်စည်များကို နောက်တစ်နေ့၌ သူ၏ ဖောက်သည်ဆိုင်များသို့ အလွယ်တကူပို့နိုင်ရန် စာရင်းအင်း များ ပြုလုပ်ပြီးသည်နှင့် ရေမိုးချိုးကာ မိုးလင်းဖွင့်ထား သော 'လင်းယုန်ဖြူ' စားသောက်ဆိုင်သို့ သွားရမည်။

ထိုဆိုင်၌ အဖိုးတန် ယမကာများကို စိတ်တိုင်းကျ သောက်သုံးပြီးသည်နှင့် ဆိုင်မှလူငယ်တစ်ယောက် စီစဉ်ပေး သည့် မိန်းမလှလေးနှင့် တစ်ညလုံးပျော်ပါးမည်။

ထိုအလုပ်သည် ချိကန်း၏ အလုပ်ပင်ဖြစ်သည်။

ယခု ချိကန်းသည် အဝတ်အစားကို အကုန်အနုလဲလှယ်ပြီး သည်နှင့် လှေကြီးအနားတွင် ငင်ထားသော လှေငယ်လေး ပေါ်သို့ ပေါ့ပါးစွာ ခုန်ဆင်းလိုက်သည်။



ထို့နောက် လှေလှော်ပေးသည့်လူငယ်အား ကမ်းစပ်ဆီသို့ လက်ယမ်း ပြလိုက်လေသည်။

* * *

ကျူးတို့လှေနှလှော် သမားကလေးသည် ဖွမ်းဖွမ်းမြည် အောင် ခပ်သွက်သွက် လှော်ခတ်လိုက်သည်။

ချိကန်းက လှေသမားလေးကို တစ်ချက်လှည့်ကြည့်၍ —

'ဒီအချိန်ဆိုရင် လင်းယုန်ဖြူ လူရှင်းလောက်ပါပြီနော်'

ဟု လှမ်းပြော၏။

လှေသမားက ကမ်းစပ်မှ မီးများထိန်ထိန်လင်းနေသည့် လင်းယုန်ဖြူ စားသောက်ဆိုင်ကို တစ်ချက် လှမ်းကြည့်ကာ....

'ဟုတ်ကဲ့၊ ဒီအချိန်ဆိုလူပါးပြီလို့ ထင်ရတာပဲ'

ချိကန်း အနေဖြင့်လည်း လင်းယုန်ဖြူ စားသောက်ဆိုင်တွင် လူများပြည့်ကျပ်နေသည်ကို သိပ်မလိုလားပေ။

အကြောင်းမှာ....

သူ တည်းခိုနေကျအခန်းမှာ အခြားသူများဝင်ရောက်နေမည်ကို စိုးရိမ်သည်။

သည်နေ့သည့်ရက်၌ သူရောက်လာမည်ဟု ဆိုင်တာဝန်ခံကို ကြိုတင်ပြောထားသော်သည်း မိမိကဲ့သို့ပင် ထိုဆိုင်အပေါ်၌ လွမ်းမိုးသောသူများရှိနေပါက ဆိုင်တာဝန်ခံကသည်း အာမ တတ်နိုင်မည် မဟုတ်ပေ။

ချိကန်းက ထိုအခန်းကိုမှ နှစ်သက်ခြင်းမှာ ထိုအခန်းသည် အစွန်ဆုံးဖြစ်ပြီး မြစ်ကို ကျောပေးထားသောကြောင့် မြစ်ကြောင်းတစ်လျှောက် ရှုမျှော်ခင်းကို တစ်ဝကြီးကြည့်ကာ လေညင်းခံနိုင်သည့်အပြင် လွန်စွာမှ လွတ်လွတ်လပ်လပ် ရှိသောကြောင့်ပင် ဖြစ်၏။

ကမ်းစပ်သို့ ရောက်သည်နှင့် ချိကန်းသည် ဆိပ်ခံတံတား ပေါ်သို့ ခုန်တက်လိုက်သည်။

လှေသမားလေးကိုပင် နှုတ်မဆက်တော့ဘဲ ခပ်သွက်သွက် လျှောက်လာရာ သူ၏မျက်စိထဲတွင် တစ်စုံတစ်ရာကို ထင်ထင် ရှားရှား တွေ့လိုက်ရသည်။

ငုတ်တုတ်ထိုင်နေသော မိန်းကလေးပင်ဖြစ်သည်။

ချိကန်း လှေသမားလေးကိုပြန်ကြည့်သည်။ မရှိတော့ပေ။ တစ်နေရာသို့ လှော်ခတ်သွားပြီဖြစ်သည်။

အခြား အနီးအနားဌလည်း လူသူဟူ၍ တစ်ယောက်မျှ မရှိ။



မိန်းကလေးက တစ်ယောက်တည်း ငုတ်တုတ်ထိုင်နေသည်။

လစာလေး၏အလင်းရောင်နှင့် မိန်းကလေးမျက်နှာက လှပနေကြောင်းကို ချိကန်းသိရသည်။

အချိန်မဲ့ အတာလညအခါ မိန်းအလေး တစ်ယောက်တည်း။

ချိကန်းသည် တမင်တကာပင် မိန်းကလေးအနားမှ နီးကပ်စွာ ဖြတ်လျှောက်လာသည်။

မျက်လုံးအစုံက မိန်းကလေးကို စူးစူးစိုက်စိုက်ကြည့်ကာ တစ်ကိုယ်လုံးကို အကဲခတ်သည်။

'အတော်လှတဲ့မိန်းကလေးပဲ'ဟု စိတ်ထဲမှရေရွတ်ရင်း မိန်းကလေးမျက်နှာကို တစ်ဖန် ကြည့်လိုက်ပြန်သည်။

မိန်းကလေးက သူ့ကို တစ်ချက်မော့ကြည့်၍ပြုံးလိုက်သည်။

ထိုအခါ....

ချိကန်း ခြေအစုံက အလိုလိုရပ်တန့်သွားသည်။

အဆင်သင့်လိုက်လေ၊ သည်တစ်ခေါက် ဤမြို့သို့ ရောက်ရသည်မှာ အလွန်ကံကောင်းသည်ဟု ထင်မိလိုက်သည်။

သူ့အဖို့ စားသောက်ဆိုင်မှူလူကို အပူကပ်စရာ မလိုတော့ပေ။

'ညီမ တစ်ယောက်တည်းလား ဟင်'

ချိကန်းက လေသံတိုးတိုးဖြင့် မေးသည်။

မိန်းကလေးက မပြုံးတပြုံးဖြင့်....

'အစ်ကိုက ဘယ်နှစ်ယောက် မြင်လို့လဲ'

'အင်း....ဟုတ်သားပဲ'

ချိကန်းမှာ သူ၏အမေ ခွန်းက အဓိပ္ပာယ် ရှိလှကြောင်း သိလိုက်သည်။

ချိကန်းသည် မိန်းကလေးအနား ပို၍တိုးသွားကာ အနီးကပ်လေ့လာလိုက်သည်။

ကိုယ်လုံးကိုယ်ပေါက် ဖောင့်တင်းရှိသာမက သူမ၏မျက်နှာကလေးကလည်း အပြစ်ပြောစရာမရှိအောင် လှပလို့နေသည်ကို တွေ့ရလေသည်။

'မင်းပျော်းရင် အစ်ကိုကြီး နဲ့ လိုက်ခဲ့ပါလား၊ လင်းယုန်ဖြူမှာ ညစာ စားရအောင်လေ'

ချိကန်းအဖို့ ထိုကဲ့သို့သော စကားမျိုး ပြောရသည်မှာ ဝန်မလေးပါ။ သူသည် သည်မှာဘက်၌ ဝါရင့်နေပုံ ရသည်။

မိန်းကလေးတစ်ယောက်၏ မျက်လုံးကို မြင်ရသည်နှင့် ထိုမိန်းကလေးသည် ဘာဆိုသည်ကိုအတတ်သိထားသည့် သဘောရှိသည်။

'အစ်ကိုက ကျွန်မကို ကျွေးမှာလား'



မိန်းကလေးက ထိုင်ရာမှထရင်း မေးသည်။

'အို....ကျုပ်ကျွေးမှာပေါ့ ညီမရယ်'

ချိကန်းက ရဲတင်းစွာပင် သူမ၏လက်ကို လှမ်းကိုင်လိုက်သည်။

မိန်းကလေးကလည်း အလိုက်သင့်ပင် ချိကန်း၏လက်ကို ပြန်ဆုပ်ကိုင်၍ ဆိပ်ခံတံတားပေါ်မှ ပွေးကပ်လျှ ထက်လာခဲ့ကြသည်။

ကမ်းစပ်တွင် ခမ်းခမ်းနားနား တည်ဆောက်ထားသည့် လင်းယုန်ဖြူ စားသောက်ဆိုင်တွင် မီးများ ထိန်ထိန်လင်းနေသည်။

မိန်းကလေးက သူမ၏ မျက်နှာကို ယပ်တောင်နှင့် ကွယ်လိုက်သည်။

သူမကို အခြားသူများ မြင်တွေ့သွားမှာ စိုးသည့်သဘောဖြစ်သည်။

ချိကန်းကလည်း သိလိုက်သည်။ ထို့ကြောင့် ဆိုင်လုလင်တစ်ယောက်ကို မျက်စိမှိတ်ပြပြီး အစွန်ဆုံး အခန်းနံပါတ်တစ်ဆယ်ဆီသို့ တန်းတန်းမတ်မတ် လျှောက်သွားတော့သည်။

အခန်းနံပါတ် တစ်ဆယ်သည် ချိကန်း၏ အနှစ်သက်ဆုံး အခန်းဖြစ်သည်။ အထူးသဖြင့် သူလာသည့် အခါတိုင်း ထို

အခန်းမှလွဲ၍ အခြား အခန်းကို လုံးဝ စိတ်ဝင်စားခြင်း မရှိပေ။

အခန်းထဲ၌ နီကျင်ကျင် မီးပုံးတစ်ခုသာ ချိတ်ဆွဲထားသည်။

အလင်းရောင်က အားနည်းလှ၏။ ဒါမှလည်း မျက်နှာပြောင် မတိုက်ရဲသော မိန်းကလေးအဖို့ သင့်လျော်မည် မဟုတ်ပါလား။

ချီကန်းသည် ဆိုင်လုလင်အား အစားအသောက်များကို မှာကြားနေစဉ် မိန်းကလေးသည် တစ်စုံတစ်ခုကို ပြုလုပ်နေဟန်ဖြင့် သူမ၏မျက်နှာကို ဖွက်ထားလေသည်။

'မီးပုံးထပ်ထွန်းခိုင်းရမလား'

ချီကန်းက မေးသည်။

'နေပါစေ'

မိန်းကလေးက မပွင့်တပွင့် ပြန်ဖြေသည်။

ချီကန်းသည် နီကျင်ကျင်မီးရောင်အောက်မှ မိန်းကလေးကို ခေတ္တခဏ စူးစိုက်ကြည့်လိုက်သည်။

သူတွေ့ကြုံဖူးသော အပျော်မယ်များနှင့် လုံးဝမတူသည်ကို ရှေးဦးစွာ သတိထားမိသည်။

မိဘအိမ်က စိတ်ဆိုး စိတ်ကောက်နှင့် ထွက်ပြေးလာသည် ပဲလား။'



ဒါမှမဟုတ်....

တစ်နယ်တစ်ကျေးက အယောင်ယောင် အမှားမှားနှင့် ရောက်လာသည့် မိန်းကလေးပေပဲလား။

ဒါမှမဟုတ်....

လင်သားနှင့် စိတ်ဆိုးပြီး ထွက်လာတာလား။

ချီကန်း တွေးသာ တွေးရသည် ဒါတွေက သူနဲ့မဆိုင်။

ချီကန်း နားလည်ထားသည်က မိန်းကလေးက လှသည်၊ အသားအရည် စိုပြည်သည်၊ ပြည့်ဖြိုးသည်။

သည်လောက်ဆိုရင် သူ့အဖို့ တစ်ညတာ လောကကြီးကို မေ့ထားလို့ ရပြီ ဖြစ်သည်။

ချီကန်းသည် သူ၏ အပေါ်အင်္ကျီများကို ချွတ်၍ အသင့်ရှိနေသော ခုတင်ပေါ်သို့ ပစ်တင်လိုက်ပြီးမှ မိန်းကလေး အနား လာထိုင်သည်။

'ညီမနာမည် ဘယ်လိုခေါ်သလဲ'

မိန်းကလေးက သက်ပြင်းမသိမသာချရင်းမှ သူ့ကိုမော့ကြည့်ကာ....

'အစ်ကိုကြီးအဖို့ နာမည်က အဓိကမှ မဟုတ်ဘဲ'

ချီကန်း ခေါင်းကို ဆတ်ခနဲ ညိတ်မိလိုက်သည်။ စိတ်ထဲမှလည်း 'ဟုတ်သားပဲ၊ ငါလိုချင်တာ နာမည်မှ မဟုတ်တဲ' ဟု တွေးမိပြန်သည်။

မိန်းကလေးသည် စကားတွေ အပိုပြောဆိုသည်ကို ကြိုက်ပုံမရပေ။

ဆိုင်လုလင်က အရက် အကောင်းစားများ အပါအဝင် စားစရာများကို အငွေ့ တထောင်းထောင်းနှင့် လာချသွားသည်။

ပြီးသည်နှင့် ချီကန်းက တံခါးကို သွားပိတ်လိုက်လေသည်။

* * *

ချီကန်းသည် လက်တစ်ဖက်က အရက်ခွက်ကို ကိုင်ထားသော်လည်း အခြားလက်တစ်ဖက်က မိန်းကလေး၏ ပခုံးကို ဖက်ထားသည်။

ချီကန်း၏ မျက်နှာသည် အရက်ရှိန်ကြောင့် နီမြန်းလာသည်။



[library stamp]

မျက်လုံးများကလည်း အရောင်တောက်ပလာသည်။

မိန်းကလေးသည် ချီကန်းပြုသမျှ မငြင်းကန်ပေ။ ချီကန်း၏ အလိုကို ပို၍ပင် ဖြည့်စွမ်းပေးလေသည်။

သူမ၏ အင်္ကျီကြယ်သီးအချို့ကို သူမကိုယ်တိုင်ပင် ဖြုတ်ပေးထားလိုက်သည့်အပြင် ချီကန်း၏ရင်ခွင်ထဲသို့ တိုးဝင်ပိကပ်ထားသည်။

ထိုအခါ ချီကန်းသည် အရက်ခွက်ကို မေ့နေသည်။ စားစရာများကို သတိမရတော့ပေ။

သူ၏ လက်နှစ်ဖက်စလုံး မိန်းကလေးအပေါ်၌ အလုပ်ရှုပ်နေတော့သည်။ ထိုသို့ အလုပ်ရှုပ်နေရာမှ ချီကန်းသည် မိန်းကလေးကိုပွေ့ပိုက်၍ ခုတင်ပေါ်သို့တွဲခေါ်သွားသည်။

ခုတင်ပေါ်ရောက်သည်နှင့် မိန်းကလေးက....

'ဒီမှာ အစ်ကိုကြီး....'

'ဟင်....ပြောလေ ညီမ'

'ကြေးစကား ပြောဦးမှပေါ့'

ချီကန်းက သူ၏ အဝတ်အစားကို ချွတ်နေရင်းမှ....

'ဟာ.... ရမှာပေါ့ ညီမရယ်၊ ဘယ်လောက်လဲ.... ပြောစမ်း'

ချီကန်းအဖို့ ရမ္မက်အရှိန်တက်နေပြီ ဖြစ်သည်။ ယခုအချိန် မိန်းကလေးက တစ်သောင်းတောင်းသည့်တိုင် ထုတ်ပေးတော့မည့် အခြေအနေမျိုး ရောက်ရှိနေပေသည်။

သူသည် မိန်းကလေး၏အထိအတွေ့ကို အလွန်အမင်းယစ်မူး နေပြီဖြစ်၏။

'နှစ်ထောင်'

မိန်းကလေးက လက်နှစ်ချောင်းထောင်ပြရင်း ပြောသည်။

'ရတယ်....ရတယ်'

ချိုအန်းကပြောရင်း မိန်းကလေး၏မျက်နှာကို ကြည့်သည်။

စူးစိုက် ကြည့်သည်။

'ညီမကို ကျုပ် မြင်ဖူးသလိုပဲ'

ပြောရင်း မိန်းကလေးကို ဖက်၍လှဲချသည်။

မိန်းကလေး၏ လှပသော မျက်နှာက မျက်နှာကြက်တွင် ဆွဲချိတ်ထားသည့် မီးပုံးအနီရောင်နှင့် ပို၍ပန်းရနေသည်။ ပို၍ ပီပြင်လာသည်။

'ဘယ်မှာ မြင်ဖူးတာလဲ'

မိန်းကလေးက ပြန်မေးရင်း ချိုကန်းကို ပြန်၍ သိုင်းဖက် ထားသည်။

ချိုအန်းထံမှ မည်သည့်အသံမှပြန်မထွက်လာဘဲ မိန်းကလေး ကို အငမ်းမရ ဖိကပ်နမ်းရှုတ်နေသည်။

ထိုစဉ် ချိုကန်း၏ လည်မျိုနေရာသို့ အပ်နှင့် ထိုးသကဲ့သို့ ချွန်မြမြ အရာဝတ္ထုတစ်ခုက ထောက်သွားသလို ခံစားရသည်။



မိန်းကလေး၏ လက်သည်းနဲ့လား၊ သို့မဟုတ် လက်စွပ်က ချွန်ထက်သော ကျောက်ကြောင်ပဲလား ဝေခွဲချိန်ပင် မရ လိုက်ပါ။

ချိုကန်း တစ်စုံတစ်ရာကို သတိရလိုက်ချိန်တွင် နောက်ကျ သွားပြီ ဖြစ်သည်။

ချွန်ထက်သောအရာဝတ္ထုသည် သူ၏ လည်မျိုထဲသို့ ထုတ် ချင်းပေါက်သည်အထိ ခံစားလိုက်ရသလို ဖြစ်သွားပြီး....

လျှာထွက်သွားသည်။

မျက်လုံးပြူးသွားသည်။

မိန်းကလေးကို မယုံကြည်နိုင်သော မျက်လုံးအစုံဖြင့် ဝေဒနာခံစာရင်း ပြူးကြည့်နေမိသည်။

ပြီးနောက် မိန်းကလေးကို မှတ်မိသွားသလို....

'မင်း....မင်း'

မိန်းကလေးက ခေါင်းညိတ်၍ သူမ၏ နာမည်ကို တိုးတိုး လေး ပြောလိုက်သည်။

ချိုကန်း မိန်းကလေး ဘယ်သူဘယ်ဝါဆိုတာ မှတ်မိလိုက် သော်လည်း တဒင်္ဂလေးမျှသာ ဖြစ်တော့သည်။

မျက်ဖြူလန်၍ လဲကျသွားသည်။

နောက်....

လုံးဝ ငြိမ်သက်သွားသည်။

* * *

ရှေ့ဦးစွာ—

မိန်းကလေးက သူ၏ အဝတ်အစားများကို အကျအနပြန်၍ ဝတ်လိုက်သည်။

အနည်းငယ် ပေကျံနေသော သူမ၏ ကိုယ်မှ သွေးစက်တို့ကိုလည်း ပြောင်စင်အောင် သုတ်ပင်လိုက်သည်။

သူမ၏ လက်ထဲမှ သုံးမြောင့်သံချွန်(ဝါ)သုံးမြောင့်ဓားကို ချီကန်း၏ ရင်ဘတ်ပေါ်သို့စိုက်ကာ တြိဂံသုံးမြောင့် ပုံသဏ္ဌာန်ဖြစ်အောင် ရေးခြစ်လိုက်သည်။

ထို့နောက် ချီကန်း အိတ်ထဲ၌ ပါလာသော အဖိုးတန်ပစ္စည်းနှင့် ငွေများကို ထုတ်ယူလိုက်သည်။

ပြီးသည်နှင့် သူမက ပြတင်းပေါက်ကို လှမ်းကြည့်သည်၊



မြစ်ရေအား ပုံမှန်အတိုင်း စီးဆင်းနေသော်လည်း လှေကြီးလှေငယ်တို့မှာ မီးများ မမြင်ရတော့ပေ။

ငြိမ်သက်စွာဖြင့် အိပ်မောကျနေသည်ကို တွေ့ရသည်။

အမျိုးသမီးသည် အတွင်းသို့ပြန်လှည့်ပြီး ချီကန်းကို တစ်လှည့်ကြည့်ကာ လုံးဝ အသက်မရှိတော့သည်ကို တွေ့လိုက်ရမှ ပြတင်းပေါက်သို့ မ့ထုတ်သွားသည်။

ပြီးနောက် ပြတင်းပေါက်မှနေ၍ ခြေထောက်နှစ်ချောင်းကို အမိအရကိုင်ကာ ပြတင်းပေါက်နှင့် ငါးပေမျှသာကွာသည့် မြစ်ထဲသို့ အသာအယာ လွှတ်ချလိုက်လေသည်။

'စွပ်' ခနဲအသံနှင့်အတူ ချီကန်း၏အလောင်းက မြုပ်သွားတော့သည်။

ထို့နောက် ချီကန်း၏ ချွတ်ထားသော အင်္ကျီနှင့်ဖိနပ်တို့ကို စုစည်းပြီး အားလုံးကို မြစ်ထဲသို့မျှောချလိုက်လေတော့သည်။

ပြီးသည်နှင့် သူမသည် စားပွဲပေါ်မှ သောက်လက်စအရက်အနည်းငယ်ကို သောက်ချလိုက်သည်။

ခေတ္တကြာသော် အတော်ကလေး ဆိတ်ငြိမ်သွားသည်။

သူမသည် အဝတ်အစားများကို သေချာကျနစွာ ပြန်လည် ဝတ်ဆင်ပြီး တံခါးဖွင့်ကာ အပြင်သို့ အကဲခတ်ကြည့်သည်။

စားပွဲအချို့တွင် စားသောက် နေကြသောသူများကို တွေ့ရသော်လည်း အမျိုးသမီးက ဂရုမစိုက်ပါ။

အများသုံး အိမ်သာဘက်သို့ ထွက်သွားသည်။

တည်းခိုသူ၊ စားသောက်သူများသည် ထိုအိမ်သာသို့သာ သွားကြရသဖြင့် မည်သည့်စားသောက်ဆိုင် အလုပ်သမားကမှ သူမကို မသင်္ကာမည်မဟုတ်ပေ။

အမျိုးသမီးသည် အိမ်သာအခန်း တစ်ခန်းသို့ဝင်ကာ မကြာမီ ပြန်ထွက်လာသည်။

သို့သော်....

အဆောင်ထဲသို့ မဝင်တော့ဘဲ စားသောက်ဆိုင်ကြီး၏ ဘေးမှပတ်၍ အဝင်လမ်းမကြီးအတိုင်း ပြန်ထွက်သွားသည်ကို မည်သူ တစ်ဦးတစ်ယောက်မှ သတိမထားလိုက်မိပါပေ။

အချိန်မှာ....

သန်းခေါင်ကျော်ပြီ ဖြစ်သည်။

## အခန်း (၂)

ခေါင်းပြူစ နေရောင်ခြည်သည် လူသားတို့အား နွေးထွေး သွားစေတော့သည်။

လီလီသည် ချက်ပြုတ်စားသောက်စရာနှင့် အခြားအိမ်သုံး ပစ္စည်းများ စုံသင့်စွာ ဝယ်ပြီးသည်နှင့် အငှားမြင်းရထား တစ်စီးပေါ်သို့ တက်လိုက်သည်။

သို့သော် ရထားမောင်းသမားကိုတော့ သွားဖို့မပြောသေး ပေ။

မိမိဝယ်ခြမ်းထားသော ပစ္စည်းများ စုံမစုံ စဉ်းစားရင်းမှ သူမ၏ ပိုက်ဆံထည့်ထားသော အိတ်ကို ဖွင့်ကြည့်လိုက်သေး သည်။

အိမ်မှထွက်လာစဉ်က ဖုဖောင်းနေအောင် ထည့်လာသော ပိုက်ဆံအိတ်မှာ ယခုအခါ ပြားချပ်သွားပေပြီ။

သူမသည် အမြဲတမ်း နေ့ရှိသရွေ့ ဈေးလာတတ်သူ မဟုတ်ပေ၊ လေးရက်တစ်ကြိမ်၊ ငါးရက်တစ်ကြိမ်မှ ဈေးကို လာတတ်သူ ဖြစ်သည်။

သည်တော့လည်း လေးငါးရက်စာကို စုံလင်အောင် ဝယ်ခြမ်းရသည်။

'အစ်မကြီးခင်ဗျာ....မောင်းရတော့မလား'

မြင်းရထားသမားက အသံပြုမှ လီလီက မော့ကြည့်ကာ....

'အေး....မောင်းတော့ကွယ်'

ဟု ချိုသာသောအသံဖြင့် ပြန်ပြောလိုက်သည်။

လီလီသည် တပ်မှူးတစ်ယောက်၏ ဇနီးပင်ဖြစ်သော်လည်း မိမိအိမ်မှ အခိုင်းအစေမှအစ အော်ဟစ်ငေါက်ငမ်း ကြိမ်မောင်းခြင်းမပြုပါပေ။

တပ်မှူးကတော်ဟူ၍လည်း မာနထောင်လွှားခြင်း မရှိပေ။

တပ်မှူး ရှဖုန်းရှိ သူမအပေါ် စွဲလမ်း ချစ်ခင်သည်မှာလည်း ထိုအချက်များကြောင့်ဟု လီလီက သိထားသည်။

ရှဖုန်းရှိအား ယောကျ်ားကောင်း ယောကျ်ားမြတ် တစ်ယောက်ဟု လီလီက အမြဲတင်စားထားသည်။



တပ်မှူး ရှဖုန်းရှိသည် ရန်သူနှင့် တွေ့လျှင် သတ္တိပြောင်မြောက်သလောက် ကျန်အချိန်များတွင် စံတင်ရလောက်အောင် အေးဆေးသူ ဖြစ်သည်။

အသောက်အစား အပျော်အပါး အလွန်နည်းပါးသည်။

မရှိဆင်းရဲသူနှင့် ကိုယ့်အောက်က လူများကို အလွန်သနား ကြင်နာတတ်သည်။

သားလေးရှုအန်းလုနှင့် ဇနီး လီလီမျက်နှာညှိုးသွားမှာကို နည်းနည်းမှ လိုလားသူ မဟုတ်ပေ။

အမြဲတစေ အရိပ်တကြည့်ကြည့်နှင့် အလိုလိုက်သားသည်။

ထို့ကြောင့်လည်း လီလီက လင်တော်မောင်ကို ချစ်ရ ကြင်နာရ သနားရသည်မှာ အမောပင်။

အိမ်ရှေ့တွင် မြင်းရထား ဆိုက်သည်နှင့် အိမ်ဖော်ခြံစောင့် ပုံးကျောင်းက မြင်းရထားပေါ်မှ ပစ္စည်းများ သယ်ချသွားသည်။

'သားလေး ကျောင်းသွားပြီလား အဖွားစုံ'

လီလီက စားဖိုမှူးအဖွားစုံဆိုသူ အမျိုးသမီးကြီးကို အိမ်ထဲရောက်ရောက်ချင်း လှမ်းမေးသည်။

'ဟုတ်တယ်သခင်မ၊ အဖွားစုံကိုယ်တိုင်ပို့ခဲ့ပါတယ်'

လီလီ၏သားလေး ရှအန်းလုက ငါးနှစ်သားမို့ ဒီနှစ်မှ ကျောင်းစတက်ရသည်။ ကျောင်းက အိမ်နှင့်သိပ်မဝေးလှသော်လည်း သူမကိုယ်တိုင် မပို့နိုင်သောနေ့တွင် အဖွားစုံကို ပို့ခိုင်းရသည်။

တစ်ခါတလေ ခြံစောင့်ကြီး ပုကျောင်းက လိုက်ပို့ရသည်။

ပုကျောင်းသည် မီးဖိုထဲမှပြန်ထွက် လာပြီး သူ၏ရှင်ဘတ်ကြားထဲမှ စာအိတ်တစ်အိတ်ကို လီလီအား ရိုရိုသေသေလှမ်းပေးလိုက်ရင်း....

'သခင်ကြီးနာမည်နဲ့ စာအိတ်တစ်ခု ရောက်နေပါတယ်'

လီလီကလှမ်းယူပြီး စာအိတ်ကို ကြည့်လိုက်သည်။

'တပ်မှူးရှုဖုန်းရိ'ဟု စာအိတ်ပေါ်၌ ရေးထားသည်ကို တွေ့ရသည်။

လီလီ့အဖို့ သိပ်မဆန်းပါ။ မကြာခဏဆိုသလို အသုပ် ကိစ္စနှင့် သော်လည်းကောင်း၊ စားပွဲ သောက်ပွဲနှင့် ဧည့်ခံ သော်လည်းကောင်း ယခုလိုပင် ဖိတ်စာနှင့်ဖိတ်ကြားတတ် ကြသည်မို့ လီလီက စာအိတ်ကို ရှုဖုန်းရိ၏ စာကြည့်စား ပေါ် တင်ထားပေးလိုက်သည်။

ပြီးနောက်သူမသည် မီးဖိုထဲသို့ဝင်ရောက်သွားကာ စားစ အချို့ကို အမြန်ဆုံး ချက်ပြုတ်နေတော့သည်။



သည်နေ့ ခရီးထွက်စရာရှိသည်ဟု ရှုဖုန်းရိကပြောထားသည်။

ရှုဖုန်းရိခရီးထွက်လျှင် တစ်ခါတစ်ရံ နှစ်ရက် သုံးရက်ကြာတတ်သောကြောင့် လီလီကကြာရှည်ခံသော အစားအချို့ကို ချက်ပြုတ် ထည့်ပေးရသည်။

လီလီချက်ပြုတ်နေစဉ် မြင်းခွာသံကြားရသည်။

ရှုဖုန်းရိ၏ မြင်းခွာသံ။

လီလီက ချက်ပြုတ်ရင်းမှ ထွက်လာသည်။

'အို…အစ်ကို အစောကြီးပြန်လာတယ်၊ ကျွန်မက ချက်ပြုတ်တုန်း'

ရှုဖုန်းရိမြင်းပေါ်မှခုန်ဆင်းပြီး အိမ်ထဲသို့ ခြေလှမ်းကျဲကြီးများဖြင့် ဝင်လာသည်။

'အစ်ကို စားမသွားတော့ဘူးလီလီ၊ အိုစူးဝါးတို့ ဓားပြဂိုဏ်းက သိပ်အတင့်ရဲနေတယ်၊ ပြောင်းတောရွာကို ညက ဝင်တိုက်သွားတယ်တဲ့၊ ဗိုကောင်တွေ အုပ်မိလိုအုပ်မိငြား လိုက်ရဦးမယ်'

ရှုဖုန်းရိက ပါးစပ်မှလည်းပြောရင်း တိုက်ခိုက်ရေး ဝတ်စုံကို ဝတ်နေသည်။

လီလီက လင်ယောကျ်ားဖြစ်သူကို ကြင်နာစွာ ကြည့်ရင်း သက်ပြင်းကို မသိမသာချလိုက်သည်။

'အစ်ကို့အလုပ်တာဝန်ကလဲလေ စားကောင်းခြင်း မစား ရ၊ အိပ်ကောင်းခြင်း မအိပ်ရနဲ့ပါသား'

ဟု ညည်းညည်းတွားတွား ပြောသည်။

ရှဖုန်းရိက ပြုံး၍ပြန်ကြည့်ရင်း....

'အစ်ကိုကတော့ အဲဒီလိုလှုပ်ရှားနေရတာကို သိပ်ပျော် တာ၊ ဒါနဲ့ သားလေးကော ကျောင်းသွားပြီလား'

'ဟုတ်ကဲ့အစ်ကို'

'သားလေးကိုဂရုစိုက်ပါ၊ ကြီးလာရင် အစ်ကို့အလုပ်တွေ ကို လွှဲပေးရမယ်၊ တိုင်းပြည်အတွက် လူမျိုးအတွက်....'

လီလီက မျက်စောင်းထိုးသည်။

နောက် စားပွဲပေါ်လှမ်းကြည့်၍....

'ဟိုမှာ အစ်ကို့နာမည်နဲ့ စာတာပ်စောင် ရောက်နေတယ်'

ရှဖုန်းရိမျက်ခမှောင်ကြုတ်၍ စာအိတ်ကိုလှမ်းကြည့်သည်၊ ပြီးနောက် ဆွဲယူကာ ဖောက်ဖတ်လိုက်သည်။

စာအိတ်ထဲမှ အနီရောင် ကတ်ကလေးတစ်ခု ထွက်လာ သည်။

လူအမည် ငါးခု ရေးထားသည်ကို တွေ့ရသည်။

အခြား ဘာမှမတွေ့ခြား။ လူအမည်ငါးခု၏ အောက်တွင် ကြို့ဂ အမှတ်အသားတစ်ခုကို တွေ့ရသည်။



ပေးပို့သူ၏ သင်္ကေတပင်ဖြစ်မည်ဟု ထင်မိပြီး လူအမည် များကို ရှဖုန်းရိ ဖတ်ကြည့်မိသည်။

ချီကန်း (×)

လေ့ကြီး } ညီအစ်ကို
လေ့ဖိုး }

ကြဲမုချမ်း

ရှဖုန်းရိ (တပ်မှူး)

ဟူ၍ အနီရောင်ကတ်၌ ရေးသားထားသည်။

ချီကန်း၏ အမည်နေရာတွင် ကြက်ခြေခတ်ထားသည်မှာ ဘာလဲဟု ရှဖုန်းရိတွေးမိသည်။

ထို့ပြင်....

မိမိနာမည်အပါအဝင် အထက်ပါလေးယောက်၏ အမည် တွေကကော ဘယ်သူဘယ်ဝါတွေလဲ။

လေ့ကြီး၊ လေ့ဖိုး ညီအစ်ကိုတို့ဆိုသည်ကိုလည်း မိမိ မသိ။ ဘယ်လိုမှ စဉ်းစားလို့မရ။

ကြဲမုချမ်း....

ထိုနာမည်ကိုလည်း ကြားဖူးသလိုသာ ရှိသည်။ သို့သော် နာမည်တူဆိုသည်က တရုတ်ပြည် တစ်ပြည်လုံး ထောင်နှင့် သောင်းနှင့်။

ထို့နောက် မိမိအမည် တပ်မှူးဟူ၍ပင် ဝိသေသကို ဖော်ပြထားပေသည်။

မိမိအမည်ကတော့ လုံးဝမှားစရာ မရှိပေ။

ဘယ်သူက ဘာကိုစွန့်ပို့သနည်း။

ရှဖုန်းရိ သိပ်မစဉ်းစားချင်တော့ပေ။ ကိစ္စကလည်း ရှိနေသေးသည်မို့ စာအိတ်ထဲပြန်ထည့်ကာ စားပွဲပေါ် ပစ်တင်ပြီး လီလီကို လှမ်းကြည့်လိုက်သည်။

လီလီက စားစရာအချို့ကို အထုပ်ပြုလုပ်၍လှမ်းပေးသည်။

'ကိုယ်သွားမယ် လီလီ'

ရှဖုန်းရိ လီလီ၏ ပါးတစ်ဖက်ကို အသာအယာပုတ်၍ ထွက်သွားသည်။

လီလီက ချစ်စနိုး ပြုံးပြလိုက်သည်။

* * *

ဘုရင်ကူဗလိုင်ခန် လက်ထက် မတိုင်မီ အေဒီ ၁၂၄၀ လောက်တွင် တရုတ်ပြည်၏ အုပ်ချုပ်ရေးမှာ တစ်မျိုးဖြစ်သည်။

နေပြည်တော်ရှိ ဘုရင်မင်းမြတ်က မြို့စား နယ်စား ရှာစား များထားသည်။



ထိုမြို့စားကြီးများက သီးသန့် တပ်သားများ ဖွဲ့စည်း၍ မြို့စားတပ်ကို သီးသန့်ထားကာ ဆူပူသောင်းကျန်းသော သူခိုး၊ ဓားပြ၊ လူသတ်သမားများကို ဝိုင်းဝန်းနှိမ်နင်းရသည့်အပြင် မြို့ပြအုပ်ချုပ်ရေးကိုလည်း ဖွဲ့စည်းထားပေးသည်။

မြို့ပြအုပ်ချုပ်ရေးသည် အသေးအဖွဲ့ ကိစ္စအပြင် သူခိုး၊ ဓားပြ၊ လူသတ်သမားများအထိ မြို့ရွာအေးချမ်းရေးအတွက် ဆောင်ရွက်ရသည်။

သို့သော် မြို့စားတပ်သားများနှင့် မြို့ပြအုပ်ချုပ်ရေး တပ်သားများကို တစ်ခုစီခွဲခြားထားသည်။

ရာဇဝတ်မှုတစ်ခု ဖြစ်လာလျှင် အဖွဲ့အစည်း နှစ်ခုစလုံးက ပူးပေါင်းဆောင်ရွက်ရသည်။

အားလုံးမှာ မြို့စားကြီး၏ လက်အောက်ခံများသာ ဖြစ်သည်။

ယခု....

ကျုံကွမ်းမြို့သည် အထက်ပါစနစ်အတိုင်း ကျင့်သုံးဆောင်ရွက်နေသော မြို့ကြီးတစ်မြို့ ဖြစ်သည်။

တပ်မှူး ရှဖုန်းရိသည် မြို့စားကြီး၏ ကိုယ်ရံတော် တပ်မှူးအားအထားရဆုံး တပ်မှူးတစ်ဦး ဖြစ်လေသည်။

တော်ရုံတန်ရုံ သူခိုးဓားပြလောက်ဆိုလျှင် မြို့ပြ အုပ်ချုပ်ရေးတပ်မှသာ တာဝန်ယူ တိုက်ခိုက်ရှင်းလင်း ရသော်လည်း

အိုစူးဝါးဓားပြဂိုဏ်းကဲ့သို့ နာမည်ကြီးပြီး အလွန်ရက်စက်သော ဂိုဏ်းမျိုး ဆိုလျှင် တော်ရုံတန်ရုံ တပ်ဖွဲ့လောက်နှင့် ဆုံးမ၍ မရပေ။

ဓားပြများ လက်ချက်နှင့် သေကြရသည့် တပ်သားများက များလှပြီ ဖြစ်သည်။

ထို့ကြောင့်လည်း....

ရှဖုန်းရှိ ဦးဆောင်သော တပ်ဖွဲ့ကို ပြောင်းတောရွာသို့ အမြန်ဆုံး စေလွှတ်လိုက်ခြင်း ဖြစ်လေသည်။

ကျုံးကွမ်းမြို့၏ ကာတိယလမ်းမကြီးပေါ်မှ မြင်းတပ်တစ်တပ် အလံတလူလူလွင့်၍ သွက်သွက်ကလေး ထွက်သွားကြသည်ကို လမ်းသွားလမ်းလာများ ငေးမောကြည့်လိုက်ကြသည်။

အချို့သော အကင်းပါးသူများက သိရှိကြသည်။

တပ်မှူးလေး ရှဖုန်းရှိ ဦးဆောင်ကာ မြင်းတပ် ချီတက်သွားပြီဆိုလျှင် ကျေးရွာအချို့၌ ဓားပြ ဖွဲ့သောင်းကျန်း၍သာ ဖြစ်ရမည်ဟု။

ထိုလမ်းမကြီးပေါ်ရှိ အရက်သေစာနှင့် အခြားစားစရာ များ ရောင်းသော 'ရှေနား' စားသောက်ဆိုင်မှ ဒေါ်ရှေနားက မြင်းတပ်ကို ငေးမောကြည့်ရင်းမှ သူ့ရှေ့တွင် ထိုင်နေသော 'ဟွေဆန်းကိုး' အား....

လင်းစာပေ



'အင်း....တစ်ခုခုတော့ ဖြစ်ပြန်ပြီနဲ့တူတယ်၊ ဟုတ်တယ် မဟုတ်လား ဟွေဆန်းကိုး'

ဟွေဆန်းကိုးက မြင်းတပ်ကိုလှမ်းကြည့်ရင်း ပခုံးတွန့်လိုက်လေသည်။

ပြီးမှ နှုတ်ဖြင့် ပြန်မပြောဘဲ လက်ခါပြလိုက်သည်။ 'မပြောတတ်ဘူး' ဆိုသည့် သဘောပင် ဖြစ်သည်။

သည်နေရာမှာ ဟွေဆန်းကိုးက နှုတ်ဖြင့် ပြန်မပြောခြင်း မရှိသည်မှာ သဘာဝ ကျလှပါသည်။

အကြောင်းမှာ....

ရှေနား စားသောက်ဆိုင်သည် ဆိုင်းဘုတ်ချိတ်ထား၍ ထို အမည်ကို ခေါ်နေကြခြင်း မဟုတ်ပါ။

သူမ၏ အမည်မှာ လင်ကျောဖွမ်း ဖြစ်သည်။ အသက် သုံးဆယ့်ငါးနှစ်ခန့် ရှိသော်လည်း ယောကျ်ားမရသေးသည့် အပျိုကြီးပင် ဖြစ်၏။

သို့သော် သူမသည် အင်မတန် ဆော်ပြောမှ ကြားရသော နားချို့ယွင်းနေသူဖြစ်၍ သူ့ကို အားလုံးက ရှေနား.... ဒေါ်ရှေနားဟု ခေါ်ကြပြီး စားသောက်ဆိုင်ကိုလည်း 'ရှေနား စားသောက်ဆိုင်' ဟု အားလုံးက ဝိုင်းဝန်း သမုတ်ထားကြခြင်းသာ ဖြစ်သည်။

သူမသည် ကိုယ်လုံးကိုယ်ပေါက်ကောာ ရှုပ်ရည်ပါ ပြောစရာမရှိ။ နှာပင်းနေသော်လည်း စကားပြော ချိုသာသည်။

ယခုတိုင် အိမ်ထောင်မပြုသေးခြင်းမှာ ကြိုက်မည့်သူ မရှိတော့၍ ဟုတ်ဟန်မတူပေ။ သူမ ကိုယ်တိုင်က ယောကျ်ားယူချင်စိတ် မရှိသောကြောင့် ဖြစ်ပေမည်။

ဒါမှမဟုတ် သူမကို လိုချင်သော်လည်း အောင်ပြောရမည့်ဝန်တာကို စဉ်းစားမိသောကြောင့် သူမကို မစဉ်းစားကြခြင်းလည်း ဖြစ်နိုင်သည်။

သူမကို နှစ်နှစ်ကာကာ စွဲလမ်း၍ ကြိုက်နေသူမှာ....

ယခု သူမရှေ့၌ ထိုင်နေသော ဟွေဆန်းကိုးပင် ဖြစ်သည်။

ဟွေဆန်းကိုးသည် အသက် လေးဆယ်ကျော်ပြီ ဖြစ်သည့် မြို့ပြအုပ်ချုပ်ရေးဌာနမှ လူဆိုးထိန်းကြီး ဖြစ်သည်။

သူ့ကို ကျုံးကွမ်းတစ်မြို့လုံးက သိရှိသည်။ သူသည် လူချစ်လူခင်ပေါသော်လည်း ဒုစရိုက်သမားများက သူ့ကို တွေ့သည့်နေရာ၌ အသေသတ်ချင်နေကြသည်။

ဟွေဆန်းကိုး ကံဆိုးသည်မှာ သူသည် အိမ်ထောင်ပြုပြီးမကြာမီမှာပင် ဇနီးသည်က ဆုံးသွားသဖြင့် အနှစ်နှစ်ဆယ်နီးပါး အထီးကျန်ဘဝဖြင့် နေလာခဲ့သည်။

သို့သော်....



ဟွေဆန်းကိုးသည် လင်ကျော့စွမ်းခေါ် ရွှေနားကိုတွေ့မြင်ပြီး အချိန်ကစ၍ သူသည် အိမ်ထောင်သစ် ထူချင်စိတ်များဖြစ်ပေါ်လာခဲ့သည်။

သူမထံ မှန်မှန်သွား၍ စားသောက်သည်။ ရင်းနှီးအောင်အမျိုးမျိုး ကြိုးစားခဲ့သည်။ ရင်းနှီးခဲ့ပါသည်။ သို့သော်လည်း သူက လက်ထပ်လိုကြောင်း စကားနှင့် ရေးပြသည့်တိုင်အောင် ရွှေနားက ယနေ့တိုင် ခေါင်းခါမြဲ ခေါင်းခါလျက် ရှိနေသည်။

ဟွေဆန်းကိုး၏ စိတ်ဓာတ်က ကျသွားခြင်းမရှိပါ။

တစ်နေ့မဟုတ်တစ်နေ့ ချစ်လာမှာပဲဟု ဇွဲကောင်းကောင်းနှင့် နောက်ပိုးနေဆဲပင် ရှိသည်။

သူ့အနေဖြင့် လင်ကျော့စွမ်း နှာပင်းနေသည်ကိုပင် ပိုမို၍နှစ်သက်နေသည်။ သူ့အနေဖြင့် ဆဲဆိုနေသည့်တိုင်အောင် စိတ်ဆိုးမည့်မိန်းမ မဟုတ်ဟု ထင်ထားသောကြောင့်ဖြစ်သည်။

'ရှင့်ကို ကျွန်မမေးနေတာ ကြားရဲ့လား၊ တစ်ခုခု ထူးခြားနေတာယ်နဲ့တူတယ်'

သူမ၏စကားကြောင့် ဟွေဆန်းကိုး ပြုံးလိုက်မိသည်။

'ကျုပ်မသိဘူးလို့ ပြောတာမှ ခင်ဗျားက မကြားဘဲကိုး'

ဆန်းကိုး ပြန်အောင်လိုက်သည်။

ရွှေနားက ဘာကြားသွားသည် မသိ၊ အရက်ဖန်ခွက်ထဲ အရက်ထည့်ကာ စားပွဲပေါ်သို့ လာချပေးသည်။

‘ရှင် ဒီနေ့ နည်းနည်းများနေပြီနော်၊ ကြည့်လဲသောက်ဦး’

ဆန်းကိုး သူ့နဖူးကိုသူ ပြန်၍လက်ဝါးနှင့် ရိုက်ရင်း....

‘သေလိုက်ပါတော့ ရွှေနားရယ်၊ နင်မေးတာကို ငါဖြေတာ ဘာကြားလို့ အရက်တွေ လာချပေးရတာလဲ’

ထိုအခါ ရွှေနားက ဘာကြားပြန်သည် မသိ။ ချက်ချင်း နှုတ်ခမ်းစူကာ....

‘ငါ ယောကျ်ားယူဖို့ လုံးဝမစဉ်းစားဘူး ဆိုတာ အကြိမ်တစ်ထောင် မကပြောဘူးနော်၊ ဒါနောက်ဆုံးပဲ ဖြစ်ပါစေ’

ဆန်းကိုး ပါးစပ်ကို လုံးဝပိတ်ထားလိုက်သည်။

မထူးတော့ပြီမို့ အရက်ခွက်ကို ကောက်မော့လိုက်၏။

အရက်မကုန်မီပင် သူ၏လက်ထောက်တပ်သားတစ်ယောက်က အူယားဖားယား ပြေးဝင်လာသည်ကို တွေ့၍ ဆန်းကိုး မျက်မှောင်ကြုတ်ကြည့်လိုက်သည်။

‘ဆရာဟွေဆန်းကိုး၊ ကမ်းနားကို အမြန်ဆုံး လာပါတဲ့’

ဟွေဆန်းကိုးမှာ....



‘ဘာကိစ္စ’ ဟုပင် မေးချိန်မရတော့အောင် ပြော၍ ပြန်ထွက်သွားသဖြင့် သူလည်း ရွှေနားကို တစ်ချက်ပြုံးပြကာ ခပ်သွက်သွက်ပင် လိုက်သွားတော့သည်။

## အခန်း ( ၃ )

မြစ်ဆိပ်ကမ်းနှဖို့ မလှမ်းမကမ်းတွင် လူများ စုပြုံဝိုင်းအုံ
နေသည်ကို တွေ့ရသည်။

ဆန်းကိုးသည် လူအုပ်ကြီးကို တွန်းထိုးဖယ်ရှား၍ ဝင်လိုက်
သည်။

အကျည်းတန် အရုပ်ဆိုးလောက်အောင် ပုပ်ပွခြင်း မဲ့
ဆေးသည့် အလောင်းတစ်လောင်းကို တွေ့လိုက်ရသည်။

ဆန်းကိုးသည် အလောင်းကို သေချာစွာငုံ့ကြည့်၍စစ်ဆေ
နေသည်။

အတန်ကြာမှ ဆန်းကိုးအာ ဦးစွာရောက်နှင့်နေသော သူ
လက်အောက် အာဏာသားအချို့ကို မော့ကြည့်လိုက်သည်



'ဒီအလောင်းကို ဘယ်ကဆယ်လာတာလဲ'

'တံငါလှေသမားတွေက တွေ့လို့ဆယ်ပြီး လာအကြောင်း
ကြားတာပါ'

လက်ထောက် လူဆိုးထိန်း ဝမ်ပါးက ဖြေလိုက်သည်။

ဆန်းကိုးသည် အလောင်းနား ဒူးထောက်ထိုင်ပြီး
အလောင်း၏ ခန္ဓာကိုယ်တစ်ခုလုံးကို စေ့စေ့စပ်စပ်ပင် စစ်
ဆေးခြင်း ပြုသည်။

ဆန်းကိုးကို မြို့ပြအုပ်ချုပ်ရေး အဖွဲ့ တစ်ဖွဲ့လုံးက စေ့စပ်
သေချာသူ တစ်ဦးဟုပင် အသိအမှတ်ပြုထားခြင်း ခံရသည်။

သူသည် အားရကျေနပ်အောင်စစ်ဆေးပြီးမှ သူ၏စာရွက်
ထဲတွင် ရေးမှတ်စရာရှိသည်တို့ကို ရေးမှတ်လိုက်သည်။

'ဒီအလောင်းကို ဘယ်သူ စတွေ့တာလဲ ဟေ့'

ခပ်ပိန်ပိန် လူဘစ်ယောက်ကို ဝမ်ပါးက လက်ညှိုးထိုးပြ
သည်။

'သူပဲဆရာ၊ နာမည်က အကျို တဲ့'

အကျိုဆိုသူက ရှေ့တိုးလာပြီး ဆန်းကိုးရှေ့၌ ရပ်လိုက်
သည်။

'မင်း စတွေ့တာလား၊ ဘယ်အချိန်လဲ'

'သိပ်မကြာသေးပါဘူး၊ လွန်ခဲ့တဲ့ တစ်နာရီလောက်ကမှ ကျွန်တော်ငါးဖမ်းမလို့ လှေကြိုးကိုဖြုတ်တော့ ကျွန်တော့်လှေနားမှာ လာတင်နေတာ'

'မင်း စတွေ့ကတည်းက ဒီဘောင်းဘီတိုကလေးအပြင် သူ့ကိုယ်မှာ ဘာမှ မပါဘူးလား'

အကျွံဆိုသူက ခေါင်းညိတ်၍....

'ဟုတ်ပါတယ်ဆရာ၊ ကျွန်တော် ဒီအတိုင်းပဲ မြင်ပါတယ်၊ မြင်မြင်ချင်းပဲ ဟောဒီကဆရာကို လာအကြောင်းကြားပြီး သူ့အမိန့်နဲ့ ဆယ်ထားတာပါ'

အကျွံက ဝမ်ပါးကို မေးငေါ့၍ ပြောသည်။

'ဟာ.... သူဌေးကြီး ချိကန်းပဲ'

လူအုပ်ကြားထဲမှ စူးရှသော အသံတစ်သံ ပေါ်ထွက်လာလေသည်။

* * *

ရုတ်တရက် ကြားလိုက်ရသောအသံကြောင့် ဟော့ဆန်းကိုးက ချာခနဲ လှည့်ကြည့်လိုက်သည်။



သားသားနားနား ဝတ်ထားသော လူတစ်ယောက်ကို တွေ့လိုက်ရ၏။

'မင်း သူ့ကို သိလို့လား'

သားသားနားနား ဝတ်ထားသည့်လူသည် အလောင်းကို ပြန်ကြည့်ကာ ခေါင်းကိုအသာခနဲ ညိတ်လိုက်သည်။

'သူဟာ သူဌေးကြီးချိကန်းဆိုတာ မလွဲပါဘူး၊ ကျွန်တော့်လှေကို စင်းလုံးငှားပြီး ကုန်ပစ္စည်းတွေ အပြည့်တင်လာပါတယ်၊ သူ ညက....'

သူ့စကားကို ဆက်နားမထောင်တဲ့ ဆန်းကိုးသည် ဝမ်ပါးပခုံးကိုပုတ်၍....

'ဟော့ ဝမ်ပါး၊ အလောင်းကို မင်းကြည့်စီစဉ်လိုက်ကွာ၊ ငါသူနဲ့စကားပြောစရာရှိတယ်၊ လာမိတ်ဆွေ၊ ခင်ဗျားကျုပ်ကို အများကြီးကူညီနိုင်မယ်လို့ ထင်တယ်'

ဟော့ဆန်းကိုးသည် သားသားနားနား ဝတ်ထားသော လူကို အခြားတစ်နေရာသို့ ခေါ်သွားတော့သည်။

* * *

အလောင်းကိုစတင်တွေ့သည့် ဆယ့်နှစ်နာရီ အချိန်လောက်မှစ၍ ဟော့ဆန်းကိုးတစ်ယောက် အလုပ်များသွားသည်မှာ ညနေစောင်းမှပင် ပြန်ရောက်တော့သည်။

မြို့ပြအုပ်ချုပ်ရေးမှူးက သူ့ကို အဆင်သင့် စောင့်ဆိုင်းနေ သည်ကို တွေ့လိုက်၏။

'မင်းဒီနေ့ ဘော်ဘော် ပင်ပန်းလိမ့်မယ်ဆိုတာ ငါတွက် ထားပြီးသားပဲ၊ ဘယ့်နှယ် ပင်ပန်းကျိုးကောနပ်ရဲ့လား'

ဟော့ဆန်းကိုးက လေပူတစ်ချက်ကို မသိမသာ မှုတ်ထုတ် လိုက်လေသည်။

'အဖြစ်ကတော့ ကျွန်တော် ဘာကစပြီး အစီရင်ခံရမှန်း တောင်မသိဘူး အုပ်ချုပ်ရေးမှူးရေ၊ သေတဲ့ငနဲ ဘယ်သူ ဘယ် ဝါ ဆိုတာကတော့ သိရပါပြီ၊ သူက ကုန်သည်တစ်ယောက်ပဲ နာမည်က ချီကန်းတဲ့'

ဆန်းကိုးက စတင်အစီရင်ခံသည်။

အုပ်ချုပ်ရေးမှူးသည် သူ၏ထုံးစံအတိုင်း တစ်ဖက်လူ၏ အစီရင်ခံချက်မဆုံးမချင်း တစ်ခွန်းတစ်ပါဒမျှ ဝင်ထောက် မေးမြန်းခြင်း မရှိပေ။

'အမြို့မြို့အနယ်နယ်ကို ကုန်ရောင်းကုန်ဝယ်လုပ်နေတဲ့ လူ တစ်ယောက်ပဲ၊ သူဟာ ညဆယ်နာရီကျော်ကျော်လောက်မှာ ကုန်တင်လာတဲ့လှေပေါ်က ဆင်းသွားတယ်လို့ လှေပိုင်ရှင် ဆီက သိရတယ်'

ဆန်းကိုးသည် သူရေးမှတ်ထားသော စာအုပ်ငယ်ကို လှန် လှောရင်း ဆက်ပြောသည်။



'သူ့ကို ကမ်းစပ်အရောက်ပို့ပေးတဲ့ ကူးတို့လှေသမားရဲ့ ထွက်ဆိုချက်အရဆိုရင် လင်းယုန်ဖြူ စားသောက်ဆိုင်ကို မေး တယ်၊ နောက် အဲဒီကိုဆက်စုံစမ်းတော့ အမှန်ပဲ ချီကန်းဟာ လင်းယုန်ဖြူစားသောက်ဆိုင်မှာ အသက်ခံရတာ သေချာသွား တယ်'

ဆန်းကိုးသည် သူ၏စာရွက်တစ်ရွက်ကို လှန်ရင်း....

'လင်းယုန်ဖြူစားသောက်ဆိုင်က ဆိုင်တာဝန်ခံရဲ့ ထွက်ဆို ချက်အရ ချီကန်းဟာ ဆယ့်တစ်နာရီလောက်မှာ ရောက်လာ တယ်၊ ဟိုအရင့်အရင်ကလဲ သူဟာ လှေဆိုက်ပြီးတာနဲ့ ရောက် လာတယ်၊ သူအမြဲတမ်းတည်းခိုတဲ့အခန်းကတော့ လင်းယုန် ဖြူရဲ့ အစွန်ဆုံးအခန်းဖြစ်တဲ့ အခန်းနံပါတ် တစ်ဆယ်ကို သူ ကြို တင်မှာထားတဲ့အတိုင်း ဝင်သွားတယ်လို့ဆိုတယ်၊ ဆိုင်တာဝန် ခံအနေနဲ့ အဖော်ပါလာသလား မပါလာဘူးလားဆိုတာ သတိ မထားမိပေမယ့် ဆိုင်အလုပ်သမားလေးကတော့ အားလုံး ကို တိတိကျကျ ပြောနိုင်တယ်'

ဟော့ဆန်းကိုးက အုပ်ချုပ်ရေးမှူးကို မျက်လုံးလှန်ကြည့် ပြီးမှ....

'ဆိုင်အလုပ်သမားကလေးရဲ့ အဆိုကတော့ အရင်နှစ်ခါ သုံးခါ လာတည်းခိုစဉ်ကဆိုရင် ချီကန်းစားသောက်ပြီးတာနဲ့ သူက ညအိပ်ဖို့အတွက် မိန်းကလေးကိုရှာပေးရတယ်၊ ဒါပေ မယ့် အခုတစ်ခါမှာ ချီကန်းကိုယ်တိုင် မိန်းမတစ်ယောက်ကို

ခေါ်လာတယ်လို့ ဆိုတယ်၊ ဆိုင်အလုပ်သမားလေး နောက်ဆုံးတွေ့ရတဲ့ အချိန်ကတော့ သူပို့ခဲ့တဲ့ စားစရာတွေကို နှစ်ယောက်အတူစားနေတာကို တွေ့ရတယ်၊ နောက်ဆုံး အခန်းတံခါးကို ချိကန့်က အလုံပိတ်ထားလို့ ပြောတယ်'

ဟွေ့ဆန်းကိုးထံမှ စကားသံအပြတ်သွားသဖြင့် အုပ်ချုပ်ရေးမှူးက သက်ပြင်းတစ်ချက်ချရင်း လှမ်းကြည့်ကာ....

'ဒါပဲလား'

ဟု မေးသည်။

ဆန်းကိုးက....

'ဒီလိုပါ အာစရိ၊ ဒီငနဲက ခါတိုင်းလဲ ခုလိုပဲ မိန်းမနဲ့ တစ်ညလုံးပျော်ပါးပြီး နေ့လယ်လောက်မှ အိပ်ရာကထတတ်တော့ ဆိုင်အလုပ်သမားတွေကလဲ သူ့အခန်းကို လျစ်လျူရှုထားတယ်၊ အခုကိစ္စမှာလဲ ကျွန်တော်ရောက်သွားမှ သူတို့က ချိကန့်ရှိပါတယ်လို့ ပြောသေးတယ်၊ အခန်းတံခါးဖွင့်ပါလို့ ပြောမှ ကျွန်တော့်ရှေ့မှာပဲဖွင့်တယ်၊ အခန်းတံခါးက အထဲကပိတ်ထားတာမဟုတ်ဘဲ စေ့ရုံစေ့ထားတယ်၊ ဒါပေမယ့် ကင်တဲ့အတိုင်းပါပဲ၊ လူသတ်သမားဟာ ချိကန့်ကို သတ်ပြီး ပြတင်းပေါက်ကနေ မြစ်ထဲပစ်ချတယ်၊ နောက် လူသတ်သမားဟာ တိတ်တဆိတ်ပြန်ထွက်သွားတယ်'

'ဒါဖြင့် ချိကန့်ခေါ်လာတဲ့ အမျိုးသမီးကသတ်တာပဲလို့ မင်းယူဆလိုက်ပြီပေါ့'



ပထမဆုံး အုပ်ချုပ်ရေးမှူးက စတင်မေးသောသည်၊ ဟွေ့ဆန်းကိုးက ပခုံးတွန့်လိုက်၏၊

'ဒီနေရာမှာ စဉ်းစားစရာတွေ ရှိနေတယ် အာစရိရဲ့'

'အင်း....ပြောစမ်း'

ဟွေ့ဆန်းကိုးသည် အနည်းငယ် ပြင်၍ထိုင် လိုက်ပြီး....

'ဆိုင်အလုပ်သမားကလေးဟာ သေချာပေါက် တိတိကျကျ မပြောနိုင်ဘူးဖြစ်နေတယ်'

အုပ်ချုပ်ရေးမှူးက မျက်မှောင်ကုတ်၍....

'ဘာကိုလဲ'

'ချိကန့် ခေါ်လာတာ မိန်းမ အစစ်လား၊ ဘယ်လို ပုံသဏ္ဍာန်ရှိသလဲဆိုတာကို ကျွန်တော်က မေးတဲ့အခါမှာ သူ ဝေဝါးဖြစ်နေတယ်၊ အမျိုးသမီးဟာ ရုက်လို့ပဲလားတော့ မသိဘူး၊ မျက်နှာကို အကာအကွယ်ပြုထားမှန်း သူလဲ ခုမှ သတိပြုမိတယ်တဲ့၊ ကိုယ်လုံး ကိုယ်ပေါက်ကတော့ တောင့်တောင့် တင်းတင်းပဲလို့ ပြောတယ်၊ မီးရောင်က အားနည်းတော့ မျက်နှာကိုမမြင်မိတာတော့ အမှန်ပဲတဲ့'

'တခြားဘာ ချိကန့်နဲ့အတူ ဝင်လာတဲ့အမျိုးသမီးကို မြင်မိတဲ့သူ မရှိဘူးလား'

ဆန်းကိုးက ခေါင်းယမ်း၍....

'ကျွန်တော်အသေးစိတ် မေးပြီးပြီ၊ ဘယ်သူမှသတိထားမိလိုက်တဲ့လူမရှိဘူး၊ စားသောက်တဲ့ ပရိသတ်ထဲကလဲ အားလုံးဟာ ကိုယ့်အကြောင်းနဲ့ကိုယ်မို့ သတိမထားမိကြဘူး၊ ဒါပေမယ့် ဆိုင်လုလင်ရဲ့ပြောစကားအရကတော့ မျက်နှာကို သာ အသေအချာ မတွေ့ရမမြင်ရပေမယ့် ချိတန်းခေါ်လာတာ အမျိုးသမီးပဲဆိုတာကိုတော့ ခပ်ရဲရဲပဲပြောတယ်၊ ကျွန်တော်က အမျိုးသမီးအစစ်ဖြစ်ကြောင်း မင်းဘာကြောင့် ခိုင်ခိုင်လုံလုံ ပြောနိုင်သလဲလို့ မေးတော့ သူက စားစရာတွေချပေးတဲ့အခါမှာ အမျိုးသမီးရဲ့ အင်္ကျီ ရင်ဘတ်နေရာမှာ လျော့ရဲရဲဖြစ်နေပြီး အသားဆိုင်အချို့ကို မြင်နေရတယ်လို့ ပြောတယ်'

အုပ်ချုပ်ရေးမှူးက ပြုံး၍ ခေါင်းညိတ်သည်။

'ကဲ....ပြော'

'ကျွန်တော်တို့စဉ်းစားရမှာက ချိတန်းခေါ်လာတာ မိန်းကလေး ဖြစ်တယ်ဆိုတာမှန်ပြီ၊ ဒါပေမယ့် အဲဒီမိန်းကလေးကပဲ ချိတန်းကိုသတ်သလား၊ ဒါမှမဟုတ် အခြားလူသတ်သမားတစ်ယောက် သက်သက်ရှိနိုင်မလားဆိုတာ စဉ်းစားစရာဖြစ်လာတဲ့အပြင် သေသူရဲ့ရင်ဘတ်မှာ တြိဂံပုံသဏ္ဌာန်တစ်ခုကို ဓားနဲ့ရေးခြစ်သွားတာ မြင်ရတယ်'

ခေတ္တဖြတ်ပြီး ဆက်ပြောသည်။

'နောက် ဒုတိယ ထူးခြားတဲ့အချက်က လည်မျိုကို သံချွန်လို အရာဝတ္ထုမျိုးနဲ့ ထိုးသတ်သွားတာပဲ'



လူသတ်မှုမျိုးစုံနှင့် အထိအတွေ့များပြီး ဝါရင့်နေသော အုပ်ချုပ်ရေးမှူးက ခပ်ပြုံးပြုံး ပြန်ကြည့်ရင်း....

'တခြား ဘာဒဏ်ရာတွေ့သေးလဲ'

ဟွေ့ဆန်းကိုးက ခေါင်းယမ်း၍....

'လည်မျိုကဒဏ်ရာနဲ့ ရင်ဘတ်က တမင်ဘကာ ရေးခြစ်သွားတဲ့ တြိဂံဒဏ်ရာကလွဲပြီး တခြားဘာဒဏ်ရာမှ မတွေ့ဘူးအာစရိ'

အုပ်ချုပ်ရေးမှူးက အနည်းငယ် စဉ်းစားဟာ....

'ဒါဆို သူနဲ့ပါလာတဲ့ အမျိုးသမီးရဲ့လက်ချက်ပဲဖြစ်နိုင်တယ်၊ ပိုသေချာအောင် ငါကိုယ်တိုင် နည်းနည်းပါးပါး ခြေဆန့်လိုက်ဦးမယ်'

အုပ်ချုပ်ရေးမှူး 'ယွမ်'သည် တစ်ခါတစ်ရံ သူကိုယ်တိုင် ကွင်းဆင်း လေ့လာတတ်လေသည်။

မကြာမီ....

အုပ်ချုပ်ရေးမှူးယွမ်နှင့် လူဆိုးထိန်းအာဏာသား ဟွေ့ဆန်းကိုးတို့သည် ဆိပ်ကမ်းဘက်ဆီသို့ စကားတပြောပြောနှင့် ထွက်သွားကြတော့သည်။

* * *

ကျုံကွမ်းမြို့ထဲတွင် ရာဇဝတ်မှုများဖြစ်လာလျှင် အမြန်ဆုံး ဖော်ထုတ်ပြီး အရေးယူ ရှင်းလင်းရမည့်တာဝန်မှာ အုပ်ချုပ်ရေးမှူးယွှမ်၏ တာဝန်သာ ဖြစ်လေသည်။

သို့မဟုတ်ပါက မြို့စားကြီး၏ အကြိမ်းအမောင်းကို ခံရမည်မှာ မလွဲတော့ပေ။

မြို့စားကြီးသည် မည်သည့် ရာဇဝတ်မှုမျိုးမဆို အလွန်ရွံရှာမုန်းတီးသူဖြစ်သည်။ သူကိုယ်တိုင်ကလည်း ရိုးသားပြီး သစ္စာသမာဓိ အလွန်ကြီးမားသူ ဖြစ်လေသည်။

ဒုစရိုက် သမားများသည် မြို့စားကြီး၏ ပြစ်ဒဏ်ကို အလွန်ပင်ကြောက်ရွံ့ကြ၏။ အဘယ်ကြောင့်ဆိုသော် အသေးအဖွဲခိုးမှုကလေးကိုပင် တစ်သက်လုံး နာလန်မထူနိုင်အောင် ပြစ်ဒဏ်ပေးတတ်သောကြောင့် ဖြစ်လေသည်။

ထို့ကြောင့်လည်း အမှုတစ်ခု ပေါ်ပေါက်လာသည်နှင့် မြို့ပြအုပ်ချုပ်ရေးမှူး ယွှမ် တို့မှာ မပေါ်ပေါ်အောင် အမြန်ဆုံးနည်းဖြင့် စုံစမ်းရှာဖွေရတော့သည်။

ယခုဆိုလျှင် ချိဏန်း သေဆုံးရသည့်ကိစ္စက ကျုံကွမ်းတစ်မြို့လုံး ဟိုးလေးတကြော်ကြော် ဖြစ်နေသည်။

မြို့စားကြီးနားသို့လည်း ဘယ်နည်းနဲ့မှ မပေါက်ဘဲ မနေတော့ပေ။

သည်တော့....



အုပ်ချုပ်ရေးမှူး ယွှမ်အနေဖြင့် အမှုပေါ်အောင် အမြန်ဆုံး ကြိုးစားရတော့မည် ဖြစ်ပေသည်။

ယွှမ်သည် ညနေစောင်းကတည်းက ထွက်သွားသည်မှာ အတော်ညဉ့်နက်မှ ရုံးသို့ ပြန်ရောက်လာတော့သည်။

ထိုအချိန်တွင် လူဆိုးထိန်း ဟွှေဆန်းကိုးက ရွှေနား စားသောက်ဆိုင်သို့ ရောက်ရှိနေပေသည်။

သူတစ်ယောက်တည်းတော့ မဟုတ်ပေ။

သူ၏လက်ထောက် ဝမ်ပါးနှင့်အတူ ရောက်ရှိနေခြင်း ဖြစ်သည်။

တစ်နေ့လုံး စိတ်ပန်းလူပန်းဖြစ်နေသဖြင့် အနားယူရင်း ညစာကို လာရောက် စားသောက်ကြခြင်း ဖြစ်သည်။

ဆိုင်ထဲ၌ အခြားစားသောက်သူမရှိ။

သူတို့နှစ်ယောက်တည်းပင် စားသောက်ရင်းမှ ကောင်တာတွင် ထိုင်နေသော ရွှေနားလင်ကျော့စွမ်းအကြောင်း ပြောင်ပြောင် တင်းတင်းပင် ပြောနေကြသေးသည်။

လင်ကျော့စွမ်းမှာ မကြားနိုင်သော်လည်း သူတို့၏ အမူအရာကို ကြည့်၍ ရိပ်စားမိဟန် တူသည်၊ မျက်စောင်းတစ်ချက် လှည့်ထိုးပြီး မျက်နှာကို တစ်ဖက်သို့ လှည့်ထားလိုက်သည်။

'ဆရာ့ဟာ မကြီးကတော့ ဆရာ့ကို တော်တော်နှစ်သက်ပုံပဲ၊ ဆရာ့ကိုတွေ့တာနဲ့ နှုတ်ခမ်းစူနေတယ်'

ဆန်းကိုးက တစ်ချက်လှမ်းကြည့်ကာ....

'မှုနေတာပါကွာ၊ ငါ ထိထိရောက်ရောက် ကိုင်တဲ့နေ့ကျရင် ဒီအပျိုကြီး မခံနိုင်ပါဘူး။ မင်း လောင်းရဲလား'

ဝမ်ပါးက ခပ်ခနဲ ရယ်သည်။

'နှစ်နှစ်တောင် ကျော်လာပြီ၊ ဆရာက ဘယ်တော့မှ ထိထိရောက်ရောက် ကိုင်မှာလဲ'

'အမှန်တော့ ငါစဉ်းစားနေတာပါ၊ အလုပ်ကထွက်ပြီး ဒီမှာအရက်ရောင်းဖို့ဆိုတာ အင်မတန် ပျင်းစရာကောင်းတဲ့ အလုပ်ကွ'

'ဟာ....သူ့ကိုယူတာနဲ့ အလုပ်က ဘာလို့ ထွက်ရမှာလဲ ဆရာရဲ့'

ဆန်းကိုးသည် အရက်အနည်းငယ်ကို မော့ချပြီးမှ ပါးစပ်ကို လက်သုတ်ပဝါနှင့် သုတ်လိုက်သည်။ ပြီးမှ —

'မင်းဟာလေ.... လောကအကြောင်းကို ဘာမှမသိသေးဘူး၊ အပျိုကြီးဆိုတာက သာမန်အမျိုးသမီးတွေနဲ့ မတူဘူးကွ၊ ယောကျ်ားမယူရင်လဲ နေရော၊ ယူပြီဆော့ဆိုရင်လဲ နည်းနည်းလေးမှ ယောကျ်ားနားက မခွာတော့ဘူး၊ ဒီတော့ ငါ့အလုပ်က မထွက်လို့ ဖြစ်ကိုမဖြစ်ဘူး၊ ဟုတ်တယ်မဟုတ်လား လင်ကျော့စွမ်း'



ဟော့ဆန်းကိုးက နောက်ဆုံးစကား 'ဟုတ်တယ် မဟုတ်လား လင်ကျော့စွမ်း'ကို အသံကျယ်ကျယ်ဟစ်၍ လှမ်းပြောသည်။

ရှေနားက လှည့်ကြည့်ပြီး အရက်အိုးတစ်အိုး ထပ်ယူလာပြီး စားပွဲပေါ်သို့ လာတင်ပေး၏။

ဆန်းကိုး မျက်လုံးပြူး၍....

'ဟာ....ခင်ဗျား နားမကြားတာ တော်တော်ဟန်ကျတာပဲ၊ ဘာပဲပြောပြော အရက်ထပ်မှာတယ်ကြီးပဲ ထင်နေတော့တာပဲ ဟုတ်လား'

သူ့စကားကို ရှေနားက အရေးစိုက်ပုံမရ။

ဝမ်ပါးအနားက ကုလားထိုင်တွင် ဝင်ထိုင်၍ ဝမ်ပါးကို ဆက်တို့လိုက်ပြီး....

'ကမ်းနားမှာ လူတစ်ယောက် အသတ်ခံရလို့ဆို၊ အသတ်ခံရတဲ့လူက ဘယ်သူလဲ၊ တရားခံကော မိပြီလား'

ဆန်းကိုးက....

'သေလိုက်ပါတော့၊ နားသာ မကြားတယ် စပ်စုချင်တဲ့ ဝါသနာက တယ်ကြီးပါလား'

ဟု ဝင်ပြောလိုက်သည်။

ဝမ်ပါးက ပြုံးရယ်ရင်း သူမ၏နားသို့ကပ်၍....

'ဒေသဘာကကတော့ ယောကျ်ားပဲ၊ သတ်တာကတော့ မိန်းမ'

ဟု အော်ပြောလိုက်သည်။

'အလို ဘုရားရေ....ဒီမိန်းမကလေး ဘာတွေများ မကျေမနပ် ဖြစ်လို့ပါလိမ့်'

ရွှေနားက သူမရင်ဘတ်ကိုဖိရင်း ပြောသည်။

ဆန်းကိုးက အသံပြကြီးနှင့်....

'မိန်းမက အဲဒီယောကျ်ားကိုကြိုက်တယ်၊ ယောကျ်ားက ပြန်မကြိုက်လို့ သတ်ပစ်တာ၊ တစ်ယောက်က ကြိုက်ရင် တစ်ယောက်က ပြန်ကြိုက်ရတယ်၊ အဲဒါ ခင်ဗျားသတိထား'

'ဟဲ့....သေနာကောင်၊ နင် ပေါက်ကရတွေ ဝင်ပြောစော့မယ် မဟုတ်လား'

လင်ကျော့စွမ်းက ဆန်းကိုးအား ရန်တွေ့၍ အနားမှ ထသွားတော့သည်။

* * *

နှစ်ယောက်သား အတော်ကြာအောင် ရယ်မောကြပြီးမှ ဝမ်ပါးက....



'ဆရာဆန်းကိုး၊ ချိကန်းကိုသတ်တာ အမျိုးသမီးပဲ ဖြစ်တယ်ဆိုတာ အတည်ပြုပြီလား'

ဆန်းကိုး ခေါင်းညိတ်လိုက်သည်။

သူသည် စားစရာများကို ပလုပ်ပလောင်း စားပြီးမှ....

'ငါတင် အတည်ပြုတာမဟုတ်ဘူး၊ အာစရိယွမ်ကိုယ်တိုင် သေသေချာချာလိုက်စုံစမ်းပြီးမှ အတည်ပြုသွားတာ၊ ယွမ်က ဘယ်လို ကောက်ချက်ချသွားသလဲဆိုရင် ဘယ်လောက်ပဲ အားကြီးတဲ့ ယောကျ်ားဖြစ်ဖြစ်၊ ဘယ်လောက်ပဲ သိုင်းပညာ တတ်နေတဲ့ ယောကျ်ားဖြစ်ဖြစ် တဏှာရာဂ ထကြွနေတဲ့ အချိန်မှာ အားနည်းတဲ့မိန်းကလေးက သံချွန်နဲ့ အလွယ်တကူ သတ်ပစ်နိုင်တာပဲလို့ ပြောသွားတယ်'

ဝမ်ပါးက....

'ချိကန်းဆိုတဲ့လူက အဲဒီဘက်မှာ တော်တော် ဝါသနာထုံတယ်နဲ့ တူတယ်'

ဆန်းကိုးက ခေါင်းညိတ်သည်။

'သိရသလောက်တော့ အမှန်ပဲကွ၊ ဘာလို့လဲ ဆိုတော့ ချိကန်းဟာ အဲဒီလင်းယုန်ဖြူမှာ လာတည်းတိုင်း ဆိုင်လုလင်ကလေးက ပျော်ပါးဖို့ အမျိုးသမီးတစ်ယောက် အမြဲရှာပေးရတယ်တဲ့၊ အခုတစ်ခါက လွဲပြီးတော့ပေါ့ကွာ'

'ဒီတစ်ခါတော့ သူ့သေခင်း သူခေါ်လာတာနဲ့တူတယ်'

'အေး....အာစရိယှမ်ကလဲ အကြမ်းဖျင်း အဲဒီလို ကောက်ချက်ချထားတယ်၊ ချိကန်းဟာ လှေပေါ်က ဆင်းလာပြီး ဒီအမျိုးသမီးကို အဆင်သင့်တွေ့ရမယ်၊ ဒါမှမဟုတ် သူ ဒီနေ့ ဒီအချိန် လှေပေါ်က ဆင်းလာမယ်ဆိုတာ ချိန်းထားတာဖြစ်ရမယ်၊ အဲဒီနှစ်ခုထဲက ချိန်းထားတာဖြစ်ဖို့က ပိုများလိမ့်မယ်လို့ အာစရိ ယူဆထားတယ်'

ဝမ်ပါးက ခေါင်းညိတ်၍....

'အာစရိယူဆတာဆိုရင် မှားခဲ့တယ်'

ဆန်းကိုးကလည်း ခေါင်းညိတ်သည်။

'အေး....ဟုတ်တယ်၊ နောက်ဆုံးတော့ကွာ အဲဒီမိန်းကလေးဟာ ချိကန်းမှာပါတဲ့ ပစ္စည်းနဲ့ငွေကိုတပ်မက်ပြီး သတ်သွားတာ ဖြစ်ဖို့များတယ်လို့ ယူဆတယ်၊ တို့က ဘာဆက်လုပ်ရမလဲဆိုရင် ဒီမြို့မှာ နည်းနည်းဇရှိတဲ့ အမျိုးသမီးအပျက်တွေကို မျက်စိဖွင့်ပြီး ကြည့်ဖို့ လိုအပ်လာတယ်၊ ဥပမာကွာ မဖြူ စလောက် ခေါက်ဆွဲဆိုင်လေး ဗန်းပြပြီး ယောကျ်ားတွေ အပေါ်မှာ လူပေါ်လူညွန့်ခူးစားနေတဲ့ မိန်းမလည်ကွေ့ဖုံ လို အမျိုးသမီးမျိုးကို အကဲခတ်ဖို့ လိုလာပြီကွ'

ဝမ်ပါးက စဉ်းစဉ်းစားစားဖြင့် ခေါင်းညိတ်လိုက်၏။

'ဟုတ်တယ်၊ ဆရာပြောတာမှန်တယ်၊ နောက်ပြီး ကွေ့ဖုံ ထက်ကိုဆိုးတဲ့ ဗျိုင်းဖြူမကျောင်လိန်းဆိုရင် ရာဇဝင် ရှိခဲ့ဖူးတယ် မဟုတ်လား'



ဟော့ဆန်းကိုးက လက်ဖျစ်တစ်ချက် တီးလိုက်သည်။

'ဟုတ်လိုက်လေ၊ ငါမင်းပြောမှ သတိရတယ်၊ ဟုတ်ပြီ ဟုတ်ပြီ၊ မနက်မိုးလင်းတာနဲ့ ဒီကောင်မတွေနောက် တို့ခြေရာခံ မှဖြစ်မယ်'

ဆန်းကိုးတို့နှစ်ယောက် စားသောက်ခြင်းကို အပြီးသတ် လိုက်ကြသည်။

ဆိုင်ထဲသို့ အခြားလူများလည်း ဝင်လာကြသည်။

ဆန်းကိုးသည် ငွေစက္ကူကိုလှမ်းပေးရင်းမှ ရွှေနားဖါလက် ကို မသိမသာ ညှပ်လိုက်ရာ သူမ၏ ပါးစပ်မှ ပွစိပွစိနှင့် ရေရွတ်လိုက်လေသည်။

## အခန်း (၄)

လီလီသည် ရေနွေးဇလုံတစ်ခုကို ကပျာကယာ ယူလာပြီး ရှဖုန်းရိနောက်မှ ဒဏ်ရာကို ရေနွေးနှင့် သုတ်သင်ဆေးကြော ပေးနေသည်။

သူမ၏ မျက်ဝန်းအစုံမှ မျက်ရည်များ ရစ်ဝဲနေသည်ကို ရှဖုန်းရိ ရုတ်တရက် တွေ့မြင်လိုက်၏။

'အို လီလီ.... ညီမရယ် ဘာလို့ ငိုရတာလဲ၊ ဟား....ဟား,... ဟား....ငါ့မိန်းမ ဖလဲ့ကွာ ဒီဒဏ်ရာလေး မဖြစ်စလောက်ရတာကို ဝမ်းနည်းပြီး ငိုရတယ်လို့၊ ဟား....ဟား....ဟား'

'ဟင်း.... အစ်ကိုက ရယ်နေတယ်၊ သူများရင်ထဲမှာ ဘယ်လောက် ခံစားရတယ်ဆိုတာ သိလား၊ ဒီလို အသက်နဲ့နီးတဲ့ အလုပ်မျိုးကိုလဲ လီလီ နည်းနည်းမှ မလုပ်စေချင်တော့ဘူး'



'ဟား....ဟား.... အရူးစကားတွေ မပြောစမ်းပါနဲ့ ညီမရယ်၊ တပ်မှူးတစ်ယောက်ရဲ့ ဇနီးဟာ သတ္တိသွေး မကြောင်ရဘူးကွ၊ လင်သားရဲ့ ရဲရင့်ပြောင်မြောက်တဲ့သတ္တိကို ချီးကျူးပြီး ဂုဏ်ယူရတယ်'

လီလီ ဒဏ်ရာကို ဆေးကြောရာမှ မျက်ရည်သုတ်လိုက်သည်။

'ဒါတွေ ညီမနားမလည်ဘူး၊ ညီမသိတာ အစ်ကို ဘေးမသီရန်မခဖို့နဲ့ ကျန်းကျန်းမာမာ ရှိဖို့ပဲ ညီမသိတယ်၊ လောကမှာ ညီမအကြောက်ဆုံးဟာ အစ်ကို တစ်စုံတစ်ခုဖြစ်မှာ အကြောက်ဆုံးပဲ'

'ကဲပါကွာ အစ်ကို ဘာမှ မဖြစ်နိုင်ပါဘူး၊ အခု ညီမ ဆေးထည့်လိုက်ရင် ပျောက်သွားမှာပါ'

မနေ့က ပြောင်းတောရွာတွင် ရှဖုန်းရိတို့ တပ်စုနှင့် အိုစူးဝါး ခါးပြဂိုဏ်းသားတွေ ရင်ဆိုင်တွေ့သည်။

ခါးပြဂိုဏ်းသား နှစ်ယောက်သေပြီး တစ်ယောက်ကို ဖမ်းမိခဲ့သည်။

ရှဖုန်းရိ လက်ပြင်တွင် အိုစူးဝါး၏ ခါးဖျား အနည်းငယ် စိုက်ဝင်သွားသည်။ အိုစူးဝါး အရေးနိမ့်တော့မည့်ဆဲဆဲ မိန်းမညာဏ်သုံး၍ လက်လွတ် ထွက်ပြေးသွားကြသည်။

ရှဖုန်းရိက အပြီးအပိုင် လိုက်လံ သုတ်သင် ရှင်းလင်းလိုသော်လည်း သူ၏ဒဏ်ရာကြောင့် တပ်မှူးကြီးက လုံးဝ ခွင့်မပြုသဖြင့် အသာ လက်လျှော့လိုက်ရသည်။

မနေ့က အိုးဝါးကို မဖမ်းမိလိုက်ခြင်းမှာ ရှဖုန်းရိအတွက် ကြီးမားသော ရန်သူကြီးတစ်ယောက် တိုးနေသည့် အဖြစ်ကို ရှဖုန်းရိ မစဉ်းစားမိလိုက်ပါပေ။

လီလီသာ ပင်တီးစီးပြီးသည်နှင့် မကြာမီ စားသောက်စရာများကို အသင့်ပြင်ကာ ယူဆောင်လာသည်။

'ညီမက ခဏခဏ မျက်ရည်မကျနဲ့ကွာ၊ သားလေးမြင်သွားရင် အားငယ်တဲ့စိတ်တွေ အလိုလို ကိန်းအောင်းသွားတတ်တယ်'

ရှဖုန်းရိသည် နို့ပုပုကို သောက်ရင်းမှ လီလီကို ပြောလိုက်လေသည်။ သူမက မျက်စောင်းထိုး၍....

'အင်း.... လာပြီ အစ်ကို့စကားက သမားတော်ကြီး ချင်ချင် လေသံ အတိုင်းပဲ'

'အိုး....ညီမပြောမှ သတိရတယ်၊ သမားတော်ကြီး ချင်ချ ဆီကို မရောက်တာ အတော်ကြာပြီပဲ၊ အားတဲ့ တစ်နေ့ကျမှ တော့ တို့သွားအန်တော့ရဦးမယ်ဟေ့'

'အစ်ကို့မှာ အားရတဲ့နေ့ကော ရှိလို့လား၊ မြို့ထဲမှာ လုံခြုံရေး ယူရတာနဲ့၊ တောနယ်တွေကို ခရီးထွက်ရတာနဲ့ ခြော်.... ဒါနဲ့အစ်ကို မြစ်ဆိပ်မှာ လူတစ်ယောက် အသတ်ခံ လို့ဆို.... အစ်ကို သိပြီးပြီလား'



'အင်း....ဟုတ်တယ်၊ စောစောက ပြန်ရောက်ရောက်ချင်း အဲဒီသတင်း ကြားလိုက်မိတယ်၊ အင်း.... ဟွေ့ဆန်းကိုးကြီး ခေါင်းခဲဦးမှာပေါ့လေ'

လီလီက....

'သေတဲ့လူက ဘာ.... ချီကန်း ဆိုလားပဲ'

'ဟင်....ချီကန်း'

ရှဖုန်းရိ တစ်စုံတစ်ခုကို သတိရသွား၍ အာမေဋိတ်သံ ပြုလိုက်မိသည်။

'ဘာလဲအစ်ကို၊ အစ်ကိုနဲ့ သိလို့လား'

သူမရိပ်စားမိသွားမည်စိုး၍ ရှဖုန်းရိက ပြုံးလိုက်ပြီး....

'မ....မသိပါဘူး ညီမရဲ့၊ ပထမတော့ အစ်ကို့မိတ်ဆွေ နာမည်နဲ့ ခပ်ဆင်ဆင် ဖြစ်သွားလို့ပါ'

ထို့နောက်တော့....

လင်မယား နှစ်ယောက်စလုံး စားစရာများကို ရယ်အာမောကာ စားသောက်နေကြသည်။

'ဖေဖေကြီးရေ....'

ခေါ်သံနှင့်အတူ သားဖြစ်သူ ရှအန်းလု ပြေးတက်လာသည်။

ရှဖုန်းရိက လှမ်းဖက်လိုက်ပြီး နမ်းရှုံ့လိုက်၏။

'သား ဘာစာတွေ သင်ရလဲ'

'ဆရာက စာတွေ အများကြီး သင်ပေးတယ် ဖေဖေ့ရဲ့ နောက်ပြီးတော့ ခြင်္သေ့ကြီး ပုံပြင်လဲ ပြောပြတယ်'

'ဟုတ်လား၊ အဲဒီပုံပြင်တွေကို မှတ်ထားပေါ့ သားရဲ့၊ နောက်ပြီး အဲဒီခြင်္သေ့ကြီးလိုပဲ သားကလဲ သတ္တိရှိရမယ်၊ ဟုတ်လား'

'ဟုတ်ကဲ့၊ သားက ခြင်္သေ့လိုလဲ သတ္တိရှိတယ်၊ ဖေဖေကြီးလိုလဲ ရန်သူတွေကို ဓားနဲ့ တိုက်ခိုက်ပစ်မယ်'

'အဲ....ဟုတ်ပြီ၊ ဒါမှ ဖေဖေ့သားကြီးကွ'

လီလီက ကြုပ်ကြုပ်မြောက်ပေးပါဟူသော သဘောဖြင့် မျက်စောင်းထိုးလိုက်လေသည်။

'သားလေးလာ....ရေချိုးရမယ်၊ ညစာစားရမယ်'

လီလီက ရှအန်းလုကို ခပ်မြန်မြန် ခေါ်လိုက်ခြင်းမှာ ဖခင်ဒဏ်ရာကို ထိမှာစိုး၍ ဖြစ်သည်။ ဖခင် ဒဏ်ရာရလာသည်ကို ကလေး မမြင်မသိစေချင်သည့် သဘောလည်းရှိသည်။ ရှဖုန်းရိကလည်း ထိုအတိုင်းပင်။

သားအမိနှစ်ယောက် ထွက်သွားသည်နှင့် ရှဖုန်းရိ စာကြည့်ခန်းထဲသို့ ဝင်လာသည်။



သူပစ်တင်ထားခဲ့သော စာအိတ်ကို ကြည့်လိုက်သည်။

နေရာမပျက် ရှိနေသည်။

လီလီသည် စည်းကမ်းရှိသည်၊ သူ၏ခွင့်ပြုချက်မရဘဲ သူ၏ စာရွက်စာတမ်းတွေကို မည်သည့်အခါမှ ကိုင်တွယ်လေ့မရှိပေ။

စာအိတ်ထဲမှ စာရွက်အနီကတ်လေးကို ပြန်ကြည့်မိပြန်သည်။

အပေါ်ဆုံးမှ အမည် 'ချီကန်း'။

နောက် အောက်နားမှ ကြက်ခြေ ပြထားသည်။

အမည်ငါးခုအနက် ချီကန်းကို လူသတ်သမားက စတင်၍ သတ်လိုက်ပြီဖြစ်ကြောင်း အမှတ်အသား ပြထားခြင်းဖြစ်သည်ကို သိလိုက်သည်။

ဒါဆိုလျှင်....

လူသတ်သမား သတ်မည့် အမည်စာရင်းထဲတွင် မိမိက နောက်ဆုံးပိတ် နံပါတ် (၅)ပါလား။

ရှဖုန်းရိသည် စာအိတ်ကို လုံခြုံမည့် နေရာတစ်ခုရှာပြီး ထည့်ထားလိုက်သည်။

လိလိတွေ့သွား၍ မဖြစ်ပါ။

*       *       *

ရှုဖုန်းရှိသည့် ကျောမှုဒဏ်ရာကြောင့် ခေတ္တအနားယူရင်း အနီးဆုံး ကတ်ပြားထဲမှ အမည်နှင့်ပတ်သက်ပြီး စဉ်းစားနေမိသည်။

ပထမအချက် လူသတ်သမားသည် သူသတ်ရမည့် အမည်ငါးခုကို အစဉ်အတိုင်း ရေးမှတ်ထားမည်။

ထိုသို့ ရေးမှတ်ပြီးသည်နှင့် သတ်ပြီးသောသူ၏ အမည်ဘေးတွင် ကြက်ခြေ ပြလိုက်မည်။

ဒုတိယအချက် ထိုကတ်ပြားများကို တာယကံရှင်များဆီသို့ ပို့ပေးမည်။

ယခု....

ချိကန်း သေပြီ။

သူ၏ အမည်ဘေးတွင် ကြက်ခြေ ပြလိုက်၏။



မိမိထံသို့ ထိုကတ်ပြား ရောက်ရှိသလို အခြားသုံးယောက်ဆီသို့လည်း ရောက်ရှိရပေမည်။

လွေ့ကြီး....

လေ့ဖိး....

ညီအစ်ကိုဟု ရေးထားသည်။

ထိုနှစ်ယောက်၏ အမည်ကော လူပါ ရှုဖုန်းရှိ နည်းနည်းမှ စဉ်းစား၍ မရပါ။

နောက်တစ်ယောက်....

ကြဲမုချန်း ....

ထိုအမည်ကိုလည်း မကြားဖူးပေ။

ထားလိုက်....

မိမိနှင့် မပတ်သက်သော ထိုအမည်များကို ထားလိုက်။

မိမိအတွက် စဉ်းစားရမည်။

ဒုစရိုက်သမား အများအပြားသည် မိမိကို လောကကြီး၌ မထားချင်သည်မှာ မှန်သည်။

ယခုပင်လျှင် ဓားပြခေါင်းဆောင် အိုစူးဝါးသည် မိမိကို လောက၌ ထားချင်မည် မဟုတ်ပေ။

ထိုသို့သော ဒုစရိုက် သမားများထဲမှ မိမိကို သတ်ချင်သော လူသတ်သမားသည် မည်သူ ဖြစ်နိုင်သနည်း။

အကယ်၍သာ....

လူဆိုးထိန်း ဟော့ဆန်းကိုးသည် ထက်မြက်သော ပုဂ္ဂိုလ်တစ်ဦး ဖြစ်ခဲ့ပါက လူသတ်သမားကို အချိန်မီ ဖမ်းဆီးမိနိုင်ပေမည်။ ထိုအခါမှသာ မည်သူမည်ဝါ ဆိုသည်ကို မိမိသိရတော့မည်။

အကယ်၍သာ မဖမ်းမိပါက....

မိမိအပါအဝင် လူသား လေးယောက်တို့သည် အသက်ဆုံးရှုံးကြရမည်လော။

ရှုဖုန်းရိက ပခုံးတစ်ချက် တွန့်၍....

'ဒီငနဲကလဲ ပေါ်ကြောင်ကြောင် လူသတ်သမားနဲ့ တူပါတယ်'

ဟု ရှုဖုန်းရိ စိတ်ထဲမှ ရေရွတ်လိုက်တော့သည်။

* * *

မြင်းဇောင်းထဲတွင် မြင်းမျိုးစုံ ဆယ့်ငါးကောင်ခန့် ရှိနေသည်။



အပြာရောင် ဝတ်စုံကို ဝတ်၍ မြက်ခမောက် ဆောင်းထားသော မြင်းဝယ်သူသည် စိတ်ကြိုက်ဖြစ်မည့် မြင်းတစ်ကောင်ကို အသေးစိတ် လိုက်လံ ကြည့်ရှုနေပေသည်။

မြင်းရောင်းသူကလည်း သူ၏မြင်းများကို အမျိုးအစားခွဲခြား၍ စိတ်ရှည်လက်ရှည် ပြောပြလေသည်။

မြက်ခမောက်နှင့် မြင်းဝယ်သူသည် အတော်ကို ဇီဇာကြောင်မည့်သူ ဖြစ်ပုံရသည်။

ဆယ့်ငါးကောင်လောက်ရှိသည့် မြင်းထဲမှ သူ၏စိတ်ကြိုက် တစ်ကောင်မှ မတွေ့ပါဟု ပြောသဖြင့် မြင်းရောင်းသူမှာ စိတ်ပျက်သွားပုံ ရလေသည်။

သို့သော် မြင်းရောင်းသူက လူကြီးမင်း လိုချင်သော မြင်းမျိုးကို တစ်ရက် နှစ်ရက်အတွင်း ရအောင် ရှာထားပေးပါမည်ဟု ပြောပြီး နေရပ်လိပ်စာကို တောင်းထားလိုက်လေသည်။

ထိုအခါ မြက်ခမောက်နှင့် မြင်းဝယ်သူသည် စာရွက်တစ်ရွက်ပေါ်တွင် သူ၏ အမည်နှင့် နေရပ်ကို ရေးပေးခဲ့ပြီး မြင်းရောင်းသူအား နှုတ်ဆက်ကာ ထွက်သွားတော့သည်။

ထိုမြက်ခမောက်နှင့်လူ ထွက်သွားပြီး သိပ်မကြာလိုက်ပါ။

လူတစ်ယောက် ဝင်လာပြန်သည်။

ထိုလူသည်လည်း ကျယ်ပြန့်သော ခမောက်ကြီးတစ်ခုကို ဆောင်းထားလေသည်။

သို့သော် မြက်ခမောက်တော့ မဟုတ်ပေ။ ဝါးခမောက် ဖြစ်သည့်ပြင် စောစောကလူထက် ငယ်ပုံရသည်။

ရုပ်ကလည်း ခပ်ချောချော ဖြစ်သည့်ပြင် ရုတ်တရက် ကြည့်မည်ဆိုလျှင် အမျိုးသမီး တစ်ယောက်ဟုပင် ထင်ရသည်။

အသံထွက်လာမှ အင်မတန် ပျော့ပျောင်းသည့် ယောကျ်ား တစ်ယောက်ဟု မြင်းရောင်းသူက သိရှိလိုက်သည်။

'မြင်းတွေထဲက မွန်ဂိုစပ်များ ရှိသလားဗျ'

မြင်းရောင်းသူက ခေါင်းခါယမ်း၍...

'ဝမ်းနည်းပါတယ်ဗျာ၊ မွန်ဂိုမြင်း မရှိပါဘူး၊ ခင်ဗျာ[illegible] တိတိကျကျ လိုချင်တယ်ဆိုရင်တော့ ရှာထားပေးပါ့မယ်'

'ခင်ဗျားမြင်းတွေကလဲ ကြိုက်ချင်စရာကို မရှိဘူးဗျာ[illegible] ကျုပ်က လောလောဆယ် လိုချင်တာဗျ၊ ခင်ဗျား ရှာထာ[illegible] ပေးမယ်ဆိုတာက ဘယ်နှစ်ရက်ကြာမှာလဲ'

မြင်းရောင်းသူမှာ စောစောက မြက်ခမောက်နှင့်လူ ပေး[illegible] သည့် စာရွက်ကို လက်ထဲမှ ကိုင်ထားဆဲပင်ရှိပြီး ထိုစာရွက်[illegible] တစ်ချက်ပြန်ကြည့်ရင်းမှ...

'အင်း...စောစောက ပုဂ္ဂိုလ်ကြီး တစ်ယောက်ကိုတေ[illegible] နှစ်ရက်အတွင်း ရှာပေးပါမယ်လို့ ကတိပေးလိုက်ပါတယ[illegible]



စောင့်နိုင်မယ်ဆိုရင်တော့ ခင်ဗျား[illegible]ရက်လောက်စောင့် ပါလား'

မြင်းဝယ်သူသည် ခေတ္တစဉ်းစားဟန်ပြု၍...

'အဲဒီလူက ဘယ်လိုမြင်းမျိုး လိုချင်လို့လဲ'

'သူလဲ ခင်ဗျားလိုပါပဲ၊ မွန်ဂိုစပ်ဖြစ်ဖြစ်၊ မွန်ဂိုအစစ်ဖြစ် ဖြစ် နွားကျားမျိုးထဲက လိုချင်လို့တဲ့'

'အို...ကျုပ်မိတ်ဆွေများလားမသိဘူး၊ နာမည်က ဘယ်သူ လဲ'

'ဒီမှာဗျာ'

မြင်းရောင်းသူသည် မြက်ခမောက်နှင့်လူ ပေးသွားသော စာရွက်ကို လှမ်းပြလိုက်သည်။

ဒုတိယမြင်းဝယ်သူက စာရွက်ထဲမှ နာမည်နှင့်လိပ်စာကို ကြည့်လိုက်လေသည်။

ထို့နောက် စိတ်ထဲမှ မှတ်သားထားလိုက်ပြီး မြင်းရောင်း သူကို ပြန်မေးလိုက်လေသည်။

'ကျုပ်မိတ်ဆွေတော့ မဟုတ်ဘူးဗျ၊ ကဲဗျာ.... ခင်ဗျား ရှာထားကြည့်ဦးပေါ့၊ ကျုပ်လာခဲ့ပါဦးမယ်'

'ကောင်းပါပြီ ခင်ဗျာ'

ဒုတိယမြင်းလာဝယ်သူလည်း ခပ်သွက်သွက်ပင် ပြန်ထွက် သွားသည်။

'ငါ ဒီနေ့ကံမကောင်းပါလား၊ မြင်းတစ်ကောင်မှမရောင်းရတဲ့အပြင် နောက်တစ်ယောက်ကဆိုရင် လိပ်စာတောင် မပေးသွားဘူး'

မြင်းရောင်းသူသည် စိတ်ပျက်စွာဖြင့် ရေရွတ်ရင်း ပထမလူပေးသွားသော နာမည်နှင့်လိပ်စာကို ကြည့်မိလိုက်သည်။

လှေဖိုး

ထုံပါးကျေးရွာ....

ဟု ရေးသားထားသည်ကို တွေ့လိုက်ရလေတော့သည်။

မြင်းရောင်းသူ မတွေ့ရ၊ မသိလိုက်ရသည်မှာ ဒုတိယ မြင်းလာငယ်သူသည် ခပ်လှမ်းလှမ်းသို့ ရောက်သည်နှင့် မျက်နှာကိုလက်ဖြင့် ပွတ်သပ်လိုက်သောအခါ အလွန်လှပသည့် မိန်းကလေးဖြစ်သည်ကိုမူ သူ လုံးဝမသိလိုက်ပါပေ။

* * *

ညဥ့်သန်းခေါင်....



လမင်းက ဝိုင်းဝိုင်းစက်စက်ဖြင့် ရှိသမျှ အလင်းအားကို ကမ္ဘာကြီးသို့ ဖြန့်ကျက်ထားသည်။

သစ်ပင်ကြီးများက ပတ်ပတ်လည် အုံ့ဆိုင်းထားသောကြောင့် ခပ်နိမ့်နိမ့် ဆောက်ထားသော အိမ်ကလေးပေါ်သို့ လရောင်က အပြည့်အဝ မပေးစွမ်းနိုင်ပါ။

သို့သော်....

အိမ်ကလေးထဲ၌ လင်းအားကောင်းသော မီးပုံးတစ်လုံးကို ဆွဲချိတ်ထားသဖြင့် လင်းထိန်လျက် ရှိနေသည်။

မီးပုံးအောက်တည့်တည့်၌ စားပွဲတစ်လုံး ရှိသည်။

စားပွဲပတ်ပတ်လည်၌ ကုလားထိုင် ခြောက်လုံးရှိ၏။

ကုလားထိုင်ပေါ်တွင် လှေကြီးက ငူငူကြီးထိုင်နေသည်။ သူ့အနီးတွင် ညီဖြစ်သူ လှေဖိုးသည် အရက်ခွက်ကို ကုန်စင်အောင် မော့သောက်ပြီး ခွက်ကိုစားပွဲပေါ်သို့ ပြန်တင်လိုက်သည်။

လှေကြီးသည် မြင်းလှည်းသမားတစ်ဦး ဖြစ်သည်။ ခါတိုင်းည ဆိုလျှင် သူသည် မောမောပန်းပန်းဖြင့် စောစောအချိန် အိပ်ပျော်သွားပြီ ဖြစ်သော်လည်း ယနေ့ညအဖို့ အိပ်မပျော်နိုင်ပါ။

သူ အိပ်မပျော်သည်မှာ ချီတန်းအသတ်ခံရပြီး နောက်တစ်နေ့မှစ၍ အိပ်မပျော်ခြင်း ဖြစ်သည်။

ယခုဆိုလျှင် သုံးညရှိပြီ ဖြစ်၏။

သူသည် အတုံးအရုံး အိပ်ပျော်နေသော မိန်းမနှင့်ကလေး နှစ်ယောက်ကို လှမ်းကြည့်လျက်မှ တစ်ဖန် ညီဖြစ်သူ လွေဖီး မျက်နှာကို ငဲ့ကြည့်လိုက်သည်။

'ကဲ.... မင်းအနေနဲ့ ဘယ်လို သဘောရသလဲ'

ဟု မတိုးမကျယ် သာမန်သောသံဖြင့်မေးသည်။

လွေကြီး၏ မိန်းမထံမှ ဟောက်နေသည့် အသံကို ကြား ရသည်။

လွေဖီးက ပခုံးကို တစ်ချက်တွန့်ပြီး စားပွဲပေါ်မှ အနီရော ကတ်ပြားဖိတ်စာကို ယူကြည့်ပြန်သည်။

'ကျွန်တော့်ဆီကို မရောက်သေးတာတော့ အမှန် အစ်ကိုကြီး'

လွေကြီးက သက်ပြင်းချ၍....

'အေးလေ၊ ငါရှိတဲ့ နေရာကိုသာ သိပြီး မင်းရှိတဲ့နေရာ မသိသေးလို့ မရောက်တာလဲ ဖြစ်နိုင်တာပေါ့၊ ဒါမှမဟုတ် ခုလောက်ဆိုရင် ရောက်နေမှာပေါ့'

လွေကြီးက ကျုံ့ကွမ်းမြို့ကြီး၌နေထိုင်ပြီး မြင်းလှည်းမော စားသူဖြစ်သည်။ ညီဖြစ်သူ လွေဖီးမှာ ကျုံ့ကွမ်းနှင့် အဝေ ဆလေးလှမ်းသည့် ထုံပါးကျေးရွာ၌ နေထိုင်သည်။



ယခု လွေကြီးက အမြန်ဆုံးလာဖို့ခေါ်သဖြင့် လွေဖီးရောက်ရှိလာခြင်း ဖြစ်သည်။ လွေဖီးသည် အစ်ကိုဖြစ်သူထံ ခြေကျင်လာခဲ့ရသောကြောင့် အပြန်တွင် မြင်းတစ်ကောင် ဝယ်သွားမည်ဟုစိတ်ကူးပြီး ညနေစောင်းက မြင်းရောင်းသည့် နေရာသို့ ရောက်ခဲ့သေးသည်။

'နေပါဦး အစ်ကိုကြီးရဲ့၊ ဒီဖိတ်စာရဲ့ သဘောက ကျွန်တော် သိပ်မရှင်းဘူး'

လွေကြီးသည် ညီဖြစ်သူကို ဒေါသမျက်လုံးဖြင့် ကြည့်လိုက်သည်။

'မင်းဟာ နွားပဲ၊ ဘာမှ အသိဉာဏ်မရှိဘူး၊ မင်းနဲ့ငါ အပေါ် အဝင် ဒီဖိတ်စာထဲမှာ နာမည်ငါးခု မတွေ့ဘူးလား'

လွေဖီး ဖိတ်စာကိုငေးကြည့်ကာ ငြိမ်နေသည်။

'အဲဒါလူသတ်သမားကသတ်မယ့် လူစာရင်းကို ကြိုတင်ပြီး ပို့ထားတာပဲ၊ ထိပ်ဆုံးက ချိကန်းဆိုတဲ့နာမည်နဲ့လူဟာ အသတ် ခံလိုက်ရပြီ၊ ဒါကြောင့် သူ့နာမည်ဘေးမှာ ကြက်ခြေပြထား တာ မတွေ့ဘူးလား၊ အကယ်၍ ငါသေသွားပြီဆိုရင် ငါ့ နာမည်မှာ ကြက်ခြေပြထားတာ မင်းတွေ့ရလိမ့်မယ်'

'အစ်ကိုကြီးမှာ ရန်သူရှိနေလို့လား၊ အဲဒါ ဘယ်သူဖြစ်နိုင် သလဲ'

လွေ့ကြီးသည် မျက်နှာနီမြန်းသွားအောင် ဒေါသဖြစ်မိ သည်။

သူသည်အရက်အိုးကိုကိုင်၍ ပါးစပ်ထဲလောင်းထည့်လိုက် သည်။

ထို့နောက် ပြတင်းပေါက်ဘက်လှည့်ကာ တံတွေးတစ်ချက် လှည့်ထွေးလိုက်၏။

'မင်းဟာ စဉ်းစားဉာဏ်ကိုနည်းတယ်၊ နားဝေးလိုက်တာလဲ လွန်ရောပဲ၊ ရန်သူဘယ်သူဘယ်ဝါ ဆိုတာတော့ ငါလဲ ဘယ် အဘတ်ပြောနိုင်မလဲကွ၊ အာဏာသားတွေ စုံစမ်းလို့ သိရတာ ကတော့ လူသတ်သမားဟာ အမျိုးသမီးလို့ ပြောတယ်ကွ'

လွေ့ဖီး၏မျက်လုံးက ဝိုင်းစက်ပြီး အံ့ဩသွားသည်။

'မိန်းမလူသတ်သမား ဟုတ်လား၊ ဒါဆို ကျုန်တော်တို့နဲ့ ပတ်သက်မယ်လို့ မထင်ပါဘူး'

'မပတ်သက်ဘဲနဲ့ တို့နာမည်ကို သူက လက်ကမြင်းကြော ထပြီး ရေးထားပါ့မလားကွ'

'ဒါဖြင့်လဲ ကျုန်တော်တို့က လူဆိုးထိန်းကို အကြောင်း ကြားလိုက်ချင် ကောင်းမယ်နဲ့တူတယ်၊ တစ်နည်း တစ်ဖုံ အကာအကွယ်ရတာပေါ့'

လွေ့ကြီးသည် ထိုင်ရာမှ ဝုန်းခနဲထလိုက်သည်။



သူသည် လွေ့ဖီးကို ဆွဲမထိုးမိစေရန် စိတ်ကို ထိန်းလိုက်ရ သည်။

ပြီးမှ လွေ့ဖီးအနားသို့လျှောက်လာကာ....

'ကိုယ့်အဝကိုအောင် နာမည်တွေ ပြောင်းပြီး ပုန်းလျှိုး ကွယ်လျှိုး နေရတယ်ဆိုတာ မင်းမေ့သွားပြီလား'

ထိုအခါ....

လွေ့ဖီးမှာ ပါးစပ်အဟောင်းသား ဖြစ်သွားတော့သည်။

* * *

အမှန်တော့....

လွေ့ကြီး၊ လွေ့ဖီး ညီအစ်ကိုနှစ်ယောက်သည် လူကောင်း များမဟုတ်။ လူသတ်ဖူးသည်၊ ဓားပြတိုက်ဖူးသည်၊ မုဒိမ်း ကျင့်ဖူးသည်။ ချန်ကျန်းမြစ်၏ အထက်ပိုင်းတွင် အလွန်နာမည် ကျော်ခဲ့သူများ ဖြစ်သည်။

နောက်ပိုင်း၌ အာဏာပိုင်တို့သည် သူတို့နှစ်ယောက်ကို အသေရရ အရှင်ရရ လိုက်လံဖမ်းဆီးသောအခါ လွေ့ကြီးသည် ခိုလျှောင်းအမည်ဖြင့် မြင်းလှည်းသမား ဖြစ်သွားသည်။

လေ့ဖိုးက မိုက်ရူးရဲ၊ ဘယ်သူ့မှ ဂရုမစိုက်သူပီပီ နှာမည်း မပြောင်းဘဲ ထုံပါးကျေးရွာ၌ အရက်ဆိုင်ဖွင့်ထားလေသည်။

ထို့ကြောင့် သူတို့နှစ်ယောက်သည် ဤကိစ္စကို အာဏာပိုင်များအား အသိပေး၍ မဖြစ်သည့် အခြေအနေမှာ ရောက်ရှိနေခြင်းဖြစ်သည်။

လေ့ကြီးသည် အခန်းထဲ၌ ခေါက်တုံ့ခေါက်ပြန် လျှောက်နေသည်။ ပြီးနောက် လေ့ဖိုးအနားတွင် ပြန်၍ ရပ်လာန့်တာ...

'အင်း.... မင်းနဲ့ငါ လုပ်ခဲ့တဲ့ မကောင်းမှုတွေဟာ အချိန်လိုက်နေပြီလို့ ငါထင်တာပဲ၊ ဘာပဲဖြစ်ဖြစ် မင်းလဲ နာမည်ပြောင်းပြီး တစ်မြို့တစ်နယ်ကို ရှောင်နေဖို့ ကောင်းတယ်'

လေ့ဖိုးက မခိုးမခန့် ရယ်၍....

'လာစမ်းပါ၊ ဒီလူသတ်သမား စိန်ခေါ်တာကို ကျုပ်တော်က ကြောက်ရမယ်တဲ့လား'

လေ့ကြီးက သူ့ညီကို မျက်စောင်းထိုး၍ ကြည့်လိုက်သည်၊ ထို့နောက်....

အိပ်ခန်းထဲသို့ တန်းတန်းမတ်မတ် ဝင်သွားတော့သည်။

## အခန်း (၅)

ကွေ့ဖုံး၏ ခေါက်ဆွဲပြုတ်ဆိုင်တွင် လူအတော်ကလေး စည်ကားနေသည်။

အထူးသဖြင့် အလုပ်ကြမ်းသမား များသည် ပေါ်ပေါ် လောလော စားရသော ကွေ့ဖုံး၏ ခေါက်ဆွဲပြုတ်ဆိုင်သို့ သာ လာတတ်ကြပေသည်။

ကွေ့ဖုံးသည် ကိုယ်လုံး ကိုယ်ပေါက် တောင့်တင်းပြီး မျက်နှာအား ပြေပြေပြစ်ပြစ်နှင့် ချောမောလှသူ ဖြစ်သည်။

သို့သော် သူမ၏ အကျင့် စာရိတ္တက ကောင်းလှသည် မဟုတ်။

မြိုးမြိုးမြက်မြက်ကလေးသာ ရမည်ဆိုလျှင် မည်သည့် ယောကျ်ားနှင့် အိပ်ရ အိပ်ရ ဝန်လေးမည့်သူ မဟုတ်ပေ။

ထို့ပြင်လည်း လစ်လျှင် လစ်သလို လုယက်တတ်သည့် အကျင့်ရှိသည်။

သူမသည် အလွန်ညစ်ပတ်သော အချုပ်ခန်းထဲသို့ သုံးလေးခါ ဝင်ရောက်ဖူးသူ ဖြစ်သည်။

အသားနီစပ်စပ်နှင့် ပိန်ပိန်သွယ်သွယ် လူတစ်ယောက်သည် သူမဆိုင်သို့ လာရောက် စားသောက်သည်မှာ သုံးရက်ခန့်ရှိနေပြီ ဖြစ်သည်။

သို့သော် ကေ့ဖုံးက ထိုလူကို ကောင်းကောင်း သိထားသည်။

မြို့ပြအုပ်ချုပ်ရေး တပ်ဖွဲ့မှ လူဆိုးထိန်း ဟျှောဆန်းကိုး၏ တပည့်တစ်ယောက် ဖြစ်လေသည်။

မည်သို့ပင် ဆိုစေ....

ထိုလူ၏ရှေ့တွင် အနေအထိုင် မမှားဖို့နှင့် အပြောအဆို မမှားမိစေရန် ကေ့ဖုံးက သတိကြီးစွာ ထားလိုက်မိလေသည်။

*　　*　　*



ဗျိုင်းဖြူမ ကျင်လိန်း....

ထိုနာမည်ကို ဒုစရိုက်သမား အတော်များများက သိရှိထားသကဲ့သို့ အာဏာသားများကလည်း သိရှိထားလေသည်။

သူမ၏ ထက်မြက်သော သိုင်းပညာကို သိုင်းလောကသားအချို့က လေးလေးစားစားပင် အသိအမှတ် ပြုထားလေသည်။

သူမသည် မကြာမီ လေးငါးနှစ်လောက်က အမျိုးသမီးအကျဉ်းစခန်းက လွတ်မြောက်လာသူ ဖြစ်သည်။

ထိုအကျဉ်းစခန်းတွင် ဆယ်နှစ်လုံးလုံး အပြစ်ဒဏ် ခံခဲ့ရသည်မှာလည်း ယောကျ်ားသုံးယောက်ကို သတ်၍ ပစ္စည်းများ လုယူခဲ့သည့် အမှုကြောင့် ဖြစ်လေသည်။

သူမသည် အပြင်လောက၌ ကောင်းမွန်စွာ လုပ်ကိုင်စားသောက်ပါတော့မည်ဟု မြို့တော်ဝန်ထံ အသနားခံစာ သုံးစောင်တိတိ တင်ပို့သဖြင့် မြို့တော်ဝန်အမိန့်ဖြင့် ဆယ်နှစ်သာ အကျဉ်းခံရပြီး လွတ်မြောက်လာသူ ဖြစ်သည်။

သူမ ကျုံးကွမ်းမြို့သို့ ရောက်ရှိကတည်းက အာဏာသားများက စောင့်ကြည့်ခြင်းကို ခံခဲ့ရသည်။

သူမသည် အလုပ်ကို မည်မည်ရရ မလုပ်ကိုင်ဘဲနှင့် သုံးဖြုန်းစားသောက် ဝတ်စားနိုင်သည်ကိုတော့ ဟျှောဆန်းကိုးနှင့်

ဝမ်ပါးတို့ ယနေ့တိုင် စဉ်းစား အဖြေရှာလို့ မရအောင်
ရှိနေသည်။

ထို့ကြောင့် ချိကန်းကိစ္စတွင် မြားဦးသည် သူမအပေါ်သို့
လှည့်နေပေသည်။

လက်တောက် လူဆိုးထိန်း ဝမ်ပါးသည် ဗျိုင်းဖြူမ
ကျောင်လိန်းကို ပြောင်ပြောင်တင်းတင်းပင် မေးမြန်းလေသည်။

'လဆန်း ဆယ့်လေးရက်နေ့ညက ခင်ဗျား ဘယ်ကိုသွား
သေးသလဲ၊ ဘယ်မှာရှိသလဲဆိုတာ ကျုပ်ကို တိတိကျကျ
သက်သေနဲ့ ပြောစမ်းပါ'

ဗျိုင်းဖြူမကျောင်လိန်းသည် ဝမ်ပါးကိုခက်ထန်သော မျက်
လုံးအစုံဖြင့် လှမ်းကြည့်လိုက်လေသည်။

'ဆယ့်လေးရက်နေ့ ညဆိုတော့ သုံး လေးရက်တော်
လွန်ခဲ့ပြီပဲ၊ ကျွန်မ ဦးနှောက်တွေက ဒီလောက်ကောင်းတာ
မဟုတ်ဘူးရှင့်'

'ပြန်စဉ်းစားပါလေ'

သူမက နှုတ်ခမ်း တစ်ချက်တွန့်၍....

'ဒီဆယ့်လေးငါးရက် အတောအတွင်းမှာ ကျွန်မနေ့ကော
ညကော အိမ်ထဲကကို မထွက်ဘူး'

'သေချာရဲ့လား'



'သိပ် သေချာတာပေါ့'

ဝမ်ပါးသည် သူမ၏ မျက်လုံးထဲ၌ အဖြေရှာကြည့်သည်။
သူမ၏ စကားများသည် လေးနက်ခြင်းမရှိသကဲ့သို့ အမူအရာ
တလည်း မခိုးမခန့် နိုင်လွန်းလှသည်။

ထူးခြားသည်မှာ သူမ၏ မျက်နှာအမူအရာသည် မည်သူ့
ကိုမှ ဂရုစိုက်မည့်ပုံစံမျိုး မဟုတ်ပေ။

'ခင်ဗျားအိမ်ကို ရှာဖွေဖို့အမိန့်ပါတယ်'

ဝမ်းပါးက စာရွက်တစ်ရွက်ကို ထုတ်ပြရင်း ယေသား နှစ်
ယောက်ကို အိမ်ထဲ၌ ရှာဖွေရန် မေးငေါ့ပြလိုက်သည်။

သူမက ခပ်ပြုံးပြုံးဖြင့်....

'ကျွန်မ အတွင်းခံဘောင်းဘီတွေကိုတော့ ရှင်တို့ သပ်သပ်
ရပ်ရပ် ပြန်ထားခဲ့ရလိမ့်မယ်နော်'

ဟုပြောကာ ရေနွေးကရားကို ဝမ်ပါးရှေ့သို့ တိုးပေးသည်။

'ကျွန်မအိမ်က ရေနွေးကို သောက်ကြည့်ပါဦး၊ ရှင်ကြိုက်
သွားစေရမယ်'

ဝမ်ပါးက သူမကို သေချာစွာ အကဲခတ်သည်။

သူမသည် အဝတ်အစားကို ဖြစ်ကတတ်ဆန်းဝတ်စားထား
သည့်အတွက် သူမ၏ ရင်သားများသည် မလုံမခြုံဖြစ်နေသည်။

ယောကျ်ားတစ်ယောက်၏ အာရုံကို ညှို့ယူဖမ်းစားထား
နိုင်သည့် အရည်အချင်းက သူမတွင် အပြည့်အဝ ရှိနေသည်။

'ခင်ဗျား အကျဉ်းစခန်းက လွတ်လာတာ ဘယ်လောက်ကြာပြီလဲ'

သူမက လက်ညှိုးတစ်ချောင်းထောင်၍....

'တစ်နှစ်ကျော်ပြီ ထင်တာပဲ'

'ဒီမှာ ဘာလုပ်ကိုင်စားသလဲ'

'ရှင့်စိတ်ထဲမှာ လူတွေသတ်ပြီး ပစ္စည်းလုနေတယ်လို့ ထင်တုန်းပဲလား'

'ခင်ဗျားကလဲ အဲဒီအတိုင်းပဲ လုပ်ခဲ့တယ် မဟုတ်လား'

'အဲဒီအတိုင်း လုပ်ခဲ့လို့လဲ ကျွန်မ အခု ထိုင်စားနိုင်တာပေါ့'

ဝမ်ပါး ပါးစပ်ပိတ်သွားသည်။

တစ်ချိန်က သူရရှိထားသော ပစ္စည်းများကို ယခုအခါ ထိုင်စားနေသည်ဟု ပြောင်ပြောင်တင်းတင်းပင် ပြောလိုက်ခြင်းဖြစ်သည်။

ဝမ်ပါး၏ အဖွဲ့သားနှစ်ယောက် တစ်အိမ်လုံးမွှေနှောက်၍ ထွက်လာသည်။

ဝမ်ပါးမျက်နှာကိုကြည့်၍ ပခုံးတွန့်ရင်း လက်ခါပြလိုက်သည်။

ဘာသဲလွန်စမှမရသည့်သဘောမင်း။



'ခင်ဗျား စားဆာ သိုင်းလောကထဲမှာတော့ တော်တော် နာမည်ကြီးတာပဲ'

သူမက နှုတ်ခမ်းတစ်ချက် တွန့်၍....

'ရှင် ကျွန်မကို သက်သက် လာရှာနေတာပဲ၊ လိုရင်းကို ပြောဖို့ကောင်းတယ်'

ဝမ်ပါးက လက်ထဲမှ ရေနွေးကြမ်းပန်းကန်ကို ပြန်ချလိုက်၏။

'အား....ရေနွေးက အတော်ကောင်းတာပဲ'

'ရှင် တခြား ဘာသိချင်သေးလဲ'

'အသတ်ခံလိုက်ရတဲ့ ချိကန်းဆိုတဲ့ လူကို ခင်ဗျားသိတယ် မဟုတ်လား'

သူမမျက်နှာ ကွက်ခနဲပျက်သွားသည်။

'ရှင်ပြောမှပဲ ဒီနာမည်ကို ကြားဖူးတယ်'

ဝမ်ပါးက ပြုံးလိုက်သည်။

'တခြားလူကိုရမယ်၊ ကျုပ်ကို ညာလို့ ဘယ်တော့မှမရဘူး'

သူမထံမှ အသံမထွက်လာပေ။

'ကျွန်မ ရှင်ပြောတာကို လုံးဝသဘောမပေါက်ဘူး'

‘ဒီမှာ ကျင်လိန်း၊ ရွှေနဲ့ပစ္စည်းတွေ တင်လာတဲ့ ကုန်သည်ကြီး ချိကန်းကို ခင်ဗျားသိပါတယ်၊ သူ့ရဲ့ ကုန်ပစ္စည်းတွေကိုတောင် ခင်ဗျားက ဆိုင်ကြီးတစ်ဆိုင်နဲ့ ဆက်သွယ်ပေးခဲ့ဖူးတယ် မဟုတ်လား’

ကျင်လိန်းက ရုတ်တရက် သတိရသွားဟန်ဖြင့်....

‘အို အဲဒီလူနာမည် ချိကန်းတဲ့လား၊ ကျွန်မ သူ့နာမည် မသိတာ အမှန်ပဲ၊ အလုပ်သဘောအရ ဆက်သွယ် ပေးခဲ့ဖူးတာပါ’

‘ဒါဖြင့် ချိကန်း အသတ်ခံရတာတောင် မသိဘူး ဆိုတဲ့ သဘောလား’

‘ဟာ.... ချိကန်းဆိုတဲ့ လူတစ်ယောက် အသတ်ခံရတာ တစ်မြို့လုံး သိနေတာပဲ၊ ဒါပေမယ့် အဲဒီလူမှန်း ကျွန်မ ဘယ်သိပါ့မလဲ’

ဝမ်ပါးသည် သူမ၏ မျက်နှာကို တစ်ချက် စေ့စေ့ကြည့်လိုက်ပြီး ထိုင်ရာမှ ထလိုက်သည်။

‘အေးလေ၊ မင်းပြောတဲ့ စကားတွေဟာ အားလုံး အမှန်တွေချည်းပဲ ဖြစ်ပါစေလို့ မျှော်လင့်ပါတယ်၊ ကဲ....ကျုပ်ကို ခွင့်ပြုပါဦး’

‘ကောင်းပါပြီရှင်’

* * *



လူ့သဘာဝ....

လူ့သဘာဝသည် ဆန်းကြယ်သည်ဟု ဆိုရမည်။

ထူးဆန်းဖွယ် ကောင်းသော၊ အံ့သြဖွယ် ကောင်းသော၊ ထိတ်လန့်တုန်လှုပ်ဖွယ် ကောင်းသော အဖြစ်အပျက်တို့သည် စတင်၍ ဖြစ်ခါစ ပျက်ခါစ အချိန်တွင်သာ အာရုံစိုက်ကြ၊ ပြောကြ ဆိုကြသော်လည်း တစ်ရက်မှ နှစ်ရက်သို့ ကူးလာသောအခါ တဖြည်းဖြည်း ရိုးသွားသည်။

မေ့ပျောက်သွားကြသည်။

ချိကန်း အသတ်ခံရသည့် ကိစ္စသည် တစ်မြို့လုံး စိတ်ဝင်စားပြီး လှုပ်လှုပ်ရှားရှား ဖြစ်ခဲ့ကြသည်။

အာဏာပိုင်များကလည်း အပြင်းအထန် စုံစမ်း ရှာဖွေသည်။

သို့သော်....

ခုနစ်ရက် တစ်ပတ်ခန့် ကြာလာသောအခါ သူတို့၏ ကြိုးစားမှုသည် လျော့ရဲရဲ ဖြစ်လာတော့သည်။

သည်ကြားထဲ သဲလွန်စက ပျောက်နေသောအခါ အာဏာပိုင်များသည် ထိုကိစ္စကို လုံးဝ စိတ်ဝင်စားခြင်း မရှိတော့သကဲ့သို့ ဖြစ်လာသည်။

တစ်ခါတစ်ရံ ဖြစ်ရိုးဖြစ်စဉ် ဟူသာ သဘောထားလိုက်ကြလေသည်။

သူတို့သည် အခြားအသစ်အသစ် ပေါ်ပေါက်လာသော ကိစ္စ အထွေထွေဆီသို့သာ ဦးတည် လုပ်ဆောင်လျက် ရှိကြ သည်။

ဤသို့ဖြင့်....

အချိန်များက ဆယ့်ငါးရက်ခန့် ကုန်လွန်သွားသည့် အခါ ချိုကနိုး အသတ်ခံရမှုသည် လုံးဝ မေ့လျော့သွားကြ လေသည်။

## အခန်း ( ၆ )

မြင်းလှည်းသည် မြစ်ဆိပ်မှနေ၍ မြို့တွင်းသို့ ဦးတည်ကာ မှန်မှန်ကလေး ပြေးလွှားနေသည်။

ခုံလျောင်းသည် သူ၏မြင်းလှည်းကို တစ်နေ့လုံး အချိန်ကုန် အောင် ပြေးဆွဲနေပါသော်လည်း ဆယ့်ငါးကျပ်ပင် မပြည့် သေး၍ အတော်ကလေး စိတ်ဓာတ်ကျနေခဲ့သည်။

သူ၏ဝင်ငွေသည် တစ်နေ့ နှစ်ဆယ် အစိတ် ရပါမှ မိသားစု ငါးယောက်ကို ဝလင်အောင် ကျွေးမွေးနိုင်မည် ဖြစ်သည်။

သူသည် မြင်းလှည်းမောင်းမကောင်း၍ စိတ်ဓာတ်ကျနေ သည့်အပြင် အခြား အကြောင်း တစ်ခုကလည်း သူ၏စိတ်ကို တုန်လှုပ် ချောက်ချားနေစေလေသည်။

အခြားမဟုတ်....

ဖိတ်စာ အနီကတ်ပြားလေးကြောင့် ဖြစ်သည်။

ထိုဖိတ်စာသည် သူ၏ သေမင်းတမန်များ ဖြစ်လေမလား ဟု တွေးထင်နေမိသည်။

သူ၏ ဖုံးကွယ်ထားသောအမည်ကို ထိုဖိတ်စာကတ်ပိုင်ရှင်က သိရှိနေခြင်းမှာ အရင်က ပြုခဲ့သည့် မကောင်းမှုများထဲမှ တစ်ခုခု ဖြစ်လေမည်လား။

'မကောင်းမှုဟူသည် ဆိတ်ကွယ်ရာမရှိ' ဆိုသည့်စကားကို သူကြားဖူးထားသည်။

သူသည် မကြာမြင့်မီ အချိန်က ကမ်းကုန်အောင် ဆိုးသွမ်းခဲ့သည်။

ထိုမကောင်းမှုများသည် သူ၏နောက်မှ အရိပ်သဖွယ် လိုက်နေပြီဟုလည်း အလိုလို သိလာသည်။

ထို့ကြောင့် လွှကြီးခေါ် ခုံလျောင်းသည် စိတ်များ ချောက်ချားနေခြင်း ဖြစ်သည်။

သူသည် ညနေပိုင်း၌ ခရီးသည် ရလိုရငြား မြစ်ဆိပ် ကမ်းပါးသို့ ထွက်လာခဲ့သည်။

ညနေပိုင်းကတည်းက စောင့်ဆိုင်းနေသော်လည်း အတော်ကလေး မိုးချုပ်စပြုမှပင် ခရီးသည်တစ်ယောက်ကို ရရှိလာခြင်းဖြစ်သည်။



ခရီးသည်က အမျိုးသမီး။

ထိုအမျိုးသမီးကို သူက 'စံအိမ်တော်' တည်းခိုစားသောက် ဆိုင်ကြီးသို့ ပို့ပေးရမည် ဖြစ်သည်။

သူသည် ထိုအမျိုးသမီးထံမှ အနည်းဆုံး တစ်ဆယ်လောက် ရမည်ကို တွေးပြီး စိတ်ထဲမှ ကျေနပ်နေမိသည်။

အချို့ ရပ်ဝေးမှလာသော အမျိုးသမီးခရီးသည်များသည် မြင်းလှည်းခကို ရက်ရက်ရောရော ပေးတတ်ကြသည် မဟုတ်ပါလား။

ခုံလျောင်းသည် မြစ်ဆိပ်ဘက်သို့ မောင်းလာစဉ်ကပင် စိတ်ထဲ၌ မသိုးမသန့် ဖြစ်မိခဲ့သေးသည်။

ချိုကုန်းဆိုသူ အသတ်ခံရသည်မှာ ဤမြစ်ဆိပ်ကမ်းရှိ လင်းယုန်ဖြူ စားသောက်ဆိုင်၌ ဖြစ်သည်။

လူသတ်သမားသည် အမျိုးသမီးဖြစ်သည်။

ထိုအမျိုးသမီးသည် မိမိကိုလည်း ရာဇသံ ပေးထားသည် မဟုတ်ပါလား။

ခုံလျောင်းအဖို့ ယခုအခါ အမျိုးသမီးများကို သတိထားမှ ဖြစ်မည်ဟု စိတ်ထဲ၌ မှတ်ယူထားသည်။

ထို့ကြောင့် သူသည် မြင်းလှည်းလာငှားသော ခရီးသည် အမျိုးသမီးကိုပင် သေသေချာချာ လေ့လာ အကဲခတ်ခဲ့သည်။

ခရီးသည် အမျိုးသမီးအာ ကိုယ်လုံးကိုယ်ပေါက် တော… တင်းပြီး ရုပ်က သိပ်ပြီးချောမောလှသူ မဟုတ်ပေ။

သူမသည် ဤမြို့သို့ရောက်ဖူးဟန် မတူပေ။

အဘယ်ကြောင့်ဆိုသော် မြင်းလှည်းငှားစဉ်အာ အမျိုးသ… တွေ တည်းခိုတဲ့ တည်းခိုဆောင် ရှိပါသလားဟု မေးခဲ့သည်…

သူမအနေဖြင့် စံအိမ်တော် တည်းခိုဆောင်သည် အ… တော်ဆုံးဟု ခုံလျှောင်းတပင် ရွေးချယ်ပေးခဲ့ရသည်။

နောက်တစ်ချက်….

အမျိုးသမီးက သူ့ထံသို့ တန်းတန်းမတ်မတ် ရောက်… ခြင်း မရှိပါ။

မိမိကသာ ခရီးသည်ရရေးအတွက် တမင်တကာ သွ… ရောက် စောင့်ကြို၍ ခေါ်ခဲ့ရသည်မဟုတ်ပါလား။

* * *

'ဒီဟာ စံအိမ်တော် တည်းခိုဆောင်ပဲဗျ၊ အမျိုးသမီး… သမျှ ဒီမှာပဲ တည်းခိုကြတယ်၊ ပိုင်ရှင်ကလဲ အမျိုးသမီ… ခင်ဗျ'



မြင်းလှည်းကို ရပ်တန့်ပြီးသည်နှင့် ခုံလျှောင်းက သေချာစွာ ပြောပြလိုက်လေသည်။

ခရီးသည် အမျိုးသမီးက စံအိမ်တော် တည်းခိုခန်းကို သေသေချာချာ ငုံ့ကြည့်ပြီးမှ….

'အစ်ကိုကြီးကို ကျွန်မ သိပ်ကျေးဇူးတင်တာပဲ၊ တခြား မြင်းလှည်းသမားသာဆိုရင် ခုလိုကောင်းတဲ့နေရာကို စိတ်ရှည် လက်ရှည်နဲ့ ပို့ပေးမှာ မဟုတ်ဘူး'

သူမက ပြောရင်း ဆွဲတ္တိပါအိတ်ကလေးထဲမှ ငွေစအချို့ကို ထုတ်ယူ၍ ခုံလျှောင်းကို မြင်းလှည်းခ ပေးသည်။

ငါးဆယ်….

ခုံလျှောင်း အံ့သြသွားသည်။

'အို….ကလေးမ၊ ဆယ့်….ဆယ့်ငါးကျပ်ပဲ ကျပါတယ်'

'အို….ဟုတ်လား၊ ဒါပေမယ့် ယူသွားပါရှင်၊ မနက်ဖြန် ညနေကျရင်သာ ကျွန်မကို ဒီမှာလာခေါ်ပါ၊ ကျွန်မ စိန့်ဟုတ် ဘုရားရှိခိုးကျောင်းကို သွားချင်လို့၊ မရောက်ဖူးတဲ့ နေရာမို့ အစ်ကိုကြီးမြင်းလှည်းနဲ့ပဲ သွားချင်တယ်'

'ဟာ….ဒါ….ဒါဆို ဖြစ်ပါတယ်၊ ကျုပ် မနက်ဖြန်ညနေ ဆက်ဆက်လာခေါ်ပါ့မယ်'

ခုံလျှောင်းက ဝမ်းသာအားရ ပြောလိုက်လေသည်။

သူသည် နှစ်ရက်လုပ်ခကို တစ်ချိဖာည်းနှင့် ရသွားပြီမဟုတ်ပါလား။

* * *

နောက်တစ်နေ့ မိုးလင်းသောအခါ ခုံလျှောင်းသည် မြင်လှည်းကို လုံးဝမထွက်ပါ။

သူသည် နှစ်ရက်စာရရှိထားပြီး ဖြစ်သည့်အတွက် လှည်းကားမြင်းပါ အနားယူမည်ဟု စိတ်ကူးထားပြီး ဖြစ်သည်။

မိမိပို့ထားခဲ့သော ကလေးမလေးကိုလည်း ယနေ့ညနေပိုင်းတွင် စိန့်ဟုတ်ဘုရားကျောင်းသို့ ပို့ပေးချင်မှ ပို့ပေးမည်။

မည်သည့်မိန်းကလေးပင် ဖြစ်ပါစေ၊ မိမိက လုံးဝ မသတ်သက်လျှင် အကောင်းဆုံးဟု ယူဆထားလိုက်သည်။

ထိုသို့စိတ်ကူးပြီး ခုံလျှောင်းသည် သားသမီးများနှင့်အရပျော်ပျော်ပါးပါးပင် မနက်စာကို စားသောက်လိုက်သည်။



အိပ်ရာမှ နိုးသောအခါ စိတ်ထဲ၌ မကြည်မလင် ဖြစ်နေသည်။

ခုံလျှောင်းသည် အရက်ဆိုင်သို့သွား၍ ညနေစာမစားမီ အရက်အနည်းငယ်ကို သောက်လိုက်၏။

အရက်သောက်၍ အိမ်ပြန်ရောက်သောအခါတွင် ညနေစောင်းနေပြီ ဖြစ်သည်။

သူသည် ကလေးများကို မုန့်ဖိုးပေးရန်အတွက် အိတ်ထဲသို့ နှိုက်လိုက်သောအခါ ပိုက်ဆံတစ်ပြားမျှမရှိတော့သည်ကို သိရလေသည်။

ထိုအခါ ညှို့သည်မိန်းကလေးကို သတိရလာသည်။

ထိုမိန်းကလေးအား စိန့်ဟုတ် ဘုရားကျောင်းသို့ သွားရောက်ပို့ပေးလျှင် သူမထံ ငွေကြေးအနည်းငယ်ကို ထပ်ပေးမှာ သေချာသည်။

ထိုမိန်းကလေးကလည်း သူ့ကိုယုံကြည်စိတ်ချစွာနှင့် စောင့်ဆိုင်းနေမည်မှာ မလွဲပေ။

မည်သို့ပင်ဆိုစေ ဘုရားကျောင်းသို့သွားမည့် သူတော်ကောင်းမလေးကို ပစ်မထားသင့်ဟု ခုံလျှောင်းတွေးမိလိုက်သည်။

သူသည် မြင်းလှည်းကို အမြန်ဆုံး တပ်ဆင်လိုက်လေသည်။

*　　　*　　　*

မိန်းကလေးက တည်းခိုဆောင်ထဲမှ မလှုပ်တလှုပ်ထွက်လာသည်။

သူမကိုကြည့်ရသည်မှာ နေထိုင်မကောင်းဟု ထင်မိသည်။

'မိန်းကလေး၊ ခင်ဗျားနေမကောင်းဘူးနဲ့ တူတယ်'

ခုံလျှောင်းက ကရုဏာသက်စွာမေးသည်။ မိန်းကလေးက ခေါင်းညိတ်ပြလိုက်ရင်း....

'ဟုတ် တယ် အစ် ကို ကြီး၊ ကျွန်မ ကောင်းကောင်းနေ မကောင်းဘူး၊ ဒါပေမယ့် ဘုရားကျောင်းက ဆရာတော်နဲ့ တွေ့ပြီးရင်တော့ နေကောင်းသွားမှာပါ'

သူမကပြောရင်း မြင်းလှည်းပေါ်သို့ အသာအယာတက် လိုက်သည်။

ခုံလျှောင်းသည် မြင်းလှည်းကို ခပ်မှန်မှန်ကလေးပင် စီး ဟုတ်ဘုရားကျောင်းသို့ မောင်းခဲ့၏။



ကျောင်းထဲတွင် ဘုရားဖူးအချို့ ဝင်ထွက်သွားလာနေသည်ကို တွေ့ရ၏။

သူမက မြင်းလှည်းပေါ်မှဆင်းပြီး....

'အစ်ကိုကြီး ခဏစောင့်နိုင်မလား၊ ကျွန်မ သိပ်ကြာမယ် မထင်ပါဘူး'

'ရပါတယ်မိန်းကလေး၊ ကျုပ်စောင့်နေပါ့မယ်'

အချိန်မှာ အတော်ကလေးမှောင်စပြုလာပြီဖြစ်၍ ဘုရားကျောင်းထဲ၌ မီးပုံးများဖြင့် ထိန်ထင်းလို့ လာတော့သည်။

ခုံလျှောင်းသည် နာရီဝက်ခန့်ကြာသော် ပျင်းပျင်းရှိလှသည်နှင့် အသင့်ပါလာသော အရက်အနည်းငယ်ကို သောက်လိုက်သည်။

ထိုအခါ.... သူ၏စိတ်မှာ တစ်မျိုး လန်းဆန်း သွားသည်ဟု ထင်လိုက်၏။

နောက် တစ်အောင့်ကြာသောအခါ တစ်ငုံထပ်သောက်လိုက်ပြန်သည်။

မကြာမီ....

မိန်းကလေး ဒယီးဒယိုင်နှင့် ဘုရားကျောင်းထဲမှ ပြန်ထွက်လာသည်။

မိန်းကလေးမှာ နေထိုင်မကောင်း၍ မူးနောက်နေသည့်ပုံစံ ဖြစ်လေသည်။

ခုံလျှောင်းသည် မိန်းကလေး၏ဆေးမှုအရာ ကိုကြည့်၍ ကဖျာ
ကယာပင် မြင်းလှည်းပေါ်သို့ ဖေးမကူတင် ပေးလိုက်၏

'မိန်းကလေး ခေါင်းမူးနေသလား'

'ဟုတ်ကဲ့၊ ကျွန်မခေါင်းထဲက နည်းနည်းမူးနေတယ်'

'ဒါဖြင့် ကျုပ်မြင်းလှည်း သွားရတော့မလား'

သူမက ခေါင်းညိတ်လိုက်ပြီး....

'သွားပါ၊ လေတိုက်ရင် ကျွန်မ နည်းနည်း သက်သာလာ
မလား မသိဘူး'

'အာ....ဟုတ်တာပေါ့၊ လေကောင်းလေသန့်ရတဲ့ တော
တောင်တက်လမ်းက ကျုပ်မောင်းသွားပါ့မယ်'

အရက်ရှိန် ရနေပြီဖြစ်သော ခုံလျှောင်းသည် အာသွက်
လျှာသွက်ဖြစ်နေသည်၊

အထူးသဖြင့် စောစောက သူမကိုပွေ့ဖက်၍ မြင်းလှည်း
ပေါ်သို့ တင်လိုက်ရသည့်အတွက် သူ့ရင်ထဲ၌ ကတုန်ကယ
င်ကြီး ဖြစ်နေမိသည်မှာ အမှန်ပင်။

ယခုသည်း မိန်းကလေးက သူနှင့်နီးကပ်စွာထိုင်ပြီး သူ့
မှီထားသဖြင့် ခုံလျှောင်း၏ရင်ထဲတွင် နွေးခနဲ အေးခနဲ ခံစား
နေရသည်။

သူသည် ထိုမိန်းကလေးအပေါ်၌ မည်ကဲ့သို့မှ သံသယ မ
နိုင်ပါ။ မိန်းကလေးသည် ရပ်ဝေးမှလာသည်၊ သူကသည်



မိမိကိုမသိ၊ မိမိကလည်း သူ့ကိုမသိ၊ ခုံလျှောင်းသိသည်မှာ
မိန်းကလေးသည် တောမှ တက်လာသော ခပ်အအ၊ ခပ်နုံနုံ
မိန်းကလေးသာ ဖြစ်သည်။

ခုံလျှောင်း၏ တစ်သက်တာတွင် ထိုမိန်းကလေးမျိုးနှင့်
တွေ့ခဲ့ရပေါင်းများခဲ့ပြီဖြစ်သောကြောင့် စားနေကျ ကြောင်
ပါး ခုံလျှောင်းသည် မိန်းကလေး၏အခြေအနေကို သွေးတိုး
စမ်းလိုက်လေသည်။

'ညီမက ဘယ်ကလဲ'

'ကျွန်မက နယ်ကပါ'

'ဒီကို တစ်ခါမှ မရောက်ဖူးဘူးလား'

'ဟုတ်ကဲ့....'

'အခု ဘာကိစ္စ လာတာလဲ'

'ကျွန်မ အစ်ကို ဝမ်းကွဲက စိန်ဟုတ် ဘုရားကျောင်းအ
ဘုန်းကြီးပဲ၊ သူ့ဆီကို လာခဲ့တာပါ၊ ဒါပေမယ့် စာမှ
အားမကိုးရဘူး'

ခုံလျှောင်းသည် မှုန်ဝါးဝါး အလင်းရောင်နှင့်ပင် သူမ
မျက်နှာကိုငုံ့ကြည့်လိုက်သည်။

'ဘယ်လို အားမကိုးရတာလဲ'

'ကျွန်မက ဒုက္ခရောက်နေလို့ သီလရှင်ဝတ်ချင်တယ်၊ အဲဒါကို
အစ်ကိုဘုန်းကြီးက ခွင့်မပေးဘူး'

သူမကပြောပြီး ဝမ်းနည်းစွာဖြင့် တစ်ချက်ရှိုက်လိုက်သည်၊ သူမ၏ ခန္ဓာကိုယ်ကိုလည်း ခုံလျောင်းဆီသို့ ပို၍ တိုးကပ် လိုက်၏။

ခုံလျောင်းက စားနေကျကြောင်ပါး၊ သည်မှာဘက်တွင် လျှင်ပြီးသား ဖြစ်သည်။

လက်တစ်ဖက်က မြင်းဇက်ကြိုးကို ကိုင်ထားသော်လည်း ကျန်လက်တစ်ဖက်က သူမ၏ပခုံးကို ဖက်ထားလိုက်သည်။

လေကလေးက တဟူးဟူး တိုက်ခတ်နေ၏။

မိန်းကလေးက....

'အဲဒီသစ်ပင်ရိပ်မှာ ခဏရပ်ပေးပါလား၊ နည်းနည်းလောက် လေညင်းခံချင်လို့'

မြင်းလှည်းရပ်တန့်သွားသည်။

သစ်ပင်ရိပ်ကြောင့် အမှောင်ထုက ပိုမို၍ ကြီးစိုးထားလေ သည်။

ခုံလျောင်း၏ လက်သည် မိန်းကလေးကို ဖက်ထားဆဲပင် ဖြစ်သည်။

ပို၍ပို၍ တင်းကျပ်အောင် ဖက်ထား၏။

မိန်းကလေးက ပြန်၍ ကိုယ့်ပြန်လာသောအခါ ခုံလျောင်း ပို၍ ရဲတင်းလာသည်။



ခုံလျောင်းသည် မိန်းကလေးကို အဝမ်းမရနမ်းရှုတ်နေမိ၏။

ထိုစဉ်အခိုက်မှာပင်....

ခုံလျောင်း၏ လည်မျိုဆီမှ ပူခနဲတစ်ချက်ဖြစ်သွားသည်ကို ခံစားလိုက်ရ၍ ခုံလျောင်းကပျာကယာ လူချင်းခွာလိုက်သည်။

သူမ၏ မျက်နှာကို အံ့ဩထိတ်လန့်သလို ငေးကြည့်ရင်းက ဆံပင်းကို လက်နှစ်ဖက်ဖြင့် ဆုပ်ကိုင်ထားမိသည်။

သွေးများက တရဟောစီးဆင်းလာသည်။

မိန်းကလေးသည် လျင်မြန်ပေါ့ပါးစွာဖြင့် မြင်းလှည်း အောက်သို့ရောက်ရှိသွားသည်။

လေးလပိုင်း ၁၄ ရက်လသည် ထိန်ထိန်သာနေ၏။

မိန်းကလေးက နာကြည်းမှု အပြည့်ရှိသော မျက်လုံးအစုံ ဖြင့် ခုံလျောင်းကို ကြည့်လိုက်ပြီး....

သေအံ့မူးမူးဖြစ်နေသော ခုံလျောင်းကို ခပ်တိုးတိုးကလေး တစ်စုံတစ်ရာ ပြောလိုက်သည်။

ခုံလျောင်း အမှတ်ရသွားဟန်ဖြင့် မိန်းကလေးကို ကြည့် လိုက်လေသည်။

'ဟင်....ဒါဖြင့်....နင်....နင်'

ခုံလျောင်း စကားမဆုံးမီ မြင်းလှည်းပေါ်တွင် တုံးခနဲ လဲကျသွားတော့သည်။ အမျိုးသမီးသည် လည်မျိုထဲ၌ အဆုံး

စိုက်ဝင်နေသော သုံးမြှောင့်အချွန်ခါးကို ဆွဲထုတ်[illegible]းသည်နှ[illegible] ခုံလျှောင်း၏ ရင်ဘတ်မှ အက်ကျီစကို ဆွဲဟကာ တြိဂံပုံဒရေးခြ[illegible] လိုက်လေသည်။

ပြီးသည်နှင့်....

မိန်းကလေးက မြင်း၏ တစ်ပါးကို တစ်ချက်ရိုက်ချလို[illegible] သောအခါ မြင်းလှည်းမှာ လမ်းမကြီးအတိုင်းပြေးလွှား ထွ[illegible] ခွာသွားလေတော့သည်။

## အခန်း ( ၇ )

တပ်မှူးရှုဖုန်းရိ ၏ ဂေဟာတွင် မီးများ ထိန်ထိန်လင်းနေသည်။

'လီလီ....'

ရှုဖုန်းရိက အိမ်ပေါ်သို့ ရောက်လျှင်ရောက်ချင်း ဇနီးဖြစ်သူ လီလီကို လှမ်း၍ ခေါ်လိုက်သည်။

'သခင်လေး.... လီလီ အပြင်သွားနေပါတယ်'

စားဖိုမှူးအဘွားစုံက ဝင်၍ဖြေလိုက်သည်။

ရှုဖုန်းရိသည် တစ်ချက်တွေသွားသည်။

လီလီသည် နေ့လယ်နေ့ခင်းများသာ အပြင် ထွက်လေ့ရှိသည်။

သူမ အပြင်သို့ သွားသည်မှာလည်း အခြားမဟုတ်၊ ကျောင်းဆရာမ ဝေ့ယမ်းယမ်းထံသို့သာ အလည်အပတ် သွားတတ်သည်။

လီလီအခင်မင်ဆုံး မိတ်ဆွေမှာ ကျောင်းဆရာမ ဝေ့ယမ်းယမ်းသာလျှင် ဖြစ်သည်။

'သူ ဘယ်ကိုသွားမယ်လို့ ပြောလဲ အဘွားစုံ'

'သူ ညနေကတည်းက သွားတာပဲ၊ ကျောင်းဆရာမ ဝေ့ယမ်းယမ်းဆီ သွားတယ်လို့ ကျွန်မထင်ပါတယ်'

ရှဖုန်းရိသည် အတွင်းခန်းသို့ လှမ်းကြည့်ရာ သားလေးမှာ အိပ်ပျော်နေသည်ကို တွေ့ရသဖြင့် စာကြည့်ခန်းထဲသို့ ဝင်ခဲ့သည်။

သူသည် မြို့စားကြီးဂေဟာ၌ အမြဲတမ်းလိုလို တာဝန်ကျနေသည်ကများသည်။

စိတ်ထဲတွင် သူမရှိသည့်အခါတိုင်း လီလီဘစ်ယောက် အပြင်ထွက် လည်နေသလားဟု သံသယဝင်သွားမိသည်။

လောကတွင် သူအမြတ်နိုးဆုံးမှာ လီလီပင်မဟုတ်ပါလား။

ရှဖုန်းရိသည် အလုပ်ကိစ္စနှင့်ပတ်သက်သော စာရွက် စာတမ်း အချို့ကို ရှာဖွေနေစဉ် လီလီပြန်ရောက်လာလေသည်။



တာဝန်ကျနေချိန်တွင် ပြန်ရောက်လာလေ့ မရှိသော ရှဖုန်းရိကို ရုတ်တရက်တွေ့လိုက်ရသဖြင့် သူမသည် အံ့ဩသွားသည်။

'ဟယ်....အစ်ကိုပြန်လာတယ်၊ ကျွန်မကို အိမ်မှာမတွေ့လို့ ဒေါသဖြစ်နေတယ်ပေါ့လေ'

လီလီသည် စိုးရိမ်စိတ်ကို ဖုံးကွယ်၍ အပြုံးဖြင့် မေးလိုက်သည်။

ရှဖုန်းရိက တစ်ချက်မျှ စူးစိုက်ကြည့်လိုက်သည်။

'ကျွန်မ....'

သူ၏စကား မစမီ ရှဖုန်းရိက....

'ကျောင်းဆရာမ ဝေ့ယမ်းယမ်းတို့အိမ်မှာ တစ်နေ့လုံး အချိန်ကုန်နေတာပဲ မဟုတ်လား၊ အစ်ကိုပြောတာ မှားသလား'

လီလီက သက်မကို မသိမသာချ၍....

'အစ်ကိုကလဲ သိသားနဲ့၊ ကျွန်မမှာ အခင်မင်ဆုံးမိတ်ဆွေ ဆိုလို့ သူတစ်ယောက်ပဲ ရှိတာမဟုတ်လား'

ရှဖုန်းရိက သူမလည်ပတ်မှုကို အပြစ်တင်စကား ပြောမနေတော့ဘဲ စာရွက်အချို့ကို အိတ်ထဲသို့ ထိုးထည့်ရင်း လီလီ့အနားသို့ ကပ်လာကာ....

'ညီမ အသွားအလာဆင်ခြင်ပါ၊ အစ်ကိုတို့မှာ ချစ်တဲ့သူရှိသလို မုန်းတဲ့ရန်သူတွေလဲ အများကြီးရှိတယ်၊ သားကိုလဲ ဂရုစိုက်နော်၊ မနက်ဖြန်ဆိုရင် အစ်ကို တစ်နေ့လုံးအားတဲ့ရက်ပဲ၊ ညီမ ပျင်းနေရင် တစ်နေရာရာ လျှောက်လည်ကြတာပေါ့'

'ဟုတ်ကဲ့ အစ်ကို၊ ညီမ အစ်ကို့စကားကို ဘယ်အခါက များ ပယ်ရှားဖူးလို့လဲ'

သူမက ချစ်စဖွယ်ပြုံး၍ ပြန်ပြောလိုက်သည်တွင် ရှုဖွန်းရိသည် သူမ၏ပါးကို ရှတ်ခနဲနမ်း၍ အိမ်ပေါ်မှပြေးဆင်းသွားတော့သည်။

အချိန်မှာ ည ကိုးနာရီကျော်ပြီ ဖြစ်သည်။

* * *

နေ့သစ်တစ်နေ့၏ အရုဏ်ဦးသည် မြူးမြူး ကြွကြွကလေး ထွက်ပေါ်လာသည်။

သို့သော်....

စောစောစီးစီး နံနက်ပူးတွင် ချွေးစို့နေသူမှာ လူဆိုးထိန်း ဟော့ဆန်းကိုးပင် ဖြစ်လေသည်။



'ဘြိဂံဓါးသမားကတော့ ကျွန်တော်တို့ကို စိန်ခေါ်နေပြီ ဆရာဆန်းကိုး'

ဦးစွာရောက်ရှိနေသော ဝမ်ပါးကျ ဟော့ဆန်းကိုးအား တွေ့လိုက်သည်နှင့် ဆီး၍ပြောလိုက်လေသည်။

ဟော့ဆန်းကိုးသည် မြင်းလှည်းပေါ်၌ သေဆုံးနေသော ခုံလျှောင်း၏အလောင်းကို စစ်ဆေးကြည့်ရှုနေသည်။

ခုံလျှောင်းမိန်းမနှင့် ကလေးများ၏ ငိုသံများက ဆူညံနေသည်။

ဆန်းကိုးသည် အဘန်ကြာအောင် စစ်ဆေးပြီးမှ ငိုယိုနေသော အမျိုးသမီးထံသို့ လျှောက်သွားလေသည်။

'ခင်ဗျားက ခုံလျှောင်းရဲ့ မိန်းမလား'

အမျိုးသမီးက မျက်ရည်များကိုသုတ်ချင်း ခေါင်းညိတ်ပြလိုက်လေသည်။

'ဟုတ်ပါတယ်ရှင်'

'ဘယ်လိုဖြစ်ရတာလဲ ပြောပြပါဦး'

'ဒီနေ့မနက်ပိုင်း သူမြင်းလှည်းမထွက်ဘူးရှင့်၊ ညနေပိုင်းမှ ထွက်သွားတယ်၊ ညက ဘယ်အချိန် ပြန်လာတယ် ဆိုတာ ကျွန်မတို့လဲမသိလိုက်ဘူး၊ ခုမိုးအင်းမှ မြင်းလှည်းက မြင်းဇောင်းထဲ ရောက်နေပြီး အဲဒီအပေါ်မှာ သူသေနေတာကို အဲဒီအတိုင်း မြင်ရတာပါပဲရှင်'

အိမ်နားနီးချင်း လူတစ်ယောက်က....

'ဟုတ်ပါတယ်ဆရာ၊ သူ့ကအော်ငိုရင်း လှမ်းခေါ်တာနဲ့ ကျွန်တော်ပြေးလာတော့ ခုံလျှောင်းသေနေတာ တွေ့ရတာပါပဲ၊ ဆရာတို့ကိုလဲ ကျွန်တော်ပဲ ချက်ချင်းလာအကြောင်းကြားတာပါ'

ဆန်းကိုး သက်ပြင်းချလိုက်သည်။

'ဒါဆိုရင် မြင်းလှည်းပြန်လာတာ ခင်ဗျား လုံးဝမသိဘူးပေါ့'

ခုံလျှောင်းမိန်းမကို မေးလိုက်သည်။

'ဟုတ်ကဲ့၊ မသိပါဘူး'

ဆန်းကိုးက လာရောက်အကြောင်းကြားသော အိမ်နားနီးချင်းမှလူကို မေးပြန်သည်။

'သူ့မြင်းလှည်း ညက ဘယ်အချိန်ပြန်လာတယ် ဆိုတာကော ခင်ဗျားသတိထားမိသလား'

အိမ်နားနီးချင်းလူက စဉ်းစဉ်းစားစားဖြင့်....

'ညက မြင်းလှည်းပြန်လာတာကိုတော့ ကျွန်တော် အသံကြားမိသလိုပဲ'

'ဘယ်အချိန် လောက်လဲ'

'ဆယ်နာရီ တော့ မထိုးသေးဘူးဆရာ'



ဆန်းကိုးသည် ဝမ်ပါးကိုကြည့်၍ ပခုံးတွန့်ပြသည်။

'အလောင်းကို စစ်ဆေးကြည့် ရတာကတော့ ညဦးပိုင်းလောက်ကတည်းက အသတ်ခံထားရတဲ့ပုံစံပဲ၊ သူ့ကိုသတ်ပြီး မြင်းလှည်းနဲ့ ပြန်တင်ပေးလိုက်တာပဲ ဖြစ်ရမယ်'

ဆန်းကိုးက သူ့ထင်မြင်ချက်ကို ပြောလိုက်ခြင်း ဖြစ်သည်။

ဝမ်ပါးက ခုံလျှောင်း၏ မိန်းမအား....

'နေပါဦး၊ မနေ့ကမနက်ပိုင်းမထွက်ဘူးဆိုတော့ ခါတိုင်းဆိုရင် မနက်ပိုင်း ထွက်နေကျလား'

'ဟုတ်ကဲ့၊ မနက်မိုးလင်းတာနဲ့ ထွက်တာပါပဲ'

'အခုလိုညနေပိုင်း တစ်ခါမှမထွက်ဘူးလား'

ခုံလျှောင်းမိန်းမသည် စဉ်းစား၍....

'တစ်ခါတစ်ရံတော့လဲ ညနေပိုင်းထွက်တာတွေရှိပါတယ်'

ဆန်းကိုးက ဝင်၍....

'မနေ့က အလုပ်ကိစ္စနဲ့ပတ်သက်ပြီး ဘာစကားမှ မပြောဘူးလား'

သူမက ခေါင်းယမ်းသည်။

'ဘာမှ မပြောဘူးရှင့်'

'ဘယ်အချိန်ပြန်လာမယ်၊ ဘယ်ကိုသွားရမယ် စသည်ဖြင့် မပြောဘူးလား'

'မပြောပါဘူး'

အချိုးသမီးမှာ သိပ်ပြီး စိတ်လှုပ်ရှား ပင်ပန်းနေမည်စိုး၍ ဆက်၍ မမေးတော့ဘဲ အခြားလုပ်စရာ ကိုင်စရာရှိသည်များကိုသာ မှာကြားသည်။

ပြီးမှ....

'ကျုပ်တို့ အေးအေးဆေးဆေးမှ လာခဲ့ဦးမယ်၊ ဒေသာ လောဆယ်တော့ ခင်ဗျားတို့ ဈာပနကိစ္စ စီစဉ်ကြပေါ့ဗျာ'

ဟုပြောကာ ဆန်းကိုးတို့ ထွက်ခွာလာခဲ့ကြသည်။

လမ်းမပေါ်သို့ရောက်မှ ဆန်းကိုးက....

'ဒီမိန်းမကြီးကို ခုနေခါမေးနေလို့လဲ အမှန်အကန်စကားတော့ သိပ်ရမှာမဟုတ်ဘူး၊ ပြီးမှ တစ်ပတ်လှည့်လာကြတာပေါ့'

ဝမ်ပါးက ခေါင်းငုံ့စဉ်းစားလာရင်းမှ....

'အင်း....တြိဂံ ဓားသမားကတော့ တစ်စတစ်စ အစွမ်းပြလာပြီဗျ၊ ကျွန်တော်တို့ ခပ်ပေါ့ပေါ့သဘောထားလို့ မဖြစ်တော့ဘူးနဲ့တူတယ်'

ဆန်းကိုးသည် နှုတ်ခမ်းကိုဖိ၍ စဉ်းစားလာရာမှ ခေါင်းကို ဖြည်းညင်းစွာ ညိတ်ပြီး....

'သတ်ပုံ သတ်နည်းတွေအတော့ - ချိကန်းကိုသတ်တဲ့ ပုံအတိုင်းပဲပေ'



ဝမ်ပါးက....

'ဘုရား....ဘုရား၊ နောက်ဘယ်နှစ်ယောက်များ ဆက်သတ်ဦးမလဲ မသိဘူး'

ဟု ခပ်တိုးတိုး ညည်းညူလိုက်လေတော့၏။

* * *

မြို့ပြအုပ်ချုပ်ရေးမှူး ယွမ်။

စားပွဲပေါ် လက်နှစ်ဖက်ထောက်၍ မေးတင်ထားသည်။

တစ်စုံတစ်ရာကို လေးလေးနက်နက် တွေးတော စဉ်းစားနေမှန်း သိသာလှသည်။

သူ့ရှေ့ ကုလားထိုင် အသီးသီးတွင် ထိုင်နေကြသော ဆန်းကိုးတို့ကိုပင် နှုတ်ဆက်စကား တစ်လုံး တစ်ပါဒမျှ မပြောသေးပေ။

ထိုအမှုအရာကို ကြည့်ခြင်းအားဖြင့် အုပ်ချုပ်ရေးမှူးသည် မြို့စားကြီးနှင့် တွေ့လာပြီဟု အတပ်သိလိုက်သည်။

အတန်ကြာအောင် ခပ်မဆိတ် နေပြီးမှ ဟောဆန်းကိုးတို့ဘက်သို့ မျက်နှာမူလိုက်သည်။

'စိတ္တဇ လူသတ်သမား'

ယွန်မ်ထံမှ ရုတ်တရက် ထွက်ပေါ်လာသော စကားလုံးကြောင့် ဆန်းကိုးတို့ အံ့ဩသလို ဖြစ်ပြီး တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်မိလိုက်ကြသည်။

ဆန်းကိုးက....

'စိတ္တဇ လူသတ်သမား.... ဟုတ်လား အာစရိ'

ဟု ကြားရရုံ လေသံလောက်နှင့် ပြန်မေးသည်။

ယွန်မ်သည် ရုံးခန်းမ ညာဘက်ခြမ်းတွင် ချိတ်ဆွဲထားသော နာမည်ကျော် ပန်းချီဆရာတစ်ဦး၏ စိတ္တဇဆန်ဆန် ပုံတူအားချပ်ကို ငေးမောကြည့်နေရာမှ ဆန်းကိုးဘက် လှည့်ကြည့်ပြီး ခေါင်းညိတ်ပြလိုက်သည်။

'ငါ့ယူဆချက်ကတော့ အဲဒီအတိုင်းပဲ'

ဆန်းကိုးတို့ အုပ်စုသည် ယွန်မ်၏စကားကို စိတ်ဝင်စားစွာ နားစွင့်နေကြသည်။

'ငါနေပြည်တော်မှာ အမှုထမ်းစဉ်တုန်းက ခုလို အလားတူ အဖြစ်မျိုးတွေ အများကြီး ကြုံရတယ်၊ အင်မတန် တူညီတဲ့ လူသတ်မှုတွေ ဖြစ်လာပြီဆိုရင် အဲဒီတရားခံဟာ စိတ်ဓာတ် ချို့ယွင်းချက် ရှိနေတာ အမှန်ပဲ'



'အဖြစ်မှန်အချို့ကို ထုတ်ပြီး ပြောရမယ်ဆိုရင် အိုးရန်းပုဆိုတဲ့ လူသတ်သမားဟာ သတ်ပြီးတာနဲ့ ညာလက်တစ်ဖက်ကို အမြဲ ဖြတ်ပစ်တယ်၊ လေးယောက်လောက်ကို အဲဒီအတိုင်းပဲ လုပ်ခဲ့တယ်၊ သူ့ကိုဖမ်းမိလို့ သေသေချာချာ စစ်ဆေးတဲ့အခါမှာ တစ်ချိန်က သူအင်မတန်ချစ်တဲ့ သမီးငယ်လေးကို လူဆိုးအချို့က သတ်ပြီး ညာဘက်လက်ကို ဖြတ်လိုက်တယ်၊ အဲဒီမှာတင် စိတ်ထိခိုက်ပြီး ပတ်သက်မယ်ထင်တဲ့ ရန်သူတွေကို သတ်ပြီး ညာလက် ဖြတ်ခဲ့တာပဲ'

ယွန်မ်၏စကားကို အားလုံးက စိတ်ဝင်စားစွာ နားထောင်နေကြသည်။

ယွန်မ်က ဆက်ပြော၏။

'နောက်အတွေ့အကြုံ တစ်ခု ရှိသေးတယ်၊ အဲဒီလူကလဲ အိုးနန်းပုအတိုင်းပဲ၊ သူ့နာမည်က ကျီးချို၊ သူကလူသတ်ပြီးတာနဲ့ သေသူ့ ယောကျ်ားတန်ဆာကို ဖြတ်လိုက်တယ်၊ ကျီးချို သတ်ခဲ့တာ အယောက်နှစ်ဆယ် ကျော်တယ်၊ အားလုံးကို တန်ဆာဖြတ်ထားတာချည်းပဲ၊ သူ့ကိုမိလို့ နောက်ကြောင်း ရာဇဝင်ကို ပြန်လှန်လိုက်တဲ့အခါမှာ ကျီးချိုဟာ အတော် သနားစရာ ကောင်းခဲ့တာပဲ'

ယွန်မ်သည် ခဏနားပြီးမှ ဆက်ပြောသည်။

'ကျီးချိုဟာ အသက် နှစ်ဆယ့်တစ်နှစ်မှာ မင်္ဂလာဆောင်တယ်၊ အဲဒီညမှာပဲ လူဆိုးငါးယောက်က အသစ်စက်စက်

ဇနီးလောင်းကို သူ့ရဲ့မျက်စိရှေ့မှာ တစ်လှည့်စီ မုဒိမ်းဝိုင်းကျင့်
ကြတဲ့အတွက် ကောင်မလေး သေသွားတယ်၊ ကျီးချီလဲ စိတ်
ဖောက်ပြန်သွားရက အခုလို သတ်ဖြတ်တော့တာပဲ'

ခန်းမတစ်ခုလုံး တိတ်ဆိတ်နေသည်။

ဆန်းကိုးက ဓောဒက တက်သည်။

'ဆရာ ကျွန်တော် တစ်ခုမေးပါရစေ'

'မေးပါ'

'တောင်ပင်လယ် သိုင်းသမား ချုံးကျူဟာ သူနဲ့ ယှဉ်ပြိုင် တိုက်ခိုက်လို့ သေဆုံးသွားတဲ့ လူမှန်သမျှကို မျက်လုံးတစ်လုံး အမြဲ ထိုးဖောက်ပစ်တယ်၊ ဒါပေမယ့် သူဟာ ထိပ်တန်း သိုင်းသမားတစ်ယောက် ဖြစ်ပြီး သာမန်လူတွေ အတိုင်းပဲ သူ့ကို စိတ္တဇ လူသတ်သမားလို့ ခေါ်နိုင်မလား'

ယွမ်ကာ ပြုံး၍ ခေါင်းညိတ်လိုက်သည်။

'ခေါ်နိုင်တယ်'

'သူ့ကို ကျွန်တော်တို့ ဖမ်းမိတော့ လူဆောင်းပကတိ သူ့နောက်ကြောင်းမှာလဲ နာကြည်းမှု ရှိခဲ့ဟန် မတွေ့ပါဘူး

ယွမ်ကာ အနည်းငယ် နေရာရွှေ့ ထိုင်လိုက်ပြီးမှ....

'ငါ့အနေနဲ့ မင်းတို့ သဘောပေါက်အောင် ဘယ်လို ပြော ရမလဲဆိုရင် လူတွေအားလုံးဟာ စိတ်နဲ့ပတ်သက်ပြီး ရူးနေ



တာပဲဆိုရင် မင်းတို့ လက်ခံမလား၊ ငါပါ အပါအဝင် ဆိုပါ တော့ကွာ'

မည်သူ့ထံကမှ စကား ထွက်မလာပါ။ ယွမ်ကာ ဆက်ပြောသည်။

'ပုထုဇဉ်မှန်သမျှ အရူးချည်းပဲဆိုတာ ကျမ်းစာအချို့မှာ တွေ့ဖူးတယ်၊ အဲဒါကို ငါလက်ခံတယ်၊ ငါ အလွယ်ဆုံး ဥပမာတွေ ပြောမယ်ကွာ၊ မြို့စားကြီးဆိုရင် စစ်တုရင်ကစားလို့ နိုင်တဲ့အခါတိုင်း ဝမ်းတွေသာပြီး မြို့စားဂေဟာက လူတွေကို အမြဲတမ်း စားသောက်ပွဲ ကျင်းပပေးတယ်၊ မြို့စားကြီး စားသောက်ပွဲ ကျင်းပပြီတော့ဆိုရင် စစ်တုရင် နိုင်လို့ပဲ၊ အဲဒါ သူ့အကျင့်၊ ဒါမှမဟုတ် အဲဒါ သူ့ရောဂါပဲ'

အားလုံးက ပြုံးပြီးနားထောင်နေသည်။ အချို့က ခေါင်းညိတ်၍ ထောက်ခံသည်။

ယွမ်ကာ ဆက်ပြောသည်။

'ဝမ်ပါးမှာလဲ အရူးရောဂါရှိတယ်'

အားလုံးက ခစ်ခနဲရယ်၍ ဝမ်ပါးကို ကြည့်ကြသည်။ ဝမ်ပါးက ခပ်ပြုံးပြုံးဖြင့် အုပ်ချုပ်ရေးမှူးယွမ်ကို ပြန်ကြည့်နေသည်။

ယွမ်ကာ ဆက်၍....

'ဝမ်းပါးဟာ အင်မတန် နှမြောတတ်ပြီး ကပ်စေးနှဲတဲ့ကောင်ပဲ၊ ဘယ်သူ့ကိုမှ လက်ဖက်ရည်ဖိုး တစ်ပြားတစ်ချပ်မှ အကုန်မခံခဲ့ဘူး'

'ဟုတ်တယ်ဆရာ၊ ဟုတ်တယ်'

လူငယ်တစ်ယောက်က ရယ်မော၍ ထောက်ခံလိုက်သည်။

ယွမ်က ဆက်ပြော၏။

'ဒါပေမယ့် အရက်အတော်ကလေး မူးလာပြီဆိုရင် ဟိုလူ့ခေါ်ကျွေး၊ ဒီလူ့ခေါ်ကျွေးနဲ့ ရှိသမျှပိုက်ဆံအားလုံး ကုန်တာပဲ မဟုတ်လား'

အားလုံးက မှန်ကန်ကြောင်း ခေါင်းညိတ်၍ ပြုံးနေကြသည်။

'အဲဒါဘာလဲ၊ သူ့မှာ အရက်များများမူးလာရင် လူတွေအပေါ်မှာ စေတနာထက်သန်လာတဲ့ ရောဂါပဲ၊ သူဟာ အရက်မူးတိုင်း အဲဒီလိုပဲလုပ်နေကျမို့ ဝမ်းပါးအရက်မူးတာကို တချို့က စောင့်နေကြတယ်၊ မြို့စားကြီး စစ်တုရင်နိုင်တာကို အားလုံးက မျှော်လင့်နေကြတယ်၊ အဲဒါဘာကြောင့်လဲ၊ လူတစ်ယောက်ဟာ သန်ရာသန်ရာကို လုပ်နေကျအတိုင်း လုပ်နေကြလို့ပဲ၊ လူတစ်ကိုယ်မှာ အဲဒီလို အများနဲ့မတူတဲ့အချက်တွေ ရှိနေကြတာမို့ အားလုံးဟာ သန်ရာသန်ရာကို ရူးနေကြတဲ့ အရူးတွေလို့ ငါပြောတာ၊ အဲဒီအထဲမှာ ငါလဲပါမှာ



ပဲ၊ ငါက ဘာရူးတယ်ဆိုတာ ငါ့နောက်ကွယ်ရာမှာ မင်းတို့ဝေဖန်ကြည့်ကြပေါ့'

အားလုံးသည် ပြုံးစိစိဖြစ်နေကြသည်။

'ဆရာဆန်းကိုးမှာလဲ ရောဂါရှိနေပါတယ်ဆရာ'

နောက်ဆုံးနားက လူတစ်ဦးက ပြောလိုက်သည်။

ယွမ်က ပြုံး၍....

'သူက နားလေးနေတဲ့သူကိုမှ ကြိုက်နေတဲ့ရောဂါ မဟုတ်လားကွ'

အားလုံး ဝါးခနဲ ပွဲကျသွားတော့သည်။

* * *

သူတို့သည် အုပ်ချုပ်ရေးမှူးယွမ် ရှင်းပြသည်ကို တော်တော် သဘောပေါက်သွားကြသည်။

လူသားမှန်သမျှ အရူးထနေကြတာချည်းပဲ။

ခန်းမထဲတွင် အတော်ကလေး တိတ်ဆိတ်သွားသည်။

အုပ်ချုပ်ရေးမှူး ယွမ်သည် သူ့ရှေ့တွင် ရှိနေသော မြို့[...] အုပ်ချုပ်ရေးတပ်ဖွဲ့မှူးတာဝန်ရှိသူ ခြောက်ယောက်တို့ကို စူးစိုက်၍ ကြည့်လိုက်သည်။

မြို့နောက် ချောင်းတစ်ချက် ဟန့်ပြီး....

'မင်းတို့ကို ငါပြောချင်တာက အခု ဒီနေ့ဖြစ်ပျက်နေတဲ့ လူသတ်မှုဟာ ပေါ့ပေါ့ဆဆ သဘောထားလို့ မဖြစ်တော့ဘူး၊ မြို့စားကြီးလဲ စိတ်မချမ်းမသာဖြစ်နေတယ်၊ ခုနက ငါပြောခဲ့သလိုပဲ လူသတ်သမားဟာ ယောကျ်ားတစ်ယောက်ရဲ့ လည်မျိုကို သံမြှောင့်သံချွန်နဲ့ ထိုးသွင်း သတ်ဖြတ်ပြီး သူ့ရဲ့ အမှတ်အသားဖြစ်တဲ့ တြိဂံ ပုံသဏ္ဌာန်ကို ရင်ဘတ်မှာ ရေးခြစ်ခဲ့တယ်၊ အဲဒါ သူ့မှာဖြစ်ပေါ်နေတဲ့ အရူးရောဂါပဲ

'သူဟာ ဘဝက နာကြည်းမှုကြောင့်လဲ ဖြစ်ချင်ဖြစ်မယ် ဒါမှမဟုတ် လူတွေကို အဲဒီနည်းနဲ့သတ်တာ ဝါသနာပါလို့လဲ ဖြစ်ချင်ဖြစ်မယ်၊ ဘာပဲဖြစ်ဖြစ်သူဟာ စိတ်ချို့ယွင်းနေတာပဲ စမ်ပါးတို့လို မူးရင်ယမ်းသောအကောင်းတဲ့ ဘက်ကို စိတ်ချို့ယွင်းတာမဟုတ်ဘူး၊ မကောင်းတဲ့ဘက်ကို ရက်စက်တဲ့ဘက်ကို စိတ်ချို့ယွင်းနေတာပဲ၊ ငါ့ရဲ့ယူဆချက်ကတော့ ချိကန်း[...]တာကတည်းက အမျိုးသမီးပဲ ဖြစ်မယ်လို့ ထင်ထားတယ် ခုလဲ သူပဲဖြစ်ရမယ်လို့ ထင်တယ်'

ဆန်းကိုးက ခေါင်းညိတ်ပြသည်။



'အုပ်ချုပ်ရေးမှူး ပြောတာ မလွဲနိုင်ပါဘူး၊ ခုံလျှောင်း သေဆုံးတာဟာ ချိကန်းနဲ့တစ်ထေရာတည်း ဖြစ်တဲ့အပြင် လူသတ်သမားဟာ ခုံလျှောင်းကိုသတ်ဖို့ ပထမ ညအချိန်ကို ရွေးတယ်၊ ဒုတိယ လူရှင်းတဲ့နေရာမျိုးကိုခေါ်မယ်၊ တတိယ သူ့ရဲ့ ခန္ဓာကိုယ်နဲ့ဖျားယောင်းပြီးမှ အဲဒီလူ ယပ်မူးနေတဲ့ အချိန်မှာ အလွယ်တကူသတ်နိုင်တာကို ထောက်ရှုရင် လူသတ်သမားဟာ အမျိုးသမီးတစ်ဦး ဖြစ်တယ်ဆိုတာ ငြင်းချက်မရှိဘဲ လက်ခံလိုက်ပါပြီ'

'ဒီတော့....'

'ဒီတော့ ကျွန်တော်တို့ဟာ အမျိုးသမီးလူသတ်သမားကိုပဲ ဦးတည်ချက်ထားပြီး ရှာဖွေရမှာ ဖြစ်ပါတယ်၊ ချိကန်းကိစ္စ ဖြစ်ပြီးကတည်းက ကျွန်တော်တို့ စုံစမ်းစစ်ဆေးမှုတွေ လုပ်ခဲ့ပါတယ်၊ ဒါပေမယ့် ခိုင်လုံတဲ့သဲလွန်စရယ်လို့ မတွေ့ခဲ့ရပါဘူး၊ ဗျိုင်းဖြူမကျင်လိမ်းကိုတော့ ဒီနေ့အထိ နောက်က အရိပ်ထည့်ထားပါတယ်၊ ကျွဲ့ဖုံးကတော့ လူသတ်နိုင်လောက်တဲ့ အရိပ်အယောင်မျိုး သိပ်မတွေ့ရဘူး၊ နောက်ပြီး နည်းနည်း နာမည်ရှိတဲ့....'

သူ့စကားမဆုံးမီ အုပ်ချုပ်ရေးမှူး ယွမ်က လက်ကာလိုက်သည်။

'ထားတော့၊ မင်းတို့ထင်မြင်ချက်အတိုင်း လုပ်စရာရှိတာလဲ ဆက်လုပ်ပေါ့၊ ငါပြောချင်တာက ချိကန်းရဲ့ နောက်

ကြောင်း ရာဇဝင်နဲ့ အခုသေတဲ့ ခုံလျှောင်းရဲ့နောက်ကြောင်း ရာဇဝင် အတိအကျကို ငါသိချင်တယ်'

ဆန်းကိုးက ခေါင်းညိတ်၍....

'ဟုတ်ကဲ့၊ ကျွန်တော်တို့ ဆောင်ရွက်ပါ့မယ်'

'နောက်ပြီး....သိုင်းလောကထဲကဖြစ်ဖြစ်၊ ဒုစရိုက်သမားတွေရဲ့ လောကထဲကပဲ ဖြစ်ဖြစ် သုံးမြှောင့်ချွန်၊ ဒါမှမဟုတ် သုံးမြှောင့်ဓား သုံးခဲ့တဲ့အဖြစ်မျိုး ရှိမရှိ၊ ရှိခဲ့ရင် ဘယ်တုန်းက ဘယ်သူသုံးခဲ့တယ်၊ တစ်ခါသုံးခဲ့တဲ့လူရဲ့ ဆွေစဉ်မျိုးဆက် နောက်ကို လိုက်ရမယ်'

'ဟုတ်ကဲ့'

'နောက်တစ်ခုကတော့ တို့လျစ်လျူရှုထားလို့ မရဘူး ထင်တာပဲ'

'ပြောပါဆရာ'

'တို့ရဲ့ ကျုံးကွမ်းမြို့တော်ကြီးမှာ နာမည်ကျော်ကြားနေတဲ့ စိတ်သမားတော်ကြီး ချင်ချင်တို့ ညီအစ်ကိုရှိတယ်'

'ဟုတ်တဲ့၊ ခုချိန်ထိ နာမည်ကျော်တုန်းပါပဲ'

ယွမ်က ခါးကိုရှေ့သို့ ကိုင်းလိုက်သည်။

သူ၏စကားလုံးနှင့် အသံက ပိုပြီး လေးနက် တည်ကြည် လာသည်။



'သမားတော်ကြီး ချင်ချင်တို့ညီအစ်ကိုဟာ စိတ္တဇရောဂါသည်တွေကို ကုတယ်၊ လုံးဝ ပျောက် တာ တွေ လဲ ရှိ တယ်၊ မပျောက်တာလဲရှိတယ်၊ တချို့က ရောဂါပျောက်ပြီဆိုပြီး ဆက်မကုတော့ပေမယ့် တဖြည်းဖြည်းနဲ့ ရောဂါပြန်ထလာတာမျိုးလဲရှိတယ်၊ ဒီလောက်ဆိုရင် မင်းတို့ သဘောပေါက်မယ်နဲ့ တူပါတယ်'

ဟော့ဆန်းကိုးက....

'ဆရာဆိုလိုတာက သမားတော်ကြီးချင်ချင်ဆီမှာ စိတ္တဇဝေဒနာသည်တွေရဲ့ ရောဂါလက္ခဏာနဲ့ ရောဂါဖြစ်ပုံ မှတ်တမ်းတွေရှိတယ်၊ အဲဒီမှတ်တမ်းတွေထဲက အမျိုးသမီးလူမမာ မှတ်တမ်းတွေကို လေ့လာဖို့ဆိုလိုတာ မဟုတ်လား'

ယွမ်က ခေါင်းကို ဆတ်ခနဲညိတ်လိုက်သည်။

'အမှန်ပဲ၊ မင်းတို့ အဲဒါတွေကိုလေ့လာပြီးရင် လူသတ်မှုအတွက် သဲလွန်စမှာ အများကြီးအထောက်အကူ ပြုလာနိုင်တယ်'

ဟော့ဆန်းကိုးနှင့် ဝမ်ပါးတို့က ပြိုင်တူ ခေါင်းညိတ်လိုက်သည်။

'ဟော့....ဟော့၊ မင်းတို့ကိုယ် မင်းတို့လဲ သတိထားကြဦးကွ'

ဟု နောက်ဆုံး ပြောကြားလိုက်လေသည်။

## အခန်း (၈)

တပ်မှူးရှုဖုန်းရိသည် အားလပ်သည့်နေ့ရက်မို့ မီးသားစု ပျော်ပျော်ပါးပါး တစ်နေရာရာသို့ လျှောက်လည်မည်ဟု စိတ်ကူးထားမှုများသည် အနီရောင်ဖိတ်စာကြောင့် အလိုလို ပျောက်လွင့် သွားလေတော့သည်။

သူသည် အိမ်သို့ ရောက်လျှင်ရောက်ချင်း စားပွဲပေါ်၌ အသင့်ရောက်ရှိနေသော စာအိတ်ကို တွေ့လိုက်ရလေသည်။

လီလီသည် အသားပေါက်စီနှင့် နွားနို့ပူပူကို လာရောက်ချပေး၏။

'ညီမ၊ ဒီစာအိတ် ဘယ်တုန်းက ရောက်နေတာလဲ'

ရှုဖုန်းရိမှာ စိုးရိမ်ကြီးစွာဖြင့် မေးမိသည်။



'မနက် ခေါခေါစောစောကပဲ အစ်ကို၊ အဘိုးကြီးတစ်ယောက် လာပေးသွားတယ်'

'ညီမ ဖောက်ကြည့်သေးလား'

'အစ်ကို့နာမည်နဲ့လာတဲ့ကိစ္စ၊ ညီမက ဘာလို့ဖောက်ရမှာလဲ'

ရှုဖုန်းရိ သက်ပြင်းခိုးချလိုက်မိသည်။

တော်ပါသေးရဲ့ဟုသည်း စိတ်ထဲမှ ရေရွတ်မိလေသည်။

'အစ်ကို့ကို နေပြည်တော်က ဆင့်ခေါ်တာများလား၊ ဖောက်ကြည့်ပါဦး'

ရှုဖုန်းရိက စာအိတ်ကို ကပျာကယာ အိတ်ထဲသို့ ထည့်ထားသည်။

'နေပါစေကွာ၊ အလုပ်ကိစ္စနဲ့ ပတ်သက်တဲ့ စာတွေကို မြို့စားဂေဟာကျမှပဲ ကြည့်မယ်၊ အားတဲ့ရက်မှာ လွတ်လွတ်လပ်လပ်ကလေး နေချင်လို့'

'အစ်ကိုပြောတာ မှန်တယ်၊ ညီမကလဲ အစ်ကိုခုလို စိတ်အေးလက်အေးနဲ့ နားနေတာကိုပဲ ကြည့်ချင်တယ်၊ ဒါနဲ့ အားတဲ့နေ့ကို သမားတော်ကြီး ချင်ချင်ဆီ သွားကန်တော့ကြမယ်ဆို'

ရှုဖုန်းရိက သတိရသွားဟန်ဖြင့် ပေါင်ကို ပုတ်လိုက်သည်။

'အား....ဟုတ်သားပဲ၊ သားလေးကို ရေမိုးချိုး အဝ
အစားလဲပေးလိုက်ကွာ'

ရှုဖုန်းရိသည် စားသောက်ပြီးသည်နှင့် သူ၏ သီးသန့်ခ
ထဲသို့ ဝင်ရောက်သွားသည်။

* * *

ရှုဖုန်းရိသည်....

သီးသန့်ခန်း တံခါးကို ပိတ်ပြီးသည်နှင့် ဓာလန့်ထိုးထာ
လိုက်သည်။

လောလောဆယ်တွင် သူ၏အခန့်ထဲသို့ လီလီသော်လည
ကောင်း၊ သားအလေး ရှုအန်းလုသော်လည်းကောင်း ဝ
ရောက် အနှောင့်အယှက်ပေးမည်ကို မလိုလားသောကြော
ဖြစ်သည်။

ရှုဖုန်းရိသည် စောစောစီးစီးရောက်ရှိနေသော စာအိတ်
လုံးဝ မသက်ာပေ။



ထိုစာအိတ်သည်မှချမသွေ တြိဂံခေါးသမားက ပို့ပေးခဲ့ခြင်း
သာ ဖြစ်ရမည်ဟု သိထားလိုက်သည်။

အဘယ်ကြောင့်ဆိုသော်....

တြိဂံခေါးသမားက ဒုတိယမြောက်လူတစ်ယောက်ကိုသတ်
လိုက်ပြီဆိုသည့်သတင်းကို ကြားခဲ့ရသောကြောင့် ဖြစ်သည်။

ဤသို့ဆိုလျှင် မိမိထံသို့ အနီရောင်ကတ်ကလေး ရောက်လာ
ရမည် မဟုတ်ပါလား။

ရှုဖုန်းရိသည် စာအိတ်ကိုဖွင့်၍ ကြည့်လိုက်သည်။

ထင်ထားသည့်အတိုင်း လုံးဝမလွဲပါ။

နာမည်ဝါးခုအနက် အပေါ်ဆုံးမှ ပထမနာမည်ချီကန်းနှင့်
ဒုတိယနာမည် လေ့ကြီးတို့ကို (×)ကြက်ခြေအမှတ်အသား
ပြထားလိုက်ပြီ ဖြစ်သည်။

'ဟင်....လေ့ကြီးမှ မဟုတ်ဘဲ၊ မြင်းလှည်းသမားခုံလျှောင်း
လို့ အားလုံးက ပြောနေကြတယ်'

ရှုဖုန်းရိ စိတ်ထဲမှ ရေရွတ်နေသည်။

ညက အသတ်ခံရသူမှာ ခုံလျှောင်း။

ယခု လူသတ်သမားက လေ့ကြီးဟု အမှတ်အသားပြသည်။

ဤသို့ဆိုလျှင် လူသတ်သမားသည် ခုံလျှောင်းကို လေ့ကြီး
အဖြစ် သိရှိထားခြင်းသာ ဖြစ်ရမည်။

သို့မဟုတ်....

ခုံလျှောင်းသည် ယခင်က လွှကြီးသာ ဖြစ်ရပေမည်။

မှန်သည်....

လွှကြီးက ခုံလျှောင်းအဖြစ် နာမည်ပြောင်း ထားခြင်း ဖြစ်လိမ့်မည်။ အဘယ်ကြောင့်ဆိုသော် သူ၏ညီ လွှဖီးဆိုသည်က ရှိနေသေးသည် မဟုတ်ပါလား။

* * *

ရှဖုန်းရှိသည် ထိုအကြောင်းများကို ခေါင်းထဲမှ ဖယ်ထုတ်လိုက်သည်။

မိမိကိစ္စ မိမိအကြောင်း စဉ်းစားရမည်။

ထိုလူသတ်သမားက သတ်မှတ်ထားသည့် လူငါးဦးထဲတွင် မိမိအမည် ပါဝင်နေခြင်းက ကောင်းသော လက္ခဏာတစ် မဟုတ်ပေ။



ရှဖုန်းရှိသည် ဖိတ်စာကတ်ကို ကြည့်ရင်း ချိကန်းအသတ်ခံရသည့်နေ့ရက်ကို တွက်ကြည့်လိုက်သည်။

သုံးလပိုင်း ဆယ့်လေးရက်၊

ယခု....

ခုံလျှောင်း အသတ်ခံရသည်မှာလည်း....

လေးလပိုင်း ဆယ့်လေးရက်။

တစ်လ ကွာခြားသည်။

လူသတ်သမားသည် နောက်ထပ် တစ်လတိတိပြည့်သော နေ့တွင် တစ်ယောက်ကို ထပ်သတ်ဦးမည်။

အနီရောင်ကတ်ထဲမှ နာမည်အစီအစဉ်အတိုင်းသာ သတ်သွားမည်ဆိုလျှင် မိမိ၏ အလှည့်သည်....

ခုနစ်လပိုင်း ဆယ့်လေးရက်နေ့ ဖြစ်ပေသည်။

ထို့ကြောင့်....

မိမိအလှည့်ကျဖို့ သုံးလလိုသေးသည်။

* * *

လူသတ်သမားသည်....

အမျိုးသမီးတစ်ဦးဖြစ်သည်ဟု ဆန်းကိုးတိုက သတ်မှတ်ထားကြသည်။

'မိန်းမ လူသတ်သမား'

ရှဖုန်းရိန္တတ်မှ တိုးတိုးကလေး ထွက်သွားသည်။

ထိုအမျိုးသမီး ဘယ်သူလဲ....

ငါကကော မိန်းမတစ်ယောက် ကလဲ့စား ချေလောက်အောင် ဘာတွေ အမှားအယွင်း လုပ်ခဲ့ဖူးပါလိမ့်၊

ရှဖုန်းရိ စဉ်းစားရတော့သည်။

ထိုအခါ....

သူသည် နယ်ပေါင်းစုံကို ကိစ္စအမျိုးမျိုးနှင့် သွားရသည်၊

သွားရသည့် ကိစ္စတိုင်းက အပျော်ခရီးတော့ မဟုတ်၊

ဒုစရိုက်သမားများကို ဖမ်းဆီးရန်ဖြစ်သည်။

ထိုအခါ တိုက်ခိုက်နှိမ်နင်းရသည်။

သူ၏လက်ချက်ဖြင့် အချို့သေသွားရသည်၊ အချို့ဒဏ်ရာရသွားသည်၊ အချို့ကို ဖမ်းဆီးမိသည်။



ထိုအထဲတွင်....

ယောကျ်ားသားများ ပါရှိသကဲ့သို့ မိန်းမသားများလည်း ပါသည်။

ဟုတ်ပြီ၊ တစ်စုံတစ်ယောက်သော အမျိုးသမီးသည် မိမိ၏ လက်ချက်ကြောင့် ဒဏ်ရာရသွားမည်၊ သို့မဟုတ် သူမှီခို အားထားနေရသော လင်ယောကျ်ား၊ မိဘမောင်ဘွားသည် မိမိကြောင့် သေဆုံးသွားရ၍ သူမက မိမိကိုအငြိုးထားခြင်းလည်း ဖြစ်နိုင်သည်။

သူမကို ဒုက္ခပေးသည့်အထဲတွင် မိမိနှင့်အတူ အခြားလူလေးယောက်ပါ ပါရှိနေသည့်အတွက် ယခုကဲ့သို့ စနစ်တကျ အကွက်ချပြီး ကလဲ့စားချေနေခြင်း ဖြစ်နိုင်သည်။

သို့သော်....

ထိုကိစ္စများသည် ရှဖုန်းရိအဖို့ အဆန်းတကြယ် မဟုတ်တော့ပါ။

ယခုကဲ့သို့ ရန်သူက အသိပေးထားသည့်အတွက် မိမိကပင် တစ်ပန်းသာနေသေးသည်ဟု....

ရှဖုန်းရိက တွေးတောတာ....

ဖိတ်စာအနီကတ်ကို လုံခြုံစွာ သိမ်းဆည်း ထားလိုက်ပေ
တော့သည်။

* * *

စိတ်သမားတော်ကြီး ချင်ချင်။

သမားတော်ကြီး ချင်ချင်သည် စိတ္တဇ ဝေဒနာသ
(အရူး) များကို ကုသသည့်နေရာတွင် အတော်ပင် နာမ
ကျော်ကြားသူ ဖြစ်သည်။

အမြို့မြို့ အနယ်နယ်မှ ဝေဒနာရှင်ပေါင်းများစွာ လ
ရောက် ကုသကြသည်။

အထူးသဖြင့် ရာခိုင်နှုန်းများများ ပျောက်ကင်းသွားသေ
ကြောင့်လည်း သူ၏နာမည်မှာ ပို၍ ကျော်ကြားလာခြင်း ဖြ
သည်။

သမားတော်ကြီး ချင်ချင်မှာ မိဘဘိုးဘွား လက်ထ
ကတည်းက ငွေကြေး ဥစ္စာ အလွန်ချမ်းသာ ကြွယ်ဝသူ ဖြ
သည်။



ထို့ကြောင့် ဆေးကုသဆောင်များကို ကျယ်ကျယ်ဝန်းဝန်းနှင့် စိတ်တိုင်းကျ ဆောက်လုပ်ထားသည်။

လာရောက်ကုသသော လူမမာများကို မပျောက်မချင်း စိတ်ချမ်းသာစွာ ထား၍ ကုသပေးသည်။

ပျောက်ကင်းသွားသည့်အခါတွင်လည်း လူမမာရှင်များက ပေးသမျှကိုသာ လက်ခံသည်။

လုံးဝမတတ်နိုင်၍ မပေးလျှင်လည်း ချင်ချင်က ကုသိုလ်ဖြစ် ကုသပေးလိုက်လေသည်။

ထို့ကြောင့် ချင်ချင်တို့ သမားတော်ညီအစ်ကိုနှစ်ယောက်ကို တစ်မြို့လုံးက ချစ်ခင်ကြသည်။

လေးစားကြသည်။

သမားတော်ကြီး ချင်ချင်အား ခင်မင် လေးစားသူများသည် မကြာခဏ လာရောက်ဂါရဝပြုကြသည်။ ကန်တော့ကြသည်။

သမားတော်ကြီးအား လေးစားချစ်ခင်သော သူများထဲတွင် တပ်မှူးရှုဖုန်းရီလည်း ပါဝင်ပေသည်။

ထို့ကြောင့် သူသည် ယနေ့ ဆရာကြီးအား ဂါရဝပြုရန် ချင်ဂေဟာသို့ ရောက်ရှိလာခြင်း ဖြစ်လေသည်။

* * *

သမားတော်ကြီး ချင်ချင်သည် သူတို့ညီအစ်ကိုအား လာရောက် ဂါရဝပြုသည့် မိသားစုသုံးဦးကို ဆုမွန်ကောင်းများ ပေးနေပေသည်။

ချင်ချင်၏ညီဖြစ်သူ ချင်ယားက လူတစ်မျိုးဖြစ်သည်။

သူသည် ချင်ချင်ကဲ့သို့ပင် ဆုမွန်ကောင်းများ ပေးကာ ကြာကြာမထိုင်ဘဲ နေရာမှ သုတ်ခနဲထသွားလေသည်။

ချင်ချင်တို့ ညီအစ်ကိုနှစ်ယောက်အကြောင်း ရှုဖုန်းရိတ သိထားလေသည်။

သူတို့နှစ်ဦးသည် စိတ်နှင့်ပတ်သက်သော ရောဂါကိုကုသည့်နေရာတွင် နှစ်ယောက်စလုံးတော်ကြသည်။ သို့သော် ညီအစ်ကိုနှစ်ယောက်မှာ သဘောထားချင်းတော့ ကွဲလွဲသည်။

ဆရာကြီးချင်ချင်က သူ၏လူမမာသည် လုံးဝပျောက်ကင်းသွားပါသည်ဟု ရဲရဲတင်းတင်း အာမခံသော်လည်း ချင်ယားက ထိုလူမမာသည် လုံးဝမပျောက်ကင်းပါ၊ ထက်ဝက်သာ ပျောက်ကင်းသည်ဟု ဇွတ်ငြင်းတတ်သည့် သဘောရှိသည်၊

ချင်ယားသည် အခြားကိစ္စများတွင် စကားနည်းသော်လည်း သူ၏လူမမာများ အကြောင်းနှင့် ပတ်သက်လာလျှင် နေ့ကုန်နေ့ခန်း မမောမပန်း ပြောနိုင်သူဖြစ်သည်။

သို့သော်...



စိတ်နှင့်ပတ်သက်လာလျှင် ချင်ချင်ကဲ့သို့ပင် အလွန်တော်သော သမားတော်တစ်ဦးဖြစ်သည်ကိုတော့ အားလုံးက လက်ခံထားကြလေသည်။

သမားတော်ကြီး ချင်ချင်သည် ချင်ယား ထသွားသည်ကို ပြုံး၍ကြည့်ရင်းမှ ရှုဖုန်းရိဘေးတွင် ထိုင်နေသော လီလီကို စူးစူးစိုက်စိုက်ကလေး ကြည့်လိုက်လေသည်။

လီလီမှာ သူမကို သမားတော်ကြီးက စူးစိုက်ကြည့်နေသဖြင့် ကပျာကယာ မျက်လွှာချလိုက်သည်။

'အားလုံး နေကောင်းကြတယ် မဟုတ်လား'

'ဟုတ်ကဲ့...ကောင်းကြပါတယ် ဆရာကြီးခင်ဗျား'

'အေးအေး၊ အမြဲတမ်းလဲ နေထိုင်ကောင်းကြမှာပါ၊ နေထိုင်ကောင်းပါစေလို့လဲ ဆရာကြီးက ဆုတောင်းပေးပါတယ်'

'ကျေးဇူးကြီးလှပါတယ် ဆရာကြီး'

ရှုဖုန်းရိတို့က ပြောပြီး ဆရာကြီးကို ဦးချလိုက်ကြသည်။

သမားတော်ကြီး ချင်ချင်သည် ရှုအန်းလုကို လက်ညှိုးထိုး၍...

'သူ ဘယ် နှစ်နှစ်လဲကွ'

'ငါးနှစ်ပါ ဆရာကြီး'

'အင်း....ကလေးတောင် ငါးနှစ်ရှိသွားမှကိုး'

ရှုအန်းလုသည် ပြတင်းပေါက်မှတစ်ဆင့် လှမ်းမြင်နေရသော စိတ်ဝင်စားဖွယ်ရာများကို ငေးမောကြည့်နေသည်။

အချို့က သီချင်းများအော်ဟစ်ဆို၍ အချို့က ကခုန်နေကြသည်။

ရှုအန်းလုက စိတ်ဝင်စားစွာကြည့်ရင်း သဘောကျနေသည်။

ထိုအချိန်တွင်....

ဆရာကြီး၏အခန်းထဲသို့ ဧည့်သည်နှစ်ယောက် ထပ်မံဝင်ရောက်လာလေသည်။

ရှဖုန်းရိက လှည့်ကြည့်လိုက်ရာ မြို့ပြအုပ်ချုပ်ရေး ဌာနမှ ဟော့ဆန်းကိုးနှင့် ဝမ်ပါးတို့ ဖြစ်နေသည်ကို တွေ့လိုက်ရလေသည်။

* * *

ဧည့်သည်များ ထပ်မံရောက်လာသဖြင့် လီလီအာ ရှုအန်းလုကို လက်ဆွဲ၍ ထိုင်ရာမှ ထလိုက်သည်။



ဟော့ဆန်းကိုးက တပ်မှူးရှဖုန်းရိတို့မိသားစုကို ပြုံးကာ ရယ်အော နှုတ်ဆက်လိုက်သည်။

'ဪ....တပ်မှူးတို့ပါလား၊ ဘယ်လိုလဲ လီလီအာ ကျုပ်တို့ရောက်လာတာနဲ့ ထပြန်တော့ မလို့လား'

လီလီအာပြုံး၍....

'မပြန်သေးပါဘူးရှင်၊ ရှင်တို့အေးအေးဆေးဆေး စကားပြောရအောင် သားလေးကို အဆောင်တွေ လှည့်ပတ်ပြလိုက်ဦးမယ်'

ဝမ်ပါးက ရှုအန်းလု၏ခေါင်းကို ပုတ်လိုက်သည်။

ဆန်းကိုးက ရှဖုန်းရိအား....

'တပ်မှူးတို့ ဆရာကြီးကိုလာပြီး ဂါရဝပြုတာနဲ့တူတယ်'

'ဟုတ်ပါတယ်၊ ခင်ဗျားတို့လဲ ဂါရဝပြုဖို့ လာကြတာ မဟုတ်လား'

ရုတ်တရက် ဆန်းကိုး ဘာပြန်ဖြေရမှန်းမသိဖြစ်သွားသည်။

ပြီးမှ ရယ်ကာမောကာဖြင့်....

'ဆရာကြီးကို ဂါရဝလဲပြုရင်း နောက်ပြီး ခင်ဗျားလဲသိပါတယ်လေ၊ ဆရာကြီးဆီက 'သိချင်တဲ့ အချက်အလက်ကလေးများ ရလိုရငြား....'

ရှဖုန်းရိ သဘောပေါက် သွားသလို ခေါင်းညိတ်လိုက် သည်။ ဟွေဆန်းကိုးတို့သည် ညကဖြစ်ပွားသော လူသတ်မှု ကိစ္စနှင့်ပတ်သက်၍ ရောက်ရှိလာခြင်းသာ ဖြစ်ရပေမည်။

'ခင်ဗျားတို့အရေးကြီးတဲ့စကား ပြောချင်ရင်တော့ ကျုပ် ရှောင်ပေးပါ့မယ်'

ရှဖုန်းရိက လုပ်ငန်းသဘောအရ ပြောလိုက်ခြင်းဖြစ်သည်၊

ဟွေဆန်းကိုးက ရှဖုန်းရိ၏ပခုံးကိုဖိချ၍....

'အို....မဟုတ်တာ၊ တပ်မှူးက တခြားလူမှမဟုတ်တဲ၊ သွား စရာ မလိုပါဘူးဗျာ'

ရှဖုန်းရိသည်လည်း ထိုလူသတ်မှုကို စိတ်ဝင်စားနေသည် အလျောက် အဆင်ပြေသွားသည်။

'ထိုင်ကြကွယ်၊ မောင်ရင်တို့က ဘာသိချင်ကြလို့လဲ'

သမားတော်ကြီး ချင်ချင်က အေးဆေးသော လေသံဖြင့် ပြောလိုက်သည်။

ဆန်းကိုးနှင့် ဝမ်ပါးတို့သည် ဆရာကြီးအား ဦးညွှတ်အ အသေပေးပြီးသည်နှင့် ကုလားထိုင် အသီးသီး၌ ထိုင်လိုက် လေသည်။

ထိုစဉ်အခါ သမားတော်ချင်ယားသည် ရောက်ရှိလာ သူ၏ အစ်ကိုနားတွင် ဝင်၍ ထိုင်လိုက်သည်။



'ဆရာကြီးတို့ စိတ် အနှောင့်အယှက် ဖြစ်မယ်ဆိုရင်တော့ ကျွန်တော်တို့ တောင်းပန်ပါတယ်၊ အုပ်ချုပ်ရေးမှူး ယွမ်က လွှတ်လိုက်လို့ပါ'

သမားတော်ကြီးသည် သူ၏အပေါ်ရုံအင်္ကျီကြီးကို အနည်း ငယ် မတင်၍ ခေါင်းယမ်းလိုက်လေသည်။

'စိတ် အနှောင့်အယှက် ဖြစ်စရာအကြောင်း မရှိပါဘူး' မောင်ရင်တို့က ဘာသိချင်တာလဲ'

ဟွေဆန်းကိုးသည် အနည်းငယ် ရှေ့သို့ခါးကိုင်းပြီး ရိုရို သေသေဖြင့်....

'ဒီလိုပါ ဆရာကြီးရယ်၊ ဆရာကြီးလဲကြားမိမယ်လို့ ထင် ပါတယ်၊ ကျွန်တော်တို့မြို့မှာ ထူးဆန်းတဲ့လူသတ်မှုနှစ်ခု ဖြစ်နေ ပါတယ်၊ အဲဒီကိစ္စနဲ့ပတ်သက်ပြီး ယွမ်က စိတ္တဇလူသတ်သမား လို့ သတ်မှတ်ထားပါတယ်'

'အင်း....အင်း ပြောပါဦး'

'သတ်နေတဲ့ လူသတ်သမားကလဲ အမျိုးသမီးဖြစ်တယ်လို့ ယူဆထားတဲ့အတွက် ဆရာကြီးဆီမှာ ဆေးကုသဖူးတဲ့ စိတ္တဇ ဝေဒနာသည် အမျိုးသမီးတွေရဲ့ နောက်ကြောင်း ရာဇဝင် တွေကို နည်းနည်းလေ့လာချင်ပါတယ်၊ အပန်းမကြီးဘူး ဆို ရင်တော့....'

ချင်ယားက အစ်ကိုဖြစ်သူမျက်နှာကို တစ်ချက်လှမ်းကြည့် လိုက်သည်။

သခင်ကိုယ်တော်ကြီး ချင်ချင်သည် အလွန် ရင့်ကျက်သော လူနေပြုပုံဖြင့် ထိုင်နေရာမှ သက်ပြင်းတစ်ချက်ချလိုက်သည်။

ပြီးမှ....

'မောင်ရင်တို့ရဲ့ လိုအင်ဆန္ဒက သိပ်လွယ်တဲ့ကိစ္စ မဟုတ်ဘူး'

ဟု လေးလေးပင်ပင် ပြောလိုက်သည်။

ဟော့ဆန်းကိုးက ဝမ်ပါးမျက်နှာကိုပြန်ကြည့်နေစဉ် သခင်ကိုယ်တော်ကြီးချင်ယားက ဝင်၍ပြောသည်။

'ကျုပ်တို့ဆီမှာကူသတဲ့ လူမမာတွေရဲ့ မှတ်တမ်း မရှိဘူး မဟုတ်ပါဘူး၊ ရှိပါတယ်၊ ဒါပေမယ့် တော်တော်တော့ ခက်ခဲလိမ့်မယ်'

'ဟုတ်ကဲ့....အမိန့်ရှိပါခင်ဗျာ'

သခင်ကိုယ်တော်ချင်ယားကလည်း သက်ပြင်းချရင်းမှ....

'အင်း....ပြောရရင်တော့ မင်းတို့ စိတ်ပျက်စရာပဲ၊ ငါတို့ ကုသခဲ့တဲ့ နှစ်ပေါင်းသုံးဆယ်ကျော် အတွင်းမှာ အမျိုးသမီး ဝေဒနာသည်ပေါင်း နှစ်ရာကျော်လောက် ရှိလိမ့်မယ်'

'ဟုတ်ကဲ့'

'ခက်တာက မှတ်တမ်းရေးတဲ့သူပဲ၊ လူနာတွေကို လက်ခံ ပြီးတာနဲ့ မှတ်တမ်းရေးတဲ့သူဟာ သူတို့သကော့တနဲ့ သူတို့ရေးခဲ့



ကြတာချည်းပဲ၊ ကျုပ်တို့တောင် အဲဒီလူနာရဲ့ ရာဇဝင်ကို သိချင်ရင် သူတို့ကို ပြန်မေးနေရတယ်'

ဟော့ဆန်းကိုးက ခေါင်းညိတ်၍....

'ဟုတ်ကဲ့၊ ကျွန်တော်တို့လဲ မှတ်တမ်းရေးတဲ့ ဆရာနဲ့ပဲ တွေ့ ချင်ပါတယ်'

ချင်ယားက အစ်ကိုကြီးချင်ချင်ကို လှည့်ကြည့်လိုက်သည်။

ချင်ချင်က စဉ်းစား၍....

'နေပါဦး၊ မောင်ရင်တို့က ဘယ်နှစ်နှစ်တာကာလအတွင်းက မှတ်တမ်းကိုသိချင်တာလဲ၊ စတင်ပြီးကုသတဲ့ အချိန်ကတည်းက ဆိုရင်တော့ လွယ်မယ်မထင်ဘူး၊ နှစ်ပေါင်း သုံးဆယ်ကျော် ခဲ့ပြီ၊ မှတ်တမ်းရေးသူတွေလဲ တစ်ယောက်ပြီး တစ်ယောက် ပြောင်းခဲ့တာ သုံးယောက်ရှိပြီ၊ အခုလက်ရှိသုံးယောက်မြောက် ကတော့ ခုတ်အိဆိုတဲ့အမျိုးသမီးပဲ၊ သူ တာဝန်ယူတာကတော့ သုံးနှစ်ကျော် လေးနှစ်လောက်ပဲ ရှိသေးတယ်'

ဆန်းကိုးနှင့် ဝမ်ပါးတို့သည် တစ်ယောက်မျက်နှာ တစ် ယောက်ကြည့်၍ စဉ်းစားနေကြသည်။

အတန်ကြာမှ ဆန်းကိုးက....

'ဆရာကြီး ခင်ဗျား၊ ခုတ်အိရဲ့ အရင်က တာဝန်ယူခဲ့တဲ့ လူတွေက ရှိပါသေးသလား'

သခင်ကိုယ်တော်ချင်ယားက....

'ပထမဆုံး မှတ်တမ်းရေးခဲ့တဲ့လူက ဓောင်းမဲ့လူ ဆိုတဲ့ ပဲ၊ သူက ဆယ်နှစ်လောက်လုပ်ပြီး ဘုန်းကြီးဝတ်သွားတယ် ဘယ်မှာဆိုတာ မသိဘူး၊ ဒုတိယ တာဝန်ယူတာကတော့ အ ကျောင်းဆရာမ လုပ်နေတဲ့ ဝေ့ယမ်းယမ်းပဲ၊ သူ့ကိုတော့ မင်းတို့ သိပါတယ်၊ အဲ....ဝေ့ယမ်းယမ်းပြီးတော့ အခုလက် ခုတ်အိ....'

သမားတော်ကြီး ချင်ချင်က....

'ဒီလိုလုပ်ပါလေ၊ မင်းတို့အချိန်ရရင် အဲဒီ မှတ်တမ်းတွေ တစ်ခုချင်း စစ်ဆေးကြည့်ပေါ့၊ သိပြီး အခက်အခဲတွေ ဟာကျရင် တို့ကကူညီပါ့မယ်၊ ဟုတ်ပလား'

ဝမ်ပါးတို့က ဝမ်းသာသွားသည်။

'ဟုတ်ကဲ့၊ ဆရာကြီးရဲ့အမိန့်အတိုင်း ကျွန်တော်တို့ ဆော ရွက်ပါ့မယ်'

သမားတော်ကြီး ချင်ချင်သည် အခြားကိစ္စများရှိ၍ထသွ သော်လည်း အလုပ်ကိစ္စနှင့် ပတ်သက်လာလျှင် စိတ်ဝင်စား ဖြင့် မေးမြန်းတတ်သော ချင်ယားက မထသေးဘဲ ဆန်း အား မေးလိုက်သည်။

'နေပါဦး၊ မင်းတို့က အပြင်မှာဘာတွေဖြစ်ပြီး ဘယ် စိတ်ကူးရလို့ ဒီကိုရောက်လာကြတာလဲ'

ဆန်းကိုးက....



'ဒီလိုပါ ဆရာကြီးချင်ယား ခင်ဗျား၊ တူညီတဲ့ လူသတ်မှု ဖြစ်နေပါတယ်၊အဲဒါကိုအုပ်ချုပ်ရေးမှူးယွမ်က စိတ္တဇလူသတ် သမား ဖြစ်တယ်လို့ ယူဆပြီး ဆရာကြီးတို့ရဲ့ လူမမာတွေနဲ့ ဆက်နွယ်နေမယ်ထင်လို့ပါ'

ချင်ယားက ခေါင်းတညိတ်ညိတ်နှင့် နားထောင်နေစဉ် ဝမ်ပါးက ဆက်ပြီးဝင်ပြောသည်။

'သဘောကတော့ စိတ်ဝေဒနာသည် အချို့ဟာ လုံးဝ မပျောက်ကင်းဘဲ အပြင်မှာပြန်ပြီး စိတ်ဖောက်ပြန်လာပြီး အခုလို လူတွေသတ်နေတယ်လို့ ဆရာယွမ်က ယူဆထား တယ်'

ရုတ်တရက် ချင်ယားက စားပွဲကို လက်ဝါးဖြင့်ပုတ်လိုက် သည်။

'ဟုတ်လိုက်လေ၊ မင်းတို့အုပ်ချုပ်ရေးမှူး ယွမ်ပြောတာ သိပ်မှန်တယ်၊ သူဟာလဲ စိတ်နဲ့ပတ်သက်လို့ လူတော် တစ် ယောက်ဖြစ်မှာ မုချပဲ'

သူတို့၏ ဆရာယွမ်ကို သမားတော်ကြီး ချင်ယားက ချီးကျူးလိုက်သဖြင့် ဝမ်ပါးတို့ ကျေနပ်သွားသည်။

ရှဖုန်းရိုသည် ဘေးမှနေ၍ သူတို့ ပြောသမျှဆိုသမျှကို နား ထောင်နေသည်။

တစ်ခါတစ်ရံ ရှဖုန်းရို၏စိတ်ထဲတွင် စိုးရိမ်စိတ်တစ်ခုခု ဝင် ရောက်သွားသလို ခံစားလိုက်ရသည်။

သမားတော်ကြီး ချင်ယားဓါ်စကားသံက ထပ်မံထွက်ပေါ် လာသည်။

'စိတ်နဲ့ပတ်သက်လို့ လာရောက်အကုသခံတဲ့ လူမှန်သမျှဟာ လုံးဝ ပျောက် ကင်း သွားတယ်ရယ်လို့ ဘယ်တော့မှ မရှိဘူးကွ၊ ဒါပေမယ့် ငါ့အစ်ကိုတော်က အဲဒီ စကားကို လက်မခံဘူး၊ မူလအတိုင်း ပြန်ကောင်းသွားတဲ့ လူတွေ အများကြီးပဲလို့ ဇွတ်ခံငြင်းနေတယ်'

ဝမ်ပါးက....

'ဆရာကြီး ချင်ချင်မှာ သက်သေပြစရာလူတွေ ရှိနေလို့ ဖြစ်မှာပေါ့'

ချင်ယားက....

'အဲဒါ ခက်တာပဲ၊ တို့ကုသလိုက်တဲ့ လူတစ်ယောက်ဟာ အပြင်မှာ ကောင်းရောင်းကောင်းဝယ် လုပ်စား နေတာကို တွေ့ရုံနဲ့ သူ့မှာရှိတဲ့ရောဂါ ပျောက်သွားပြီလို့ ယူဆတာဟာ မှားတာပဲ၊ သူဖြစ်ခဲ့တဲ့ ရောဂါလက္ခဏာ အငွေ့အသက်ကတော့ ကျန်သေးတာပဲကွ'

'ရောဂါလက္ခဏာ အငွေ့အသက်'

ဆန်းကိုးက တိုးတိုးကလေး ရေရွတ်နေသည်။ပြီးမှ ချင်ယားကို မော့ကြည့်ကာ....



'ဆရာကြီး ဆိုလိုတာက စိတ်ဝေဒနာသည်တွေဟာ ပီပီ ပြင်ပြင် ပျောက်သွားခြင်း ဘယ်တော့မှ မရှိဘူးလို့ ဆိုလိုတာလား'

ချင်ယားက ခေါင်းညိတ်လိုက်သည်။

'အေး....ဟုတ်တယ်၊ ငါ အဲဒီအတိုင်းပဲ ပြောတာ'

ထိုစဉ်....

အခန်းထဲသို့ ဆရာကြီးချင်ချင် ရောက်ရှိလာသည်။

သူသည် ချင်ယားကို မကျေမနပ် တစ်ချက်ကြည့်လိုက်ပြီး....

'မင်း ထင်မြင်ချက်တွေကိုချည်းပဲ ဇွတ်ပြောနေလို့ မရဘူးကွ၊ ယေဘုယျသဘောကို ခြုံငုံပြီး ကြည့်ရတယ်၊ အပြင်းအထန်ဖျားနေတဲ့ လူတစ်ယောက်ဟာ ဆေးကုလိုက်လို့ အဖျားပျောက်သွားတယ်၊ အဲဒါရောဂါပျောက်သွားတာ မဟုတ်လို့ ဘာလဲ၊ နောက်ပိုင်းမှာ ကိုယ်ပူတာ ခေါင်းကိုက်တာလောက်တော့ ဖြစ်ချင်ဖြစ်မှာပေါ့'

ချင်ယားက ပခုံးတွန့်လိုက်သော်လည်း ဆန်းကိုးတို့မှာ သမားတော်ကြီး ချင်ချင်ဓါ်စကားက ပို၍ မှန်ဒလမလားဟု စဉ်းစားမိလိုက်ကြသည်။

သူတို့သည် ညီအစ်ကိုနှစ်ဦး သဘောထား ကွဲလွဲပြီး ဆက်လက်စကားများနေမည်စိုး၍ နောက်မှပဲ မှတ်တမ်းကိစ္စသာခဲ့ပါတော့မည်ဟု ပြောကာ နှုတ်ဆက်၍ ပြန်ခဲ့ကြတော့သည်။

တောင် ငူ မြို့

## အခန်း (၉)

ဆန်းကိုးနှင့်ဝမ်ပါးသည် ချင်ချင်ဂေဟာမှ ထွက်လာပြီး နံနက်စာစားရန် ရွှေနား စားသောက်ဆိုင်သို့ ရောက်ရှိလာသည်။

ဆန်းကိုးက ဆွဲခေါ်လာခြင်း ဖြစ်သည်။

စားပွဲတစ်ခုတွင် ထိုင်ပြီးသည်နှင့် ဝမ်ပါးက....

'အင်း....ယွမ်ပြောတာ မှန်တယ်၊ လူတစ်ကိုယ်မှာ စိတ် တစ်ခု ရှိကြတာချည်းပဲ'

ဆန်းကိုးက ဝမ်ပါး၏ဇက်ပိုးကို ရိုက်ချလိုက်သည်။

'ခွေးကောင်၊ ငါ့ကိုပြောတာ မဟုတ်လား'

'ဒါပဲပေါ့ ဆရာဆန်းကိုးရဲ့၊ အရှိန်ကျခဲ့တဲ့ ဆရာဆန်းကိုး ဒီကိုမလာဘဲ မနေနိုင်ပါဘူး၊ ဒါပေမယ့် လောင်းရဲပါတယ်၊ ရွှေနားအဒေါ်တော့ တစ်သက်လုံး လင်ယူမှာ မဟုတ်ဘူး'

ဟေ့ဆန်းကိုးက ဝမ်ပါး၏ လက်မောင်းကိုကိုင်၍...

'မင်းနဲ့ငါ တကယ် လောင်းမလား၊ နှစ်လအတွင်း ရွှေနားငါ့ကို လက်ထပ်ရမယ်'

'ဟုတ်ပါ့မလား ဆရာသမားရဲ့'

'မင်းလောင်းရဲလား'

'လောင်းကြေးပြောစမ်း'

ဟေ့ဆန်းကိုးက ခေါင်းမော့စဉ်းစားရာမှ...

'နှစ်လအတွင်းငါလက်မထပ်ဖြစ်ရင် မင်းကိုငါက ကျောက်စိမ်း လက်စွပ်တစ်ကွင်းပေးမယ်၊ ငါ လက်ထပ် ဖြစ်ရင်တော့ ငါ့အတွက် သီးသန့်အိမ်ကလေး မင်း ဖန်တီးပေးရမယ်'

ဟေ့ဆန်းကိုးမှာ အိမ်မရှိသေးပေ။ ရုံး၌သာ နေထိုင်ရသူ ဖြစ်သည်။

ဝမ်ပါးက ခေါင်းကို ဆတ်ခနဲ ညိတ်လိုက်သည်။

'ဆရာဝမ်ပါးကို ကျွန်တော် တကယ်ဝယ်ပေးမယ်၊ ဒါ ကတိစကားပဲနော်'

'စိန်လိုက်ပါ'

သူတို့နှစ်ယောက်သည် လက်ဝါးချင်း ရိုက်လိုက်ကြလေ
သည်။

နောက်ခြင်းမဟုတ်၊ ပြောင်ခြင်းမဟုတ်၊ တကယ်လော
ကြသည် ဆိုသည့်သဘောပင် ဖြစ်သည်။

'အင်း....ဆရာ့ရောဂါလဲ တော်တော်ရဒ္ဒိ့တာပဲ'

'ခွေးကောင်၊ မင်းကသာ ငါ့ကိုပြောနေတယ်၊ မင်
ရောဂါကကော ဘာထူးလို့လဲ၊ အရက်မူးရင် ရှိသမျှ
အားလုံးကုန်တာလေ'

ဆန်းကိုးက အားကျမခံ ပြန်ပြောလိုက်ခြင်းဖြစ်သည်။

ဝမ်ပါးက....

'အဲဒါ ဆရာယွမ် မှားတာပါ၊ ကျွန်တော် အဲဒီလိုလူစား
မဟုတ်ပါဘူး'

ဆန်းကိုးက ဘာမှပြန်မပြောဘဲ ပြုံး၍ ခေါင်းညိတ်
သည်။ သူ၏အပြုံးက 'ကြည့်သေးတာပေါ့ကွာ' ဟူသ
သဘောပင်။

* * *



ဆိုင်ထဲတွင် လူအနည်းငယ်ကျနေသဖြင့် ဒေါ်ရွှေနားနှင့်
အလုပ်သမားအချို့ အလုပ်ရှုပ်နေသည်။

ဆန်းကိုးက ထုံးစံအတိုင်း အစားအသောက်ကို စာရွက်
ပေါ်၌ ရေးခြစ်၍ ရွှေနားလက်ထဲသို့ ထည့်ပေးရသည်။

ရွှေနားသည် ဆန်းကိုးပေးသော စာရွက်မှ မှာကြားသော
အစားအစာနှင့် အရက်ကိုသာဖတ်ကြည့်ပြီး အောက်တွင်ရေး
ထားသော စာနှစ်လုံးသုံးလုံးကို လုံးဝမဖတ်တော့ပေ။

ဆန်းကိုးက ထိုစာရွက်အောက်တွင် ရေးထားသောစာမှာ
ရွှေနားအဖို့ ရိုးနေပြီဖြစ်သောကြောင့်ပင်။

'ကျွန်တော့်ရဲ့ အချစ်ဆုံးကြီး'

ဟူသောစာလုံးပင် ဖြစ်လေသည်။

* * *

ဆန်းကိုးနှင့် ဝမ်ပါးတို့နှစ်ယောက် အရက်အနည်းငယ်စီ
ကို စည်းစိမ်ခံ၍ သောက်နေကြသည်။

ဝမ်ပါး၏စိတ်ထဲတွင် ယှမ်ပြောထားသော စကားကို သို့ လက်မခံချင်ပေ။ 'မူးလာလျှင် ပါ သ မျှ ငွေ ကုန် အောင် အပေါင်းအသင်းများကို ကျွေးပစ်သည်' ဟူသည့် စကားကို သတိရနေသည်။

ဒီကနေ့ ဆန်းကိုးအတိုက်သည်ကို သောက်မည်၊ မိမိ၏ငွေ တစ်ပြားတစ်ချပ်မှ မထုတ်ပါဟု စိတ်ထဲမှ အားခဲထားသည်။

ဆန်းကိုးသည် အရက်ကို ခွက်တစ်ဝက်တိတိ သောက်ပြီး သည်နှင့် အလုပ်ကိစ္စအကြောင်းကို ဝမ်ပါးနှင့်တိုင်ပင်သည်။

ကျုံကွမ်းမြို့၏ ရာဇဝတ်မှုများကို နှိမ်နင်းဖော်ထုတ်ရာတွင် ဆန်းကိုးနှင့်ဝမ်ပါးသည် အလွန်ပင် တက်ညီလက်ညီ ရှိခဲ့ကြသည်။

တစ်ယောက်နှင့် တစ်ယောက်လည်း ညီအစ်ကိုအရင်းကဲ့သို့ ချစ်ခင်လေးစား၏။

ဝမ်ပါး၏ လိမ္မာပါးနပ်မှု၊ သတ္တိရှိမှုများကို ဆန်းကိုးက အမြဲအသိအမှတ် ပြုထားသည်။

ဝမ်ပါးသည် လူငယ်သလောက် ဦးနှောက်ကြီးသည်။ သူ့ကို သာမန်ကြည့်လျှင် စာပေသမားတစ်ဦးကဲ့သို့ နွဲ့နွဲ့နှောင်း နှောင်းဟု မြင်ရသော်လည်း ရန်သူနှင့် တွေ့လာလျှင် ထော ကျားသစ်တစ်ကောင်ကဲ့သို့ လျင်မြန် ဖျတ်လတ် ရဲရင့်လှသည်ကို ဆန်းကိုးတစ်ယောက်သာ သေသေချာချာ သိထားသည်။



'ဒီမှာဝမ်ပါး၊ အုပ်ချုပ်ရေးမှူးယှမ်ရဲ့ ယူဆချက်အတိုင်း လူသတ်သမားဟာ စိတ်ဝေဒနာသည် တစ်ဦးဦး ဖြစ်နိုင်မယ်လို့ မင်းထင်သလား'

ဝမ်ပါးသည် အသားကြော်တစ်ခုကို ဝါးနေရာမှ ခေါင်းကို ညိတ်ပြသည်။

'ဖြစ်နိုင်တယ်၊ ဘာလို့လဲဆိုတော့ လူသတ်သမား သတ်ခဲ့တဲ့ လက္ခဏာတွေက အားလုံး အတူတူချည်းပဲဆိုတော့ နာကြည်းချက်တစ်မျိုးနဲ့ ကလဲ့စားချေနေတဲ့ပုံစံမျိုး ဖြစ်နေတာကိုကပဲ စိတ်မမှန်တော့တဲ့ လူတစ်ယောက် ဖြစ်နိုင်တယ်လေ'

သူကပြောပြီး အရက်ခွက်ထဲမှအရက်ကို ကုန်စင်အောင် မော့ချလိုက်လေသည်။ သူသည် သတိကြီးစွာထား၍ အရက်ကို သောက်နေသော်လည်း သောက်ကောင်းတုန်းမှ အရက်က ကုန်သွားသဖြင့်....

'ဆရာဆန်းကိုး၊ ထပ်မှာဦးဗျာ'

ဆန်းကိုးက သူကိုယ်တိုင် ထသွားပြီး အရက်နှစ်အိုးကို ထပ်မံ၍ယူခဲ့သည်။ နေရာ၌ ပြန်ထိုင်ပြီးသည်နှင့် စောစောက စကားကို ပြန်ဆက်သည်။

'ငါဆိုလိုတာက လူသတ်သမားဟာ စိတ်နဲ့ပတ်သက်တယ် ပဲထားဦး၊ သမားတော် ချင်ချင်ဆီမှာ အကုသခံဖူးတဲ့ လူဖြစ်နိုင်ပါမလားလို့ မေးတာပါ၊ တို့တစ်တွေ အဲဒီမှာ သွားပြီး အချိန်ကုန်နေမှာ စိုးလို့'

ဝမ်ပါးကလမ်းမကြီးဘက်ဆီသို့ ငေးမောရင်း စဉ်းစားနေပုံရသည်။ ပြီးမှ ဆန်းကိုးကို ကြည့်၍....

'ယွမ်ကို အထင်မသေးနဲ့နော်၊ သူ့မှာလဲ ရောဂါရှိတယ်'

ဆန်းကိုးမျက်ခုံးအစုံ နဖူးသို့ မြင့်တက်သွားပြီး....

'ဘာ.... ဘယ်လို၊ အုပ်ချုပ်ရေးမှူးမှာ ရောဂါရှိတယ်၊ ဟုတ်လား'

ဝမ်ပါးက ခေါင်းညိတ်သည်။

'ရှိတယ်'

'ဘာရောဂါလဲ'

'ပြောမယ်လေ၊ ပထမဆုံး သူ့အခန်း တံခါးကို ပိတ်၊ နောက်မှီ ကုလားထိုင်ကြီးပေါ်မှာ ထိုင်၊ မျက်နှာကြက်ကို မော့ကြည့်ပြီး စဉ်းစားခန်းဝင်တဲ့ ရောဂါလေ၊ သူအမြဲလုပ်နေကျမဟုတ်လား၊ သူ့ဦးနှောက်ထဲကထွက်လာတဲ့ အကြံဉာဏ်တွေက လွဲခဲ့တယ်မဟုတ်လား'

'အေး ဟုတ်တယ်၊ မင်းပြောတာ ငါလက်ခံတယ်၊ ဖြစ်နိုင်စရာ အကြောင်းရှိလို့လဲ သူတို့ကို ညွှန်ကြားလိုက်တာပဲ၊ အင်း....အင်း၊ မျက်နှာကြက် မော့ကြည့်ပြီး စဉ်းစားခန်းဝင်တဲ့ ရောဂါ'

ဆန်းကိုးက ပြောပြီး သဘောကျသလို ရယ်မောလိုက်သည်။



ထိုအခိုက်....

လမ်းမပေါ်သို့ ငေးကြည့်နေသော ဝမ်ပါးက လက်ကုတ်လိုက်သဖြင့် ဆန်းကိုးက လမ်းမပေါ်သို့ လှမ်းကြည့်လိုက်သည်။

ရှေးဦးစွာ မြင်းတစ်ကောင်ပေါ်မှ ပေါ့ပါးစွာ ခုန်ဆင်းလိုက်သည့် လူတစ်ယောက်ကို တွေ့ရသည်။

မြင်းပေါ်တက်သည့်လူ၊ မြင်းပေါ်က ဆင်းသည့်လူများစွာကို တွေ့ဖူး မြင်ဖူးနေ၍ အဆန်းမဟုတ်သော်လည်း ယခုလူ၏ မြင်းပေါ်က ဆင်းပုံမှာ ထူးဆန်းလှသည်။

မြင်းဇက်ကြိုးကို လက်မှ လွှတ်ပြီးသည်နှင့် ညာခြေကို အသာမြှောက်ကာ ဘယ်ဘက်သို့ ခုန်ဆင်းလိုက်သည်မှာ ငှက်တစ်ကောင် လေဟုန်စီးရာမှ မြေကြီးပေါ် ဆင်းသက်သကဲ့သို့ ပေါ့ပေါ့ပါးပါးကလေး ကျသွားသည်ကို တွေ့လိုက်ရသောကြောင့် ဆန်းကိုးနှင့် ဝမ်ပါးမှာ ပါးစပ်အဟောင်းသားကလေး ဖြစ်သွားသည်။

ထိုပုဂ္ဂိုလ်သည် ကိုယ်ဖော့ပညာကို ပိုင်ဆိုင်ထားသည့် ထိပ်တန်းသိုင်းသမား တစ်ဦးဖြစ်သည်မှာ ယုံမှားသံသယ ဖြစ်စရာ မလိုတော့ပါ။

အနားကျယ်ပြန့်သော ဦးခမောက်ကို ဆောင်းထားပြီး အစိမ်းပုပ်ရောင် ဝတ်စုံကို ဝတ်ဆင်ထားသည်။

ထိုသူသည် သာမန်လူများ ဆယ်လုမ်းမျှ လုမ်းလာရမည့် ဆိုင်ထဲသို့ ငါးလှမ်းမျှနှင့် ရောက်ရှိလာသည်မှာ အံ့သြစရာ ကောင်းလှပေသည်။

ထက်မြက်သော ထိပ်တန်းသိုင်းပညာရှင်တစ်ဦး။

ဆန်းကိုးတို့က စိတ်ထဲမှ မှတ်သားလိုက်သည်။

သို့သော် ထိုသူကို သိပ်ပြီးဂရုစိုက်ကြည့်သည့် အမူအရာမျိုး မပေါ်လွင်စေအောင် ဆန်းကိုးတို့သည် ထိန်းချုပ်ထားသည်။

ထိုသူသည် ဆိုင်ထဲသို့ မည်သည့်လက်နက်မှ ကိုင်ဆောင်လာခြင်းမရှိသော်လည်း မြင်းကုန်းနှီးတွင် ဓားအိမ်နှင့်ဓားရှည် တစ်သက်ကိုတော့ ချိတ်ဆွဲထားလေသည်။

သူသည် လစ်လပ်နေသော ဆန်းကိုးတို့စားပွဲနှင့် တစ်ခုံကျော် စားပွဲတွင် ဝင်ထိုင်လိုက်သည်။

ထို့နောက်....

ဆိုင်အလုပ်သမားအား အရက်နှင့်စားစရာအချို့ မှာကြားသော အသံကို ကြားလိုက်ရသည်။

တကယ်တော့ ဤမြို့ကြီး၌ မျက်နှာစိမ်းများ မြင်တွေ့ရသည်မှာ အဆန်းမဟုတ်ပါ။ ကျုံးကွမ်းကဲ့သို့ ရှေးဝယ်ဖောက်ကားမှု အဓိကကျသော မြို့ကြီးတွင် အနယ်နယ်အရပ်ရပ်မှ လူမျိုးပေါင်းစုံ ဝင်ထွက်သွားလာနေသည်။



မျိုးချစ်သိုင်းသမားများ ရှိသကဲ့သို့ ဒုစရိုက် ဂိုဏ်းသား အနက်ရောင်သိုင်းသမားများလည်း ရှိနေပေသည်။

ဤအချက်များသည် အဆန်းတကြယ် ကိစ္စတစ်ခု မဟုတ်တော့ပါ။

သို့သော်လည်း ဆန်းကိုးတို့၊ ဝမ်ပါးတို့ အာခနန္ဒမြို့တော်၏ လုံခြုံရေးကို တာဝန်ရှိသူများပီပီ ထူးခြားသော သူစိမ်းတစ်ရံဆံကို မျက်ခြည်အပြတ်မထားဘဲ စောင့်လာ အကဲခတ်ရမည်မှာ သူတို့၏ တာဝန်တစ်ရပ်ပင် ဖြစ်လေသည်။

'သိုင်းလောကထဲက ထိပ်တန်းပုဂ္ဂိုလ်တစ်ဦးပဲ'

ဝမ်ပါးက ခပ်တိုးတိုးပင် ပြောလိုက်သည်။

'သူ့ကိုယ်ဖော့ပညာက တော်တော့်ကိုမြင့်တာပဲ'

'ဘယ်သူဖြစ်မယ်လို့ ဆရာဆန်းကိုး ထင်သလဲ'

ဆန်းကိုးက ပခုံးတွန့်၍ လက်ခါလိုက်သည်။

အရက်နှစ်အိုးလုံးက ကုန်ခါနီးပြီ ဖြစ်သည်။ ဝမ်ပါးက အာတော်မူးနေမှန်းလည်း ဆန်းကိုးရိပ်စားမိလာသည်။

သူက ဝမ်ပါး၏ အရိပ်အကဲကို ကြည့်ကာ သေးတိုးစမ်းလိုက်သည်။

'ဒီနေ့မှ စားလို့ကောင်း၊ သောက်လို့ကောင်း ဖြစ်နေတယ်ကွာ၊ အရက်ကလဲ့ကုန်တော့မယ်'

ဝမ်ပါးက....

'ထပ်ဝယ်ပေါ့ဗျ'

ဟု ပြောလိုက်၏။

ဆန်းကိုးက အိတ်ခါပြသည်။

'ငါ့မှာပါတာတော့ အကုန်ပဲညီလေးရ'

ဝမ်ပါးသည် ထိုင်ရာမှထသွားပြီး အရက်နှစ်အိုးထပ်မံ၍ ယူလာခဲ့သည့်အပြင် စားစရာအချို့ကိုပါ ထပ်၍ယူလာသဖြင့် ဆန်းကိုးကြိတ်ပြီး ပြုံးမိလိုက်သည်။

စိတ်ထဲမှလည်း ယွမ်ဟာ မဟုတ်တဲ့ ဘယ်တော့မှ မပြော တတ်ကြောင်း သူက လက်ခံလိုက်သည်။

ဝမ်ပါး အမူးပြေမှ မင်းမှာ အမှန်ပဲ ရောဂါရှိတယ်ဟု ပြောလိုက်မည်။

ဝမ်ပါးအမှန်ပင် မူးနေသော်လည်း မျက်စိက တစ်ချက် တစ်ချက် သူ၏ ညာဘက်ဘေးစားပွဲမှ လူစိမ်းကြီးဆီသို့ ရောက်နေတတ်သည်။

ဆန်းကိုးကလည်း ဣန္ဒြေရရ စားသောက်နေသော ထိုလူ ကြီးကို တစ်ချက်မျှငဲ့၍ ကြည့်မိသည်။

အသက်အားဖြင့် ငါးဆယ်ဝန်းကျင်ဟု ခန့်မှန်းရသော် လည်း ကျန်းမာရေးကောင်းသဖြင့် အသားအရေက ကျစ် လျစ် တောင့်တင်းပြီး စိုပြည်နေသည်။



နှာခေါင်းပေါ်၌ မေးရိုးအနည်းငယ်ကားသည်။

ခြေတံသက်တံနှင့် ကိုယ်လုံးကိုယ်ခံ့ပါ ကဲ့တို့ကလည်း သိုင်း သမားကောင်းတစ်ဦး၏ အချည်အချင်း ကို ပြည့်ဝစေပေ သည်။

ဤမျှ အဘက်ဘက်မှ ပြည့်စုံသောပုဂ္ဂိုလ်တစ်ယောက်သည် ဒုစရိုက်လောကထဲ၌ မဖြစ်ပါစေနှင့်ဟု ဆန်းကိုးဆုတောင်းမိ သည်။

သို့သော်....

ဆန်းကိုး၏ဆုတောင်း မပြည့်ဝသည်ကတော့ အမှန်ပင်။

* * *

ဆန်းကိုးတို့သည် အရက်သောက်ခြင်းကို လက်စသတ်ပြီး သည်နှင့် အစားအစာကို တစ်ဝတစ်ပြဲ စားသောက်ပစ်လိုက် ကြသည်။

သူတို့မှာ ဆောင်ပုဒ်ရှိသည်။

အချိန်ရတုန်း....

ဝမ်းဗိုက်ကို အဝအပြဲ ဖြည့်တင်းပါ။

အချိန်ရတုန်း....

နှစ်နှစ်ခြိုက်ခြိုက် အိပ်ပစ်လိုက်ပါ။

အချိန်ရတုန်း....

သိုင်းပညာ တိုးတက်မှုရှိအောင် အမြဲကျင့်ပါ။

ထိုဆောင်ပုဒ်အတိုင်း သူတို့သည် စားပြီဟု ဆိုလျှင် ဝလင်အောင် စိတ်ကြိုက်စားပစ်လိုက်ပြီး အိပ်ပြီဆိုလျှင်လည်း နှစ်ခြိုက်စွာ အိပ်တတ်ကြသည်။

သူတို့သည် တစ်ခါတစ်ရံ ရန်သူနှင့် နင်လားငါလား ရင်ဆိုင်ရသည့်အခါတွင် နှစ်ရက်သုံးရက်မစားရ၊ မအိပ်ရသည့် အဖြစ်မျိုး ကြုံတတ်ကြသည် မဟုတ်ပါလား။

ဝမ်းပါးသည်မူလလျှင် အမှန်ပင်လက်လွယ်ပြီး သဘောကောင်းသူဖြစ်သည်။

ရှိသမျှကုန်အောင် မှာကြား၍ စားပစ်လိုက်သည်။

သို့သော် သူ့အပြစ်ကို သူသိနေသည်။

ရက် ကိုးရက်တန်းနှင့်....

'ယွမ်က ကျွန်တော့်မှာ ရောဂါရှိတယ်လို့ ပြောချင်ပြော ပါစေဗျာ၊ ဆရာဆန်းကိုးက တခြားလူမှမဟုတ်ဘဲ၊ ထင်စိမ်း



ဆိုရင်ပေးသေးတယ်၊ ကျွန်တော် ဘယ်ကျွေးပါ့မလဲ၊ မဟုတ်ဘူးလား'

'မင်းအဲဒီစကားကိုတော့ လူတိုင်းကိုပြောတာပဲ မဟုတ်လား'

ဟု မေးချင်သော်လည်း ဆန်းကိုးက မမေးတော့ပေ။

အဘယ်ကြောင့်ဆိုသော်....

စောစောက ပုဂ္ဂိုလ်ကြီးထိုင်သည့်စားပွဲတွင် အခြင်းအရာ တစ်ခုကို တွေ့မြင်လိုက်ရသောကြောင့် ဖြစ်ပေသည်။

* * *

မဟူဆန်းကိုးတို့မှာ....

သောက်ပြီးသောအရက်များ ချက်ချင်းအမူးပြေသွားသည် ဟု ထင်လိုက်ရလေသည်။

အဘယ်ကြောင့်ဆိုသော်....

လူစိမ်းပုဂ္ဂိုလ်ကြီးသည် တဒင်္ဂ အချိန်ကလေးမှာတွင် ဆိုင်ထဲမှ ထွက်သွားသည်ကို မမြင်လိုက်ကြပေ။

ထို့ထက် ထူးဆန်းနေသည်ကား....

ထိုစားပွဲပေါ်တွင် သူစားသောက်ခဲ့သော တူနှစ်ချောင်းနှင့် အခြားတစ်ချောင်းကို တြိဂံပုံသဏ္ဌာန် ထင်ထင်ရှားရှား ထောင်ခဲ့သောကြောင့် ဖြစ်လေသည်။

ဝမ်ပါးသည် မျက်လုံးများ ကျွတ်ထွက်မတတ် ထိုအရာကို ငေးမော ကြည့်နေပေသည်။

ပန်းကန်ခွက်ယောက်များကို သိမ်းသော ဆိုင်အလုပ်သမားသည် ထိုအရာကို ကြည့်၍ သွားများပေါ်အောင် ရယ်မောရင်း....

'ဒီလူကြီးဟာလဲ မူးမူးနဲ့ တူတွေကို ထောင်သွားတယ်ဟေ့'

ဟု ပြောပြီးရယ်သည်။

ဆန်းကိုးနှင့် ဝမ်ပါးမှာ မရယ်နိုင်။

'တြိဂံ....တြိဂံ၊ တြိဂံ ဓားသမား'

ဟု စိတ်ထဲမှ အသီးသီး ရေရွတ်နေမိကြသည်။

ဆန်းကိုးနှင့် ဝမ်ပါးသည် လျှင်မြန်သော အရှိန်အဟုန်ဖြင့် ဆိုင်ထဲမှ ပြေးထွက်လိုက်ကြသည်။



ထိုပုဂ္ဂိုလ်ကြီး ထွက်သွားမည်ထင်ရသော လမ်းမများဆီသို့ နှစ်ယောက်သား လူခွဲ၍ ပြေးလိုက်ကြလေသည်။

သို့သော်....

ထိုပုဂ္ဂိုလ်၏ အရိပ်ကိုပင် မမြင်ရတော့ပေ။

## အခန်း (၁၀)

တပ်မှူး ရှဖုန်းရိတို့ မိသားစုသည်....

ချင်ချင်ဂေဟာမှနေ၍ ဘုရားကျောင်းသို့ သွားရောက်ဖူးမြော်ကြသည်။ ထိုမှတစ်ဆင့် ရှန်လိန်းကြီး ပြသသော မျက်လှည့်ပွဲကို အပျင်းပြေ ကြည့်ရှုပြီးသည်နှင့် လီလီအား သားလေး ရှအန်းလု၏ ဆရာမ ဝေ့ယမ်းယမ်းထံသို့ ဝင်လည်သည်။

ဝေ့ယမ်းယမ်းက ရှဖုန်းရိတို့ မိသားစု သုံးယောက်စလုံး သူမ၏အိမ်တွင် မနက်စာ စားရမည်ဟု အတင်းအဓမ္မ ဖိတ်ခေါ်သော်လည်း ရှဖုန်းရိက ငြင်းဆန်သည်။

သို့သော်....



လီလီတို့ သားအမိကိုတော့ ဝေ့ယမ်းယမ်းအ မရမက ခေါ်ထားလိုက်ပြီး ညစာပါ ကျွေးမွေးပြီးမှ ပြန်လွှတ်မည်ဟု ပြောလိုက်သည်။

ရှဖုန်းရိက မကန့်ကွက်ပါ။

သားအဲဆရာမ ဝေ့ယမ်းယမ်းသည် အလွန်သဘောကောင်းပြီး ရှဖုန်းရိတို့ မိသားစုကို အခင်မင်ဆုံး ဖြစ်ခဲ့လသည်။

‘ရှင်အ ကျွန်မချက်ကျွေးတာကို အဆိပ် ခပ်ထားတယ်များ ထင်လို့လား’

ရှဖုန်းရိက သူမကို ပြုံး၍ကြည့်လိုက်သည်။

‘မဟုတ်ရပါဘူးဗျာ၊ ငါ့မှာ အလုပ်တွေ ဘယ်လောက်များတယ်ဆိုတာ လီလီကို မေးကြည့်’

လီလီက ခေါင်းညိတ်သည်။

‘ဟုတ်တယ် ဝေ့ယမ်းယမ်းရဲ့၊ နောက်ပြီး မြို့စားကြီး ဂေဟာရှာလဲ သူ့ကို အချိန်မရွေး အခေါ်လွှတ်နေတာပဲ’

ရှဖုန်းရိအ ဝေ့ယမ်းယမ်းကို လက်ညှိုးထိုး၍....

‘နင်လဲ မကြာခင် အလုပ်များဦးမယ်သို့ ငါထင်တယ်’

ဝေ့ယမ်းယမ်းက အံ့သြသွားသည်။

‘ကျွန်မ အလုပ်များဦးမယ်၊ ဟုတ်လား’

'အေး…ဟုတ်တယ်၊ မနက်က ပေ့ဆန်းကိုးတို့ အုပ်စု သမားတော်ကြီး ချင်ချင်ဆီ ရောက်လာကြတယ်၊ သူတို့သိချင် တာက အမျိုးသမီး စိတ်ဝေဒနာသည်တွေရဲ့ မှတ်တမ်းပဲ၊ အဲဒီ ကိစ္စနဲ့ ပတ်သက်ပြီး နင့်ကို ပေ့ဆန်းကိုးတို့က တော့ ကျိန်းသေ ခေါ်ဦးမှာပဲ'

ဝေ့ယမ်းယမ်း နှာခေါင်းရှုံ့လိုက်လေသည်။

'ဟာ…အဲဒီအလုပ်တွေ ငြီးငွေ့လို့ တမင်ထွက်လာခါမှ ဒီလူတွေကလဲ တော်တော်ကို အလုပ်ရှုပ်ချင်ကြတာပဲ'

ရှဖုန်းရိက ပခုံးတွန့်ပြလိုက်သည်။

ထို့နောက် သူသည် သားနှင့် ဇနီးအပြင် ဝေ့ယမ်းယမ်း ကိုပါ နှုတ်ဆက်၍ ထွက်လာခဲ့သည်။

သို့သော် သူသည် အိမ်သို့တန်းပြန်ခြင်း မပြုသေးဘဲ အရက် ကို အေးအေးဆေးဆေး စားသောက်၍ရသော စားသောက်ဆိုင် တစ်ဆိုင်ဆီသို့ ထွက်လာခဲ့သည်။

ရှဖုန်းရိ ဝင်သွားသောဆိုင်က စားသောက်နေကျဆိုင် ဖြစ် သည်။

သူသည် စိတ်ညစ်ညူးသည့်အခါတိုင်း ဤဆိုင်သို့ ရောက် လာစမြဲ ဖြစ်လေသည်။

သူသည် ချောင်ကျသော အခန်းတစ်ခန်းသို့ဝင်ကာ အရက် အနည်းငယ်ကို မှာကြား၍ စဉ်းစားခန်း ထုတ်လေသည်။



နှစ်ချို့အရက်က သူ၏ရင်ကို ပူထူသွားစေတော့သည်။

မျက်နှာတွင် စို့လာသော ချွေးများကို ပဝါဖြင့်ပွတ်ချ လိုက်လေသည်။

သူ၏စိတ်ထဲ၌ ကြည်လင်ခြင်းမရှိသည်မှာ သူ့ထံသို့ရောက် ရှိနေသော အနီရောင်ကတ် ဖိတ်စာကြောင့် မဟုတ်ပေ။

ထိုကိစ္စက သူ၏သီးသန့်ကိစ္စ၊

သူ့ဘာသာ အဖြေကို ရှာထုတ်ယူမည်။

စိတ်ထဲ၌ ခိုးလိုးခုလု ဖြစ်နေရသည့်အချက်မှာ ယခုတလော လီလီသည် သိပ်ပြီး အိမ်မကပ်သည့်ကိစ္စပင် ဖြစ်သည်။

စားဖိုမှူးအဘွားစို၏ ပြော ပြချက်အရ လီလီသည် မိမိခရီး ထွက်နေသည့်အချိန်နှင့် မြို့စားကြီးဂေဟာတွင် တာဝန်ကျနေ သည့် အချိန်များတွင် အပြင်သို့ အများဆုံး ထွက်နေသည်ဟု ပြောသည်။

လီလီ ဘယ်ကိုသွားသလဲ။

ဘာတွေလုပ်နေသလဲ။

ဒါကို ရှဖုန်းရိ သိပ်သိချင်သည်။

ရှဖုန်းရိသည် သူ၏ဘဝ သက်တမ်းတစ်လျှောက် လီလီမှ လွဲ၍ မည်သည့်မိန်းမကိုမှ စိတ်မဝင်စားခဲ့ပါ။

မည်သည့်မိန်းမကိုမှလည်း လီလီ့လောက် နှစ်နှစ်ကာကာ မချစ်ခဲ့ပေ။

အချစ်ကြီးတော့ သဝန်တိုသည့် သဘောလားဟု သူ့ကိုယ် သူ ပြန်ဆန်းစစ်ကြည့်သည်။

သဝန်တိုစရာ မလိုပါ။

လီလီ့အကြောင်း သူ ကောင်းကောင်း သိထားသည်မှာ မိမိကဲ့သို့ပင် လီလီသည် အခြားမည်သည့်ယောကျ်ားကိုမှ ယနေ့ထိ စိတ်မဝင်စားခဲ့ပေ။

လီလီသည် ဝေ့ယမ်းယမ်းထံမှလွဲ၍လည်း အခြား မည်သည့်နေရာကိုမှ သွားရောက်ခြင်း မရှိခဲ့ပါ။

သားလေး ရှအန်းလုကို ဂရုစိုက်၍ ပညာသင် ပေးသော ဆရာမဝေ့ယမ်းယမ်းကိုတော့ လီလီက အင်မတန်ခင်သည်။

တစ်ယောက်နှင့်တစ်ယောက် စလိုက် နောက်လိုက် ကျီစယ်လိုက်နှင့် သူ့ဘဝမှာ ပျော်ရွှင်နေတတ်သည်။

ဤသို့ဆိုလျှင် မိမိ ဘာကိုစိုးရိမ်နေသနည်း။

အခြားအကြောင်းတော့ မရှိပါ။

လူသတ်မှုဖြစ်ပွားသော ညနှစ်ညလုံး လီလီအိမ်၌ မရှိဟု ကြားသိရသည်။

တိုက်ကိုက်ဆိုင်ဆိုင် ဖြစ်ချင်လည်း ဖြစ်နိုင်ပါသည်။

လီလီသည် ဤကဲ့သို့သော ရက်စက် ကြမ်းကြုတ်သည့် အလုပ်မျိုးကို ဘယ်တော့မှ လုပ်မည့်သူမဟုတ်ပေ။

သို့သော်လည်း....

ရှဖုန်းရီသည် ဆက်မတွေးတော့ဘဲ အတွေးကိုဖြတ်ပစ်လိုက်သည်။

စားပွဲပေါ်မှ နှစ်ချို့အရက်ကို ခပ်များများလေး သောက်ချလိုက်လေတော့သည်။

* * *



ကျုံကွမ် မြို့တော်၏ ညဦးပိုင်းသည် အလွန်စည်ကားသလောက် ညဉ့်နက်လာသည်နှင့်အမျှ တစ်စတစ်စ တိတ်ဆိတ်လာတော့သည်။

မြို့တောင်ဘက်ရှိ ကုန်းမြင့်ရပ်ကွက်တွင် အထူးပင် တိတ်ဆိတ်လှ၏။ ထိုရပ်ကွက်တွင် နေထိုင်သော ပုဂ္ဂိုလ်များမှာ ငွေကြေး ချမ်းသာကြွယ်ဝသူများဖြစ်ပြီး အေးဆေးစွာ နေထိုင်သူများ ဖြစ်သည်။

အထူးသဖြင့်....

ချင်ချင်ဂေဟာရှိနေသည့်အတွက်ကြောင့်လည်း ထိုရပ်ကွက်သည် သီးသန့်ရပ်ကွက်ကဲ့သို့ ဖြစ်နေပေသည်။

တစ်ခါတစ်ရံသာ ချင်ချင်ဂေဟာ၏ လူနာဆောင်များထဲမှ ဆူပူ ကြိမ်းမောင်းသံနှင့် အော်ဟစ် ငိုယိုသံများ ကြားရတတ်သည်။

စိတ်ကြိုးပြတ်နေသူများ၏ ဘုံနန်း မဟုတ်ပါလား။

ခွေးတစ်ကောင်၏ ဝူးဝူးဝါးဝါး ထိုးဟောင်သံနှင့်အတူ မည်းမည်း အရိပ်သဏ္ဍာန် တစ်ခုသည် ချင်ချင်ဂေဟာ၏ အုတ်ရိုးများအနီးသို့ ချဉ်းကပ်သွားလေသည်။

ချင်ချင်ဂေဟာကြီးသည် လေးဘက်လေးတန် အုတ်နံရံများ ကာရံထားသည်။

အုတ်နံရံ၏ ထောင့်ချိုးများ၌ ကင်းစင်များ ဆောက်၍ အစောင့်များ ချထားရသည်။

စိတ်ဝေဒနာသည်များသည် အုတ်နံရံကို ကျော်၍ အချိန်မရွေး ထွက်ပြေးနိုင်ကြ၏။ ထို့ကြောင့်လည်း အစောင့်များနှင့် ကြပ်ကြပ်မတ်မတ် ထားခြင်း ဖြစ်လေသည်။

အနက်ရောင်ဝတ်စုံနှင့် လူတစ်ယောက်သည် အုတ်နံရံသို့ ချဉ်းကပ်မိသည်နှင့် အစောင့်များ၏အရိပ်အခြည်ကို အကဲခတ်ကြည့်ရှုလိုက်သည်။

ထိုလူသည် အနောက်ဘက် ထွက်ပေါက်တံခါးသို့ ရောက်အောင်သွားပြီး ထိုတံခါးမှနေ၍ အလွယ်တကူပင် ဝင်ရောက်လိုက်လေသည်။

လူနာဆောင်မှ မီးရောင်သည် အလွန် အားနည်းစွာဖြင့် လင်းရုံလောက်သာ ထွန်းညှိထားသည်။

အနက်ရောင်ဝတ်စုံနှင့် လူသည် ထိုလူနာဆောင်ကို ဖြတ်၍ ခပ်လှမ်းလှမ်းရှိ ခပ်ပြားပြား ဆောက်လုပ်ထားသော အဆောက်အအုံကလေးဆီသို့ ချဉ်းကပ်ကာ ဘေးတံခါးကို ဖွင့်၍ လှစ်ခနဲ ခုန်ဝင်လိုက်တော့သည်။

ထိုအဆောက်အအုံကလေးကား လူနာများ၏မှတ်တမ်းများကို သိမ်းဆည်းထားသော အဆောက်အအုံပင် ဖြစ်တော့သည်။

* * *

အနက်ရောင် ဝတ်စုံနှင့် လူသည် ဖယောင်းတိုင်မီးကို ပတ်ဝန်းကျင်မှ မမြင်နိုင်အောင် အပေါက်တစ်ဖက်သာ ပါသည့်



မီးပုံးထဲ၌ ထွန်းညှိလိုက်ပြီး မှတ်တမ်းများ ရေးထားသည့် စာရွက်များကို တစ်ရွက်ချင်း လှန်လှော ရှာဖွေနေသည်။

ထိုအခန်းထဲ၌ မှတ်တမ်းစာရွက်ချည်းသက်သက်မဟုတ်ပါ။ အခြား စာရင်းဇယား စာရွက်များပါ ရောထွေးနေသဖြင့် အနက်ရောင် ဝတ်စုံနှင့်လူသည် သူအလိုရှိသော လူနာတစ်ဦး၏ မှတ်တမ်းကို ရှာဖွေရသည်မှာ အလွန် ခက်ခဲနေတော့သည်။

ပို၍ဆိုးသည်မှာ ညစောင့်များသည် မကြာခဏ လှည့်ပတ်နေသောကြောင့် လူသံကြားသည်နှင့် အနက်ရောင်ဝတ်စုံနှင့် လူမှာ မီးမှုတ်ပြီး ငြိမ်နေလိုက်ရသည်။

ဤသို့ဖြင့် အရုဏ်တက်ချိန်နီးပါးအထိ ရောက်ရှိလာတော့သည်။

အနက်ရောင်ဝတ်စုံနှင့် ညလူသည် မိုးလင်းခါနီးမှပင် သူအလိုရှိသော မှတ်တမ်းစာရွက်ကို ရရှိသွားလေတော့၏။

ညလူမှာ....

ဘေးမသီ ရန်မခဘဲ အပြင်သို့ ပြန်၍ ထွက်ခွာသွားနိုင်ခဲ့သည်။

* * *

မြို့စားကြီး စားပွဲ သောက်ပွဲ ပြုလုပ်ပေးခြင်းမှာ ဘာကြောင့်လဲဟု အထူး မေးနေစရာ မလိုတော့ပေ။

သူသည် စစ်တုရင် ကစားရာ၌ ပထမ ဗိုလ်စွဲခဲ့သော ကြော့ဗိုလ်ပင် ဖြစ်လေသည်။

မြို့စားကြီးနှင့် စစ်တုရင် ကစားဘက် သုံးဦးရှိသည်။

သုံးဦးစလုံးမှာ အလွန်တော်သူများ ဖြစ်သော်လည်း မြို့စားကြီးကို တစ်ခါတစ်ရံသာ အနိုင်ရရှိတတ်လေသည်။

လောင်းကြေး မပါသော ကစားပွဲသည် ပေါ့ပျက်ပျက်နိုင်လှသည်ဟု မြို့စားကြီးက ပြောထားသဖြင့် အားလုံးမှာ လောင်းကြေးနှင့် ကစားကြရသည်။

မြို့စားကြီးသည် အနိုင်ရသောအခါ အလွန်အမင်း ဝမ်းသာရွှင်မြူးနေတတ်သည်။ လောင်းကြေးငွေက မဖြစ်စလောက်ကလေးပင် ဖြစ်သော်လည်း သူသည် ဂေဟာအမှုထမ်းများအားလုံးကို ငွေကြေးများ အကုန်အကျခံ၍ ကျွေးမွေးတတ်လေသည်။

ယခုမ်ပြောသည့် မြို့စားကြီး၏ ရောဂါပင် ဖြစ်လေသည်။

မြို့စားကြီး၏ ညှော်ခံပွဲတွင် ဂေဟာအမှုထမ်းများ၊ အပြင်မြို့ပြအုပ်ချုပ်ရေးမှ ပုဂ္ဂိုလ်များပါ ပါသည်။

ခါတိုင်းဆိုလျှင် စောစောစီးစီး စားသောက်ပြီးသည်နှင့် ပြန်ခွင့်ပြုသော်လည်း ယနေ့အဖို့ ထူးခြားနေသည်မှာ မြို့ပြအုပ်ချုပ်ရေးမှ အရာရှိအချို့နှင့် မြို့စားဂေဟာမှ တပ်မှူးများကို မပြန်ကြရန်နှင့် သူ၏ခန်းမထဲ၌ တွေ့ဆုံရန် ဖိတ်ကြားထားလေသည်။

အုပ်ချုပ်ရေးမှူးယွမ်သည် သူ၏နောက်၌ ထိုင်နေသောဟွေ့ဆန်းကိုးနှင့် ဝမ်ပါးတို့ကို လှည့်ကြည့်ကာ....



'ဒီနေ့ မြို့စားကြီး ဘာတွေ ပြောမယ်ဆိုတာ ငါ အတော်သိပြီးသားပဲ'

ဆန်းကိုးက ဘာမျှမပြောဘဲ ငြိမ်နေသည်။

ယွမ်က ဆက်ပြော၏။

'လူဘတ်သမားကို မဖမ်းမိတဲ့ကိစ္စပဲ ဖြစ်ရမယ်၊ မင်းတို့လဲ သူမေးတာကိုဖြေဖို့ အဆင်သင့်သာ ပြင်ထားပေတော့'

ဆန်းကိုးနှင့် ဝမ်ပါးသည် တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်သည်။

သူတို့နှစ်ယောက်သည် မနေ့ကတွေ့ရသော လူအကြောင်းကို မည်သူ့ကိုမျှ ဖွင့်မပြောသေးပေ။

ဆန်းကိုးက ဖွင့်ပြောဖို့ မလိုသေးဟုလည်း ဝမ်ပါးကို ပြောထား၏။

ခန်းမထဲတွင် မြို့စားကြီးကိုယ်ရံတော်တပ်မှ တပ်မှူးများကိုလည်း တွေ့ရလေသည်။

ရှဖုန်းရိက ဆန်းကိုးတို့ကို အပြုံးဖြင့်နှုတ်ဆက်ပြီး တစ်နေရာ၌ ဝင်၍ထိုင်နေသည်

မကြာမီမှာပင် မြို့စားကြီးသည် ခန်းမထဲသို့ ရောက်ရှိလာလေသည်။

* * *

မြို့စားကြီးသည် အားလုံးကို ပြုံးနှင့် နှုတ်ဆက်ကာ ကုလားထိုင်ကြီးပေါ်၌ ဝင်ထိုင်လိုက်သည်။

အခန်းထဲရှိလူအားလုံး မြို့စားကြီးအား ဦးညွှတ်၍ အသီးသီး ထိုင်လိုက်လေသည်။

မြို့စားကြီးသည် ခန်းမထဲရှိ လူဆယ့်ငါးယောက်ကို မျက်လုံးဝေ့ကြည့်ရင်းမှ....

'တပ်မှူးကြီး ကျင်းဖိန် တစ်ယောက် မတွေ့ပါလား'

သူ့အသံကြားမှ တပ်မှူးရှဖုန်းရိသည် အခန်းထဲသို့ လှည့်ပတ်ကြည့်လိုက်ပြီး....

'ညက လုံခြုံရေး လှည့်နေရလို့ အိပ်ပျော်နေတယ်နဲ့တူတယ်'

ဟု ပြောလိုက်သည်။

မြို့စားကြီးက ဆက်မမေးတော့ပေ။

မြို့စားကြီးသည် သူ၏ရင်ဘတ်ဆီသို့ ယပ်တောင်နှင့် တစ်ချက်နှစ်ချက်ခတ်ပြီး....

'လုံခြုံရေးဆိုလို့ ပြောရဦးမယ်၊ အိုစူးဝါး ခေါင်းဆောင်တဲ့ ဓားပြဂိုဏ်းဟာ အခုတော်ကို သောင်းကျန်းနေပါလား၊ မနေ့ကရွာတစ်ရွာကို ဝင်ပြီးတိုက်ခိုက် လုယက်သွားတယ်လို့ သတင်းကြားရတယ်'

ရှဖုန်းရိက....

'ဟုတ်ပါတယ်မြို့စားကြီး၊ မကြာခင်ကလဲ ပြောင်းတော ရွာကိုဝင်တိုက်လို့ ကျွန်တော်တို့ အဖွဲ့လိုက် နှိမ်နင်းခဲ့ပါတယ်၊ ကျွန်တော်ဒဏ်ရာရသလို အိုစူးဝါးကိုယ်တိုင်လဲ ဒဏ်ရာရရှိသွားခဲ့ပါတယ်၊ အိုစူးဝါး ဂိုဏ်းဟာ တော်တော်လေးကို



တောင့်တင်းပါတယ်၊ ဒါပေမယ့် ကျွန်တော်တို့ အားလုံးကို ဖြိုခွင်းနိုင်လိမ့်မယ်လို့ ထင်ပါတယ်'

မြို့စားကြီးက နားထောင်ရင်းမှ ခေါင်းညိတ်လိုက်သည်။

'ဖြိုခွင်းနိုင်လိမ့်မယ်လို့ ပါးစပ်ကပြောရုံနဲ့ ပြီးသွားမယ့်ကိစ္စမျိုးမဟုတ်ဘူး၊ ငါ့ပိုင်နက်ထဲမှာ ဒီအဖွဲ့ လုံးဝပျောက်သွားအောင် အမြန်ဆုံး ရှင်းလင်းရမယ်'

'ဟုတ်ကဲ့....မြို့စားကြီး'

မြို့စားကြီးသည်ယပ်တောင်ကို ညင်သာစွာခတ်နေရာမှ ယွမ်ကို ကြည့်လိုက်လေသည်။

'မင်းတို့ စုံစမ်းနေတဲ့ တြိဂံဓားသမားရဲ့ အခြေအနေက ဘာမှ မထူးခြားသေးဘူးလား'

'ကျွန်တော်တို့ ကြိုးကြိုးစားစား စုံစမ်းဆဲပါပဲ မြို့စားကြီး'

မြို့စားကြီးက မကျေနပ်သလိုဖြင့် ခေါင်းကို အနည်းငယ်ယမ်းလိုက်သည်။

'မဟုတ်သေးဘူးလေ၊ မင်းတို့စုံစမ်းနေတုန်းမှာပဲ နောက်တစ်ယောက်က အသတ်ခံလိုက်ရတာမဟုတ်လား၊ အခုချိန်ထိ သဲလွန်စ မရသေးဘူးလား'

အပြစ်တင်ခြင်းခံရသဖြင့် အုပ်ချုပ်ရေးမှူး ယွမ်၏ မျက်နှာမှာ နီမြန်းနေပေသည်။

'မှန်ပါတယ်၊ ဒါပေမယ့် မကြာခင်အချိန်မှာ ဖော်ထုတ်နိုင်ပါလိမ့်မယ်'

မြို့စားကြီးက ဆက်ပြင်းချကာ....

'အခုဆိုရင် တို့မြို့မှာ အဲဒီလူသတ်သမားကြောင့် အခုတော့ ကလေး စိတ်ချောက်ချားနေကြတယ်၊ နောက်ပြီး အမျိုးသမီး လူသတ်သမားဆိုတာကော ခိုင်လုံရဲ့လား'

ယွမ်က ခေါင်းကို ဆတ်ခနဲညိတ်၍....

'ဟုတ်ကဲ့၊ သတ်ခဲ့တဲ့ လက္ခဏာတွေကတော့ အမျိုးသမီး တစ်ယောက်ရဲ့ လက်ချက်ဆိုတာ မလွဲနိုင်ပါဘူး'

'ရဲရဲတင်းတင်း စိန်ခေါ်နေတဲ့ အမျိုးသမီးကိုမှ မင်းတို့ မဖော်ထုတ်နိုင်ဘူးဆိုရင်တော့ ညံ့ရာကျတယ်ကွာ'

ယွမ် ခေါင်းငုံ့နေသည်။

ခန်းမတစ်ခုလုံးလည်း တိတ်ဆိတ်နေသည်။

ထိုစဉ် အခိုက်မှာပင်....

ခန်းမထဲသို့ တပ်သားလေးတစ်ယောက် အပြေးအလွှား ဝင်ရောက်လာကာ မြို့စားကြီးကို ဦးညွှတ်ပြီးသည်နှင့်....

'မြို့စားကြီးခင်ဗျား၊ တပ်မှူးကြီး ကျင်းဖိန် သူ့အိမ်မှာ အသတ်ခံထားရပါတယ်'

'ဟာ....'

'ဟင်....'

ခန်းမတစ်ခုလုံး တုန်လှုပ်ချောက်ချားသွားတော့သည်၊

မြို့စားကြီး မျက်နှာတစ်ခုလုံး သွေးဆုတ်သွားသကဲ့သို့ ဖြူ လျော်သွားလေသည်။



သူသည် မတ်တတ်ရပ်လိုက်ပြီး ယွမ်ကိုလှမ်းပြောလိုက်သည်။

'ပွဲက တဖြည်းဖြည်းကြမ်းလာပြီ၊ မင်းတို့အနေနဲ့ ငြိမ်အောင် အမြန်ဆုံး ထိန်းကြပါ'

## အခန်း (၁၁)

တပ်မှူးကြီး ကျောင်းဖိန်၏ သိုင်းပညာအား နှယ်နှယ်ရရ မဟုတ်။

ပထမခေါးဘွဲ့ကို ရရှိထားသူဖြစ်သည်။

သူသည် အလွန်သတိဝီရိယကြီးသူဖြစ်သည့်ပြင် အအိပ်အနေ လည်း အလွန်နည်းပါးလှသည်။

သို့သော်....

လူသတ်သမားသည် သူ့ထက်သာလွန်သော သိုင်းပညာ အဆင့်ရှိနေ၍ပဲလား။

ဟော့ဆန်းကိုးတို့အုပ်စုသည် တပ်မှူးကြီးကျောင်းဖိန် ဂေဟာ သို့ အပြေးအလွှား ရောက်ရှိသွားကြသည်။



အုပ်ချုပ်ရေးမှူး ယွမ်ကိုယ်တိုင် လိုက်ပါ လာ၍လည်း ဆန်းကိုးတို့မှာ ပို၍အားရှိသွားလေသည်။

ယွမ်သည် အခင်းဖြစ်ပွားရာ အခန်းထဲသို့ တန်းတန်းမတ် မတ်ပင် ဝင်ရောက်သွားပြီး အလောင်းကိုငုံ့ကြည့်နေပေသည်။

တပ်မှူးကြီးကျောင်းဖိန်မှာ ကျယ်ဝန်းသော အိပ်ခန်းကြီး၌ သေဆုံးနေခြင်း ဖြစ်သည်။

မသေဆုံးမီက ရန်သူနှင့်တိုက်ခိုက်ထားရဟန်တူသည်။ ခုတင် ပေါ်၌ သေဆုံးခြင်းမဟုတ်ဘဲ အထွက်တံခါးဝနားတွင် သေ ဆုံးခြင်းဖြစ်၏။

ဟော့ဆန်းကိုးက ဒူးထောက်ထိုင်ချပြီး အလောင်းမှ ဒဏ် ရာကို ကြည့်လိုက်သောအခါ ယွမ်အပါအဝင် ဆန်းကိုးနှင့် စမ်ပါးတို့မှာ မျက်လုံးများ ပြူးကျယ်သွားလေတော့သည်။

အဘယ်ကြောင့်ဆိုသော်....

ကျောင်းဖိန်၏ လည်မျိုတွင် အပေါက်တစ်ပေါက်တွေ့ရသည့် အပြင် ရင်ဘတ်၌လည်း တြိဂံပုံသဏ္ဌာန်ကို ခေါးဦးဖြင့် ထင် ထင်ရှားရှား ရေးခြစ်သွားသောကြောင့်ပင် ဖြစ်တော့သည်။

* * *

ကျောင်းဖိန်၏အိမ်တွင် အိမ်သား များများစားစားမရှိ။

သူ၏ မိန်းမသည် လွန်ခဲ့သည့် နှစ်လလောက် ကတည်းက ဆွေမျိုးများဆီသို့ သွားနေသည်။

သားသမီးက လည်း မရှိသောကြောင့် အိမ်တွင် ဝိုင်းလုပ်ဝိုင်းကိုင်ရန် ထိုဝီဆိုသော အဘိုးကြီး တစ်ယောက်သာ ရှိသည်။

ထိုဝီ၏ပြောပြချက်အရ တပ်မှူးကြီးသည် ညအသန်းခေါင်ကျော်လောက် ပြန်လာကြောင်း၊ အိမ်တံခါးကို စေ့ရုံသာ စေ့ထားသဖြင့် သူ့ဟာသူ တွန်းဖွင့်ဝင်ရောက်ခဲ့ကြောင်း၊ ခါတိုင်းလည်း ထိုကဲ့သို့ပင် ဝင်နေကျထွက်နေကျဖြစ်ကြောင်း၊

ညက ကျောင်းဖိုန်ပြန်လာသည်ကို သိလိုက်သော်လည်း သူနှင့်အတူ အဖော်ပါလာသည် မပါလာသည်ကို သတိမထားမိကြောင်း ပြောပြသည်။

'သူ့အခန်းထဲ စကားပြောသံတော့ ခင်ဗျား မကြားဘူးလား'

ယွမ်ကမေးခြင်း ဖြစ်၏။

'ကျွန်တော်က နောက်ဖေးအဆောင်မှာ အိပ်တယ်ဆိုတော့ တော်ရုံအန်ရုံစကားပြောသံလောက်ကို လုံးဝမကြားရပါဘူး'

'ခင်ဗျား ဘယ်အချိန်မှသိတာလဲ'

'သခင်ကြီးဟာ နေမကောင်းတဲ့ ရက်ကလွဲလို့ အိပ်ရာထ အစောကြီး ထတတ်ပါတယ်၊ ဒီနေ့တော့ ကျွန်တော် ဈေးသွားတဲ့ အချိန်ထိ သခင်ကြီး အိပ်ခန်းတံခါး ပိတ်ထားပါတယ်၊ ကျွန်တော် ဈေးကပြန်လာတော့လဲ သခင်ကြီး အခန်းက ပိတ်ထားဆဲမို့ အမှုမဲ့အမှတ်မဲ့ပဲ ကျွန်တော် ချက်ပြုတ်



စရာရှိတာတွေကို ချက်ပြုတ်နေပါတယ်၊ အဲဒီအချိန်မှာ သူ့တပည့်တစ်ယောက်က လာခေါ်နေတာနဲ့ သခင်ကြီးအခန်းကို ဖွင့်ကြည့်တော့ အဲဒီအတိုင်း မြင်ရတာပါပဲ'

အဘိုးကြီးထိုဝီ ပြောသမျှကို နားထောင်ပြီး ယွမ်က သက်ပြင်းချလိုက်လေသည်။

ထို့နောက် သူသည် ဒဏ်ရာများကို သေချာအောင် စစ်ဆေးပြန်၏။

တပ်မှူးကြီးကျောင်းဖိုန်မှာ မသေမီ ရန်သူနှင့်တိုက်ခိုက်ထားသည့် လက္ခဏာများ တွေ့ရသည်။

လည်ပင်းမှ ဒဏ်ရာသည် သုံးမြှောင့်အချွန်နှင့် ထိုးထည့်ထားသည်မှာ သံသယဖြစ်စရာ မလိုပေ။

အားလုံးကို ခြုံကြည့်လျှင် တြိဂံဓားသမား၏ လက်ချက်ပင် ဖြစ်သည်ဟု ပြောရမည်သာ ဖြစ်ပေသည်။

ယွမ်သည် မေးစေ့ကို ပွတ်သပ်ရင်းမှ ပြတင်းပေါက်တွင် ရပ်နေပြီး အပြင်သို့ငေးကြည့်ကာ စဉ်းစားနေသည်။

ထိုစဉ် ဖေ့ဂါးသည် အခန်းထဲ၌ တစ်စုံတစ်ခုကို တွေ့မြင်လိုက်သဖြင့် မျက်လုံးမျက်ဆံပြူးကာ ဟွေ့ဆန်းကိုးအား လက်ကုတ်၍ ပြသလိုက်သည်။

ဟွေ့ဆန်းကိုးက လှမ်းကြည့်လိုက်ရာ....

ခုတင်ခေါင်းရင်းအောက်တွင် တုတ်သုံးချောင်းကို တြိဂံပုံ လုပ်၍ ထောင်ထားသည်ကို တွေ့လိုက်ရလေတော့သည်။

* * *

မြို့စားကြီးဂေဟာမှ ကိုယ်ရံတော်တပ်သားအချို့ ရောက်ရှိလာကြသည်။

တပ်မှူးရှုပုန်းရိကာ ဈာပနကိစ္စကို စီစဉ်နိုင်ရန်အတွက် အုပ်ချုပ်ရေးမှူးယွမ်အား အလောင်းကို စစ်ဆေးဖို့ လိုအပ် မလိုအပ် မေးသဖြင့် ယွမ်က မလိုအပ်တော့ကြောင်း ခေါင်းယမ်း ပြလိုက်လေသည်။

ဟွေ့ဆန်းကိုးသည် မလွှဲသာ မရှောင်သာတော့သဖြင့် မနေ့က ရွှေနားဓါး၏ဆိုင်တွင် တွေ့ခဲ့ရသော အစိမ်းပုပ်ရောင် ဝတ်စုံနှင့် လူ၏ အကြောင်းကို ပြောပြလိုက်လေသည်။

ယွမ်သည် ဟွေ့ဆန်းကိုးတို့အပေါ် တစ်စုံတစ်ခု မကျေနပ်သလို ဖြစ်သွားသော်လည်း သူ၏ နှုတ်ခမ်းအစုံကို စေ့ထားပြီး လေးလေးနက်နက် စဉ်းစားနေသည်။

အတန်ကြာသော် ဝမ်ပါးတို့အား ခေါ်၍ အုပ်ချုပ်ရေးရုံးခန်းအရောက် ပြန်ခဲ့ကြသည်။

ရုံးခန်းထဲတွင် နှစ်ခေါက်သုံးခေါက်မျှ ခေါက်တုံ့ခေါက်ပြန် လျှောက်ပြီးမှ ကုလားထိုင်တွင် ဝင်ထိုင်သည်။

ဟွေ့ဆန်းကိုးနှင့် ဝမ်ပါးတို့အပါအဝင် ဆယ်ယောက်ခန့် ရှိနေပေသည်။

ယွမ်၏မျက်နှာပေါ်တွင်....

ခံပြင်းမှု၊ ဒေါသဖြစ်မှုနှင့် မကျေနပ်မှုများ ရောပြွမ်းနေသည်။

သူ၏ ဆုပ်ထားသော လက်သီးကို စားပွဲပေါ်တွင် ဖိတင်ထားသည်။



'မင်းကို မနေ့ကတွေ့တဲ့လူကို မျက်ခြည်ပြတ်သွားတာ အင်မတန် နှစ်နာတဲ့ အမှားတစ်ခုပဲ'

ဆန်းကိုးနှင့်ဝမ်ပါးကို ပြောလိုက်ခြင်း ဖြစ်သည်။

ယွမ်က ဆက်၍....

'မြို့စားကြီးပြောသလိုပဲ ပွဲက တော်တော်ကလေး ကြမ်းလာပြီ၊ တို့ရဲ့မျက်စိတွေ၊ နားတွေကို အစွမ်းကုန် ဖွင့်ရတော့မယ်'

အားလုံး တိတ်ဆိတ်ငြိမ်သက်စွာဖြင့် နားထောင်နေသည်။

ယွမ်လည်း သူဆက်ရမည့် စကားများကို စဉ်းစားတွေးတောနေသည်။

ထို့နောက် ယွမ်သည် သူ၏ရှေ့မှ စာရွက်စာတမ်းများကို တစ်ခုပြီးတစ်ခု စစ်ဆေးနေသည်ကို တွေ့ရ၏။

ခေတ္တအကြာတွင် ဟွေ့ဆန်းကိုးတို့အား ကြည့်၍....

'ဒီမှာ....ချီကန်းနဲ့ပတ်သက်ပြီး စုံစမ်းသိရှိရတဲ့ အချက်တွေကို ငါပြောပြမယ်၊ချီကန်းဟာ လွန်ခဲ့တဲ့ အနှစ်နှစ်ဆယ်လောက်ကတည်းက နေရာဌာန အတည်တကျမရှိခဲ့ဘူး၊ အထူးသဖြင့် မိန်းမလိုက်စားတဲ့နေရာမှာ အတော့်ကို နာမည်ကြီးခဲ့တယ်၊ ခိုးဆိုး တိုက်ခိုက်တဲ့ ဒုစရိုက်သမားအချို့နဲ့လဲ ဒီကောင်ပေါင်းဖူးခဲ့တယ်။

'အခု မသေခင် လေးငါးနှစ်လောက်မှာ ဒီကောင် ငွေကြေး အတော်ကလေး ချောင်လည်လာပြီး လျှနဲ့ အရောင်းအဝယ် လုပ်စားနေတာပဲ၊ အဲဒါ ချီကန်းရဲ့ နောက်ကြောင်း အကျဉ်းချုပ်ပဲ'

ယွမ်သည် စာရွက်ကို စားပွဲပေါ် ပြန်တင်ကာ ခါးကိုရှေ့သို့ ကိုင်းလိုက်လေသည်။

'တို့ အဓိဓာ ဖော်ထုတ်ရမယ့်ကိစ္စက သူ့ကိုသတ်တဲ့ လူသတ်သမား၊ ချီကန့်းကို သတ်တာ အမျိုးသမီး တစ်ယောက် ဆိုတာတော့ တို့ကခြွင်းချက်မရှိယုံကြည်ထားတယ်မဟုတ်လား'

ဆန်းကိုး ခေါင်းညိတ်သည်။

'ဟုတ်ပါတယ်'

'ဒါပေမယ့် တို့တတွေရဲ့ ယူဆချက်ဟာ အမှန်ချည်းပဲ တွက်လို့လဲ မရဘူး၊ မှားတယ်လို့လဲ တစ်ထစ်ချ မယူဆလိုက်နဲ့ဦး၊ ဘာဖြစ်လို့လဲဆိုတော့ မနေ့က မင်းတို့တွေ့လာတဲ့လူဟာ တြိဂံစေးသမား အစစ်အမှန် ဖြစ်ခဲ့ရင် ချီကန့်းကိုသတ်တာလဲ သူပဲလို့ ယူဆနိုင်စရာ အကြောင်းရှိလာတယ်၊ ဖြစ်နိုင် မဖြစ်နိုင် မင်းပြောစမ်း'

ဟွေ့ဆန်းကိုးအား မေးလိုက်ခြင်းဖြစ်သည်။

ဟွေ့ဆန်းကိုးက ခေါင်းကို ဆတ်ခနဲညိတ်၍....

'အုပ်ချုပ်ရေးမှူး ပြောသလို ဖြစ်နိုင်တဲ့ နည်းလမ်းကတော့ ချီကန်းဟာ မိန်းကလေး တစ်ယောက်နဲ့ ဝင်လာမယ်၊ အဲဒီမိန်းကလေးနဲ့ ပျော်ပါးနေတဲ့ အချိန်မှာပဲဖြစ်ဖြစ်၊ ပျော်ပါးပြီးတဲ့ အချိန်မှာပဲဖြစ်ဖြစ် လူသတ်သမား ရောက်လာမယ်၊ ချီကန်းကို သတ်မယ်၊ အဲဒီအချိန်မှာ ပျော်ပါးတဲ့ မိန်းကလေးလဲ ရှိချင် ရှိနေမယ်၊ နောက်မှ ကြောက်ကြောက်နဲ့ ပြေးထွက်သွားတာလဲ ဖြစ်နိုင်တယ်၊ ဒီတော့ ချီကန်းကို သတ်တဲ့အထဲမှာ အဲဒီလူကိုလဲ ယေဘုယျအားဖြင့်တော့ ထည့်တွက်ရမှာပဲ'



ယွမ်က ခေါင်းညိတ်၍....

'ဟုတ်ပြီ၊ ဒါဆို ချီကန့်းကို သတ်တာ အမျိုးသမီး၊ ဒါမှ မဟုတ် အမျိုးသား ဖြစ်တယ်ဆိုတာ မသေချာသေးဘူးပေါ့'

'သံသယဝင်စရာတွေ ဖြစ်လာပါတယ်'

'အဲဒီ လူသတ်သမားကပဲ မိန်းကလေးယောင် ဆောင်ပြီး ချီကန်းကို ခေါ်သွားတာကော မဖြစ်နိုင်ဘူးလား'

ဝမ်ပါးက ဝင်ပြောသည်မှာ....

'မဖြစ်နိုင်ပါဘူး ဆရာ၊ မနေ့က ကျွန်တော်တို့ တွေ့ရတဲ့ ပုဂ္ဂိုလ်ဟာ အသက်ငါးဆယ်နီးပါးလို့ ခန့်မှန်းရပြီး ကိုယ်လုံးကိုယ်ပေါက် တုတ်ခိုင်လှန်းပါတယ်၊ ကျွန်တော် လင်းယုန်ဖြူစားသောက်ဆိုင်က ဆိုင်အလုပ်သမားကို စစ်ဆေးတဲ့အခါမှာ အမျိုးသမီး စစ်စစ်ဖြစ်ကြောင်း၊ သူမရဲ့ ရင်သားကိုပါ မြင်ရကြောင်း အတိအကျ ပြောတဲ့အပြင် အမျိုးသမီးတစ်ယောက်ရဲ့ တောင့်တင်းတဲ့ ကိုယ်လုံးကိုယ်ပေါက်ကို ပြောပြပါတယ်'

ဟွေ့ဆန်းကိုးက....

'အဲဒီဆိုင်က အလုပ်သမားလေးကို ခေါ်ပြီး ဗျိုင်းဖြူမကျင်းလိနိုကို ပြခဲ့ပါသေးတယ်၊ ကိုယ်လုံးကိုယ်ပေါက်ချင်း တူတယ်လို့ ပြောတယ်၊ ဒါပေမယ့် အဲဒီမျက်နှာမျိုး မဟုတ်ဘူးလို့ ပြောတယ်'

ယွမ်က အနည်းငယ် ပြုံး၍....

'ဟော့....ဟော့.... သိုင်းလောကထဲမှာ ဖြစ်ဖြစ်၊ ဒုစရိုက်လောကထဲမှာ ဖြစ်ဖြစ် မျက်နှာကို လိုသလို ပြောင်းလဲနိုင်တဲ့ အစွမ်းတွေ ရှိနေကြတယ်ဆိုတာကို မေ့မထားနဲ့လေ'

'ဟုတ်ကဲ့....မေ့ မထားပါဘူး၊ ဒါကြောင့်လဲ ကျွန်တော့်ဟာ ဗျိုင်းဖြူမ ကျင်းလိန်ကို ဒီနေ့အထိ မျက်ခြည်ပြတ်မခံဘဲ စောင့်ကြည့်နေပါတယ်'

ယွမ်က....

'ကဲ....ထားပါတော့၊ ချီအာန်းခေါ်လာတာ မိန်းကလေးအစစ် ဖြစ်တယ်၊ ဒါပေမယ့် သတ်တဲ့လူကတော့ သူမပဲလား၊ မင်းတို့ပြောတဲ့ လူကြီးပဲလား ဆိုတာ မသေချာဘူး၊ ဟုတ်ပလား'

'ဟုတ်ကဲ့'

'ကောင်းပြီ၊ တစ်နေ့ကအသတ်ခံရတဲ့ ခုံလျှောင်းရဲ့ ရာဇဝင်ကို ပြန်ကြည့်ရအောင်'

ယွမ်သည် စာရွက်ထပ်ထဲမှ အချို့ကို ဆွဲယူ၍ ဖတ်ရင်းမှ ဟွေ့ဆန်းကိုးအား မော့ကြည့်ကာ....

'မင်းသိထားတဲ့ဟာတွေ ပြောစမ်း'

ဟွေ့ဆန်းကိုးက....

'ခုံလျှောင်းကိစ္စကို ကျွန်တော်စုံစမ်းတာ သိပ်မထူးခြားဘူး ဆရာ၊ သူ့မိန်းမရဲ့ ပြောပြချက်အရ သူတို့ဟာ ကျေးလက်တောရွာက ပြောင်းလာပြီး နေထိုင်ကြတယ် ဆိုတာရယ်၊ ခုံလျှောင်းဟာ မိန်းမကိစ္စနဲ့ ပတ်သက်ပြီး တော်တော် ကင်းရှင်းပါတယ်လို့ ပြောတယ်၊ နောက်ပြီး အဲဒီနေ့က မြင်းလှည်းကို ညနေပိုင်းမှ ထွက်တယ်၊ ဘယ်သူဘယ်ဝါက ငှားတယ်ဆိုတာလဲ မသိဘူး၊ အဲဒီတော့ ခုံလျှောင်းရဲ့သဲလွန်စဟာ ပျောက်နေတယ်'



ယွမ်သည် အားလုံးကိုခပ်ပြုံးပြုံးဖြင့် ကြည့်ကာ နားထောင်နေသည်။ ဟွေ့ဆန်းကိုး စကားဆုံးသွားသည်နှင့်....

'မင်းတို့အားလုံးကို ငါတစ်ခုပြောမယ်၊ ငါ့လက်အောက်လူတွေဟာ ညံ့ဖျင်းလို့ တခြားလူက နေရာလာယူတာမျိုးကို ငါ နည်းနည်းမှ မလိုလားဘူး၊ မင်းတို့ ညံ့ဖျင်းတယ်ဆိုရင် အုပ်ချုပ်သူ မကောင်းလို့ပဲ ဖြစ်ရမယ်၊ အဲဒီအဖြစ်မျိုး ငါ လက်မခံနိုင်ဘူး၊ မင်းတို့တစ်တွေကိုပဲ အရောင်အသွေး တက်စေချင်တယ်'

သူက ခေတ္တနားပြီးမှ ပြန်ဆက်သည်။

'မနက်က မြို့စားကြီးက လူနှစ်ယောက် သေတာတောင် စုံစမ်းလို့ မရနိုင်ဘူးလားလို့ အပြစ်ပြောတယ်၊ အထက်လူကြီးတွေကတော့ ဒီအတိုင်းပဲ အပြစ်ပြောကြမှာပဲ၊ မင်းတို့ ငါတို့ကလဲ တစ်ယောက်သေတာနဲ့ တရားခံကို အမီဖမ်းချင်တာပဲ၊ ဒါပေမယ့် ဒုစရိုက်သမားနဲ့ဥပဒေဘက်တော်သားဟာ ခုံပေါ်မှာ စစ်တုရင်ထိုးသလိုပဲဆိုတာ မြို့စားကြီး သတိချပ်ဖို့လိုတယ်၊ ဒုစရိုက်သမားဟာ သူတို့ရဲ့ခြေရာကိုဥပဒေသမားတွေမကောက်နိုင်အောင် ဉာဏ်နီဉာဏ်နက်တွေထုတ်ပြီး ကစားသွားတာပဲ၊ ဒါကို ဥပဒေဘက်တော်သားတွေက မိအောင် ဖမ်းဆီးရတယ် ဆိုတဲ့အလုပ်ဟာ သိပ်တော့ လွယ်ကူလှတာမဟုတ်ဘူး'

ယွမ်သည် ချောင်းတစ်ချက်ဟန့်လိုက်သည်။

'ဒီတော့ အမြန်ဆုံးမိအောင် ဖမ်းဆီးနိုင်ဖို့ဆိုတာက မင်းတို့ ငါတို့ရဲ့ အရည်အသွေးပေါ်မှာ မူတည်တာပဲ၊ ဒါကြောင့် မင်းတို့ကို ထက်မြက်စေချင်တယ်'

သူသည် ပြောနေရင်းမှ ခါးကိုရှေ့သို့ပို၍ကိုင်းပြီး ဖေ့ဆန်းကိုး မျက်နှာကို စေ့စေ့ကြည့်လိုက်သည်။

'ဒီမှာ ဖေ့ဆန်းကို၊ ခုံလျောင်းဟာ မြင်းလှည်းသမား၊ မြင်းလှည်းသမား တစ်ယောက်ရဲ့ အကြောင်းကို သိချင်ရင် သူတို့အချင်းချင်းကို မေးရတယ်၊ ငါ စုံစမ်းချက်အရ မြင်းလှည်းသမားတစ်ယောက်က ဘာပြောသလဲဆိုရင် ခုံလျောင်းဟာ ညနေပိုင်းမှာ စံအိမ်တော် တည်းခိုခန်းရှေ့မှာ မြင်းလှည်းရပ်ထားတာတွေ့ရတယ်၊ နောက် မကြာခင်မှာ အမျိုးသမီးတစ်ယောက်ကိုတင်ပြီး စိန်ဟုတ်ဘုရားကျောင်းဘက်ကို မောင်းသွားတယ်လို့ ပြောတယ်။

'ငါ ဘုရားကျောင်းမှာ စုံစမ်းတော့ ဘုရားသန့်ရှင်းရေးအလုပ်သမားက ညမိုးချုပ်ခါနီး မြင်းလှည်းတစ်စီး လာတယ်၊ အမျိုးသမီးတစ်ယောက် ပါလာတယ်၊ အမျိုးသမီးက ဘုရားကျောင်းထဲ ဝင်သွားတယ်၊ မြင်းလှည်းက စောင့်နေတယ်၊ မကြာခင် အမျိုးသမီး ပြန်ထွက်လာတယ်၊ အမျိုးသမီးဟာ နေထိုင်ကောင်းပုံမရလို့ မြင်းလှည်းဆရာက ပွေ့ဖက်ပြီး တင်ပေးတယ်၊ အဲဒီအချိန်မှာ တော်တော်ကလေး မိုးချုပ်နေပြီလို့ ပြောတယ်။

'အဲဒီအမျိုးသမီးရဲ့ ပုံသဏ္ဌာန်ကိုမေးတော့ မင်းတို့ ပြောနေတဲ့ လင်းယုန်ဖြူကအမျိုးသမီးပုံစံမျိုး ကိုယ်လုံးကိုယ်ပေါက်မျိုးနဲ့ တူညီနေတယ်၊ ခုံလျောင်းဟာ အဲဒီဘုရားကျောင်းက အမျိုးသမီးနဲ့ ပြန်ထွက်သွားတာမှာ ခြေရာပျောက်သွားတယ်၊



ဒါပေမယ့် ခုံလျောင်းကို အဲဒီအမျိုးသမီးကပဲ သတ်မယ်ဆိုတာ အများကြီး ဖြစ်နိုင်တယ်'

အားလုံးကငြိမ်၍နားထောင်နေသည်။ ယွမ်ဆာသူ့စကားကို အေးဆေးစွာ ပြန်၍ဆက်ပြော၏။

'ဒီအခါမှာ စံအိမ်တော်ကိုစုံစမ်းကြည့်တော့ အခင်းမဖြစ်မီတစ်နေ့ ညနေပိုင်းမှာ အမျိုးသမီးတစ်ယောက် မြင်းလှည်းနဲ့ ရောက်လာတယ်၊ မြင်းလှည်းကပြန်ထွက်သွားတယ်၊ မကြာခင်မှာပဲ အမျိုးသမီးလဲ ပြန်သွားတယ်၊ တစ်ခါ နောက်တစ်နေ့ ညနေမှာ အဲဒီအမျိုးသမီး ရောက်လာတယ်၊ ခေါက်ဆွဲပြုတ်တစ်ခွက်ကို မှာစားပြီး တစ်စုံတစ်ယောက်ကို စောင့်နေတယ်၊ ဒါပေမယ့် မြင်းလှည်းတစ်စီး အရှေ့မှာ လာရပ်တဲ့အခါ အမျိုးသမီးဟာ နေမကောင်းသလို ဒယီးဒယိုင်နဲ့ အဲဒီမြင်းလှည်းပေါ် တက်သွားတယ်၊ နောက်ပိုင်း အဲဒီ အမျိုးသမီး ပြန်မလာတော့ဘူး'

ယွမ်သည် သူတို့၏နောက်ကွယ်တွင် အလုပ်အတော်လုပ်ခဲ့ပါလားဟု ဖေ့ဆန်းကိုးတို့ ချီးကျူးနေမိသည်။

'စံအိမ်တော် တည်းခိုးခန်းက ပြောပြချက် အရ ဆိုရင် ခုံလျောင်းရဲ့ မြင်းလှည်းကိုစီးတဲ့ အမျိုးသမီးဟာ အဓိက စဉ်းစားစရာ ဖြစ်လာတယ်'

ဖေ့ဆန်းကိုးက ဝင်၍ ပြော၏။

'ဟုတ်ပြီ၊ အာစရိပြောမှပဲကျွန်တော်စဉ်းစားမိတော့တယ်၊ အဲဒီအမျိုးသမီးဟာ ပထမနေ့ ညနေပိုင်းမှာ ညွှီသည် ဟန်

ဆောင်ပြီး ခုံလျောင်း မြင်းလှည်းစီးမယ်၊ စံအိမ်တော်ကို ပို့ခိုင်းမယ်'

ယွန်မ်က ခေါင်းညိတ်၍....

'မှန်တယ်၊ ဆက်ပြောဦး'

'နောက်တစ်နေ့ညနေပိုင်း သူ့ကို လာခေါ်ဖို့ ခုံလျောင်းကို ချိန်းလိမ့်မယ်၊ ဒါကြောင့်မို့ ခုံလျောင်းဟာ မနက်ပိုင်း မြင်းလှည်းမထွက်ဘဲ ညနေပိုင်းမှ သူမကိုသွားကြိုမယ်၊ အမျိုးသမီးဟာ စံအိမ်တော်တည်းခိုခန်းထဲက ထွက်လာတဲ့အခါမှာ ဒယီးဒယိုင်ပုံစံမျိုးနဲ့ဆိုတော့ နေမကောင်းဟန်ဆောင်တာလဲ ဖြစ်နိုင်တယ်၊ တစ်ခါ ဘုရားကျောင်းကအထွက်မှာ ခုံလျောင်းက တွဲပြီး တင်ရတယ်ဆိုတော့ တကယ် နေမကောင်းတာလား၊ ခုံလျောင်းကို အတွေ့အထိနဲ့မျှားပြီးခေါ်တာလား စဉ်းစားရတော့မယ်'

ယွန်မ်က ပြုံး၍ ခေါင်းညိတ်လိုက်သည်။

'စဉ်းစားစရာမလိုတော့ဘူးလေ၊ စံအိမ်တော် တည်းခိုခန်းမှာ မြင်းလှည်းမရောက်မီ အချိန်အထိ သူမ ဟာ လူကောင်း တစ်ယောက်ပါပဲလို့ စံအိမ်တော်ကပြောထားတာပဲ၊ ဒီတော့ တမင်တကာ ဟန်ဆောင်တာပဲပေါ့၊ ဒီတော့မှ ခုံလျောင်းက ဖေးဖေးမမ လုပ်မယ်၊ အသားချင်း ထိမယ်၊ ရင်ခွင်ထဲမှာ အိပ်ချင်အိပ်မယ်၊ အဲဒီအခါမှာ....'

ဆန်းကိုးတို့က ခေါင်းညိတ် ထောက်ခံလိုက်လေသည်။

'ဟုတ်ပြီ၊ အုပ်ချုပ်ရေးမှူး ဆက်စပ်တွေးခေါ်တာဟာ အားလုံးဖြစ်နိုင်တယ်'



ယွန်မ်က လက်ကာ၍....

'နေဦး၊ တို့သတိပြုရမှာက မင်းတို့ကို ငါမေးမယ်၊ အင်မတန် သန်မာထွားကျိုင်းတဲ့ ယောကျ်ားသား တစ်ယောက်ဟာ လူသတ်သမား တစ်ယောက်က လည်မျိုကို သုံးမြောင့်သံချွန်နဲ့ ထိုးသွင်းတာကို အေးအေးဆေးဆေး ခံပါ့မလား'

'ဘယ်ခံပါ့မလဲ'

'အေး....ဘယ်တော့မှမခံဘူး၊ အဲဒီလူဟာ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေမှပဲ သတ်လို့ရတယ်၊ နောက် တစ်ချက်အတော့ ချစ်တင်းနှီးနှောနေတုန်းမှာ အသစ်ထိုးထည့်တာမျိုးပဲ ရမယ်၊ အားလုံးကိုခြုံကြည့်ရင် ချီအန်းနဲ့ ခုံလျောင်းဟာ တခြား ဘာဒဏ်ရာမှမရှိတဲ့အတွက် အမျိုးသမီးက မာယာနဲ့မျှားပြီး သတ်တာကွ၊ အဲ... တပ်မှူးကြီး ကျင်းဖိန်မှာက တခြားလက်မောင်း၊ လက်ပြင်တွေမှာကော ဦးခေါင်းမှာပါ ဖူးရောင် ညိုမည်းနေတဲ့ ဒဏ်ရာတွေ တွေ့ရတယ်၊ ကျင်းဖိန်ကိုလေ့လာ သုံးသပ်လို့ရတာက ရန်သူနဲ့ တိုက်ခိုက်တယ်၊ ရန်သူရဲ့ လက်ဝါး၊ ဒါမှမဟုတ် လက်သီးက ဦးခေါင်းကိုထိပြီး မေ့မျောသွားခဲ့ယ်၊ အဲဒီအခါကျမှ လည်မျိုကို သုံးမြောင့်ဓားနဲ့ ထိုးသွင်းမယ်၊ ဒီတော့ လူသတ်သမားဟာ ယောကျ်ားပဲဖြစ်ရမယ်'

ယွန်မ်က စကားရပ်ပြီး ဆန်းကိုးတို့ကို စိုက်ကြည့်နေသည်။ ပြီးမှ....

'မင်းတို့ နေ့လယ်ကတွေ့ခဲ့တဲ့သူဟာ ကျင်းဖိန်ကို သတ်တာပဲ၊ သူသတ်မှန်း မင်းတို့ သိစေချင်တဲ့အတွက် တြိဂံပုံစံကို တမင် ပြသခဲ့တာပဲ'

ဝမ်ပါးက....

'ဒါဆို သုံးမြှောင့်ဓားသမားဟာ ကျား တစ်ယောက်၊ မ တစ်ယောက် ဖြစ်နေပြီ'

ယွမ်က ခေါင်းညိတ်သည်။

'အမှန်ပဲ၊ ဘာဖြစ်လို့လဲဆိုတော့ ချီကန်းကိုသတ်တဲ့ နေရာနဲ့ ခုံလျောင်းကို သတ်တဲ့နေရာမှာ အဲဒီလို တုတ်ချောင်းတြိဂံ အမှတ်အသား လုပ်ခဲ့သလား'

ဆန်းကိုးက ခေါင်းယမ်းသည်။

'မတွေ့ရပါဘူး'

'အေး....အဲဒါ လူသတ်သမားချင်း မတူတာဘဲ၊ ဒါဟာ လူသတ်သမားရဲ့ ဉာဏ်နီဉာဏ်နက် လှည့်ကွက်တွေပဲ၊ အမျိုးသားလိုသို့၊ အမျိုးသမီးလိုလို ဖြစ်သွားအောင် မျက်လှည့်ပြလိုက်တာပဲ၊ ဒါပေမယ့် ငါပြောရဲတယ်၊ မင်းတို့ အမျိုးသမီးကော အမျိုးသားကော စုံစမ်းရမယ်၊ ဒါပဲ'

ဝမ်ပါးတို့က အချင်းချင်း တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်၍ ခေါင်းညိတ်နေကြသည်။

ယွမ်က ဆက်၍....

'ဆန်းကိုး၊ မင်းရဲ့တြိဂံ ပုဂ္ဂိုလ်ကြီးအတွက် ဘယ်လိုစီစဉ်ထားသလဲ'

ဆန်းကိုးက....

'ဒါတော့မပူပါနဲ့ အုပ်ချုပ်ရေးမှူး၊ သူ ဆိုင်ကထွက်သွားလို့ ကျွန်တော်တို့ မျက်ခြည်ပြတ်သွားတာနဲ့ မြို့အထွက်လမ်းတွေမှာ ကျွန်တော့်လူတွေ ချထားပါတယ်၊ ခုချိန်ထိ ဒီပုဂ္ဂိုလ် မြို့ထဲက မထွက်သေးပါဘူး'



'အင်း....ဒီလိုတော့လဲ မင်းမဆိုးပါဘူး၊ အဲ နောက်တစ်ခု ငါပြောချင်တာက ခုံလျောင်းဟာ ဒုတိယနာမည်ကွ'

'ဗျာ....'

ဆန်းကိုး အံ့ဩသလို မော့ကြည့်လိုက်သည်။

'ခုံလျောင်းဟာ နာမည်ပြောင်းထားတာ၊ သူ့နာမည်အရင်းက လွှကြီးတဲ့၊ ချန်းကျန်းမြစ်အထက်ပိုင်း မြစ်ရိုးတစ်လျှောက်မှာ နာမည်ကြီးခဲ့တဲ့ ဒုစရိုက်သမားအကြီးစားပေါ့၊ သူအသတ်ခံရတာ မဆန်းပါဘူး၊ နေပြည်တော်က အသေရရ အရှင်ရရ အလိုရှိနေတဲ့ ဝရမ်းပြေးတစ်ယောက်ပါ၊ သူ့မှာ လွှဖီးဆိုတဲ့ ညီတစ်ယောက်ရှိသေးတယ်၊ အဲဒီကိစ္စကို ခုံလျောင်း၊ အဲ...လွှကြီးရဲ့မိန်းမဆီသွားပြီး မင်းတို့လည်ပင်း ညှစ်နိုင်ရင် ပါးစပ်က အလိုလို ထွက်လာလိမ့်မယ်လို့ ငါထင်တယ်'

ဆန်းကိုးတို့က ခေါင်းညိတ်လိုက်လေသည်။

ယွမ်က စားပွဲပေါ်သို့ လက်ဝါးနှစ်ခု စုံချလိုက်ပြီး....

'ကဲ....မင်းတို့လုပ်စရာရှိတာဆက်လုပ်၊ ဒီညမင်းတို့နဲ့ ထပ်တွေ့ချင်တယ်၊ နောက်ပြီး ဟိုကိစ္စကိုလဲ မမေ့နဲ့ဦး၊ စိတ်ဝေဒနာသည်တွေရဲ့မှတ်တမ်းကိစ္စ'

'ကောင်းပါပြီ၊ အုပ်ချုပ်ရေးမှူး'

●

## အခန်း (၁၂)

ပထမဆုံး....

ချိကန်း အသတ်ခံရသည့် ကိစ္စတုန်းက ဆယ်ရက်နီးပါး တစ်မြို့လုံး လှုပ်လှုပ်ရှားရှား ဖြစ်သွားခဲ့သည်။

ဆယ်ရက်ကျော်တော့သည်း မေ့သွားကြ၏။

တစ်ဖန် တစ်လပြည့်သောနေ့တွင် ခုံလျောင်း ထပ်မံ၍ အသတ်ခံရပြန်သောအခါ မြို့သူမြို့သားတို့ တုန်လှုပ် ချောက်ချားလာပြန်တော့သည်။

သည်ကြားထဲ....

ရက်ပိုင်းအတွင်း တပ်မှူးကြီးပါ အသတ်ခံရသောအခါ မြို့သူမြို့သားတို့မှာ အကြီးအကျယ် ချောက်ချား တုန်လှုပ် ကုန်တော့သည်။



လူသတ်သမားက တြိဂံဓားသမားဆိုပဲ။

တြိဂံဓားသမားဟာ အမျိုးသမီးဆိုပါလား။

လူသတ်သမားက နှစ်ယောက်တောင်။

မိန်းမတစ်ယောက်၊ ယောကျ်ားတစ်ယောက်လို့ ပြောကြတယ်။

တစ်မြို့လုံး....

တစ်ယောက်တစ်ပေါက် ပြောဆိုဝေဖန်သံများ။

အချို့ကလည်း စကားဆိုသည့်အတိုင်း ကားသွားကြသည်။

နောက်ကိုလည်း လူတွေအများကြီး သတ်ဦးမှာ....တဲ့။

မြို့ပြအုပ်ချုပ်ရေး တပ်ဖွဲ့တွေလဲ ဘာမှ မတတ်နိုင်ဘူးလို့ ပြောတယ်။

မြို့စားကြီးကိုတောင် လူသတ်သမားက သတ်ဦးမယ်ဆိုလားပဲ။

အမျိုးသမီး လူသတ်သမားကို မကြွင်ခင် ဖမ်းမိမက်လို့ တော့ ပြောနေတာပဲ။

တြိဂံဓားသမားကို ကြောက်လို့ အချို့လူတွေတောင် ဒီမြို့မှာ မနေရဲတော့ဘူး....တဲ့။

စသည်ဖြင့်.... စသည်ဖြင့်....

စကားများက ကျယ်ပြန့်လာတော့သည်။

မှန်တာတွေလည်းပါသည်။

မှားတာတွေလည်း ပါသည်။

အချို့များဆိုလျှင်....

အတွေးလွန် အကြောက်လွန်ပြီး....

'ငါ့အလှည့်များ ရောက်လာလေမလား'

ဟု တွေးပြီး သောကရောက်နေသူများလည်း ရှိသည်။

*　　*　　*

တပ်မှူးလေး ရှုဖုန်းရိသည်....

အတွေးပေါင်း မြောက်မြားစွာနှင့် နပန်းလုံးနေသည်။

မိမိ၏ဂေဟာ၊ မိမိ၏သီးသန့်ခန်းထဲ၌ပင် ဖြစ်သော်လည်း လက်စွဲတော်ဓားကို အနားတွင် အသင့်ချထားသည်။

သူသည် တြိဂံဓားသမားနှင့် ဆက်နွယ်နေသည်မှာတော့ အမှန်ပင် ဖြစ်သည်။

တြိဂံဓားသမားနှင့် မပတ်သက်ဘဲ သူ့ထံသို့ အနီရောင် အမည်းကတ်ပြား ရောက်လာနိုင်စရာ အကြောင်းမရှိ။

သူသည် တပ်မှူးကြီး ကျင်းဖိန် အသတ်ခံရပြီးကတည်းက အနီရောင်ကတ်ပြားများ ရောက်လာဦးမလားဟု စောင့်ကြည့်နေမိသည်။

ရောက်မလာပါ။

ရောက်လာနိုင်စရာလည်း အကြောင်းမရှိ။

ထိုအနီရောင်ကတ်ထဲ၌ တပ်မှူးကြီးကျင်းဖိန် အမည်မပါ ရှိပါဘဲလျက် ယခု အသတ်ခံလိုက်ရသည်။

ထိုအခါ တွေးစရာ ဖြစ်လာ၏။

သူ့ထံသို့ပို့နေသော အနီရောင်ကတ်ပြားထဲ၌ တပ်မှူးကြီး ကျင်းဖုန်အမည် မပါဘဲ အသတ်ခံရခြင်းမှာ ဆန်းကိုးတို့မြော



က်နဲ့သို့ တြိဂံဓားသမားသည် နှစ်ယောက်ဖြစ်ပြီး တစ်ယောက်က မိန်းမ၊ တစ်ယောက်က ယောကျ်ားဖြစ်မည် ဆိုသည်မှာ မှန်ပေမည်။

ရှုဖုန်းရိ၏စိတ်ထဲ၌ တြိဂံဓားသမား နှစ်ယောက်သည် သူတို့သတ်မည့် လူအမည်များကို ခွဲဝေထားပြီး သက်ဆိုင်ရာ လူသတ်သမားက သူနှင့် သက်ဆိုင်သောသူထံကို အနီရောင်ကတ် ပို့မည်လားဟုထင်ပြီး တပ်မှူးကြီးကျင်းဖိန်အိမ်ထဲတွင် အနီရောင်ကတ် တွေ့လို တွေ့ငြား ပိုက်စိပ်တိုက်၍ ရှာခဲ့သေးသည်။

မတွေ့ရပေ။

အုပ်ချုပ်ရေးမှူးယွမ်နှင့် လူဆိုးထိန်း ဟော့ဆန်းကိုးတို့သည် မိမိထံသို့ ရောက်ရှိနေသော အနီရောင်ကတ်ကိုသာ ပြလိုက်လျှင် အတော်ပင် အထောက်အကူ ရရှိသွားမည် ဖြစ်သည်။

မိမိသည် ထိုကတ်ကိုပြ၍ ထုတ်ဖော်ပြောလျှင် ကောင်းမည်လား။

သည်လိုလည်း မဖြစ်သေးပါ။

အဘယ်ကြောင့်ဆိုသော်....

ယခုအသတ်ခံရသော ချီဏန်းနှင့် လွေကြီးခေါ် ခုံလျောင်းတို့သည် အတိတ်က လုံးဝ မကောင်းခဲ့သော ဒုစရိုက်သမားများ ဖြစ်သည်။

ထို့ကြောင့် နာကြည်းမှုရှိသောသူက တလဲ့စားချေခြင်း ဖြစ်နိုင်သည်။

မိမိ၏ အမည်သည် ထိုလူများနှင့် တွဲပြီး ပေါ်နိုင်နေခြင်းမှာ ဟော့ဆန်းကိုးတို့ သိသွားလျှင် မိမိကို အထင်သေးသွားနိုင် သည်။

ရှဖုန်းရိသည် အရင်က ဒုစရိုက်သမား တစ်ယောက်များ ဖြစ်လေမလားဟု သံသယ ရှိလာနိုင်သည်။

ထိုအဖြစ်မျိုးကိုတော့ ရှဖုန်းရိက အဖြစ်မခံနိုင်။

သူသည် အများအထင်သေးမှုကို အလွန်ကြောက်ရွံ့ပြီး အရှက်အကြောက်ကြီးသူ ဖြစ်သည်။

အနီကတ်ထဲ၌ပါသော လေ့ဖီးနှင့် ကြဲမှုချမ်းတို့ကိုတော လူသတ်သမားက အနီကတ်ပို့၍ အသိပေးထားမည်လား။

မိမိ တစ်ယောက်တည်းကိုပင် သီးသန့် ပို့ပေးနေခြင်း လား။

ရှဖုန်းရိ အမျိုးမျိုး တွေးတောသည်။

နောက်ဆုံး စဉ်းစားမိသည်မှာ....

ဟော့ဆန်းကိုးတို့နှင့် တွေ့ဆုံပြီး အရိပ်အမြွက် စကားလေး တော့ ပြောထားမှ ဖြစ်မည်ဟု ဆုံးဖြတ်ထားလိုက်သည်။

* * *

လီလီ ချက်ပြုတ်ထားသော အစားအသောက် များက ရှဖုန်းရိကို အလွန် ခံတွင်းတွေ့စေပေသည်။

ရှဖုန်းရိသည် စားသောက်ရင်းမှ မျက်နှာသိပ်ပြီး သာသာ ယာယာ မရှိလှသော လီလီကို အကဲခတ်ကြည့်ကာ....

'လီလီ.... ညီမ နေမကောင်းရဲ့လား'



'အစ်ကို ဘာကို စိုးရိမ်လို့ မေးနေတာလဲ'

ရှဖုန်းရိက ပြုံးကာ....

'ငါ့ညီမ နေကောင်းလား မကောင်းလား ဆိုတာတောင် မမေးရတော့ဘူးလားကွာ'

'အစ်ကိုဟာလေ ညီမအပေါ် သံသယတစ်ခုခု ရှိနေသလို ပဲနော်'

ရှဖုန်းရိက လက်ကာ၍....

'အာ....ဒီလိုမထင်ပါနဲ့ ညီမရယ်၊ အစ်ကို့မေတ္တာ ညီမ အပေါ် ဘယ်လောက် ကြီးမားတယ်ဆိုတာ ညီမသိပါတယ်၊ ဒီတော့ ညီမ မျက်နှာညိုမှုကို အစ်ကို သိပ် စိုးရိမ်တာပဲ'

လီလီက ချစ်စဖွယ်ပြုံး၍ မျက်စောင်းထိုးလိုက်သည်။

'အစ်ကို မလိမ်နဲ့နော်၊ အခုတလော အစ်ကို့မျက်နှာကို ကြည့်ရတာ သိပ်ပြီး ကြည်ကြည်လင်လင် မရှိလို့ အစ်ကို့ အတွက် ညီမက စိုးရိမ်နေတာ၊ အစ်ကို့မှာ ဘာများ စိတ် ညစ်စရာ ရှိနေလို့လဲ၊ ဒါမှမဟုတ် ညီမအတွက်များ စိတ် အနှောင့်အယှက် ဖြစ်နေသလားလို့ပါ'

'အို...မဟုတ်တာ လီလီကလဲကွာ၊ လီလီနေထိုင်ကောင်းပါ စေလို့ အစ်ကို အမြဲ....'

'ဟော.... သူဒါပဲ ပြောတယ်၊ လီလီ ဘာမှ မဖြစ်ဘူး အစ်ကိုသာ'

ရှဖုန်းရိက ထပ်မံ၍ လက်ကာလိုက်သည်။

'တော်ပြီညီမ၊ ညီမစိတ်မကောင်း ဖြစ်မယ့် စကားမျိုး အစ်ကို ဘယ်တော့မှ ထပ်မပြောဘူး၊ တို့လင်မယားဟာ

အမြဲတမ်း ပျော်ပျော်ရွှင်ရွှင် ဖြစ်နေရမှာပါကွာ၊ မဟုတ်ဘူးလား'

ရှုပ်နီးရီ စကားဆုံးတော့....

နှစ်ယောက်စလုံး အပြုံးကိုယ်စီနှင့် ပြန်ဖြစ်သွားသည်။

*　　*　　*

ဇေ ယမ်းယမ်းသည်....

ကျောင်းကိစ္စ ပြီးပြီးချင်း ချင်ချင်ဂေဟာသို့ တန်းလာရသဖြင့် ဒေါသဖြစ်ပြီး မကျေမနပ် ဖြစ်သွားသည်။

သူမသည် ချင်ချင်ဂေဟာမှ အလုပ်များကို အလွန်ပင် စိတ်ကုန်ခန်းနေခြင်း ဖြစ်သည်။

အထူးသဖြင့်....

ပေါက်တရ ပြောတတ်သော စိတ္တဇ ဝေဒနာရှင်တွေ၏ စကားသံများက သူမ၏စိတ်ကို များစွာ အနှောင့်အယှက် ပေးနေပေသည်။

သူမသည် ရှေးဦးစွာ သမားတော်ကြီး ချင်ချင်ထံ ဝင်ရောက် တွေ့ဆုံပြီးမှ မှတ်တမ်းများထားသည့် အဆောက်အအုံဆီသို့ လှမ်းလာခဲ့သည်။

ထိုအဆောက်အအုံထဲတွင်....

လက်ရှိ မှတ်တမ်းရေးသားသူ ခုတ်အီဆိုသည့် အမျိုးသမီးကြီးနှင့်အတူ ဟွေ့ဆန်းကိုးနှင့် ဝမ်ပါးတို့ကို တွေ့ရလေသည်၊



သူမက မကျေမနပ်နှင့် မျက်စောင်းထိုးလိုက်သည်ကို ဝမ်ပါးက အားရိုပါးရီ ရယ်မောလိုက်လေသည်။

'ဆရာမကို ကျုပ်တို့က အနှောင့်အယှက် ပေးလိုက်မိလို့ စိတ်တိုလာပြီနဲ့ တူတယ်'

သူမက ကုလားထိုင်တစ်လုံးတွင် ဝင်၍ ထိုင်လိုက်သည်။

'ဒီမှာ အစ်မကြီး ခုတ်အီသဲ ရှိသားပဲ၊ ရှင်တို့က စွဆောင်ရွက်လို့ မဖြစ်ဘူးလား၊ ကျွန်မ အဲဒီအလုပ်တွေ စိတ်ကုန်လွန်းလို့'

ဟွေ့ဆန်းကိုးက....

'အစ်မကြီးခုတ်အီကလဲ ကူညီမှာပါဗျာ၊ ဆရာမ သိပ်ပြီးတော့ မပင်ပန်းပါဘူး၊ ကျုပ်တို့ဟာကျုပ်တို့လဲ ကြိုးစားပြီး ရှာဖွေပါမယ်'

ဝမ်ပါးက ရယ်မော၍....

'ဆရာမကို ကျွန်တော်တို့က အကောင်းဆုံး စားသောက်ဆိုင်တစ်ခုမှာ သွားကျွေးမှာပါဗျ'

ခုတ်အီက ဝင်၍....

'အဲဒီအထဲမှာ ငါလဲပါတယ်နော်'

ဟု ပြောလိုက်ရာ အားလုံး ရယ်မောလိုက်သည်။

ဆရာမဇေ ယမ်းယမ်းသည် အသက်သုံးဆယ်ခန့် ရှိပြီဟု ခန့်မှန်းရသည်။

သူမသည် ရုပ်ရည်ချောမော၍ ကိုယ်လုံး ကိုယ်ပေါက် အချိုးအဆက် ကျနတောင့်တင်းသည်။

သို့သော် သူမသည် ယခုတိုင် အိမ်ထောင်မပြုသေးခြင်းမှာ သူမအကြိုက် ချစ်သူ မတွေ့သေး၍များလားဟု....

ဝေယမ်းယမ်းကိုကြည့်ရင်း ဝမ်ပါး စဉ်းစားနေမိသည်။

သို့သော် ဝေယမ်းယမ်းသည် ရှဖုန်းရိကိုမူ အတော်စိတ်ဝင်စားခဲ့သူဖြစ်မှန်း ဝမ်ပါးသိခဲ့လေသည်။

ရှဖုန်းရိ အိမ်ထောင်မပြုမီကဆိုလျှင် သူမသည် အတော်ပင် ရှဖုန်းရိကို အရေးပေးခဲ့လေသည်။

ထိုစဉ်က ဝမ်ပါးတို့က ရှဖုန်းရိကို အခြေအနေ မေးကြည့်သောအခါ မိတ်ဆွေလို ခင်မင်ကြတာပါကွာဟု ရှဖုန်းရိက ပြန်ပြောသည်။

ရှဖုန်းရိနှင့်လီလီ လက်ထပ်ပြီး သော်လည်း သူမသည် လီလီနှင့် အရင်းနှီးဆုံးဖြစ်နေရာ ရှဖုန်းရိအပေါ် သံယောဇဉ် မကုန်သေး၍ များလားဟု မဆီမဆိုင် ဝမ်ပါးက တွေးနေမိသည်။

'ကဲ.... ရှင်တို့ ဘာတွေ သိချင်ကြတာလဲ'

ဟော့ဆန်းကိုးကို ဝေယမ်းယမ်းက မေးသည်။

'ကျုပ်တို့ သိချင်တာကတော့ဗျာ၊ ဒီလို ရောက်လာတဲ့ စိတ္တဇဝေဒနာသည်တွေရဲ့ ကိုယ်ရေးမှတ်တမ်းကို သိချင်တာပဲ ဒါပေမယ့် ဆရာလဲ သိပ်မပင်ပန်းအောင်၊ ကျွန်တော်တို့လဲ အလုပ်မရှုပ်အောင် ဒီလိုလုပ်ချင်တယ်'

'ပြောပါရှင်'

ဟော့ဆန်းကိုးက အနည်းငယ် စဉ်းစားနေပြီးမှ....



'ဒီလိုဗျ၊ ကျုပ်တို့အလိုရှိတာက ခပ်ကြမ်းကြမ်း စိတ်ဖောက်ပြန်လာတဲ့ လူနာမျိုး၊ ဥပမာဗျာ လူတွေကိုရန်သူလို သဘောထားပြီး သတ်ချင် ဖြတ်ချင်တဲ့ ဝေဒနာသည်မျိုး၊ နောက်တစ်ခုက ဘဝ နာကြည်းလာပြီး တစ်စုံတစ်ယောက်ကို ကလဲ့စားချေဖို့ အမြဲတမ်း စိတ်ကူးနေတဲ့ လူနာမျိုး၊ အမျိုးသမီးထဲကပေါ့ဗျာ'

ဝေယမ်းယမ်းက ရယ်လိုက်သည်။

'လက်စသတ်တော့ ရှင်တို့လောလောဆယ် ခေါင်းကိုက်နေတဲ့ ဘာတဲ့....တြိဂံဓားသမား ကိစ္စနဲ့တူတယ်'

ဟော့ဆန်းကိုးက ခေါင်းကို ဆတ်ခနဲညိတ်လိုက်သည်။

'အဲ....အမှန်ပဲဗျ၊ ကျုပ်တို့အာစရိကလဲ စိတ္တဇ လူသတ်သမားလို့ ကောက်ချက်ချထားတယ်၊ သူ့ အတွေးကတော့ဗျာ အဲဒီလိုဖြစ်ခဲ့ဖူးတဲ့ လူတစ်ယောက်ရဲ့လက်ချက်လဲ ဖြစ်နိုင်တယ်ပေါ့ဗျာ၊ ဘယ်ထောင့်ကမှ ဟာကွက်မရှိရအောင် စုံစမ်းတဲ့သဘောမျိုးပေါ့'

ဝေယမ်းယမ်းသည် သူမ၏ခေါင်းကို ခပ်ဖြည်းဖြည်းကလေး ယမ်းလိုက်ပြီး သက်ပြင်းချလိုက်သည်။

'အားလုံးကို တစ်ခုချင်း ပြန်လှန်ရမှာပဲ၊ ရှင်တို့အနေနဲ့ အားလုံးကို ဖတ်ကြည့်ဖို့ မလိုပါဘူး၊ ရှင်တို့ ပြောတဲ့ပုံစံ အဖြစ်နိုင်ဆုံးနဲ့ အနီးစပ်ဆုံးကို ကျွန်မ ရွေးထုတ်ပေးပါ့မယ်၊ အဲဒီအထဲက ရှင်တို့ဟာရှင်တို့ ဖတ်ကြည့်ပြီး မှတ်သားထား

ပေါ့ ဟို....ကျွန်မ သင်္ကေတနဲ့ ရေးသားထားတာကို မရှင်း
တဲ့ အချက်တွေတော့ ကျွန်မ ပြောပြမယ်လေ'

'အား....သိပ်ကောင်းတဲ့ အစီအစဉ်ပါပဲဗျာ'

* *

ဝေယမ်းယမ်းက စာရွက်များထားသော စင်မြင့်ရှိရာ အခန်းဆီသို့ ခေါ်သွားသည်။

ခုတ်အီကလည်း အကူအညီပေးရန်အတွက် လိုက်ပါလာသည်။

စာရွက်စာတမ်းများထားသော စင်မြင့်မှာ ဖုန်အလိမ်းလိမ်းဖြင့် ဖြစ်နေပေသည်။

ထိုအခန်းကို အမြဲကမ်းအသုံးမပြုပေ။

လူနာမှတ်တမ်းတစ်ခု ထားမည်ဆိုမှ ဝင်ရောက်ပို့ခြင်းသာ ဖြစ်သည်။

ဝေယမ်းယမ်းသည် ဓားတံခါးများကို ဖွင့်လိုက်လေသည်။

ထိုအခါ အခန်းထဲ၌ အလင်းရောင်များ ဝင်ရောက်လာတော့သည်။

ဝေယမ်းယမ်း မျက်မှောင်ကုတ်၍ တစ်နေရာသို့ စူးစိုက်ကြည့်နေသည်။

သူမသည် လက်ရှိအဘွားကြီး ခုတ်အီကို တစ်ချက်လှမ်းကြည့်ကာ....



'အစ်မကြီး မကြာခင်က ဒီအခန်းထဲဝင်သေးလား'

ခုတ်အီက....

'အစ်မကြီးရောက်မှပြုစုတဲ့ မှတ်တမ်းတွေကို အပြင်ခန်းမှာပဲထားပါယယ်၊ ဒီအခန်းထဲကို တစ်ခါမှ မဝင်သေးပါဘူး၊ ဘာဖြစ်လို့လဲ'

ဝေယမ်းယမ်းက တစ်နေရာကို လက်ညှိုးထိုးပြ၍....

'ဟိုမှာကြည့်စမ်း၊ မှတ်တမ်းစာရွက်တွေဟာ ပွပြီး စည်းမရှိကမ်းမရှိ မွှေနှောက်ထားသလိုပဲ'

ဟွေ့ဆန်းကိုးသည် မျက်မှောင်ကြုတ်၍ ကြည့်မိသည်။

ဝေယမ်းယမ်းပြောသည်မှာ မှန်သည်။

တကယ်ဆိုလျှင် စာရွက်များသည် အစီအရီ ရှိနေရပြီး ဖုန်မှုန့်တက်လျှင်လည်း အပေါ်ဆုံးမှ စာရွက်များသာ ဖုန်အလိမ်းလိမ်း ဖြစ်နေရပေမည်။

ယခု ဖုန်တက်သော စာရွက်ပေါ်တွင် ဖုန်မတက်သော စာရွက်အချို့ကလည်း ရောက်ရှိနေသည်။

'အစ်မကြီးမရှိခင် ထမားတော်ကြီးတို့ လိုချင်တာရှိလို့ ဝင်ပြီး ရှာဖွေသွားတာနဲ့ တူတယ်'

ခုတ်အီ ပြောသည်မှာ ဖြစ်နိုင်သည်ဟု ဝေယမ်းယမ်းက စဉ်လိုက်ပြီး အရေးမကြီးသကဲ့သို့ စာရွက်များကို အထပ်လိုက် အောက်ချလိုက်သည်။

ထို့နောက်သူမသည် မှတ်တမ်းတစ်ခုချင်းကို နာမည်နှင့် ရောဂါလက္ခဏာများဖတ်ရှုကာ လုပ်ငန်းကိုစတင်တော့သည်။

* * *

နှစ်နာရီကျော် သုံးနာရီခန့် ကြာသောအခါ....

ဟော့ဆန်းကိုးတို့လက်ထဲသို့ မှတ်တမ်း အတော်များများ ရောက်ရှိလာသည်။

သူတို့၏ကိုယ်တွင်လည်း ချွေးတလုံးလုံးနှင့် ဖြစ်လာတော့သည်။

'အဲဒါတွေအားလုံးဟာ လွန်ခဲ့တဲ့ အနှစ်နှစ်ဆယ်အတွင်း လာကုတဲ့ လူမမာတွေထဲက ရှင်တို့နဲ့ ပတ်သက်မယ်ထင်တဲ့ လူနာတွေပဲ၊ အသေးစိတ်ကို ရှင်တို့ အေးအေးဆေးဆေးဖတ်ကြည့်ကြလေ'

ဝမ်ပါးက စာရွက် တစ်ထပ်ကြီးကိုပိုက်၍ ကျေနပ်စွာ ခေါင်းညိတ်လိုက်လေသည်။

'ကောင်းပါပြီဆရာမ၊ ကျွန်တော်တို့ ခဏနားချင်းပြီးတစ်ခုခု သွားစားကြတာပေါ့'

ဟု ပြောကာ စားသောက်ဆိုင်တစ်ခုသို့ ခေါ်သွားသည်။

* * *

မကြာမီ—

လေးယောက်စလုံး ရယ်မောကာဖြင့် ပြန်လာကြသည်၊ ဟာနေသောဝမ်းဗိုက်ကို အစားအသောက်တလေး ဖြည့်စွက်ပေးလိုက်သဖြင့် စိတ်ရှင်လန်း လာကြပုံရသည်။

ဟော့ဆန်းကိုးနှင့် ဝမ်ပါးတို့သည် မှတ်တမ်းများကို တစ်ခုချင်း စစ်ဆေးကြည့်ရှုနေသည်။



ဝေ့ယမ်းယမ်းက ကူညီရန် အနားတွင် အသင့်ရှိနေ၏။

ဟော့ဆန်းကိုးသည် မှတ်တမ်းများ ဖတ်ရှုနေသော်လည်း စိတ်ထဲတွင် တစ်စုံတစ်ရာကို သံသယဝင်နေပေသည်။

အခြားမဟုတ်ပါ။

လောလောလတ်လတ် ခြေရာလက်ရာ ပျက်နေခြင်းမှာ သမားတော်ကြီးများ ကိုယ်တိုင် ဝင်ရောက်မွှေသွားလေသလား။

ဒါမှ မဟုတ်....

တစ်စုံတစ်ယောက်သောသူက လာရောက် မွှေနှောက်သလေသား

မကြာမီ သမားတော်ကြီး ချင်ယားရောက်ရှိလာသဖြင့် ဟော့ဆန်းကိုးက ထိုကိစ္စကို မေးဖြစ်အောင် မေးလိုက်မိလေသည်။

'ဆရာကြီးခင်ဗျား၊ ဒီအခန်းထဲက မှတ်တမ်းတွေကို ဆရာကြီးတို့ ကိုယ်တိုင် ဝင်ရောက် ရှာဖွေခဲ့ဖူးပါသလား'

သမားတော် ချင်ယားက မျက်မှောင်ကုတ်ရင်းမှ ခေါင်းယမ်းလိုက်လေသည်။

'ကြံကြံဖန်ဖန်ကွာ၊ တို့ညီအစ်ကို ဒီအခန်းထဲကို အကြောင်းကိစ္စနဲ့မှ မဝင်ဘူး၊ လိုချင်စရာရှိရင် ခုတ်အီကို ယူခိုင်းမှာပေါ့'

ဝေ့ယမ်းယမ်းက....

'ဒီအခန်းထဲမှာ တစ်ယောက်ယောက် ဝင်မွှေထားသလို ခြေရာလက်ရာတွေ ပျက်နေတယ်'

သမားတော် ချင်ယားက အံ့ဩသွားသည်။

'ဟုတ်လား၊ ဒါဆိုရင် တစ်ဦးတစ်ယောက် ဝင်မွှေတာပဲ ဖြစ်ရမယ်၊ ဒါဖြင့် ဒီလို လုပ်ပါလား ဝေယမ်းယမ်းရဲ့ အပြင်က လက်ခံ မှတ်တမ်းစာအုပ်ကြီးနဲ့ ဒီမှာရှိတဲ့ ကိုယ်ရေး မှတ်တမ်းတွေကို တိုက်ကြည့်ပါလား၊ ဘယ်ဟာ ပျောက်နေတယ်ဆိုတာ သိရတာပေါ့'

'သိပ်တော့ မလွယ်လှဘူး ဆရာကြီး'

ဝေယမ်းယမ်းက စိတ်ပျက်စွာဖြင့် ပြောသည်။

'နည်းနည်းတော့ အလုပ် ရှုပ်မှာပေါ့လေ၊ ဒါပေမယ့် ခုတ်အီက ဝင်ပြီး စစ်ဆေးပေးလိုက်ပါ'

ခုတ်အီက ခေါင်းညိတ်လိုက်သည်။

ထို့နောက် သူမသည် လူနာတစ်ဦးကို စတင်လက်ခံစဉ် သူမ၏ အမည်နှင့် မှတ်တမ်းအကျဉ်းချုပ် ရေးထားသော စာအုပ်ကြီးကို ယူ၍ သိမ်းဆည်းထားသော ကိုယ်ရေး မှတ်တမ်းများကို စစ်ဆေးနေပေသည်။

ဝမ်ပါးသည် မှတ်တမ်းတစ်ခုကို စိတ်ဝင်စားစွာ ကြည့်ရှုနေရာမှ ဟော့ဆန်းကိုးအား ပြလိုက်သည်။

'အဲဒီ ရန်းကွေးဆိုတဲ့ အမျိုးသမီးမှတ်တမ်းကို ဖတ်ကြည့်စမ်း'

'အဲဒီအထဲမှာ ဘာတွေတွေ့ရလို့လဲ'

ဆန်းကိုးက မှတ်တမ်းကို လှမ်းယူခြင်း မပြုဘဲ ပြန်မေးလိုက်သည်။

ဝမ်ပါးက...



'အဲဒီအမျိုးသမီးဟာ အသက် ဆယ့်လေးနှစ်မှာ စိတ်ဖောက်ပြန်တယ်၊ သူ့ပါးစပ်က လူတွေကို သတ်ဖို့ချည်းပဲ ပြောနေတယ်၊ တစ်ယောက်ပြီးတစ်ယောက် သတ်မယ်၊ အားလုံးကို တန်းစီပြီး သတ်မယ်ဆိုတဲ့ စကားတွေကိုပဲ ပြောတယ်'

သမားတော် ချင်ယားက အနားသို့ ရောက်လာပြီး ထိုမှတ်တမ်းကို ဆွဲယူကာ စာရွက်တစ်ရွက်ကို လှန်လှောကြည့်ကာ ဝမ်ပါးအား လက်ညှိုးထိုးပြရင်း....

'ဟောဒီစာရွက်မှာ ရေးထားတဲ့ တို့ရဲ့နောက်ဆုံး မှတ်ချက်ကို ကြည့်ကွ၊ ဒီမှာ တို့က ဘာရေးထားသလဲဆိုရင် ရန်းကွေးဟာ သတ်ဖြတ်မှုများကို မြင်တွေ့ပြီး စိတ်ဖောက်ပြန်လာသူဖြစ်သည်။ ဆေးရုံတွင် သုံးလကြာ ကုသသော်လည်း ပျောက်ကင်းခြင်း မရှိဘဲ အခြားရောဂါနှင့် သေဆုံးသွားသည်လို့ မှတ်ချက်ပေးထားတော့ မင်းတို့အနေနဲ့ ဆက်ပြီး လေ့လာဖို့ မလိုတော့ဘူးပေါ့၊ သူမှမရှိတော့ဘဲ၊ မဟုတ်ဘူးလား'

ဝမ်ပါးမှာ လေပူတစ်ချက်ကို မှုတ်ထုတ်လိုက်ပြီး ထိုစာရွက်ကို စစ်ဆေးပြီးသား အပုံထဲသို့ ပစ်ထည့်လိုက်လေသည်။

လုပ်ငန်းက ထက်ဝက်မျှသာပြီးသေးသည်၊ အချိန်ကကုန်ဆုံးသွားသဖြင့် နောက်နေ့များမှ ဆက်လက် ဆောင်ရွက်ရန် ပြောပြီး ယနေ့အဖို့ လက်စသတ်လိုက်ကြတော့သည်။

## အခန်း (၁၄)

ယနေ့ ညဦးပိုင်း အုပ်ချုပ်ရေးမှူး ယွမ်က တွေ့ဆုံရန် ချိန်းထားသဖြင့် ဟော့ဆန်းကိုးတို့သည် စားသောက်ပြီးသည်နှင့် ရုံးခန်းမထဲသို့ ရောက်ရှိနေကြသည်။

ဟော့ဆန်းကိုးသည် ဝမ်ပါး၏ အနားသို့ သွားထိုင်ကာ—

'ဟော့ကောင် မင်း ဘာတွေ တွေးနေတယ်ဆိုတာ ငါ အတတ်ပြောရမလား'

'ဆရာဆန်းကိုး ဘာတွေ မဟုတ်တာ ဟုတ်တာ ပြောဦး မလို့လဲ'

ဟော့ဆန်းကိုးသည် သူ့ထက် အသက်ငယ်ပြီး ထုထိုင်းငယ်သော်လည်း ဝမ်ပါးကို ချစ်သည်။



ဝမ်ပါးသည်ယခုချိန်ထိ အိမ်ထောင်မပြုသေးသော လူလွတ် တစ်ယောက် ဖြစ်သေးသည်။

သူ့ကို မိန်းမ မယူတော့ဘူးလားဟု မေးသည့်အခါတိုင်း...

'ကျွန်တော် ဒီအမှုထမ်းအလုပ် လုပ်နေသရွေ့ ဘယ်တော့မှ မယူသေးဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့ရဲ့ ဘဝတွေဟာ ရေရာတာမှမဟုတ်တဲ၊ သူများသားသမီး မုဆိုးမဖြစ်သွားမှာကို မလိုလားပါဘူးဗျာ'

ဟူ၍ ဆင်ခြင်ပေးတတ်လေသည်။

'ဟော့... ငါ မင်းကို ဘယ်တော့မှ မဟုတ်တမှန်တာ မပြောဘူး၊ ငါမျက်စိနဲ့ သေသေချာချာ လေ့လာပြီးမှ ပြောတာ'

ဝမ်ပါးက ရယ်ကာ ပြန်ကြည့်သည်။

ဆန်းကိုးက ဆက်ပြီးပြော၏။

'ဆရာမ ဝေ့ယမ်ယမ်းတာ မဆိုးပါဘူး၊ မျက်လုံးလေး ထောင့်ကပ်ပြီး မင်းကို မကြာမကြာကြည့်တယ်၊ မင်းကလဲ သူ့အနားမှာပဲ ပွတ်သီးပွတ်သပ် လုပ်နေတာပဲ မဟုတ်လား'

'မဟုတ်တာဗျာ၊ ဒီအခန်းထဲမှာ အတူတူ အလုပ်လုပ်နေကြတာပဲ၊ ဒီလောက်တော့ နီးနီးကပ်ကပ် ရှိမှာပေါ့'

ဟော့ဆန်းကိုးက သူ့အံသွားကို ပြန်ဖုံးလက်ညှိုးထိုးပြရင်းမှ...

'ဒီမှာ၊ တွေ့ရ မြင်ရပေါင်းများလို့ အံတိုနေပြီ၊ ကဲ...ငါ မေးမယ်၊ မင်း အမှန်အတိုင်းပြော၊ မင်း ဝေ့ယမ်းယမ်းကို မကြိုက်ဘူးလား'

ဝမ်ပါး ပါးစပ်ပိတ်ထားသည်။

'အဲ....မကြိုက်ဘူးလို့ မင်းမပြောခဲ့ဘူး မဟုတ်လား၊ ဝေ့ယမ်းယမ်းကို မကြိုက်ပါဘူးလို့ ပြောတဲ့ယောကျ်ားဟာ နွားပဲကွ'

'ဟာ....ဆရာဆန်းကိုးကလဲ'

'ငါက ပြောင်ပြောင်ပဲ ပြောတာ၊ မင်း တွက်ကြည့်လေ၊ ဝေ့ယမ်းယမ်းဟာ ရုပ်ချောတယ်၊ ပညာလဲတတ်တယ်၊ ကိုယ်လုံး ကိုယ်ပေါက်ကလဲ ပြောစရာမရှိဘူး၊ ဘယ်မှာလဲ သူ့ရဲ့ ချို့ယွင်းချက်'

'ဒါပေမယ့်ဗျာ၊ ကိုယ်ကကြိုက်တိုင်းလဲ သူက ကြိုက်ဦးမှ ကိုးဗျ'

ဆန်းကိုးက သဘောကျသွားသလို တဟားဟား ရယ်လိုက်လေသည်။

'ငါမေးတာက သူကြိုက်တာ မကြိုက်တာကို မေးတာ မဟုတ်ဘူး၊ မင်း သူ့ကို ကြိုက်သလား မကြိုက်လားမေးတာ၊ မင်း အခု ဝန်ခံတယ်မဟုတ်လား'

'ဒါပေမယ့်ဗျာ....'

ဟော့ဆန်းကိုးက လက်ကိုခါယမ်း၍....

'မင်း ဘာပြောမယ်ဆိုတာ ငါသိပြီးသားပါ၊ ဒီမှာ—ယောကျ်ား မြွေကိုက်ပြီးသေသွားတဲ့ မုဆိုးမတွေလဲ အများကြီးပါကွာ၊ အဲဒါတွေ မင်းထည့်မစဉ်းစားနဲ့၊ မင်းနဲ့ ဝေ့ယမ်းယမ်း နီးစပ်အောင် ငါဖန်တီးပေးမယ်'

'ဟာ....မလုပ်ပါနဲ့ဗျာ'



'အံ့ဩ....မင်းကများ ငြင်းနေရသေးတယ်၊ မင်းနဲ့ဆို ရွှေသွား နောက်လိုက်ညီလို့ကွ၊ နောက်နေ့တွေ့တဲ့အခါ ငါ လမ်းခင်းပေးမယ်'

ဝမ်ပါးဇာ ဘာမှပြန်မပြောတော့ပေ။

အုပ်ချုပ်ရေးမှူးယွမ် အခန်းထဲသို့ ဝင်လာလေသည်။

* * *

ယွမ်သည် သူ၏ပါးလျားသော နှုတ်ခမ်းအစုံကို စေ့ထားပြီး စာရွက်စာတမ်းအချို့ကို စိတ်ဝင်စားစွာ ဖတ်ရှုနေပေသည်။

ခန်းမထဲ၌ လူဆယ်ယောက်ခန့် ရောက်ရှိနေသည်။

စာရွက် ဖတ်ပြီးသောအခါ ယွမ်သည် မည်သည့်စကားမှ မပြောသေးဘဲ ခပ်သန်လန်ထိုင်ပြီး မျက်နှာကြက်ကို မော့ကြည့်နေသည်။

ယခုရက်ပိုင်းအတွင်း ယွမ်၏ ပြည့်တင်းနေသော မျက်နှာသည် သိသိသာသာကြီး ချောင်ကျသွားသည်။

ယွမ်မှာ အကြီးအကျယ် စိတ်ထိခိုက်နေမှန်း သိသာလှပေသည်။

ယွမ်သည် စိတ်ထားဖြူစင်ပြီး အသွန်တောင်သည့် အထက်လူကြီးတစ်ယောက် ဖြစ်သည်ကို အားလုံးက အသိအမှတ်ပြုထားသည်။

သူ၏လက်အောက်ရှိ အမှုထမ်းအားလုံးကို သူပြောထားသကဲ့သို့ပင် အရောင်အသွေး တက်စေချင်သည်၊ ထူးချွန် ထက်မြက်စေချင်သည်။

ထို့ကြောင့်လည်း သူသည် ဆရာစားမချန်သဲ့ သူသိသမျှ တတ်ကျွမ်းသမျှကို အားလုံး ဖွင့်ပြောတတ်လေသည်။

သူ၏လက်အောက်မှ ငယ်သားတစ်ယောက် တစ်စုံတစ်ခု ဖြစ်လျှင် သူ စိတ်မချမ်းမသာ ဖြစ်သွားတတ်သည်။

လက်အောက်ငယ်သားများကို....

ချစ်သည့်သဘော။

ကြင်နာသည့်သဘောပင် ဖြစ်သည်။

'ဟော့...မင်းတို့ မြို့အဝင်အထွက်တွေမှာ ဘယ်သူတွေကို ထားပြီး စောင့်ကြည့်ခိုင်းသလဲကွ'

'ပန်စိန်းတို့အုပ်စု တာဝန်ယူထားပါတယ်'

'အင်း...ပန်စိန်းတို့ဆိုရင်တော့ မဆိုးလှပါဘူး၊ မင်းတို့ ပြောပုံအရဆိုရင် မင်းတို့ရဲ့ညီသည်တော်ကြီးက နှယ်နှယ်ရရ ပုဂ္ဂိုလ် ဟုတ်မယ်မထင်ဘူး၊ အတူးသတိထားရလိမ့်မယ်'

'ကျွန်တော်တို့ဒီည မြို့ထဲမှာ ပိုက်စိပ်တိုက်ရှာဖွေဖို့လဲ စီစဉ်ထားပါတယ်'

'ကောင်းပြီလေ၊ ဝီရိယဆိုတာ ပိုတယ်မရှိပါဘူး၊ ဒါထက် ချင်ချင်ဂေဟာက အခြေအနေ ဘယ်လိုလဲကွ'

ဟော့ဆန်းကိုးက....

'ကျွန်တော်တို့စီစဉ်နေဆဲပဲ၊ နက်ဖြန်လောက်ဆိုရင်တော့ ပြီးပါလိမ့်မယ်၊ တချို့ဝေဒနာသည်တွေဟာ အတော်စိတ်ဝင်စားဖို့ကောင်းနေပါတယ်၊ အာစရိ ပြောသလို ဖြစ်နိုင်တဲ့ အလားအလာတွေ အများကြီးရှိတယ်'

ယွမ်အာ ခါးကို ရှေ့သို့ ကိုင်း၍...



'အရေးကြီးတာက မင်းတို့မသင်္ကာတဲ့ မှတ်တမ်းတွေခွဲရင် အဲဒီအမျိုးသမီးဟာ အခုဘယ်မှာရှိနေတယ်၊ ဘာလုပ်စားနေတယ်ဆိုတာကိုပါ သိဖို့လိုတယ်နော်'

'ဟုတ်ကဲ့၊ ဒါနဲ့တစ်ခုပြောစရာ ရှိပါသေးတယ်'

'ပြောလေ'

'အခု ဒီရက်ပိုင်းအတွင်းမှာပဲ မှတ်တမ်းတွေကို တစ်စုံတစ်ယောက်ကဝင်ပြီး မွှေနှောက်သွားတာကို တွေ့ရတယ်'

ယွမ်သည် ခေါင်းကိုမော့၍ အချိန်အတန်ကြာအောင် စဉ်းစားနေတော့သည်။

'နေပါဦး၊ သူတို့အမှုထမ်းတွေထဲက....'

'ကျွန်တော်တို့မေးပြီးပါပြီ၊ ဒီအခန်းထဲကို ဘယ်သူမှ ဝင်ခွင့်မရှိတဲ့အပြင် သမားတော်ကြီးတွေကိုယ်တိုင်လဲ မဝင်ဘူးလို့ သိရတယ်'

ယွမ်က အောက်နှုတ်ခမ်းကို ကိုက်ထားပြီး ခဏစဉ်းစားသည်။

ပြီးမှ....

'ဒါဆို အဲဒီအချက်ဟာ နည်းနည်းတော့ တွေးစရာဖြစ်နေတယ်'

ဟော့ဆန်းကိုးက....

'ဒါပေမယ့် မှတ်တမ်းတွေ ပျောက်မှုရှိမရှိ သမားတော်ချင်ယဲ့ကိုယ်တိုင် စစ်ဆေးခိုင်းထားပါတယ်'

'အေး ကောင်းတယ်၊ အကယ်၍မှတ်တမ်းတစ်ခုခု ပျောက်ဆုံးနေရင် နာမည်တယ်သူလဲဆိုတာ သိဖို့လိုတယ်နော်၊ အဲဒါ အရေးကြီးတဲ့ အချက်တစ်ချက်ပဲ'

'ဟုတ်ကဲ့....ခင်ဗျ'

ယွမ်က ချောင်းတစ်ချက်ဟန့်ကာ....

'မင်းတို့ကို ငါပြောချင်တာ တစ်ခုရှိတယ်၊ အဲဒါဘာလဲဆိုတော့ ငါ့ရဲ့တစ်ချိန်က အတွေ့အကြုံ တစ်ခုပေါ့ကွာ'

အားလုံးစိတ်ဝင်စားစွာဖြင့် နားစွင့်ကြသည်။

'လွန်ခဲ့တဲ့ဆယ်နှစ်လောက်က ငါဒီကိုမရောက်ခင်က အဖြစ်အပျက်ကလေးတစ်ခုပေါ့၊ အဲဒါကဘာလဲဆိုတော့ အင်မတန်ခိုးတတ်တဲ့ ဖောက်ထွင်းဝိဇ္ဇာ အကြောင်းပေါ့။

'ထူးဆန်းတာက ဒီကောင်ဟာခိုးမယ့် အိမ်ကို အကြောင်းကြားစာအရင်ပို့ထားတယ်၊ နေ့ရက်ကိုတော့အတိအကျ ရေးမထားဘူး၊ ခင်ဗျားအိမ်ကပစ္စည်းကို ကျုပ်တစ်နေ့နေ့မှာ ခိုးမယ် သတိထားနေပါဆိုပြီး စာကိုကြိုတင်ပို့တယ်။

'အိမ်ရှင်တွေကလဲ ဒီစာရောက်လာတာနဲ့ သတိထားကြတာပေါ့ကွာ၊ ဝင်းခြံတံခါး၊ အိမ်တံခါးတွေကို အမြဲတမ်းလုံခြုံအောင်ပိတ်တော့တာပဲ၊ တချို့ဆိုရင် အပြင်မှာ လွယ်လွယ်ကူကူထားတဲ့ ရွှေထည်၊ ငွေထည် စသည်ဖြင့်ပေါ့ကွာ အဖိုးတန်ပစ္စည်းတွေကို ပိုပြီးလုံခြုံတဲ့နေရာမှာ သိမ်းဆည်းကြတော့တာပဲ'

ဆန်းကိုးတို့လူစုသည် စိတ်ဝင်စားစွာဖြင့် နားစွင့်နေကြသည်။



ယွမ်က ဆက်၍....

'ဒါပေမယ့် မကြာခင်မှာတဲ့ အဲဒီအိမ်ဟာ အခိုးခံရတော့တာပဲ၊ လုံခြုံအောင် သိမ်းဆည်းထားတဲ့နေရာကိုမှ ရွေးပြီး ခိုးသွားတယ်၊ အိမ်ရှင်တွေဟာ သူတို့ကိုယ်သူတို့ အပြစ်တင်လို့မဆုံးအောင် ဖြစ်သွားတယ်။

'သတိပေးထားလျက်နဲ့ လုံခြုံအောင် သိမ်းထားပါလျက်နဲ့ ဖြစ်ရလေခြင်းပေါ့၊ ဒီနေရာမှာ ငါတို့လေ့လာ သုံးသပ်မိတာက သူခိုးဟာ စိတ်ကူးမဆိုးဘူးလို့ ဆိုရမယ်ကွ၊ ဘာဖြစ်လို့လဲဆိုတော့ သူကကြိုတင်ပြီးစာရေးပို့ထားတော့ အိမ်ရှင်တွေဟာ အင်မတန်ခိုင်ခန့်တဲ့ သေတ္တာကြီးတွေကိုရွေးပြီး ခဲရာခဲဆစ်ထားမှာ အမှန်ပဲ၊ အဲ သူခိုးက သူဝင်ရောက်တဲ့အခါမှာ တခြား ထူးထူးထွေထွေ နေရာတွေကို အပင်ပန်းခံပြီး ရှာမနေတော့ဘူး၊ ကတ်သီးကတ်သတ် ချောင်ထဲမှာ ဝှက်ထားတဲ့ သေတ္တာတွေကိုသာ အမိကထားပြီး မသွားတော့တာပဲ၊ အားလုံး တစ်စုတစ်ပေါင်းတည်း ပါသွားပါလေရော'

နားထောင်နေသူများ၏ ရယ်သံများ ထွက်လာတော့သည်။

ယွမ်က ဆက်၍....

'အဲဒီနေရာမှာတော့ သူခိုးရဲ့ လိမ္မာပါးနပ်မှုလို့ ပြောရမှာပေါ့ကွာ၊ ငါပြောချင်တာက ဒါမဟုတ်သေးဘူး၊ ဒီသူခိုးဟာ တယ်သောက်အထိ သောင်းကျန်း လာသလဲဆိုရင် မြို့စားဂေဟာကိုတောင် သူက ကြိုတင်ပြီး စာရေးတော့တာပဲ၊ အဲဒီ အခါမှာ မြို့စားကြီးလဲ ငါ့ကို စော်ကားတာပဲဆိုပြီး ဒေါသ

အကြီးအကျယ် ထွက်တော့တာပဲ၊ ဒီသူခိုးကို မိတာနဲ့ သေဒဏ် ပေးရမယ်လို့ အမိန့်ထုတ်လိုက်ပါလေရော'

'မိသလား ဆရာ'

တစ်ယောက်က စကားဆုံးအောင် မစောင့်နိုင်၍ မေးသည်။

ယွမ်က ပြုံး၍ လက်ကာရင်း....

'မလောပါနဲ့ကွ၊ ပြောမှာပေါ့'

နားထောင်နေသူများ ရယ်သူရယ် ပြုံးသူပြုံး ဖြစ်သွားသည်။

ယွမ်က....

'မြို့စားကြီးအိမ်ကို အထူးကြပ်မတ်ဖို့ ဘယ်သူ တာဝန်ကျသလဲဆိုတော့ ငါကိုယ်တိုင်ပဲ၊ စာရောက်ပြီးတဲ့ ညမှာပဲ ငါက တာဝန်ယူရတယ်၊ အဲဒီအခါမှာ မျက်နှာဖုံးစွပ်ထားတဲ့ သူခိုးဟာ ထုံးစံအတိုင်း ရောက်လာတော့တာပဲ၊ ခြံဝကကင်းသမားတွေက သိတယ်၊ ဒါပေမယ့် ငါက အိမ်ထဲရောက်အောင် တမင် လွှတ်ထားဖို့ ပြောတဲ့အတွက် မသိချင်ယောင် ဆောင်ပြီးနေလိုက်တာ....။

'အဲ....တိုတိုပြောကြပါစို့ကွာ၊ သူခိုးကို ငါက ကွင်းခံ လက်ရဖမ်းလိုက်တာပေါ့၊ သူခိုးလဲ မပြေးသာ မရုန်းသာတော့ဘဲ အဖမ်းခံလိုက်ရတယ်၊ ဒါပေမယ့် သူ့ရဲ့မျက်နှာဖုံးကို ချွတ်လိုက်တဲ့အခါမှာ မျက်နှာကို မြင်လိုက်ရတာနဲ့ ငါဟာ မယုံကြည်နိုင်လောက်အောင် စိတ်တွေ တုန်လှုပ်ချောက်ချားသွားတော့တာပဲဟေ့'

ယွမ်က စကားကို ရပ်၍....



'ကဲ... မနက်ဖြန်မှပဲ ဆက်နားထောင်ကြကွာ'

'မလုပ်ပါနဲ့ဆရာ၊ ဆက်ပြောပါ'

ယွမ်က ကျီစယ်သည်ကို ဝမ်းပါးဘေးမှလူက ထပြောလိုက်ခြင်း ဖြစ်လေသည်။

'ဘာလဲ၊ မင်းတို့ သိပ်စိတ်ဝင်စားသလား'

'အင်မတန် စိတ်ဝင်စားစရာ ကောင်းတာပဲဆရာရဲ့'

'အေး အတွေ့အကြုံတွေကိုလဲ နားထောင်ကြ၊ ဒါတွေဟာ အမှုမှာ အထောက်အကူတွေ အများကြီး ဖြစ်နိုင်တယ်'

'ဟုတ်ကဲ့ဆရာ'

'အဲ.... မျက်နှာဖုံးချွတ်လိုက်တော့ သူခိုးဟာ ငါအင်မတန် လေးစားခင်မင်တဲ့ ပုဂ္ဂိုလ်ကြီး ဖြစ်နေတယ်ကွ'

'ဟာ....'

'ငါလဲ သူ့ကို အမျိုးမျိုး စစ်ဆေးတယ်၊ သူကလဲ အားလုံးခိုးခဲ့တာတွေဟာ သူပါပဲ၊ အခု မြို့စားအိမ်ကို ကြိုတင်စာပေးတာလဲ သူပါပဲ၊ သူ့ကို အပြစ်ပေးပါလို့ ရဲရဲဝံ့ဝံ့ပဲ ဝန်ခံပြောဆိုတယ်....။

'အဲဒီပုဂ္ဂိုလ်ဟာ ငါနဲ့ ခင်ရုံတင်မကဘူး၊ မြို့စားကြီးနဲ့ပါ ခင်မင်နေတဲ့လူဆိုတော့ မြို့စားကြီးလဲ စိတ်မကောင်း ဖြစ်နေတာပေါ့ကွာ၊ ဒါပေမယ့် သူ့ကတိအတိုင်း သေဒဏ်ပေးဖို့ကိုတော့ မပယ်ဖျက်ဘူးကွ...။

'ငါစိတ်ထဲမှာ ဒီပုဂ္ဂိုလ်ကြီးဟာ ဘယ်နည်းနဲ့မှ သူခိုးမဖြစ်နိုင်ဘူးဆိုတာ စွဲစွဲမြဲမြဲ ယုံကြည်ထားတယ်၊ ဒီတော့

ငါက ဘာလုပ်သလဲ သူ့ကို လှည့်ပတ်ပြီး စစ်ဆေးတော့တာပဲ’

အားလုံးသည် အပ်ကျသံ ကြားလောက်အောင် ငြိမ်သက်စွာ နားထောင်နေကြ၏။

‘ငါက မြို့စားကြီး အခန်းထဲ ဝင်သွားပြီး ကြိုတင်ပေးပို့ထားတဲ့ စာရွက်ကို သူ့ရှေ့မှာ ချပြလိုက်တယ်၊ အဲဒါ ခင်ဗျား ရေးတာ အမှန်ပဲလားလို့ မေးတော့ ဟုတ်ပါတယ်တဲ့၊ ဘယ်နေ့က ဘယ်သူ့ကို ပို့ခိုင်းတာလဲလို့ မေးတော့ ခပ်ဆိုင်းဆိုင်း လုပ်နေပြီး လွန်ခဲ့တဲ့ လေးငါးရက်လောက်က ပို့တာပါ၊ ပို့ခိုင်းတဲ့လူဟာ မေ့နေပါတယ်လို့ ဖြေတယ်....။

‘နောက်တစ်ခါ ဘယ်သူ့အိမ်က ဘယ်လိုပစ္စည်းမျိုးကို ရခဲ့သလဲ မှတ်မိသလောက် ပြောပါလို့ မေးတော့ သူက ပြောတယ်၊ ဒါပေမယ့် တစ်ခုမှ မမှန်ဘူး။

‘နောက်တစ်ခါ ကြိုတင် စာပို့တာ လေးငါးရက်ရှိပြီ ဆိုတာလဲ လုံးဝ မမှန်ဘူး၊ စာရောက်တဲ့ညမှာပဲ သူ့ကိုဖမ်းမိတာ၊ နောက်အဓိကအချက် ဒီစာရေးတာ ခင်ဗျားလားလို့ မေးတုန်းက ဟုတ်ပါတယ်လို့ သူဖြေတာ အမှားဆုံးပဲ၊ ငါ ယူလာတဲ့ စာရွက်က လုံးဝအရောင်မတူတဲ့အပြင် ငါ့လက်ရေးနဲ့ ငါကိုယ်တိုင် ရေးခဲ့တဲ့ စာရွက်အတုကို သူက ဟုတ်ပါတယ်လို့ ဖြေလိုက်ကတည်းက သူဟာ သူခိုး အစစ် မဟုတ်ဘူး အတုပဲ ဖြစ်ရမယ်ဆိုတာ သိလိုက်ရပြီ....။



‘ဘာကြောင့် သူ ဒီလိုလုပ်ရသလဲလို့ နောက်ပိုင်းကို ငါ လိုက်ပြီး စုံစမ်းလိုက်တော့ အမှုအမှန် ပေါ်သွားတော့တာပဲ၊ သူခိုးအစစ်က သူ့သား အရင်းကွ’

‘ဟာ....’

‘ဟင်....’

အားလုံး အံ့ဩသွားကြသည်။

ယွမ်အ....

‘အဲဒီအခါကျမှ သူက ဘယ်လို ဖြောင့်ချက်ပေးသလဲ ဆိုတော့ မင်းတို့ မှတ်ထားကြနော်၊ မိဘမေတ္တာဟာ ဘယ်လောက် ကြီးမားတယ်ဆိုတာ ဒီနေရာမှာ ပြတာပဲ။

‘အဲဒီပုဂ္ဂိုလ်ကြီးက ကျုပ်သားကို ဆိုးလွန်းလို့ အိမ်ပေါ်က နှင်ချထားခဲ့ပါတယ်၊ ပထမတော့ သူခိုးဆိုတာ သူမှန်းလဲ ကျုပ် မသိခဲ့ပါဘူး၊ တစ်နေ့တော့ အမှတ်မထင် သူတို့ တိတ်တဆိတ် ပြောနေတဲ့စကားကို ကြားလိုက်ရပါတယ်၊ ကျုပ် သားဟာ တခြား သူ့အဖော်တစ်ယောက်ကို ပြောနေတာ အ ငါခိုးစားလာတာ အကြိမ်တစ်ရာ မကတော့ဘူး၊ မကြာခင် ငါ မြို့စားကြီးဂေဟာကို ဖောက်ထွင်းပြမယ်၊ အခု ငါ ကြိုတင် သတိပေးလိုက်ပြီကွလို့ ပြောတာကို ကျုပ်ကြားရတယ်၊ အဲဒီ အချိန်မှာပဲ မြို့စားကြီးက သူခိုးမိရင် သေဒဏ်ပေးရမယ် လို့ အမိန့်ထုတ်ပြန်တာကို ကြားရတော့ သူဟာ ဘယ်လောက်ပဲ ဆိုးဆိုး သေဒဏ်ကွပ်မျက်မှာကို ကျုပ် ဘယ်ကြည့်ရက်ပါ့မလဲ၊ အဲ....အဲဒါပါပဲဆိုပြီး အဲဒီပုဂ္ဂိုလ်ကြီးက အမှန်အတိုင်း ဝန်ခံတော့တယ်။

'ငါလဲ တရားခံအစစ်ဖြစ်တဲ့ သူ့သားကိုဖမ်းဆီးပြီး သေဒဏ်ကို လျှော့ပေါ့လိုက်ပြီး တစ်သက်လုံး အကျဉ်းချထားလိုက်တယ်၊ အဲ.... ငါတို့ရဲ့မိတ်ဆွေ သူ့ဖခင်ကျတော့ သူ့ခိုးကို အကာအကွယ်ပေးမှု၊ ကိုယ်ထိလက်ရောက် ကျူးလွန်မှုနဲ့ ငါးနှစ်လောက် အကျဉ်းစခန်းထဲမှာ နေသွားရတယ်'

နားထောင်နေသူများထံမှ သက်ပြင်းချသံများ ကြားလိုက်ရသည်။

ယွန်မ်သည် မေ့ပန်းသွားဟန်ဖြင့် အတော်ကြာအောင် နားနေလိုက်လေသည်။ ပြီးမှ....

'ငါ ဒီကိစ္စကို ဘာလို့ ထည့်ပြောတာလဲဆိုတာ မင်းတို့ သဘောပေါက်ပါလိမ့်မယ်'

ဟွေဆန်းကိုးက ခေါင်းညိတ်သည်။

'ဟုတ်ကဲ့၊ တြိဂံဓားသမား နှစ်ယောက်ဖြစ်နေတဲ့ကိစ္စ'

'အေး....ဒါပဲပေါ့၊ စဉ်းစားစရာ အချက်နှစ်ခုပဲ ရှိတယ်၊ ဒီနှစ်ယောက်ဟာ တစ်ဂိုဏ်းတည်းသား ဖြစ်ချင်ဖြစ်၊ ဒါမှ မဟုတ်ရင် တစ်ယောက်က ဝင်ပြီး ဓားစာခံလုပ်တာပဲ၊ ဘာဖြစ်လို့လဲဆိုတော့ မင်းတို့နဲ့တွေ့တဲ့လူဟာ တြိဂံဓားသမားသူဖြစ်ပါတယ်လို့ မင်းတို့ သိသာအောင် သဲလွန်စတွေပေးသွားတယ် မဟုတ်လား'

ဟွေဆန်းကိုးနှင့် ဝမ်ပါးတို့ အတွေးကိုယ်စီဖြင့် ငိုင်နေကြသည်။

ယွှမ်ပြောသည်မှာ ဟုတ်လောက်ပေသည်။



ထိုလူသည် မိမိတို့နှစ်ယောက်ကို သိသာအောင် ရွေနားဆိုင်ထဲ၌ သဲလွန်စပေးသွားသည်။

တစ်ဖန် တာ်မှူးကြီးကျင်းဖိန်ကို သတ်ပြီးသည်နှင့် သဲလွန်စ ချန်ခဲ့သည်။

ယခု မိမိတို့ကသည်း သူ့ကိုပင် မြားဦးလှည့်နေပြီ မဟုတ်ပါလား။

## အခန်း ( ၄ )

ကျုံကွမ်းမြို့တော်ကြီး အိပ်မောကျနေချိန်။

သန်းခေါင်ကျော်ပြီး၍ နောက်တစ်နေ့၏ မနက်ပိုင်းသို့ ကူးပြောင်းနေပြီ ဖြစ်သည်။

ဟွေ့ဆန်းကိုး နှင့် ဝမ်ပါးသည် တစ်ရေးမှ အိပ်ရသေးပေ။

သူတို့သည် ယွမ်၏ရုံးခန်းထဲမှ ထွက်လာပြီးကတည်းက မိုးအလင်းဖွင့်လှစ်ထားသည့် ဆိုင်ကမ်းမှ စားသောက်ဆိုင် တစ်ဆိုင်တွင် ငုတ်တုတ်ထိုင်နေကြခြင်း ဖြစ်သည်။

ဟွေ့ဆန်းကိုးသည် တစ်ညလုံး လည်တဆန့်ဆန့်ဖြင့် တစ်စုံတစ်ယောက်ကို မျှော်စောင့်စားနေဟန်ရှိသော်လည်း ဝမ်ပါးမှာ ဟွေ့ဆန်းကိုးအား နားမလည်သလို အကဲခတ်ရင်းမှ ပျင်းရိငြီးငွေ့စွာဖြင့် တစ်ခါတစ်ရံ ငိုက်သွားတတ်ပေသည်။



မြစ်ဆိပ်ကမ်းတွင် ဖွင့်ထားသော မိုးအလင်းဆိုင်သည် စားသောက်သူများ မပြတ်ဘဲ ဝင်ထွက် စားသောက်နေကြသည်။

'မင်း သိပ်ပျင်းနေပြီလား'

ဟွေ့ဆန်းကိုးက ဝမ်ပါးကိုမေးသည်။

'သန်းခေါင်ကျော်ပြီ ဆရာရဲ့၊ ဆရာ ဒီမှာ လူတစ်ယောက်ကို ချိန်းထားတယ်နဲ့ တူတယ်'

ဟွေ့ဆန်းကိုးက ခေါင်းညိတ်လိုက်သည်။

'အေး....ဟုတ်တယ်၊ တို့ရဲ့ ကိုယ်ပိုင်အစွမ်းအစတွေလဲ ပြမှ ဖြစ်မယ် ဝမ်ပါးရဲ့၊ နို့မို့ ယွမ်က သိပ်အထင်သေးနေမယ်'

ထိုသို့ပြောပြီး အတန်ကြာအောင် တိတ်ဆိတ်နေကြသည်။

ခဏကြာသော် ဟွေ့ဆန်းကိုးသည် စားသောက်ဆိုင်မှ ဆိုင်ထိုင်အား တစ်စုံတစ်ခု မှာကြား၍ ဝမ်ပါးကို ခေါ်ကာ အပြင်သို့ ထွက်ခဲ့သည်။

'လူတစ်ယောက်ဟာ အိပ်ချင်မူးတူး ဖြစ်နေတဲ့ အချိန်မှာ စစ်ဆေးမေးမြန်းရင် အဖြေမှန်ရတတ်တယ်ဆိုတဲ့ သဘော ရှိတယ် ဆိုတာ မင်းကြားဖူးလား'

ဆန်းကိုးက ကောက်ကာငင်ကာ ပြောလိုက်သဖြင့် ဝမ်ပါး ရုတ်တရက် ဘာဖြေရမှန်းမသိ ဖြစ်သွားသည်။

'အင်း....ဖြစ်နိုင်ပါတယ်'

'အခု လက်တွေ့ စမ်းကြည့်ကြတာပေါ့ကွာ'

* * *

သစ်ပန်ကြီးများ အုပ်ဆိုင်းနေသည့် အိမ်သည် မြင်းလှည်းသမား ခိုလျောင်း၏အိမ်ပင် ဖြစ်နေလေသည်။

ခိုလျောင်း၏မိန်းမကို လည်ပင်း နည်းနည်းညှစ်လိုက်လျှင် အဖြေမှန်တွေ ထွက်လာနိုင်သည်ဟု ယုံမိကပြောသည်။

တံခါးသုံးလေးချက်ထု၍ နှိုးလိုက်သောအခါ ခိုလျောင်း၏ မိန်းမသည် အိပ်ချင်မူးတူးနှင့် ထပြီး တံခါးဖွင့်ပေးသည်။

လက်နက်ကိုယ်စီနှင့် မင်းမှုထမ်းဝတ်စုံကို ဝတ်ထားသော လူနှစ်ယောက်ကို ရုတ်တရက် တွေ့မြင် လိုက် ရ သည် တွင် ခိုလျောင်း၏ မိန်းမမှာ မျက်လုံးများ ပြူးကျယ်သွားသည်၊

'ဩော်....ရှင်တို့ ဘာကိစ္စ....'

ဟွောဆန်းကိုးက ကုလားထိုင်များဆီသို့လက်ညှိုးထိုးပြသည်။

'ထိုင်ပါဦး၊ ကျုပ်တို့ နည်းနည်းပါးပါး မေးစရာရှိလို့'

ခိုလျောင်းမိန်းမသည် စိတ်ထဲ၌အတော်ကျေမနပ်ဖြစ်နေပုံ ရသည်။

'ရှင်တို့ မနက်မိုးလင်းမှ....'

'ထိုင်စမ်းပါဗျာ၊ ကျုပ်တို့မှာ အချိန်ကိုစောင့်ပြီး လုပ်ရတဲ့ အလုပ်မရှိဘူး'

ဟွောဆန်းကိုး၏ ခပ်တည်တည်နှင့် ဟိန်းဟောက်မှုက သူမကို ငြိမ်သွားစေသည်။

အခန်းထဲတွင် နီကျင့်ကျင့် မီးတိုင်ကလေး တစ်တိုင်သာ ရှိသည်။

ကလေးငယ်သုံးယောက်သည် ပိုးလိုးပက်လက် အိပ်ပျော်နေသည်။



'ခင်ဗျား နာမည်'

'ခီဝါး'

'ဒီမှာ ခီဝါး၊ ခုကျုပ်တို့လာတာ ခင်ဗျားယောကျ်ားကို သတ်တဲ့ တရားခံ ဖော်ဖို့လာတာဆိုတာကို ခင်ဗျား သဘောပေါက်ထားပါ၊ တစ်စုံတစ်ခုကို ထိမ်ဝှက်ထားမယ်ဆိုရင်တော့ ကျုပ်က ညှာမှာမဟုတ်ဘူး'

ဆန်းကိုးက ခြောက်လှန့်သည်။

သူမက ခေါင်းငုံ့ထားရာမှ မျက်လုံးလှန်ကြည့်သည်။

'ခင်ဗျား လေ့ကြီးရဲ့ အကြောင်းတွေကို သိသလောက် ပြောစမ်း'

'ရှင်....'

'ရှင်လုပ်မနေနဲ့၊ ယီးတီးယားတားလုပ်ရင် ကျုပ် အခု ရုံးကို ခေါ်သွားမယ်၊ ခိုလျောင်း နာမည်အရင်းက လေ့ကြီး မဟုတ်လား၊ ခင်ဗျားနဲ့ညားတာ ဘယ်လောက်ကြာပြီလဲ'

'ငါးနှစ် ခြောက်နှစ်လောက် ရှိပြီ'

'မညားခင်က လေ့ကြီး ဘာတွေ လုပ်ခဲ့သလဲ၊ သူ့မှာ ညီအစ်ကို မောင်နှမ ဘယ်နှစ်ယောက်ရှိသလဲ'

'ဒါတွေ ကျွန်မ သိပ်မသိဘူးရှင့်'

'ခင်ဗျားညာရင် ကျုပ်ဆက်ပြီး သည်းမခံတော့ဘူး၊ ဒါ နောက်ဆုံးပဲ'

သူမမျက်နှာ ဖြူရော်သွားသည်။

'လေ့ကြီးမှာ ညီအစ်ကို မောင်နှမ ဘယ်နှစ်ယောက်ရှိသလဲ'

သူမ ခပ်ဆိုင်းဆိုင်းလုပ်နေသည်။

'သူ့ညီတစ်ယောက် ရှိ....ရှိတယ်'
'ဘယ်သူလဲ'
'လွှေဖီး'
'သူ အခု ဘယ်မှာလဲ'
'အဲ....အဲဒါတော့'

သူမသည် အတော်ပင် တုန်လှုပ်ချောက်ချားနေမှုန်း မျှော ဆန်းကိုး ရိပ်စားမိလိုက်သည်။

'ပြောပါ၊ ခင်ဗျား ဘာမှလဲ ကြောက်နေစရာ မလိုဘူး၊ ဘယ်သူ့မျက်နှာမှလဲ ထောက်နေစရာမလိုဘူး'

ဝမ်ပါးက ငင်၍....

'ဒီမှာ အစ်မကြီး၊ ကျုပ်တို့ကို အမှန်အတိုင်းဖွင့်ပြောတာ ကျုပ်တို့ကိုကူညီရာ ရောက်ပါတယ်'

သူမထံမှ အသံမထွက်လာသေးပေ။

ဆန်းကိုးက....

'ခင်ဗျားကို လွှေဖီးကလာပြီး နှုတ်ပိတ်ထားတယ် မဟုတ်လား'

ခိဝါးသည် ရှိုက်၍ငိုလာသည်။

ဝမ်ပါးသည် ဆန်းကိုးအားလှမ်းကြည့်ကာ ခေါင်းညိတ်ပြသည်။ ဝမ်ပါးက သူမအနားသို့ အနည်းငယ်တိုး၍....

'ဒီမှာအစ်မကြီး၊ ခင်ဗျားကို လွှေဖီး လာမသတ်ရဲပါဘူး၊ ကျုပ်တို့ တာဝန်ယူပါတယ်၊ ဒီလူဘယ်မှာရှိတယ်ဆိုတာ ဖွင့်ပြောစမ်းပါ'



ခိဝါးမျက်ရည်သုတ်ပြီး ဆန်းကိုးအား မော့ကြည့်သည်။

'ကျွန်မ ကလေးတွေအားလုံး သေသွားမှာပဲ'

ဆန်းကိုးက ဝမ်ပါးကို မျက်လုံးချင်းစွေကြည့်ရင်း....

'လွှေဖီးဟာ သူဘယ်မှာရှိတယ်ဆိုတာဖွင့်ပြောရင် ကလေးတွေကို သတ်ပစ်မယ်လို့ ခြိမ်းထားတယ်မဟုတ်လား'

'ဟုတ်ကဲ့ရှင့်'

ဆန်းကိုး အမျိုးသမီးကို သနားသွားသည်၊

'သူရှိတဲ့နေရာကို မပြောရဘူးဆိုတော့ သူက ဘယ်သူ့ကို ကြောက်တာလဲ'

ခိဝါးဘာပြောရမှန်းမသိ ဖြစ်သွားသည်။

အတန်ကြာမှ....

'ခိုလျောင်းအသတ်ခံရသလို သူလဲအသတ်ခံရမှာ စိုးလို့နေ့တူတယ်'

'ဒါဆိုရင် လူသတ်သမားက သူ့ကိုတွေ့ရင်လဲ သတ်မှာပဲဆိုတာသိနေလို့ ဖြစ်မှာပေါ့'

'ဒီလိုပဲ ထင်ရတာပဲရှင်'

'ဘုရင့်တပ်သားတွေက တွေ့သွားမှာကိုလဲ စိုးရိမ်နေတာပဲ့ မဟုတ်လား'

သူမ ပြူးကြောင်ကြောင်နှင့် ပြန်မော့ကြည့်နေသည်။

ဝမ်ပါးက....

'လွှေဖီး ဘယ်မှာလဲ'

'ပြောင်းတောရွာမှာ'

'ဒီကို ဘယ်တုန်းက လာသွားလဲ'

'သူ့အစ်ကိုသေပြီး နောက်တစ်နေ့ညနေ လာသွားတယ်'
'မသေခင်ကရော မကြာမကြာ လာသလား'
သူမကစဉ်းစား၍ ခေါင်းယမ်းကာ....

'ဟိုအရင်ကတော့ မလာဖူးပါဘူး၊ ဒါပေမယ့် အသတ်မခံရခင်တစ်နေ့မှာ ညီအစ်ကိုနှစ်ယောက် တစ်ညလုံး စကားပြောနေတာကိုတော့ တွေ့ရတယ်'

ဆန်းကိုးနှင့် ဝမ်ပါးသည် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်၍ ခေါင်းညိတ်လိုက်ကြသည်။

ဝမ်ပါးက....

'လေ့ကြီးဟာ သူ့အန္တရာယ်ကိုကြိုတင်သိထားလို့ လေ့ဖိုကိုခေါ်ပြီး တိုင်ပင်တာများလားဆရာ'

ဆန်းကိုးက....

'ဖြစ်နိုင်စရာပဲ၊ ဒါဆိုရင် လေ့ကြီးမှာ ကြိုတင်ဖိတ်စာသော်လည်းကောင်း၊ သတင်းပေးမယ့်လူသော်လည်းကောင်း ရှိနေလို့ ဖြစ်ရမယ်'

ဝမ်ပါးက....

'လေ့ဖိုးကော စိတ်ချရပါ့မလား'

'သူ့ကိုအမြန်ဆုံးရှာဖို့ လိုတယ်'

ခိဝါးမှာ ဆန်းကိုးအား မော့ကြည့်လိုက်မိသည်။

'ရှင်တို့ သူ့ကိုတွေ့တဲ့အခါ....'

ဝမ်ပါးက လက်ကာ၍....



'အစ်မကြီးအတွက် ဘာမှမဖြစ်စေရဘူး၊ ဒါနဲ့ သူတို့ညီအစ်ကိုရဲ့အကြောင်းကို သိသလောက်တော့ အစ်မကြီး ထပ်ပြောစေချင်တယ်'

ထိုစဉ်....ခိဝါး၏သမီးအကြီးမလေးနိုးလာသဖြင့် ဆန်းကိုးက အိတ်ထဲမှငွေတစ်ဆယ် မုန့်ဖိုးထုတ်ပေးလိုက်သည်။

ကလေးမလေး အိပ်ရာထဲပြန်ဝင်သွားသည်။

ခိဝါးသည် ဆန်းကိုးတို့၏ကြင်နာမှုကို တွေ့လာရသောအခါ အနည်းငယ် လေးစားလာပုံရသည်။

'သူတို့ညီအစ်ကို နှစ်ယောက်စလုံးဟာ ရာဇဝင်လူဆိုးတွေပါ'

'ဟုတ်ပြီ၊ ပြောပါ'

'ကျွန်မနဲ့မညားခင်မှာ သူတို့ဟာ ဓားပြလူဆိုးတွေ ဖြစ်ခဲ့တယ်ဆိုတာ နောက်မှသိရတယ်၊ နောက်ဆုံး သူတို့ကျူးလွန်ခဲ့တာက အိမ်တစ်အိမ်ကို မုဒိမ်းကျင့် ဓားပြတိုက်တဲ့အပြင် မိသားစု အားလုံးလိုလိုကိုသတ်ခဲ့လို့ အာဏာသားတွေက သူတို့ကို အသေရရ အရှင်ရရ လိုက်ဖမ်းတယ်၊ ဒါပေမယ့် သူတို့က ရုပ်ဖျက်ပြီး ထွက်ပြေး တိမ်းရှောင်နေတယ်၊ အဲဒီမှာ ကျွန်မနဲ့ ခိုလျှောင်း အိမ်ထောင်ကျတယ်၊ ဒီအကြောင်းတွေလဲ ကျွန်မ နောက်မှ တစ်စွန်းတစ်စသိရတာပါရှင်'

ခိဝါး အမှန်အတိုင်း ပြောကြား နေသည်ဟု ဆန်းကိုး ယုံကြည်လိုက်သည်။

'အဲဒီ နောက်ဆုံး ကိစ္စက ဘယ်မှာ ဖြစ်ခဲ့တာလဲ'

'ကျန်ရှီးပြည်နယ်ဘက်မှာပါ'

'အို....အဝေးကြီးပါလား'

ဝမ်ပါးက ညည်းတွားလိုက်သည်။

ခုံလျှောင်းတို့သည် အလွန်ဝေးလံသော ဒေသမှ ရောက်ရှိလာကြခြင်းဖြစ်၍ သူတို့ကို ဘုရင့်တပ်များက မျက်ခြည်ပြတ်ခဲ့ခြင်း ဖြစ်လေသည်။

သို့သော် လိုအပ်လာလျှင် ကျန်ရှီးပြည်နယ်အထိ စုံစမ်းရမည်ဟု ဟွေ့ဆန်းကိုးက စိတ်ထဲမှ မှတ်သားထားလိုက်သည်။

သူတို့သည် လေ့ဖီး ဒီရက်အတွင်း ရောက်ရှိလာလျှင် သူတို့အား တိတ်တဆိတ် လာရောက် အကြောင်းကြားပါဟု မှာကြားခဲ့ပြီး ဒီဝါးအား နှုတ်ဆက်၍ ပြန်ခဲ့ကြသည်။

ယွမ်ပြောသကဲ့သို့....

လည်ပင်းကို မညှစ်ရဘဲ သိတန်သလောက် သိခဲ့ရလေသည်။

* * *

အချိန်မှာ....

မနက် အရုဏ်ဦးသို့ ရောက်ပြီဖြစ်သည်။

မိုးအလင်း ဖွင့်ထားသည့်ဆိုင်သို့ ရောက်ရှိသောအခါ လူငယ်တစ်ယောက်သည် ဟွေ့ဆန်းကိုးအား ထိုင်စောင့်နေသည်ကို တွေ့ရလေသည်။

ဟွေ့ဆန်းကိုးက လူရှင်းသည့် စားပွဲတစ်ခုသို့ ခေါ်သွားလေသည်။

ယနေ့ညအဖို့....



လုံးဝ အိပ်ရတော့မည် မဟုတ်မှန်း ဝမ်ပါး သိလိုက်လေသည်။

ထိုလူငယ်ကလေးကို ဝမ်ပါး ကောင်းကောင်း သိသည်။

တစ်မြို့လုံး အပ်ကျသံကအစ စပ်စုလေ့ လာတတ်သည့် အလွှီးဆိုသည့် လမ်းပေါ်က လူငယ်ကလေးပင် ဖြစ်သည်။

အလွှီးသည် လမ်းပေါ်က လူငယ်တစ်ယောက် ဖြစ်သော်လည်း ခိုးဆိုးတိုက်ခိုက် လုယက်ခြင်းမျိုး မဟုတ်ပါ။

သူသည် ဈေးများ၊ မြင်းလှည်းဂိတ်များ၊ လောင်းကစားဝိုင်းများ၌ ကျင်လည် ကျက်စားတတ်ပြီး ခိုင်းသမျှကို လုပ်ပေးနေသူ ဖြစ်သည်။

တစ်နေ့တစ်နေ့ သူ့ကို ကရုဏာဖြင့် စွန့်ကြဲပေးကမ်းသည့် ဝင်ငွေကလည်း မနည်းလှပါပေ။

ဆန်းကိုးသည် သူ့ကို မကြာခဏ အသုံးချဖူးလေသည်။

ယခုလည်း အလွှီးကို ဤဆိုင်သို့ ချိန်းထားမှန်း ဝမ်ပါး သဘောပေါက်သွားသည်။

'ကဲ....ဘာထူးလဲ ပြော'

'ကျွန်တော် မနေ့က တစ်နေ့လုံး မွှေနှောက်နေတာပဲ'

'အင်း.... တွေ့သလား'

အလွှီးက ဆန်းကိုးနား ပို၍ တိုးကပ်လိုက်သည်။

'ဆရာပြောတဲ့ပုံစံမျိုး တွေ့တယ်၊ အဲဒီလူက ဘယ်မှာလဲ ဆိုတော့.... စိန်ဟုတ်ဘုရားကျောင်း အနောက်က လူမနေတဲ့ အဆောက်အအုံကြီးထဲမှာ'

ဆန်းကိုးသည် ဝမ်ပါးမျက်နှာကို ကြည့်၍ လေတစ်ချက် ချွန်လိုက်လေသည်။

'ဝမ်ပါး၊ မင်း သတိထားမိသလား'

ဝမ်ပါးက ခေါင်းညိတ်၍....

'ခုံလျှောင်းမြင်းလှည်းကို ငှားသွားတဲ့ အမျိုးသမီးဟာ စိန်ဟုတ် ဘုရားကျောင်းကို ရောက်သွားသေးတယ်မဟုတ်လား၊ သူတို့ အချိတ်အဆက် ရှိတယ်နဲ့ တူတယ်'

ဆန်းကိုးက ခေါင်းကို ခပ်သွက်သွက် ညိတ်လိုက်၏။

'အဲဒါ သိပ်ဖြစ်နိုင်တာပေါ့ကွ၊ အဲဒီညပဲ ခုံလျှောင်း အသတ်ခံရတာ'

ဆန်းကိုးက ပြောပြီး အလွိုးဘက် လှည့်လိုက်သည်။

'ကဲ....ပြောပါဦး'

'ကျွန်တော် ညဦးပိုင်းမှာ ကစားဝိုင်းတစ်ခုကို ရောက်သွားတော့ ဆရာပြောပြထားတဲ့ပုံသဏ္ဌာန်နဲ့ တူတဲ့လူကိုရိပ်ခနဲတွေ့မိတယ်၊ ဒါနဲ့ ကျွန်တော် စောင့်ကြည့်နေတာ အဲဒီလူဟာ သီးသန့်ခန်း တစ်ခုထဲမှာ စားသောက်နေတာ အတော် ညဉ့်နက်မှ ပြန်ထွက်လာတယ်၊ ကျွန်တော်က အဝေးကြီးက နေပြီး နောက်ယောင်ခံ လိုက်ရတာ၊ ဘုရားကျောင်းထဲမှာ ပျောက်သွားတယ်၊ မသက်သာလို့ စောင့်ကြည့်နေတာ နောက်ဆုံး လူမနေတဲ့ အဆောက်အအုံကြီးဆီက မီးရောင်တစ်ချက် မြင်ရတယ်၊ နောက် အဲဒီလူကို ရိပ်ခနဲ တွေ့လိုက်ရတယ်'

ဟွေဆန်းကိုးသည် အလွိုးကို ငွေတုံးကလေး တစ်တုံး ပေးခဲ့ပြီး ဆိုင်ထဲမှ ခပ်သွက်သွက် ထွက်ခဲ့ကြသည်။



ဟွေဆန်းကိုး၏ ခြေလှမ်းကိုမီအောင် ဝမ်ပါးမှာ မနည်းပင် လိုက်နေရသည်။

အရှေ့ဆီမှ လင်းရောင်ခြည်သည် မကြာမီ ပေါ်လာတော့မည်ဖြစ်၏။

မိုးလင်းခါစတွင် အမှောင်ထုသည် ပို၍ ကြီးစိုးတတ်လေသည်။

မကြာမီပင် သူတို့ နှစ်ယောက်စလုံး စိန်ဟုတ် ဘုရားကျောင်း၏ အနောက်ဘက်ရှိ အဆောက်အအုံကြီး တစ်ခု၏ ဘေးသို့ ချဉ်းကပ်မိကြသည်။

ထိုအဆောက်အအုံကြီးကား ဆောက်တုန်းတန်းလန်းပိုင်ရှင်များ သေဆုံးသွားသဖြင့် သည်အတိုင်း ထားခဲ့သည်မှာ နှစ်အတန်ကြာပြီ ဖြစ်သည်။

ဘုရားကျောင်း၏ အနောက်ဘက် ခြံစည်းရိုးနှင့် ဆက်စပ်နေသည်။

ဆန်းကိုးသည် အမှောင်ထဲမှ အခြေအနေကို အကဲခတ်ရင်း ဝမ်ပါးကို တိုးတိုးပြော၏။

'ဒီငနဲကြီးစီးလာတဲ့ မြင်းကတော့ မရှိဘူးကွ၊ သတိထားပေါ့၊ မလွတ်အောင် ပိတ်ဆို့ရလိမ့်မယ်'

ထိုသို့ပြောပြီး ခြံစည်းရိုးကိုဖြကာ အထဲသို့ လှမ်းဝင်လိုက်ကြသည်။

ခြံဝင်းကြီး တစ်ခုလုံး ပကတိ တိတ်ဆိတ်နေသည်။

ဂေဟာကြီးထဲ၌လည်း မည်သည့် အသံမျိုးကိုမျှ မကြားရပေ။

နောက်ဆုံး အိပ်ပျော်နေသည့် လူတစ်ယောက်၏ အသက်ရှူသံမျိုးကိုပင် မကြားရပေ။

ထိုစဉ်....

မြင့်မားသော သစ်ပင်ကြီး တစ်ပင်ဆီမှ သစ်ရွက်များကို လေတိုးသံနှင့်အတူ အရိပ်မည်းကြီးတစ်ခုသည် မြေပြင်ပေါ်သို့ ညင်သာစွာ ပြုတ်ကျသွားသည်ကို တွေ့လိုက်ရသည်။

'ဟော့....ဟိုမှာ ခုန်ဆင်းပြေးပြီ'

ဟော့ဆန်းကိုးသည် ပါးစပ်မှလည်းပြောရင်း လျှင်မြန်သော အရှိန်အဟုန်ဖြင့် ပြေးလိုက်တော့သည်။

ဝမ်ပါးကလည်း ထက်ကြပ်မကွာပင် နောက်မှ လိုက်လေသည်။

* * *

အစိမ်းပုပ်ရောင်ဝတ်စုံနှင့် ပုဂ္ဂိုလ်ကြီးဖြစ်သည်မှာ မလွဲပါ။

ထိုပုဂ္ဂိုလ်ကြီး၏ ကိုယ်ဖော့ပညာသည် အံ့မခန်း လောက်စရာပင်ဖြစ်သည်။

မြင်းနှင့်ထွက်ပြေးခြင်း မဟုတ်သည့်တိုင်အောင်....၊

ဟော့ဆန်းကိုးတို့မှာ မျက်ခြည်မပြတ်ရန် မနည်းလိုက်နေရသည်။

အစိမ်းပုပ်ရောင်ဝတ်စုံနှင့် ပုဂ္ဂိုလ်သည် မြို့အထွက် သင်္ချိုင်းသို့ ရောက်သောအခါ ရုတ်တရက် ပျောက်သွားသည်။



ထုံးသုတ်ထားသော အုတ်ဂူဖွေးဖွေးများက ထွက်ပေါ်စ အလင်းရောင်နှင့်အတူ တဖြည်းဖြည်း ထင်ရှားစွာ မြင်တွေ့လာရသည်။

ဟော့ဆန်းကိုးသည် သူနှင့်ဆယ်ကိုက်ခန့်ကွာသော ဝမ်ပါးကို တစ်ချက် လှမ်းကြည့်သည်။

ထို့နောက် သတိထားရန် အချက်ပြထား၏။

သင်္ချိုင်းမြေသည် စိတ်ချောက်ချားဖွယ်ကောင်းအောင်ပင် တိတ်ဆိတ်လွန်းလှ၏။

ကြွက်ကို ချောင်းနေသော ကြောင်တစ်ကောင်နှယ် ဟော့ဆန်းကိုးသည် အသက်ရှူရမည်ကိုပင် မေ့နေ၏။

'ယား....'

ရုတ်တရက် ကျယ်လောင်သောအသံကြီးနှင့်အတူ လေဟုန်စီးသကဲ့သို့ သူ့ထံ ခုန်ပစ်လာသော ပုဂ္ဂိုလ်ကြီးကို ဘွားခနဲ တွေ့လိုက်ရတော့သည်။

* *

အစိမ်းပုပ်ရောင် ဝတ်စုံနှင့်လူ၏ ဓားသည် ဟော့ဆန်းကိုး ခန္ဓာကိုယ်မှ အင်္ကျီစကို အနည်းငယ် စုတ်ပြတ်သွားစေတော့သည်။

ဆန်းကိုးက ဓားသို့အသာတိမ်း၍ရှောင်ကာ သူ၏ဓားကို လျှင်တစ်ပြက် ထိုးသွင်းလိုက်သော်လည်း ထိုလူက အသာပင် ခုန်ရှောင်လိုက်သည်။

ဝမ်ပါးက အနားသို့ရောက်လာပြီး သူ၏လက်ထဲမှဓားဖြင့် ဝှေ့ယမ်းတိုက်ခိုက်ပြန်သည်။

အစိမ်းပုပ်ရောင် ပုဂ္ဂိုလ်ကြီးသည် သူတို့နှစ်ယောက်ကြားမှ အသာအယာပင် အုတ်ဂူတစ်လုံးပေါ်သို့ ခုန်တက် ရောက်ရှိသွားသည်။

အလွန်ပေါ့ပါးသည့် လူကြီးပင်။

ထို့နောက် သူသည် ဆန်းကိုးမျက်နှာကို ရူးရူးဝါးဝါး ကြည့်၍....

'ယား....'

ဟု အော်ကာ သူ၏ ဓားကို ဝှေ့ယမ်း၍ ခုန်ဝင်သည်။

ထိုလူ၏တိုက်ကွက်မှာ အရှိန်အဟုန်ကြီးမားပြီး ကြောက်ခမန်းလိလိ ဖြစ်တော့သည်။

ဆန်းကိုးက သူ၏ဓားကွက်ကို ရှောင်ရင်း လက်ထဲမှဓားဖြင့် ဆီးခံသည်။

'ချွမ်း....'

ဓားချင်းထိကာ မီးပွင့်များ ထွက်ပေါ်သွားသည်။

ဝမ်ပါးက ထိုသူ၏ဘယ်ဘက်မှ ဝင်၍ပိုင်းသည်။

'ဝုန်း....'

ဝမ်ပါးခန္ဓာကိုယ် လွင့်ထွက်သွားသည်။

ဆန်းကိုးရင်ထဲ၌ ထိတ်ခနဲ ဖြစ်သွား၏။

သို့သော်....

ဝမ်ပါးက လူးလဲထကာ ပြေးဝင်လာပြန်သည်နှ

'မလောနဲ့'



ဆန်းကိုးက စိုးရိမ်စွာ လှမ်း၍သတိပေးသည်။

ဝမ်ပါး ရပ်တန့်သွားခိုက် ဆန်းကိုးသည် သူ၏ဓားကို စက်ဝိုင်းသဏ္ဍာန်ဖြစ်အောင် ဝှေ့ယမ်းသည်။

ထိုလူကြီး၏ ခန္ဓာကိုယ်အနီးသို့ လျှပ်တစ်ပြက်နည်းဖြင့် တိုက်ခိုက်သော်လည်း အချည်းနှီးဖြစ်ရလေသည်။

ထိုလူကြီး၏ အစရှာဝ်အစိမ်း အခုန်အပျံ များက ချီးကျူးလောက်စရာ လျင်မြန်သွက်သက်လှသည်။

ထိုလူသည် ရှောင်တိမ်းရာမှ လေမုန်တိုင်း ကျသကဲ့သို့ တစ်ဟုန်ထိုး တိုက်စစ်ဆင်လာပြန်သည်။

ဝမ်ပါး၏ မျက်စိထဲတွင်....

နှစ်ယောက်စလုံး မည်သူမည်ဝါ ဆိုသည်ကို ခွဲခြားမရအောင် ဖြစ်သွားသည်။

ဟွေဆန်းကိုးသည် လက်ရှိအခြေအနေ၌အလွန်ကျော်ကြားနေသော သိုင်းသမားတစ်ဦး ဖြစ်လေသည်။

သူသည် တိမ်လွှာဓားသမားဘွဲ့ကို မကြာမီက ရရှိထားသောသူ ဖြစ်သည်။

သို့သော်....

လောလောဆယ်တွင် အစိမ်းပုပ်ရောင် ပုဂ္ဂိုလ်ကြီး၏ တိုက်ကွက်များက တိမ်လွှာဓားသမား ဟွေဆန်းကိုးကို စိုးမိုးနေပြီ ဖြစ်သည်။

'ချွမ်း....ချွမ်း'

'ထန်း'

ဟူသော ဓားခါးချင်း ထိခိုက်သံများသည် သချိုင်းထဲ၌ ကျယ်လောင်စွာ ထွက်ပေါ်နေသည်။

ဝမ်ပါးနှင့်ဟွာဆန်းကိုးသည် နှစ်ဖက်ညှပ်၍ တိုက်ခိုက်၏။

ရုတ်တရက်....

ဟွာဆန်းကိုး လက်မောင်းမှ အင်္ကျီစတွင် သွေးများစီးကျလာသည်ကို ဝမ်ပါးတွေ့ရသည်။

စိုးရိမ်စိတ်များ လွန်ကဲလာတော့သည်။

ဝမ်ပါးတို့ နှစ်ယောက်စလုံးတောင် ဤမျှမောပန်းနေလျှင် တစ်ယောက်တည်း တိုက်ခိုက်နေရသော ထိုလူကြီးမှာ မည်သို့ဖြစ်နေပည်နည်း။

သို့သော်လည်း ထိုလူကြီးကို ကြည့်ရသည်မှာ သိပ်ပြီးမောပန်းပုံ မရသည့်အတွက် ဝမ်ပါးစိတ်ထဲမှပင် ချီးကျူးမိလိုက်သည်။

ဟွာဆန်းကိုးသည် လက်မောင်းတွင် ဒဏ်ရာ ရသွားသော်လည်း သိပ်ပြီးများဟန် မတူပေ။

သူ၏တိုက်ကွက်သည် လျော့သွားခြင်းမရှိဘဲ ဆက်လက်နေပြန်သည်။

ဟွာဆန်းကိုး၏ တိမ်ညွန့်ဖြတ်ဓားကွက်က အစိမ်းဆောင်လူကို တစ်ချက်တုန့်လှုပ်သွားစေသည်။

လျှင်မြန်စွာဖြင့် ခုန်ထွက်သွားသည်။

အတော်ဝေးဝေးခွာပေါ်' ရောက်ရှိသွားပြီး ဟွာဆန်းကိုးအားစူးစူးစိုက်စိုက် ကြည့်လိုက်လေသည်။



ဝမ်ပါးက ဟွာဆန်းကိုးအနား တိုးသွားပြီး ဒဏ်ရာအခြေအနေကို အကဲခတ်သည်။

သိုးသိုးဝါးဝါး မရှိလှသည်ကို တွေ့ရ၍ စိတ်အေးသွားသည်။

အလင်းရောင်က ထင်ရှားအောင် ပေါ်ထွက်လာပြီ ဖြစ်သည်။

* * *

တစ်ယောက်နှင့် တစ်ယောက်....

မျက်နှာကို ပီပီပြင်ပြင် တွေ့မြင်ကြရပြီဖြစ်သည်။

'မင်းက ဘယ်သိုးလိုလဲ၊ အဲဒီဓားကွက်မျိုးက လူ့တွေရဲ့အသက်ပေါင်းများစွာကို ခြွေနိုင်တာပဲ'

ဟွာဆန်းကိုး၏ တိမ်ညွန့်ဖြတ် ဓားကွက်သည် ထိုပုဂ္ဂိုလ်ကြီးသာမဟုတ်လျှင် ခေါင်းနှင့်ခန္ဓာကိုယ် တခြားစီဖြစ်သွားပြီဖြစ်လေသည်။

'ကျုပ်ပညာကို အသိအမှတ်ပြုလို့ ကျေးဇူးတင်ပါတယ်၊ ခင်ဗျားဘယ်သူလဲ'

ထိုပုဂ္ဂိုလ်ကြီးက သူ၏ခေါင်းမောက်ကို နဖူးအထက်သို့ အနည်းငယ် မြှင့်တင်လိုက်လေသည်။

'ကျုပ်ဘယ်သူလဲဆိုတာကို မင်းတို့သိဖို့ မလိုအပ်ပါဘူး၊ ဒါပေမယ့် မင်းတို့သိထားတာ ရှိပါတယ်'

'ဒါဖြင့် ခင်ဗျားဟာ တြိဂံဓားသမားပေါ့ဟုတ်လား'

'မေးနေစရာလိုသေးသလား၊ သိရင်ပြီးတာပဲ'

'ခင်ဗျား လူညာပဲ၊ တြိဂံဓားသုံးပြီး သတ်နေတာက အမျိုးသမီးပါ၊ သူက ခင်ဗျားနဲ့ ဘယ်လိုပတ်သက်သလဲ'

ထိုလူက အံ့ဩသွားဟန်ဖြင့်....

'ဟာ....တြိဂံဓားသမားဟာ အမျိုးသမီးဟုတ်လား၊ဝါ ရုပ်က အမျိုးသမီးတစ်ယောက်နဲ့ တူနေလို့လားကွ'

ဆန်းကိုး ဇဝေဇဝါဖြစ်သွားသည်။ ဤဝန်ကြီး အတည် ပေါက်နှင့် လိမ်နေခြင်းများလား။

'ဒါဖြင့် ချိကန်းနဲ့ ခုံလျောင်းကိုလဲ ခင်ဗျားပဲသတ်တာလို့ ဆိုလိုတာလား'

'မင်းတို့ကမသာတွေပဲ၊ ဒါတွေသိသွားဖို့ မလိုပါဘူး'

တြိဂံ ဓားသမားဆိုသူသည် သူ၏စကား ဆုံးသည်နှင့် အုတ်ဂူပေါ်မှ လွှားခနဲ ခုန်ချသည်။

ထို့နောက် သူ၏ဓားဖြင့် ဝမ်ပါးကို စတင်၍တိုက်ခိုက် သည်။

'ချွမ်း....ချွမ်း'

မီးပွားများ ပွင့်ထွက်သွားသည်။

ထိုလူသည်ခန္ဓာကိုယ်ကို တစ်ပတ်လှည့်၍ ဆန်းကိုး၏ဓား ကို ထိုးသွင်းသည်။

ဆန်းကိုးက ခုန်ရှောင်ရင်း သူ့ဓားကို ပက်ထုတ်လိုက် သည်။

'ထန်း'



'ယား'

ထိုလူသည် အားမာန်သွင်း၍ တရစပ်တိုက်ခိုက်၏။

တိုက်ပွဲက ပိုမို၍ကြမ်းလာသည်။

ပို၍ ကြောက်စရာ ကောင်းလာသည်။

ထိုအချိန်မှာပင်....

'မဝင်နဲ့'ဟု တားဆီးချိန်မရလိုက်ဘဲ ဝမ်ပါး အဝင်မှား သွားသည်ကို ဆန်းကိုးသိရှိလိုက်သည်။

နောက်ကျသွားပေပြီ။

'အား....အိ'

ဟူသောအသံနှင့်အတူ ဝမ်ပါးနောက်သို့ လန်သွားသည်။

ဝမ်းဗိုက်ဆီမှ သွေးများ တရဟော စီးဆင်းသွားသည်ကို တွေ့ရှိလိုက်၏။

'ဝမ်....ပါး....'

ဆန်းကိုး၏မချိတင်ကဲ အော်သံကြီး ပေါ်ထွက်သွားသည်။

ဝမ်ပါး ငြိမ်သက်နေ၏။

ဆန်းကိုး၏မျက်လုံးတွင် မီးဝင်းဝင်း တောက်လာတော့ သည်။

သူ၏ဓားသည် ထွက်ပေါ်စ နေရောင်ခြည်တွင် လင်းခနဲ လက်ခနဲ ဖြစ်နေ၏။

သူ၏လက်မောင်းမှ စီးကျနေသောသွေးများကို လုံးဝ ဂရုမစိုက်နိုင်တော့ပေ။ တြိဂံဓားသမားကြီးထံ ပြေးဝင် သွားသည်။

'ထန်း....ထန်း'

ဆက်တိုက် ခုတ်သံများ ပေါ်လာသည်။

'ချမ်း'

မီးပွင့် မီးပွားများ မကြာခဏ ထွက်ပေါ်နေတော့၏။

'ရှပ်....'

ဓားဒဏ်ရာတစ်ချက် ထပ်မံရသွားပြန်သည်။

နောက်ကျောပြင်၌ ဖြစ်၏။

ဟော့ဆန်းကိုး မူးခနဲ မိုက်ခနဲ ဖြစ်လာသည်။

လောလောဆယ် အခြေအနေအရ အရှုံးနှင့်ရင်ဆိုင်ရတော့မည်ဟု ဟော့ဆန်းကိုး ထင်မြင်လာသည်။

သို့သော်....

အားတော့ လုံးဝမလျော့ပေ။

သူ၏ဓားသည် တိုပူဂိုလ်ကြီး၏ ညာဘက်အင်္ကျီစကို စုတ်ပြတ်သွားစေခဲ့သော်လည်း ထိုလူ၏ လက်ဝါးတစ်ချက်က သူ့ခန္ဓာကိုယ်ကြီးကို အုတ်ဂူနှစ်ခုကြားသို့ လွင့်ကျသွားစေသည်။

သူ့ထံသို့....

ဓားကိုဆုပ်ကိုင်ပြီး ပြေးလာသော တြိဂံဓားသမားကြီးကို ပြာဝေနေသော မျက်လုံးအစုံဖြင့် နောက်ဆုံးမြင်လိုက်ရပြီး အခြားအခြားသော လူသံများကို ခပ်သဲ့သဲ့ကြားလိုက်ရသေးသည်။

နောက်တော့....

အားလုံး မှောင်အတိ ဖုံးလွှမ်းသွားတော့သည်။

## အခန်း (၁၅)

လောကကြီးတစ်ခုလုံး မှောင်အတိကျနေရာမှ အလင်းရောင်ပြန်၍ ဝင်လာသည်။

ဟော့ဆန်းကိုးသည် ဦးနှောက် ကြည်လင်သလို ဖြစ်လာသည်။

သူ၏ ခန္ဓာကိုယ်ကြီးပေါ်သို့ ကြီးမားသော ကျောက်တုံးကြီး ဖိထားခြင်း ခံရသကဲ့သို့ အသက်ရှူကျပ်နေသည်။

သူ၏အမြင်တွင် ဘာတစ်ခုမှ ထင်ရှားခြင်းမရှိ။

သူ၏ မျက်ခွံများသည်လည်း ဖွင့်မရအောင် လေးလံနေပေသည်။

သို့သော်....

သူ၏ခေါင်းထဲသို့ အသိဝင်လာသည်။
'ဝမ်ပါး....ဝမ်ပါး'
သူသည် အားကုန်ညှစ်၍ အော်လိုက်သည်။
ထိုအခါ....
သူ့နားထဲသို့ စကားသံများ ဝင်လာသည်။
'သူ သတိရလာပြီ'
'ဟွေဆန်းကိုး....ဟွေဆန်းကိုး'
လုံးဝသတိရပြီး သူ့အမည်ကို ခေါ်သံပါ ကြားလာသော အခါ ဟွေဆန်းကိုးသည် မျက်လုံးကို အားယူ ဖွင့်ကြည့်သည်။
ဝေဝါးနေသော အမြင်မှ တဖြည်းဖြည်း ကြည်လင်လာသည်။
သူ့မျက်နှာပေါ်သို့ မိုး၍ကြည့်နေသော မျက်နှာတစ်ခုကို တွေ့ရသည်။
ထိုမျက်နှာက တဖြည်းဖြည်းနှင့် ပြက်ပြက်ထင်ထင် ကြည်လင်လာသည်။
'အုပ်ချုပ်ရေးမှူး'
'မင်း သတိရလာပြီနော်၊ မကြာခင် နေကောင်းသွားမှာပါ'
ဝမ်းသာမှု အပြည့်အဝနှင့် ပြုံးပြီး အားပေးစကားပြောသည်။
ဟွေဆန်းကိုး အားလုံးကို ပြန်သတိရသွားသည်။
'သူ....ဝမ်ပါးဘယ်မှာလဲ....ဝမ်ပါး'



'အို....မင်းမထလိုက်နဲ့ဦးလေ၊ သူ....သူရှိပါတယ်'
ယွမ်၏ အေးတိအေးစက်စကားကို သူက အားမရပေ။
'ဝမ်ပါး....ဝမ်ပါးသေပြီမဟုတ်လား'
ဆန်းကိုးမှာ ခေါင်းထဲတွင် နောက်ကျိသွားသည်။
သမားတော်ကြီးက စကားမပြောဘဲ ငြိမ်သက်စွာနေရန် ပြောသဖြင့် ဟွေဆန်းကိုး မျက်လုံးကို ပြန်မှိတ်ထားလိုက်သည်။
သူ့မျက်လုံးအိမ်ထဲမှ မျက်ရည်ပူများ ထွက်ကျနေသည်ကို သူသိသည်။
'ဝမ်ပါးသေပါပြီ၊ တစ်နေ့တွေ့ဦးမယ် တြိဂံဓားသမားရယ်'
စိတ်ထဲမှာတော့ ကြိမ်းဝါးနေမြဲပင်။

* * *

ညနေစောင်းအချိန်....
ဟွေဆန်းကိုး အိပ်ရာမှ နိုးလာသည်။
အခန်းထဲ၌ သူတစ်ယောက်တည်း ရှိနေသည်။
ဤအခန်းသည် မြို့စားကြီး၏ လက်စွဲတော် သမားတော်ကြီး အိုဟန်ဟန်း၏ အခန်းသာ ဖြစ်ရမည်။
သူသည် အတန်ကြာအောင် စောင့်ဆိုင်းနေပါသော်လည်း အခန်းထဲသို့ မည်သူမျှ ဝင်ရောက်လာခြင်း မရှိပေ။

သူ့စိတ်ထဲ၌ မည်သူမှမလာလေ ကောင်းလေပဲဟု ယူဆထားလိုက်သည်။

သူသည် ခုတင်ပေါ်မှထပြီး လမ်းလျှောက်ကြည့်သည်။

ရင်ထဲ၌ နည်းနည်းအောင့်နေသည်။

လက်မောင်းကဒဏ်ရာနှင့် လက်ပြင်က ဒဏ်ရာတာ သိပ်ပြီးကြီးမားဟန် မတူပေ။

ဆေးထည့်၍ ပတ်တီးစည်းထားသော်လည်း မည်သို့မှ နာကျင်စွာ ခံစားရခြင်း မရှိပေ။

သေလောက်သည့် ဒဏ်ရာမဟုတ်မှန်း တိုက်ခိုက်စဉ်ကတည်းက သိသည်။

သူသတိလစ်လောက်အောင် ခံစားသွားရသည်မှာ တြိဂံဓားသမား၏ လက်ဝါးကြောင့် ဖြစ်သည်။

ထိုလက်ဝါးရိုက်ချက်သည် ရင်ညွန့်ကို တူနှင့်ထုလိုက်သည့်အလား ခံစားရပြီး သတိလက်လွတ် ဖြစ်သွားရသည်။

တြိဂံဓားသမား၏ သိုင်းပညာနှင့် အတွင်းအားများကို သူ့အနေဖြင့် အသိအမှတ်မပြုဘဲ နေ၍မဖြစ်တော့ပေ။

စိတ်အထိခိုက်ဆုံးမှာ ဝမ်ပါးအတွက်ဖြစ်သည်။

ဝမ်ပါးက အသက်ဆုံးရှုံးရသည်။

သူက ဒဏ်ရာရသည်။

ယွမ်ကို တစ်ချက် စိတ်ကွက်သွားသည်။

မနက်ပိုင်းတစ်ချက် မြင်တွေ့လိုက်ရသော်လည်း ယခုချိန်ထိ တစ်ခေါက်မှ ထပ်မံ၍ မလာတော့သည်မှာ စိမ်းလွန်းသည်ဟု ထင်မြင်လာသည်။



သက်စွန့်ကြိုးပမ်း ဆောင်ရွက်ခဲ့သော ကိုယ့်တပည့်များအပေါ် ကြည့်ရှုအားပေးနေဖို့တော့ ကောင်းသည်ဟု စိတ်ထဲ၌ ထင်မြင်လာသည်။

မိုးချုပ်သည့်အခါ မိန်းကလေးတစ်ယောက် အခန်းထဲဝင်လာပြီး ဆန်ပြုတ်များ လာချပေးသည်။

မီးအိမ် ထွန်းညှိပေးသည်။

'ရှင်....နေကောင်းလား'

ဟော့ဆန်းကိုးက ခေါင်းညိတ်လိုက်သည်။

'ဆန်ပြုတ်သောက်ပြီးရင် ဟောဒီ ပုလင်းထဲက ဆေးကို အကုန်လုံးသောက်ပါလို့ သမားတော်ကြီး မှာထားတယ်'

'သမားတော်ကြီး ဘယ်သွားလဲ'

'ကခြားလူမမာတွေကို ကြည့်နေတယ်'

မိန်းကလေးက ပြောပြီး ပြန်ထွက်သွားသည်။

ဟော့ဆန်းကိုးသည် ဆာလောင်မှုကြောင့် ဆန်ပြုတ်ပန်းကန်ကိုဆွဲယူကာ သောက်ပစ်လိုက်သည်။

ထို့နောက် သမားတော်ကြီး အသင့်တင်ထားသော ဆေးရည်များကိုသောက်ချကာ စိတ်ပျက်ပျက်ဖြင့် အိပ်ချလိုက်သည်။

သည်တစ်ကြိမ် အိပ်ရာမှ နိုးလာသည်တွင်....

အလင်းရောင်ဓာ စတင်ဝင်ရောက်နေပြီ ဖြစ်သည်။

* * *

ဟော့ဆန်းကိုးသည် မိုးလင်းသည်နှင့် ဤအခန်းထဲမှ ထွက်ခွာသွားရန် ဆုံးဖြတ်ထားသည့်အတိုင်း သူ၏ အဝတ်အစားများကိုပြန်ဝတ်ကာ အခန်းထဲမှ ထွက်ခဲ့သည်။

သူသည် စင်္ကြံလမ်းအတိုင်းလျှောက်ခဲ့ရာ ဒုတိယအဆောင်တစ်ခုသို့ ရောက်လာသည်။

ထိုအဆောင်သည်လည်း သမားတော်ကြီး၏ ဆေးကုသသည့် အဆောင်ပင် ဖြစ်လေသည်။

တိတ်ဆိတ်နေသဖြင့် အခန်းထဲ၌ မည်သူမှ ရှိဟန်မတူပေ။

သို့သော်....

တံခါးက ခပ်ဟဟကလေးဖြစ်နေ၍ ဟော့ဆန်းကိုးသည် အသာတွန်းဖွင့်ပြီး အထဲသို့စောင်းငဲ့ကာ ကြည့်လိုက်သည်။

ဟော့ဆန်းကိုး အံ့အားသင့်သွားသည်။

အံ့ဩသွားသည်။

သူသည် သွက်လက်သောခြေလှမ်းများဖြင့် အထဲသို့ လှမ်းဝင်သွားသည်။

ခုတင်ပေါ်တွင်....

ဝမ်ပါးမှာ ပက်လက်ကလေးဖြစ်နေသည်။

အသက်ရှူသည်မှာ အားမရလောက်အောင် ခပ်မျှဉ်းမျှဉ်းရှူနေသည်ကို တွေ့ရသည်။

'ဝမ်ပါးမသေသေးပါလား၊ ဝမ်ပါးမသေသေးဘူး'

စိတ်ထဲမှ ဝမ်းသာအားရ ရေရွတ်မိသည်။



လူနာကို တစ်ညလုံး စောင့်ကြည့်နေရသဖြင့် လုံးဝမအိပ်နိုင်တော့ဘဲ အိပ်ပျော်သွားဟန်တူသည့် အုပ်ချုပ်ရေးမှူး ယွမ်ကို ခုတင်ဘေးတွင် တွေ့လိုက်ရသည်။

'ငါ အထင်မှားလေခြင်း၊ ငါ့ထက်ကို ဝမ်ပါးက အရေးကြီးနေတာပဲ၊ ယွမ်ဟာ ဝမ်ပါးကို တစ်ညလုံးဒုက္ခခံပြီး စောင့်နေပါလား'

နောင်တရမိသည်။

ယွမ်ကို သနားသွားသည်၊ ပိုမို၍လေးစားသွားသည်၊

သူ့ခြေသံကြောင့် ယွမ်နိုးလာသည်၊

'မင်း တော်တော် နေကောင်းသွားပြီပဲ'

'ဟုတ်ကဲ့၊ သူက....'

ယွမ်က သက်ပြင်းချသည်။

'သမားတော်ကြီးလဲ တစ်ညလုံးကြိုးစားနေတာပဲ၊ သမားတော်ကြီးက သူအနိုင်ရလိမ့်မယ် ထင်တယ်လို့တော့ မထင်မကျပြောသွားတယ်၊ သေမင်းက မနိုင်ဘဲ သမားတော်ကြီးက နိုင်ပါစေလို့ပဲ ဆုတောင်းပေါ့ကွာ'

ယွမ်မှာ တစ်ညလုံး အိပ်ရေးပျက်ထားသဖြင့် မျက်တွင်းများကျနေသည်။

ပင်ပန်းနွမ်းနယ်နေသည့် သဏ္ဌာန်က အထင်းသား ပေါ်လွင်နေသည်။

မျက်လုံးအစုံကရဲနေပြီး မေးရိုးများကားလာသည်ဟု ထင်ရ၏။

တပည့်များအပေါ် သူ၏မေတ္တာကြီးမားမှုနှင့် ဟွေ့ဆန်းကိုး မျက်မြင်ထင်ရှား တွေ့ရပါပြီ။

ယွမ်သည် အခန်းထဲရှိ စားပွဲ၌ ပင်ပန်းနွမ်းနယ်စွာဖြင့် ထိုင်ချလိုက်ရင်းမှ ဟွေ့ဆန်းကိုးအားကြည့်ကာ....

'မင်း သိသိကလေး ကံကောင်းသွားတယ်'

ယွမ်ပြောသည်မှာ မမှားပါ၊ တြိဂံဓားသမားမိမိထံသို့ ပြေးဝင်လာသည်ကို မိမိ နောက်ဆုံး သိလိုက်ရသည်။

ယွမ်က ဆက်၍....

'သံချိုင်းစောင့်ကြီးက မင်းတို့ တိုက်ခိုက်နေတာကိုမြင်ပြီး ကြောက်အား လန့်အားနဲ့ ပြေးလာပြီး ပန်စိန်းတို့အဖွဲ့ကိုပြောလို့ ပန်စိန်းတို့အချိန်မီရောက်သွားတာ၊ ဒါပေမယ့် မင်းတို့ရဲ့ ရန်သူတော်ကြီးကိုတော့ မမိလိုက်ပါဘူး၊ သူသာမင်းကို ဓားနဲ့ ထိုးနေရင်လဲ ပန်စိန်းတို့က သူ့ကိုဝိုင်းမိသွားမှာပဲ'

'တစ်နေ့နေ့တော့ သူနဲ့ကျွန်တော် ပြန်တွေ့ဦးမှာပဲ အုပ်ချုပ်ရေးမှူး'

ယွမ်က ခပ်ယဲ့ယဲ့ပြုံးသည်။

'တွေ့ဖို့ကလွယ်တယ်၊ သူ့ကိုယှဉ်နိုင်ဖို့ အရေးကြီးတယ်'

ဟွေ့ဆန်းကိုးက ဘာမှ ပြန်မပြောဘဲ အံကို မသိမသာ ကြိတ်ထားသည်။

ထို့နောက် ဟွေ့ဆန်းကိုးက အုပ်ချုပ်ရေးမှူးအား ယနေ့ည အတွေ့အကြုံ အားလုံးကို ပြောပြလိုက်သည်။

* * *



တစ်နေ့လုံး စောင့်ကြည့်သော်လည်း ဝမ်ပါးမှာ သတိပြန်လည် ရရှိခြင်း မရှိသေးပေ။

နောက်တစ်နေ့တွင်....

သမားတော်ကြီးက မည်သူ့ကိုမှ အတွေ့မခံစေဘဲ ကြပ်မတ်ကုနေသောကြောင့် ဟွေ့ဆန်းကိုးသည် အုပ်ချုပ်ရေးမှူး ယွမ်နှင့်အတူ ရုံးသို့ပြန်လာပြီး အနားယူလိုက်သည်။

အနားယူသည် ဆိုသော်လည်း ဟွေ့ဆန်းကိုးက သူ၏ လက်အောက်ငယ်သားအချို့ကို ပြောင်းတောာ့ရွာသို့ စေလွှတ်ပြီး လွှေဖိးဆိုသူကို အရှာခိုင်းလိုက်လေသည်။

တွေ့ရှိပါက ချက်ချင်းဖမ်းဆီးခေါ်လာရန်လည်း မှာကြားလိုက်၏။

သို့သော်....

ထိုလူများ ပြန်လည်ရောက်ရှိလာသည်၊ လွှေဖိး ပါမလာခဲ့ပါ။

သူ၏အိမ်ကို တွေ့ခဲ့ရသော်လည်း လွှေဖိး ခရီးထွက်သွားသည်မှာ သုံးလေးရက် ရှိနေပြီဟု သိရှိရလေသည်။

လွှေကြီး အသတ်ခံရသည်နှင့် လွှေဖိးထွက်ပြေးတိမ်းရှောင်သွားခြင်းသာ ဖြစ်ရပေမည်။

ဟွေ့ဆန်းကိုးသည် သူ့အခန်းကလေးထဲ၌ စဉ်းစားရင်း အနားယူခနစဉ် တပ်မှူး ရှဖုန်းရိ ရောက်ရှိလာသည်။

သူက မနေ့ညက အဖြစ်အပျက်များကို မေး၍ ပြောပြရသေးသည်။

'ဒီငနဲကြီးက ခင်ဗျားတို့ စုံစမ်းနေတဲ့ တြိဂံလူသတ်သမား အစစ်ပဲလား'

ဟော့ဆန်းကိုးက သက်မ ချလိုက်သည်။

'ဘယ်လို ပြောရမှန်းတောင် မသိတော့ဘူး တပ်မှူးရဲ့၊ သူကလဲ သူ့ကိုယ်သူ တြိဂံဓားသမားဆိုတာ ဝန်ခံသွားတယ်၊ သူ့အပြောကတော့ တပ်မှူးကြီး ကျင်းဖိန့် အပါအဝင် သုံးယောက်စလုံးကို သူသတ်လိုက်တဲ့ သဘောပဲ၊ ဒါပေမယ့် မဖြစ်နိုင်တဲ့ အချက်တွေ အများကြီး ရှိနေတယ်'

ရှုဖုန်းရီက....

'ခင်ဗျားတို့ အနေနဲ့က ဘယ်လိုထင်ထားလို့လဲ'

'နှစ်ယောက်....၊ တြိဂံဓားသမားဟာ နှစ်ယောက်၊ ချိကန်းနဲ့ ခုံလျှောင်းကို သတ်တာက အမျိုးသမီးလို့ ကျုပ်တို့ တိတိကျကျ ယူဆထားတယ်၊ အဲ....တပ်မှူးကြီး ကျင်းဖိန့်ကို သတ်တာကတော့ အဲဒီပုဂ္ဂိုလ်ပဲ၊ ဒါကို သူက သုံးယောက်လုံးကို သတ်ခဲ့တဲ့ ပုံစံမျိုး ပြောနေတော့ ပထမသတ်တဲ့ မိန်းကလေးကို အကာအကွယ် ပေးနေတဲ့ သဘောမျိုး ဖြစ်နေတယ်'

ရှုဖုန်းရီသည် စဉ်းစား တွေးတောနေရာမှ....

'အဲဒီငနဲက တခြား ဘာမှ မပြောဘူးလား'

'သူက ကျုပ်တို့နှစ်ယောက်စလုံးကို သေလူလို့ အပိုင်တွက်ထားတာ၊ ကျုပ်တို့ မေးတာကို သေရမယ့်လူတွေ ကြားလဲ အပိုပဲတဲ့'



ရှုဖုန်းရီက ပြုံးလိုက်သည်။

'တော်တော်လာတဲ့လူပဲ၊ အဲဒီလို ကိုယ့်ကိုယ်ကို အထင်ကြီးနေတဲ့ လူတွေဟာ သောကမှာ အသက်မရှည်ပါဘူး'

ဟော့ဆန်းကိုးက ခေါင်းယမ်းသည်။

'သိပ်တော့ မလွယ်ဘူးဗျ၊ သူ့သိုင်းပညာက အထင်ကြီးလောက်တယ်၊ ပန်စီန်းတို့အဖွဲ့သာ မလာရင် ကျုပ်ရှုံးနိမ့်ပြီး သေရမှာ အမှန်ပဲ'

ရှုဖုန်းရီက....

'ဒါဆို ခင်ဗျားရဲ့ ရန်သူတော်ကြီးနဲ့ နောက်တစ်ပွဲလောက် နွှဲဦးမယ်နဲ့ တူတယ်'

'သေချာတာပေါ့ဗျာ၊ တပ်မှူးကြီးအတွက် အကြွေးဆပ်စရာတွေ ရှိနေသေးတယ်၊ အဲ...သူက မြေလျှိုးမိုးပျံပြီး ပျောက်ကွယ်သွားရင်တော့ မပြောတတ်ဘူး'

ရှုဖုန်းရီက တွေးနေရင်းမှ...

'ဟို....ချိကန်းနဲ့ ခုံလျှောင်းကို သတ်တာ အမျိုးသမီး ဖြစ်ရမယ်ဆိုတာ သေချာရဲ့လားဗျ'

ဟော့ဆန်းကိုးသည် တပ်မှူး ရှုဖုန်းရီကို အလူးအလဲလို မော့ကြည့်လိုက်သည်၊ ရှုဖုန်းရီ ထိုမေးခွန်း မေးသည်မှာ နှစ်ခါ ရှိနေသောကြောင့် ဖြစ်သည်။

'ရှုဖုန်းရီ....ဒီအမှုကို ခင်ဗျား တော်တော် စိတ်ဝင်စားပုံပဲ'

ရှုဖုန်းရီက ရယ်လိုက်သည်။

'ဩော်....အမျိုးသမီးက ယောကျ်ားတွေကို ပိပိရိရိနဲ့ သတိ နိုင်တယ်ဆိုတော့ စိတ်ဝင်စားတာပေါ့ဗျ'

'သူတို့မှာ လက်နက်ရှိတယ်လေဗျာ၊ မာယာလက်နက်'

'မာယာလက်နက် ဟုတ်လား၊ အင်း... အင်း.... ကျုပ်သဘောပေါက်တယ်၊ ကဲ....ဆိုပါဦး၊ ဗြိဂံယောကျ်ားတွေ နဖူးတွေ ဒူးတွေ တွေ့လိုက်ပြီ၊ ဗြိဂံအမျိုးသမီးကိုတော့ မတွေ့သေးဘူးပေါ့'

'လာမှာပေါ့ ရှဖုန်းရိရယ်၊ မုဆိုးနဲ့သားကောင်ဆိုတာ တစ်ကွေ့ကွေ့မှာတော့ တွေ့ကြစမြဲပဲ၊ ဩော်....ရှဖုန်းရိ၊ ခင်ဗျား နယ်ထွက်ရဦးမယ်ဆို'

ရှဖုန်းရိက ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်ဗျ၊ ကျွန်တော့်မှာလဲ အချစ်တော်ကြီး ရှိနေတယ်လေ၊ အိုဗိုးဝါးဇလဲ ပတ်ဝန်းကျင် ဆနီးအနားတနေပြီး စိန်ခေါ်နေတာပဲဗျ'

ဟွေ့ဆန်းကိုးက....

'သွားရင်းလာရင်း ကျုပ်မိတ်ဆွေ ဗြိဂံရဲ့သတင်းကြားရင် ရက်ချိန်းလေး ပေးခဲ့စမ်းပါဗျာ၊ တစ်နေ့နေ့ တွေ့ချင်တယ်လို့'

ရှဖုန်းရိက ရယ်သည်။

'ကောင်းပါပြီဗျာ၊ ဒါနဲ့ ဝမ်ပါးကို ကျုပ် သွားကြည့်သေးတယ်၊ အခြေအနေ မကောင်းသေးလို့ သမားတော်ကြီးက ခွင့်မပြုဘူးဗျ၊ ကျုပ် ဝမ်ပါးအတွက် စိတ်မကောင်းလိုက်တာဗျာ'

ဟွေ့ဆန်းကိုးမျက်နှာ သိသိသာသာ ညှိုးသွားပြန်သည်။



ရှဖုန်းရိက အလိုက်သိစွာဖြင့် နှုတ်ဆက်ပြီး ပြန်ခဲ့လေသည်။

* * *

နောက်တစ်နေ့....

ခုံလျှောင်း အသတ်ခံရပြီး ဆယ်ရက်ပြည့်သည့်နေ့။

ဟွေ့ဆန်းကိုးက အိပ်ရာမှနိုးနိုးချင်း ထိုရက်ကို တွက်နေမိသည်။

အဘယ်ကြောင့်ဆိုသော်....

ချိအန်းကိုသတ်ပြီး တစ်လပြည့်သောနေ့တွင် ခုံလျှောင်း အသတ်ခံရသည်။

သတ်သည့်နေ့မှာ ၁၄ ရက်နေ့ ဖြစ်သည်။

သုံးလပိုင်း ၁၄ ရက်၊ ချိကန်း အသတ်ခံရသည်။

လေးလပိုင်း ၁၄ ရက်၊ ခုံလျှောင်း အသတ်ခံရသည်။

တပ်မှူးကြီး ကျင်းဖိန်က ခုံလျှောင်းနှင့် မရှေးမနှောင်း နှစ်ရက်သာ ခြားသည်။

ငါးလပိုင်း ၁၄ ရက်တွင် တစ်စုံတစ်ရာ ထူးခြားလာလေဦးမလားဟု ဟွေ့ဆန်းကိုး တွေးမိခြင်း ဖြစ်၏။

တစ်လပြည့်ဖို့အ အရက်နှစ်ဆယ် လိုပါသေးသည်။

ဟွေ့ဆန်းကိုးသည် ထိုအတွေးများဖြင့် စောစောစီးစီး သမားတော်အိမ်ဆီသို့ ထလာခဲ့သည်။

ဝမ်ပါး အခြေအနေကို သိချင်လှန်း၍ တစ်ကြောင်း၊ မိဇီ ဒဏ်ရာကိုလည်း ဆေးထည့်ဆေးသောက်ရန် ဖြစ်သည်။

သမားတော် အိုဟန့်ဟန်းထံ ရောက်သည့်အခါ ယွန်းမ်က မိမိ ထက်စောပြီး ရောက်နေသည်။

'မင်းအခြေအနေကတော့ တော်တော် ကောင်းနေပြီ မဟုတ်လား'

'ဟုတ်ကဲ့အာစရိ၊ အဲဒီငနဲနဲ့ နွဲ့မယ်ဆိုရင်တောင် ပြန်နွဲ့နိုင် ပါပြီ'

စိတ်ထဲက မကျေမနပ်ဖြစ်နေ၍ ပြောလိုက်သည်။

ယွန်းမ်က ရယ်သည်။

'မလုပ်ပါနဲ့ဦး မောင်ရင်ရယ်၊ အားလေးဘော့ မွေးပါ ဦး၊ နောက်ပြီး မင်းရဲ့ သိုင်းပညာတွေကို ပြန် ဆန်းစစ်ဖို့လဲ လိုလာပြီ'

'စိတ်ချပါ အာစရိ၊ ဒါနဲ့ ဝမ်ပါးအခြေအနေရော'

ယွန်မ်က သက်ပြင်းချ၍ ခေါင်းယမ်းသည်။

'ခုထိတော့ မထူးသေးဘူး'

'ဘုရား....ဘုရား....ဝမ်ပါး ကျန်းမာပါစေ'

ဟွေ့ဆန်းကိုး စိတ်ထဲမှ ဆုတောင်းလိုက်သည်။

အခန်း (၁၆)

ဟွေ့ဆန်းကိုး ဆေးသောက် ဆေးထည့်ပြီးသည်နှင့် အနား မယူနိုင်ပါ။

သမားတော်ကြီး ချင်ချင်ဂေယာ၌ လုပ်စရာ လုပ်ငန်းတ တန်းလန်း ကျန်နေသည်။

ကိုယ်ရေးမှတ်တမ်းများကိုပြီးပြတ်အောင်စစ်ဆေးချင်သည်။

ချင်ချင်ဂေဟာရောက်တော့ ရှေးဦးစွာ သမားတော်ကြီး ချင်ယားနှင့် စ၍တွေ့ရလေသည်။

'ဟော.... မင်းတို့ အုပ်ချုပ်ရေးဌာနတွေမှာ တော်တော် ရှာလေး ဂယက်ရိုက် နေပါလားကွ'

'ဟုတ်ကဲ့ဆရာကြီး၊ ခုဘာလော အခြေအနေတွေက တော် တော်ဆာလေး ဆိုးရွားနေတယ်၊ အထူးသဖြင့်ကတော့ နှစ်လ အတွင်း လူသုံးယောက် အသတ်ခံရတဲ့ ကိစ္စပါပဲ'

ချင်ယားအာ....

'ဒါနဲ့ ငါဒီမနက် မြို့ထဲရောက်သွားတယ်၊ မနေ့က မင်းတို့ဌာနက လူနှစ်ယောက် သချိုင်းထဲမှာ အသတ်ခံရတယ်ဆိုတဲ့ စကားများက တစ်စတစ်စ ကားသွားခြင်း ဖြစ်ပေမည်။

ဟွေဆန်းကိုးက ခေါင်းယမ်းလိုက်လေသည်။

'အဲဒီလိုမဟုတ်ပါဘူးဆရာကြီး၊ သင်္ချိုင်းမှာတိုက်ခိုက်ကြတာ ကျွန်တော်နဲ့ဝမ်ပါးပါ၊ ကျွန်တော်က ဒဏ်ရာနည်းနည်းရတယ်၊ ဝမ်ပါးကတော့ ဒဏ်ရာပြင်းထန်တယ်၊ ခုထိ သတိမရသေးဘူး'

'အို.... ဖြစ်မှဖြစ်ရလေ၊ ဓားပြတွေလားကွ'

ဟွေဆန်းကိုးက စကား သိပ်ရှည်လျားနေမည် စိုး၍....

'ဓားပြတော့မဟုတ်ဘူး၊ ဒါပေမယ့် ခုလောလောဆယ် ဖြစ်နေတဲ့ လူသတ်သမားလို့တော့ ထင်ရတာပဲ'

'ဘာ.... ကြိုဂံ ဓားသမား ဟုတ်လား'

'ကျွန်တော်တို့ထင်တာကို ပြောတာပါ'

'အင်း....ဘာပဲဖြစ်ဖြစ်လေ၊ ခုလို သတ်မှုဖြတ်မှုတွေများလာတာတော့ မကောင်းဘူးပေါ့၊ မင်းတို့ဌာနတွေ အနေနဲ့လဲ အပြစ်မြင်စရာတွေ ဖြစ်လာလိမ့်မယ်'

'ဟုတ်ပါတယ်ဆရာကြီး၊ ဒါကြောင့် ကျွန်တော်တို့အစွမ်းကုန် ကြိုးစားနေတာပါ'

'အေး....ကောင်းတယ် ကောင်းတယ်၊ ဒြော်ဒါနဲ့ ခုတ်အီအာ အကြောင်းကြားထားတာရှိတယ်၊ ကိုယ်ရေး မှတ်တမ်း တစ်ခု ပျောက်ဆုံးနေတယ်တဲ့၊ ကိုယ်ရေးမှတ်တမ်းရဲ့ ဓာတ်ပုံ



ရှင်ကတော့ စီစီချမ်းဆိုတဲ့ မိန်းမလေးပဲ၊ ကဲ....သွားသွား၊ မင်းကို ခုတ်အီအာ ပြောပြလိမ့်မယ်'

'စီစီချမ်း....'

ဟွေဆန်းကိုးက တိုးတိုးကလေး ရေရွတ်ပြီး ခေါင်းထဲမှ မှတ်သားထားလိုက်လေသည်။

* * *

ခုတ်အီသည်....

မိမိတို့အလုပ်ကို ကူညီလုပ်ကိုင်နေသည်ကို တွေ့ရသည်။

ထိုစဉ်....

ကျောင်းဆရာမ ဝေ့ယမ်းယမ်းကလည်း ရောက်ရှိလာအဖြင့် ဟွေဆန်းကိုးမှာ ဝမ်းသာသွားလေသည်။

သည်ကနေ့တော့ အားနာသည့်အတွက် သူမကို မခေါ်တော့ဟု ဆုံးဖြတ်ထားသည်။

'ဒီနေ့ ဆရာမ မအားလို့ မလာတော့ဘူး ထင်နေတာ'

ဝေ့ယမ်းယမ်းအာ မျက်စောင်းထိုးကာ....

'ဒီနေ့ ကျောင်းအားတဲ့နေ့လေ၊ ရှင်တို့ ကံကောင်းတယ် မှတ်ပါ'

သူမက ပြောရင်းမှ ဟွေဆန်းကိုး လက်မောင်းကို ကြည့်လိုက်လေသည်။

'ရှင့်လက်မောင်းမှာ ပတ်တီးစည်းထားသလိုပဲ၊ ဘာဖြစ်လို့လဲ'

ပတ်တီးစည်းပြီး အင်္ကျီဝတ်ထားသော်လည်း ဝေ့ယမ်းယမ်းအာ မြင်တွေ့သွားသည်။

ထိုအခါ ဟော့ဆန်းကိုးသည် လေ့သာတော့သဖြင့် မနေ့ညက သူတို့၏ အဖြစ်အပျက်ကို ပြောပြလိုက်ရတော့သည်။

ဝေ့ယမ်းယမ်းသည် ဝမ်ပါး ယခုချိန်ထိ သောမလာ၊ ရှင်မလာ၊ မသိရသေးကြောင်း ပြောပြသည့်အခါ မျက်နှာမှာ သိသိသာသာ ညှိုးကျသွားသည်။

သူသည် ဝမ်ပါးအပေါ် စိုးရိမ်စိတ်များ ဝင်နေမှန်းလည်း သိသာလှသည်။

'ဘယ်က ရန်သူလဲရှင်'

'သူ့ကိုယ်သူတော့ တြိဂံဓားသမားလို့ ပြောတာပဲ၊ တပ်မှူးကြီး ကျင်ဖိန့်ကိုသတ်သွားတဲ့ ငနဲပေါ့'

ဝေ့ယမ်းယမ်း မျက်နှာတွင် သွေးဆုတ်သကဲ့သို့ ဖြူဖပ်ဖြူရော် ဖြစ်သွားလေသည်။

'အို....ကျွန်မလုံးဝစိတ်မကောင်းဘူးရှင်၊ ဝမ်ပါးကို ကျွန်မ သွားကြည့်ချင်လိုက်တာ'

သူမပါးစပ်မှ လွတ်ခနဲထွက်သွားပြီး ရှက်သွားသလို မျက်နှာတွင် ပန်းနုရောင် သန်းသွားလေသည်။

'ဒီလိုပဲဖြစ်ရမှာပေါ့'

ဟု ဟော့ဆန်းကိုး စိတ်ထဲမှ တိုးတိုးကလေး ရေရွတ်လိုက်လေသည်။

* * *

သူမ စကားပြောလောကြီးသွား၍ ရှက်သွားပုံရသည်။ ဟော့ဆန်းကိုးက ငိုချင်လျက်လက်တို့ ဆက်ပြီးပြောလိုက်ပြန်သည်။



'ဒီကောင်က သနားစရာပါ၊ ခုလိုဖြစ်နေတာတောင် ကြည့်ရှုမယ့် ဆွေမျိုးသားချင်းလဲ မရှိ၊ သားမယားကလဲ မရှိတော့ သေတာတောင် ငိုမယ့်လူ ရှိမှာ မဟုတ်ပါဘူး'

ဝေ့ယမ်းယမ်း စာရွက်များကို သဲသဲမဲမဲ ငုံ့၍ လှန်လှောနေသော်လည်း မျက်ရည်များ စီးကျနေသည်ကို တွေ့ရသည်။

'အဲဒီကောင်လေးက တော်တော် စိတ်ထား ကောင်းပုံရတယ်၊ ကျန်းမာပါစေတော်....'

ခုတ်အီက ဝင်၍ ဆုတောင်းနေပြန်သည်။

ခုတ်အီသည် ထိုသို့ဆုတောင်းပြီးသည်နှင့် တစ်ဆက်တည်း....

'ဒီမှာ ဟော့ဆန်းကိုး၊ ဟောဒီ မှတ်ပုံတင် စာအုပ်ထဲက မှတ်ပုံတင်နံပါတ် ၅၀၅ စီစီချမ်းရဲ့ ကိုယ်ရေးမှတ်တမ်းကိုတော့ လုံးဝ ရှာမတွေ့ဘူးကွယ့်'

'စီစီချမ်း ဟုတ်လား'

ဆန်းကိုးက မှတ်ပုံတင်စာအုပ်ကို ငုံ့ကြည့်နေသည်။

ဝေ့ယမ်းယမ်းလည်း အနားသို့ ရောက်လာသည်။

မှတ်ပုံတင် နံပါတ်စဉ်ကို ကြည့်၍....

'ကျွန်မရှိနေတဲ့အချိန်က ဝင်လာတဲ့ လူမမာပဲ'

ဆန်းကိုးက အားတက်သွားဟန်ဖြင့်....

'ဒါဆို ဆရာမ ဒီလူမမာရဲ့ ရာဇဝင် ကို ကောင်းကောင်း သိနေမှာပေါ့နော်'

'အို....ရှင်ကလဲ လူနာတစ်ယောက်ရဲ့ မှတ်တမ်း အပြည့်အစုံကို ကျွန်မက ဘယ်လိုလုပ်ပြီး မှတ်မိနေပါ့မလဲ၊ နောက်ပြီး လူနာက တစ်ယောက်တည်းမှ မဟုတ်တာ'

'အင်း....ဒါလဲ ဟုတ်တာပဲလေ'

ဟောဆန်းကိုးက ဝန်ခံလိုက်သည်။

ပြီးမှ သက်ပြင်းတစ်ချက်ချကာ....

'ဒီနေ့ အလုပ်လုပ်ရတာ နည်းနည်းမှ စိတ်မဝင်စားဘူးဗျာ'

ခုတ်အိက....

'ဟုတ်မှာပေါ့၊ မင်းက ဒဏ်ရာတောင် မပျောက်သေးဘဲနဲ့ ဒီအလုပ်တွေ လာလုပ်နေရတာကိုး'

'အဲဒါလဲ တစ်ကြောင်းပေါ့ဗျာ၊ ဝမ်ပါးအတွက်လဲ ကျွန်တော် သိပ်ပြီး စိတ်လေးနေတယ်'

'ဒီအလုပ်တွေကို နောက်နေ့မှ ရှင်လာလုပ်လို့ မရဘူးလား'

ဝေ့ယမ်းယမ်းက မေးသည်။

'အချိန်တာ သိပ်အရေးကြီးတယ် မဟုတ်လား၊ ကိုယ်သိချင်တာကို စောစောသိရလေ တန်ဖိုးရှိလေပဲပေါ့'

ဆန်းကိုးက သက်ပြင်းချရင်း ပြန်ဖြေလိုက်သည်။

ယခုအချိန်ထိ ဆန်းကိုးသည် စိတ်ဝင်စားစရာ ကောင်းသော မှတ်တမ်းနှစ်ခုကို ရရှိထားပြီး ဖြစ်လေသည်။

သူသည် ထိုမှတ်တမ်းနှစ်ခုကို ဘေးသို့ ဖယ်ထုတ်ထားသည်။

ကျန်သော မှတ်တမ်းများကို ဆက်လက် ကြည့်ရှုလာရာ နောက်ထပ် စိတ်ဝင်စားစရာ အကောင်းဆုံးတစ်ခု ထပ်တွေ့သည်။



ထိုအခါ မှတ်တမ်းများ အားလုံးထဲမှ စိတ်ဝင်စားစရာ မှတ်တမ်းသုံးခုသာ ရရှိသည်ဟု ဆိုရပေမည်။

အကယ်၍ ပျောက်ဆုံးနေသော မှတ်တမ်းသည် စိတ်ဝင်စားစရာ ဖြစ်ခဲ့မည် ဆိုပါက စုစုပေါင်း လေးဦးသာ ရှိပေမည်။

ဆန်းကိုးက စစ်ဆေးပြီးသော မှတ်တမ်းအားလုံးကို ခုတ်အိလက်ထဲသို့ ပြန်အပ်လိုက်သည်။

ခုတ်အိက နေသားတကျဖြစ်အောင် ပြန်လည်သိမ်းဆည်းထားလိုက်၏။

ပျောက်နေသည့် စီစီချမ်း၏ မှတ်တမ်းအတွက် စိတ်ထဲ၌ စနောင့်စနင်း ဖြစ်နေသည်။

ထိုမှတ်တမ်းသည် မိမိတို့ စစ်ဆေးခါနီးဆဲဆဲမှ မည်သည့်အတွက်ကြောင့် ပျောက်သွားရသနည်း။

မိမိတို့က မှတ်တမ်းများ စစ်ဆေးမည်ကို ကြိုတင်သိရှိနေသူများအား ပြန်စဉ်းစားသောအခါ....

ကုပ်ချုပ်ရေးမှူးနှင့်တိုင်ပင်သည်။ ပြီးသည်နှင့် ဝမ်ပါးနှင့် မိမိ ချင်ချင်ဂေဟာသို့ လာသည်။ ချင်ချင်ဂေဟာ၌ ချင်ချင်၊ ချင်ယား၊ ထို့ပြင် ထိုနေ့က အနားတွင် ရှဖုန်းရိ ရှိနေခဲ့သည်။

သည့်နောက် ချင်ချင်တို့က ခုတ်အိနှင့် ကျောင်းဆရာမ ဝေ့ယမ်းယမ်းတို့ကို အသိပေးလိုက်သည်။

ကြိုတင်၍ သိရှိသော လူမိန်းစာရင်းကို ပြန်ကြည့်ပါက....

သမားတော်ကြီး ချင်ချင်နှင့် ချင်ယား။

သူတို့နှစ်ယောက်သည် သမားတော်ကြီးများဖြစ်၍ ဘာမှ ထိမ်ဝှက်ထားစရာမရှိ။

ဒုတိယ အနားတွင်ရှိနေသော တပ်မှူး ရှဖုန်းရိ၊ သူကလည်း မိမိတို့ကဲ့သို့ပင် တာဝန်ရှိသော လူတစ်ယောက် ဖြစ်၍ ထည့် စဉ်းစားစရာမလို။

တတိယခုတ်အိန္ဒိ ကျောင်းဆရာမဝေ့ ယမ်းယမ်း။

သူတို့နှစ်ယောက် ကြိုတင်သိရှိထားသည်။

ခုတ်အိက လက်ရှိအလုပ်သမား၊ ဝေ့ယမ်းယမ်းက တစ်ချိန်က အလုပ်သမား။ သူတို့သာ ထုတ်ယူထားမည်ဆိုလျှင် ကျွမ်းကျင်ပြီးသားမို့ ဤမျှလောက် ခြေရာလက်ရာပျက်နေမည်မဟုတ်ပေ။

ဟိုနေ့ကမြင်ကွင်းသည် မကျွမ်းကျင်သော လူတစ်ယောက်က ဘယ်နေရာ ဘာထားမှန်းမသိဘဲ နေရာအနှံ့ မွှေနှောက်ထားခြင်း ဖြစ်သောကြောင့် ဤလုပ်ငန်းနှင့် အလှမ်းဝေးသူ ဖြစ်ရပေမည်။

ဟွေ့ဆန်းကိုး မှတ်တမ်းသုံးခုကိုကိုင်၍ ခုတ်အိအား နှုတ်ဆက်ရင်းမှ ဝေ့ယမ်းယမ်းအား လှည့်ကြည့်ကာ....

'လောလောဆယ်တော့ ဆရာမကို ဒုက္ခမပေးသေးပါဘူး၊ ဒီမှတ်တမ်းသုံးခုကို သမားတော်ကြီးဆီမှာ ခွင့်တောင်းပြီး ကျွန်တော်ယူသွားမှာပါ၊အဲဒီထဲက လုံးဝနားမလည်တဲ့ အမှတ်အသားမျိုးတွေမှပဲ ဆရာမဆီ အကူအညီလာတောင်းမယ်'

'ဟုတ်ကဲ့၊ ကျွန်မ တတ်နိုင်တာကို အကူအညီပေးပါ့မယ်'



'ကျေးဇူးတင်ပါတယ်၊ ဒါနဲ့ ဟိုပျောက်နေတဲ့ ကိစ္စကို တစ်စွန်းတစ်စ စဉ်းစားလို့များရခဲ့ရင် ကျေးဇူးပြုပြီး ကူညီပါဗျာ'

ဝေ့ယမ်းယမ်းက ခေါင်းညိတ်လိုက်သည်။

'ဟုတ်ကဲ့၊ ကျွန်မ အဲဒီဝေဒနာရှင်ရဲ့ နာမည်ကို သိနေသလိုပဲ၊ သမားတော်ကြီးနဲ့ ဆုံတဲ့အခါ ဆက်စပ်ပြီး မေးကြည့်ပါဦးမယ်'

'ကောင်းပါပြီ၊ အားလုံးကျေးဇူးပဲဗျို့'

* * *

ဟွေ့ဆန်းကိုးက မှတ်တမ်းများကို စိမ်ပြေနပြေဖတ်ရှုနေစဉ် အခန်းထဲသို့ ယွမ်ဝင်ရောက်လာသည်။

'ဘယ့်နှယ်လဲဟေ့၊ မသင်္ကာစရာတွေ တော်တော်မှ များရဲ့လား'

ဆန်းကိုးက မော့ကြည့်ပြီး....

'ကျွန်တော်တို့ကိစ္စနဲ့ ပတ်သက်မယ် ထင်တာကတော့ သုံးယောက်ပဲ တွေ့ခဲ့တယ်၊ တခြားဝေဒနာသည်တွေက သွေးရိုးသားရိုး စိတ်ဖောက်ပြန်ကြပြီး ထူးခြားတဲ့ ရောဂါလက္ခဏာ ဘာမှ မရှိကြပါဘူး'

ယွမ်သည် မှတ်တမ်းတစ်ခုကို ထိုင်၍ဖတ်ရှုနေသည်။

အမည်က စွမ်းမာ။

ရောဂါလက္ခဏာက လူတစ်ဦးတစ်ယောက်ကို စူးစူးစိုက်စိုက်ကြည့်ပြီး တွေ့ရာလက်နက်နှင့်ကောက်ပေါက်သည်။ အားလုံးကိုသတ်ပစ်မယ်၊အားလုံးကိုသတ်ပစ်မယ်ဆိုသောစကားကို

မကြာခဏပြော၍ငိုနေတတ်သည်။ သူမသည် တစ်ယောက်ကို ခေါင်းကွဲစေပြီး၊ တစ်ယောက်ကို သေသည်အထိ ရိုက်သတ်ခဲ့ဖူးသည်။ ညအက်တွင်အိပ်သည်ဟူ၍မရှိဘဲ တစ်စုံတစ်ယောက်၏ အခန်းထဲသို့ မကြာခဏ ခိုး၍ဝင်တတ်သည်။ သူမ၌ အတော်အသင့်တတ်ထားသော သိုင်းပညာအခြေခံလည်း ရှိနေပေသည်ဟူ၍ ရေးသားထားသည်။

အထက်ပါစာများကို လူတိုင်းနားလည်အောင် တိုတိုနှင့် လိုရင်းကို ရေးသားထားသည်။ အချို့နေရာများ၌ လေးထောင့်ပုံ၊ အဝိုင်းပုံ၊ ကြယ်ပုံကလေးများ အမှတ်အသား ပြုထားသည်မှာ အဘယ်နှင်းတော့ မသိပေ၊ မှတ်တမ်းရေးသူသာ သိရှိပေမည်။

ဤမျှလောက်မိုလျှပ်ပင် ပြည့်စုံနေ ပြီဖြစ်၍ သင်္ကေတအမှတ် အသားများကို မေးနေရလိုတော့ပေ။

ယွမ်သည် အောက်ပိုင်း၌ သမားတော်ကြီး ဖြည့်စွက်ထားသော စာကို ဆက်ဖတ်ကြည့်သည်။

စွမ်းမာကို နံပါတ်ငါး ကုထုံးဖြင့် ကုသည်။ တစ်နှစ်နှင့် သုံးလအကြာ ရှင်းရှင်းပျောက်ကင်းသွားသည်။ ပဲပြားလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုသည်။ ကျုံကွမ်း၌ နေသည်။

သမားတော်၏ မှတ်ချက်ကိုကြည့်၍ ယွမ်က…

'သမားတော်ကြီးက ပျောက်ကင်းသွားတဲ့ သူ့ရဲ့ လူမမာတွေ ဘယ်မှာရှိတယ်၊ ဘာလုပ်ကိုင် စားတယ်ဆိုတာလိုက်ပြီး စုံစမ်းသေးသလားကွ'

ဟု အံ့ဩသလို မေးသည်။



'အဲဒီလိုတော့ ဘယ်လိုက် စုံစမ်းမလဲ အာစရိရဲ့၊ သူက ပျောက်ကင်းပြီလို့ယူဆပြီး လူမမာတွေကို ပြန်ခွင့်ပြုတဲ့အခါမှာ ခြောက်လတန်သည်၊ တစ်နှစ်တန်သည် ပြည့်တဲ့နေ့မှာ တစ်ခေါက်လာခဲ့ဖို့ မှာတယ်၊ ဆိုလိုတာက ရောဂါ ပျောက် မပျောက် ပြန်ကြည့်ချင်လို့ပဲ၊ အဲဒီလို ပြန်လာတဲ့ အခါမှာ အခုဘယ်မှာနေလဲ၊ ဘာလုပ်စားလဲ စသည်ဖြင့် မေးမြန်းပြီး အဲဒီမှာ မှတ်ချက်ရေးထားတာပဲ'

'အင်း…. သမားတော်ကြီးချင်ချင်က အင်မတန် စေ့စပ်သေချာတာပဲ၊ ပြန်မလာတဲ့ လူကျတော့ခက်တာကွ'

ဟွေ့သန်းကိုးက ပခုံးတွန့်လိုက်သည်။

'ဆရာကြီးကတော့ ဘယ်လိုက်စုံစမ်းမလဲ၊ သူ့ထိုက်နဲ့သူ့ကံပဲပေါ့၊ မှတ်တမ်းမှာလဲ ဘာမှမရေးသွင်းတော့ဘူး၊ ဒါပေမယ့် လာရောက်အပ်နှံစဉ်က ဘယ်မှာနေတယ်၊ ဘာလုပ်ကိုင်စားတယ်ဆိုတာ သက်ခံမှတ်တမ်းစာအုပ်ကြီးထဲမှာ ရှိနေပါတယ်'

ယွမ်က နားထောင်ပြီး ခေါင်းကိုခပ်ဖြည်းဖြည်း ညိတ်နေသည်။

ပြီးမှ….

'ဒီအတိုင်းဆို စွမ်းမာဆိုတဲ့ အမျိုးသမီးဟာ ဒီကျုံကွမ်းမြို့မှာပဲ ရှိနေတာပဲ၊ သူဟာစောင့်ကြည့်ဖို့ကောင်းတဲ့ စာရင်းထဲမှာပါတယ်၊ အခုမင်းကြည့်နေတာက ဘယ်သူလဲ'

ဆန်းကိုးက….

‘ဖူကောင်းကြည်ဆိုတဲ့ အမျိုးသမီးပဲ၊ သူကလဲ စွမ်းမာရဲ့ ရောဂါလက္ခဏာမျိုးနဲ့ ခပ်ဆင်ဆင်ပဲ၊ ဒါပေမယ့် စွမ်းမာလိုတော့ ကိုယ်ထိလက်ရောက် လူမသတ်ခဲ့ဖူး၊ သေနာကောင်တွေ နင်တို့မသေမချင်း ငါမကြေဘူးဆိုတဲ့စကားကို အမြဲပြောပြီးထထခုန်တယ်၊ အဲ သူ့ကိုကုတာအချိန်သိပ်မကြာဘူး၊ လေးလပဲကြာတယ်၊ အခုကြယ်နီစားသောက်ဆိုင်မှာ အလုပ်လုပ်နေတယ်’

ယွမ်သည် ဂရုစိုက်နားထောင်ပြီး ခေါင်းကို ဆတ်ခနဲ ညိတ်လိုက်ပြန်သည်။

‘အေး….သူ့ကိုလဲ လျစ်လျူရှုမထားနဲ့၊ မင်းရွေးယူခဲ့တာတွေ အားလုံးဟာ အံကိုက်တွေချည်းပဲ၊ စားသောက်ဆိုင်မှာ ဘယ်လိုအလုပ်မျိုး လုပ်တယ်ဆိုတာကို ပိုပြီးလေ့လာရမယ်၊ နင်တို့ မသေမချင်း ငါမကြေဘူးဆိုတဲ့အစွဲဟာ သူ့မှာရှိနေသေးသလား၊ မရှိတော့ဘူးလား ဆိုတာ သမားတော်ကြီးတွေကို သေသေချာချာ ပြန်မေးသင့်ဘယ်၊ နောက် တစ်ယောက်ကကော….’

‘နောက်တစ်ယောက်က ယုလွမ်း၊ ချန်ကျိုးမြို့မှာနေတယ်၊ သူကတော့ ဘာလုပ်ငန်းမှ မလုပ်ဘူး၊ မိဘတွေနဲ့အတူနေတာ၊ ငွေကြေးလဲချမ်းသာတယ်၊ အဲဒီအမျိုးသမီးကတော့ ဖြစ်နိုင်စရာနည်းလမ်း လုံးဝမရှိပါဘူး၊ ဒါပေမယ့် ဘာကြောင့် ကျွန်တော်ရွေးထုတ်လာသလဲဆိုတော့ သူ့ရောဂါလက္ခဏာက နည်းနည်းဆန်းတယ်’

ယွမ်က စိတ်ဝင်စားသလို မေးလိုက်သည်။



‘ဘယ်လို ဆန်းတာလဲ’

‘သူက သံချွန်တွေ၊ တုတ်အချွန်တွေကို ကိုင်တတ်တဲ့ ဝါသနာပါတယ်၊ အမြဲတမ်းလဲရှာဖွေတယ်၊ ပါးစပ်ကလဲသံချွန်နဲ့ကို ထိုးသတ်မယ်ဆိုတဲ့စကားကို အိပ်ရာထဲက အကျယ်ကြီး ထအော်တဲ့ အကျင့်ရှိတယ်၊ အချိန်ပြည့် ငိုနေတတ်တယ်၊ ယောကျ်ားတွေကိုတွေ့ရင် အတင်းဖက်နမ်းတယ်’

ယွမ်က အသံထွက်အောင် ရယ်သည်။

‘တော်တော်ဘော့ဆန်းသားပဲ၊ စိတ်ဝင်စားဖို့လဲ ကောင်းတယ်’

‘သူ့ကို ခြောက်လလောက်ပဲကုရဘယ်၊ လူကောင်းပကတိ ဖြစ်သွားတယ်လို့ မှတ်ချက်ရေးထားတယ်’

ယွမ်က….

‘အင်း….သမားတော်ကြီး ချစ်ချင်ကတော့ သူကုသပြီး ပြန်လွှတ်တဲ့ လူနာတွေဟာ အားလုံးကောင်းသွားတာပဲလို့ အမြဲပြောတယ်၊ သူ့ညီချင်ယားကတော့ ဆန့်ကျင်ဘက်ပြောတယ်၊ လူနာတစ်ယောက်ဟာ ဘယ်တော့မှ လုံးလုံးလျားလျား မပျောက်ဘူး၊ ရောဂါလက္ခဏာ အငွေ့အသက်ကတော့ အမြဲကျန်တာပဲလို့ ပြောတယ်၊ ဘယ်ဟာကို ယုံရမှန်းမသိဘူး’

‘ဟုတ်ဘယ်အာစရိ၊ သူတို့ ညီအစ်ကိုမှာလဲ အဲဒီအငြင်းပွားမှုလေးတွေရှိဘယ်၊ ဒါပေ မယ့် နှစ်ယောက်စလုံးရဲ့ ထောက်ပြမှုတွေဟာ ဟာကွက်မရှိအောင် မှန်ကန်နေတော့ အာစရိပြောသလိုပဲ ဘယ်ဟာယုံကြည်ရမှန်းမသိဘူး ဖြစ်နေတယ်’

'ကဲပါလေ… အဲဒီကိစ္စနဲ့ ပတ်သက်ပြီး မင်းဆက်လုပ်သင့်တာတွေ ဆက်လုပ်ပါ၊ နားနားနေနေ သဘောမျိုးနဲ့ လုပ်ပေါ့ကွာ'

'ဟုတ်ကဲ့၊ ဒါနဲ့ အာစရိကို ကျွန်တော်တင်ခု ပြောချင်တယ်'

'ပြောလေ'

'လေ့ဖီးဆိုတဲ့ကောင်ကို ကျွန်တော် လိုက်စုံစမ်းချင်တယ်၊ နောက်ပြီး ချုံကျိုးမြို့က ယုလှမ်းရဲ့ အကဲလဲ ခတ်ချင်တယ်၊ သူယာ အဲဒီမှာရှိ မရှိ'

ယွမ်က ရယ်သည်။

'အာလဲ မင်း ယုလှမ်းကိုတွေ့ချင်တာ ဖက်နမ်းတာကို ခံချစ်တဲ့ကိစ္စတော့ မဟုတ်ပါဘူးနော်'

'ဟာ… အာစရိကလဲ လုပ်တော့မယ်'

'ကျီစယ်တာပါကွာ၊ မင်းနေကောင်းရင် ဆက်လုပ်ပေါ့၊ ဝမ်ပါးဆီသွားမလို့၊ မင်းမလိုက်ဘူးလား'

'မဟုတ်တာ…၊ လိုက်မှာပေါ့ဗျာ'

အခန်း (၁၇)

မြို့စားကြီးဂေဟာ၏ ခေါင်းရင်းဘက်မှ အဆောက်အအုံမှာ သမားတော်ကြီး အိုဟန့်ဟန်း၏ အဆောက်အအုံပင် ဖြစ်သည်။

အဆောက်အအုံ၏ အဝင်ဝတွင် အစောင့်ချထားသည်။

ဟော့ဆန်းကိုးတို့သည် အစောင့်ကို ပြုံးပြခဲ့ပြီး ခပ်သွက်သွက်ပင် ဝင်ခဲ့ကြသည်။

လှုနာထားသော အခန်းဝမှ သမားတော်ကြီး၏ အပြုံးကို စတင်၍ တွေ့ရလေသည်။

'ဆရာ အခြေအနေ….'

ယွမ်က စိတ်လှုပ်ရှားစွာဖြင့် မေးသည်။

သမားတော်ကြီးက ပက်လက် အိပ်ပျော်နေသော ဝမ်ပါးကို လှမ်းကြည့်လိုက်ပြီး….

'မကြာခင်က တစ်ချက်တော့ မြန်ပြီး သတိလည်လာတယ်၊ အသက် စိုးရိမ်ရတဲ့ အဆင့်ကတော့ ကျော်လွန်လာပြီလို့ ကျုပ် ထင်တာပဲ'

ယွမ်သည် ဆန်းကိုးအား ကြည့်၍ ယဲ့ယဲ့ ပြုံးနိုင်သည်။

'ကျွန်တော်တို့ ဝင်ကြည့်လို့ ရလား'

'ရပါတယ်'

သမားတော်ကြီးက ပြောပြီး ထွက်သွားသည်။

ဆန်းကိုးနှင့် ယွမ်သည် ခမ်းပါးခုတင်ဘေးတွင် ရပ်တန့်ကာ ငေးမော ကြည့်ရှုနေမိသည်။

ခါတိုင်းနှင့်စာလျှင် ယခုနေ့အဖို့ အသက်ရှူသည်မှာ အားရှိစရာ ကောင်းလှပေသည်။

ဝမ်ပါးမှာ ဝမ်းဗိုက်ထဲမှ အတွင်းကလီဇာများပါ ပျက်စီးသွားသဖြင့် သမားတော်ကြီးက ကြိုးစား၍ ကုသနေရခြင်း ဖြစ်သည်။

ယခု သမားတော်ကြီး ကိုယ်တိုင်က အသက်ဘေးအန္တရာယ် သိပ်မစိုးရိမ်ရတော့ ဆိုသဖြင့် ယွမ်နှင့် ဆန်းကိုးတို့မှာ အတော် ပင် စိတ်ချမ်းသာသွားကြသည်။

'မင်းမှုထမ်းဆိုတာ အဘက်ဘက်က ပြည့်စုံနေရမယ်လို့ ငါပြောတယ် မဟုတ်လား၊ ဝမ်ပါးဆိုရင် တိုက်ရည်ခိုက်ရည် အများကြီး နုနယ်သေးတယ်၊ သူဟာ အဆင့်မြင့်တဲ့ သိုင်း ပညာတွေကို အချိန်ရတိုင်း ဆရာကောင်း သမားကောင်းနဲ့ လေ့ကျင့်နေရမယ်၊ ခုလို ထက်မြက်တဲ့ ရန်သူနဲ့တွေ့တော့ မခက်ဘူးလား'



ယွမ်က သက်ပြင်းကို ရှည်လျားစွာ ချလိုက်ရင်းမှ ပြော သည်။

ဆန်းကိုးက ယွမ်ပြောသည်ကိုသာ နားထောင်နေသည်။

ထိုစဉ်အခိုက် အစောင့်တစ်ယောက် ပြေးဝင်လာကာ....

'ဆရာ၊ အမျိုးသမီးတစ်ယောက် ဒီထဲကိုဝင်ဖို့ပြောနေတယ်'

ယွမ်သည် ဆန်းကိုးအား ကြည့်လိုက်သည်။

သူတို့သည် အမျိုးသမီးနှင့် ပတ်သက်လာလျှင် သတိကြီးစွာ ထားကြရမည် မဟုတ်ပါလား။

ယွမ်သည် ခေါင်းတစ်ချက် ဆတ်ပြီး....

'လွှတ်လိုက်ကွာ'

ဟု ပြောလိုက်သည်။

အစောင့် ထွက်သွားသည်နှင့် သူတို့နှစ်ယောက် တံခါး အကွယ်မှ နေ၍ ဝင်လာမည့် အမျိုးသမီးကို စောင့်ကြည့်နေ ကြသည်။

ရှေးဦးစွာ ခြေသံတရှပ်ရှပ်ကို စတင်ကြားရပြီး အခန်း ထဲသို့ လှမ်းဝင်လာသည့် အမျိုးသမီးကို နောက်ကျောမှနေ၍ စတင် တွေ့ရသည်။

ကိုယ်လုံးကိုယ်ထည် တောင့်တင်းပြီး ပန်းနုရောင် ဝတ်စုံ ကို သားသားနားနား ဝတ်ဆင်ထားသည်။

ဆန်းကိုးသည် နောက်ကျောပြင်မှ မျက်နှာဆီသို့ စူးစိုက် ကြည့်လိုက်ရာ အံ့အားသင့်သွားတော့သည်။

'ဩော်....ဆရာမ ဝေ့ယမ်းယမ်းပါလား'

'အမေ့....'

နောက်ဆီမှ ရုတ်တရက် အသံကြောင့် ဝေ့ယမ်းယမ်းက လန့်သွားသည်။

ဆန်းကိုးက ယွန်မ်ကိုကြည့်ပြီး အဓိပ္ပာယ်ပါပါဖြင့် ပြုံး၍ ခေါင်းညိတ်လိုက်သည်။

ပြီးမှ ဆရာမဘက် လှည့်ကာ....

'စိတ်မရှိပါနဲ့ ဆရာမ၊ ကျုပ်တို့က အချိုးသမီးဆိုရင် ကြောက်နေကြရတာ၊ ဒါကြောင့် အရိပ်အခြည် ကြည့်မိတာပါ၊ ဒါနဲ့ ဝေ့ယမ်းယမ်း ဟောဒါ ငါတို့ အုပ်ချုပ်ရေးမှူးပါ၊ ဆရာ သူကတော့ ကျွန်တော်တို့ မှတ်တမ်းတွေကို ဝိုင်းပြီး ကူညီ စစ်ဆေးပေးနေတဲ့ ကျောင်းဆရာမ ဝေ့ယမ်းယမ်းပါ၊ သူက တစ်ချိန်တုန်းက မှတ်တမ်းထိန်းလေ'

'ဟုတ်ကဲ့၊ တွေ့ရတာ ဝမ်းသာပါတယ် ဆရာယွန်မ်'

ဝေ့ယမ်းယမ်းက ပြုံး၍ လေးလေးစားစား ပြောသည်။

'ဝမ်းသာပါတယ် ဆရာမရယ်၊ ကျုပ်တို့ကိုကူညီတဲ့အတွက်လဲ အများကြီး ကျေးဇူးတင်ပါတယ်'

ဆန်းကိုးက....

'ဆရာမက အလုပ်လုပ်ရင်း ဝမ်ပါးနဲ့ ခင်မင်နေတယ်လေ၊ ကျုပ် သတိလစ်သွားလို့ပါ၊ နောက်ကတင် ဆရာမက ဝမ်ပါးကို လာကြည့်မယ်လို့ ပြောသေးတယ်နော်'

သူမက ရှက်ရှက်ဖြင့် ခေါင်းညိတ်လိုက်သည်။

သူမ၏လက်ထဲတွင် စားစရာအချို့ ပါလာသည်။ ထို့နောက် သူမက ထိုစားစရာများကို စားပွဲပေါ်သို့ လှမ်းတင်ထားသည်။



ယွန်မ်က....

'ဆရာမရဲ့မိတ်ဆွေကတော့ သတိမရသေးပါဘူး၊ ဒါပေမယ့် သမားတော်ကြီးက မစိုးရိမ်ရတော့ဘူးလို့ ပြောတယ်'

ဝေ့ယမ်းယမ်းသည် သက်ပြင်းလေး ချရင်းမှ ဝမ်ပါး မျက်နှာကို စူးစိုက်ကြည့်နေမိသည်။

'သူ့ဒဏ်ရာက ဗိုက်မှာနော်'

ဆန်းကိုးက ခေါင်းညိတ်၍....

'ဟုတ်တယ်၊ အတွင်းက ကလီစာပါ နည်းနည်းပျက်စီးသွားလို့ ခုလောက် ပြင်းထန်သွားတာပါ'

ဝေ့ယမ်းယမ်းသည် ယွန်မ်၏ ကုလားထိုင်အနီးတွင် ဝင်၍ ထိုင်လိုက်လေသည်။

ထို့နောက် ဟွေ့ဆန်းကိုးအား လှမ်းကြည့်ကာ....

'ဘယ့်နှယ်လဲ၊ ရှင်ယူလာတဲ့ မှတ်တမ်းတွေ ဖတ်ကြည့်ရတာ အဆင်ပြေရဲ့လား'

'အားလုံး အဆင်ပြေပါတယ်၊ အဲ.... စိတ်ထဲမှာ ခိုးလိုးခုလု ဖြစ်နေတာ တစ်ခုကတော့ စီစီချမ်းရဲ့မှတ်တမ်းကို မသိရသေးတာပဲ'

'ကျွန်မ အဲဒီကိစ္စကို ကူညီနိုင်ပါလိမ့်မယ်၊ ကျွန်မ ပြန်ပြီး သတိရထားတဲ့ အချက်တွေရှိတယ်၊ ပိုပြီးပြည့်စုံအောင် ကျွန်မ သမားတော်ကြီး ချင်ချင်ကို မေးလိုက်ပါဦးမယ်'

ယွန်မ်က ဝင်၍....

'ကျေးဇူးတင်ပါတယ် ဆရာမရယ်၊ ဆရာမမှာ လိုအပ်တဲ့ အကူအညီရှိရင်လဲ ကျုပ်တို့ကို ပြောပါ'

သူမက ပြုံး၍ ခေါင်းညိတ်သည်။

ထို့နောက်.... နှုတ်ဆက်ပြီး ပြန်သွားသည်။

ယွမ်က ဝေ့ယမ်းယမ်း၏ နောက်ပိုင်းကို မသိမသာလှည့်ကြည့်နေရင်းမှ....

'အင်း .. ဝမ်ပါး စိတ်ဝင်စားမယ် ဆိုလဲ စိတ်ဝင်စားလောက်ပါတယ်'

ဟု မှတ်ချက်ချသည်။

'အခုစရိ မှားနေပြီ၊ ဝမ်ပါးက စိတ်မဝင်စားဘူး၊ ကောင်မလေးက ဝမ်ပါးကို စိတ်ဝင်စားနေတာ၊ သူက အလုပ်တာဝန်နဲ့ ပတ်သက်ပြီး မိန်းမ မယူတော့ဘူးလို့ ပြောနေတယ်'

ယွမ်သည် ဝမ်ပါး၏ခုတင်ကို လှည့်ကြည့်ရင်းမှ....

'ဆရာမလေးသာ နောက် နှစ်ခါ သုံးခါလောက် သူနဲ့တွေ့ကြုံမယ်ဆိုရင် သူ့သံမဏိစိတ်တွေ အကုန်လုံး အရည်ပျော်သွားမှာပါကွာ'

ဟု ပြောကာ ရယ်မောလိုက်လေသည်။

သူတို့ စောင့်ကြည့်နေစဉ် အချိန်မှာပင် ဝမ်ပါးသည် တအင်းအင်း ညည်းညူပြီး သတိရလာသည်။

ဟွေဆန်းကိုးက သမားတော်ကြီးကို ပြေး၍ခေါ်ခဲ့၏။

သမားတော်ကြီးနှင့် တပည့်မလေး ရောက်ရှိလာသောအခါ ဝမ်ပါးသည် ကောင်းစွာ သတိရရှိနေပြီ ဖြစ်သည်။

သမားတော်ကြီးက ဝမ်းဗိုက်ထဲမှ အခြေအနေကို မေးသောအခါ ဘာမှ ဖြစ်ခြင်း မရှိပါ၊ အသက်ရှူ သည့်အခါ အနည်းငယ် ကျပ်သည်ဟု ပြောသည်။



သမားတော်ကြီးသည် ဆေးနှစ်မျိုးကို ဆက်တိုက်ဆိုသလို တိုက်လိုက်ပြီး အိပ်ပျော်အောင် ပြန်အိပ်ခိုင်းသည်။

နှစ်ရက် သုံးရက်အတွင်း အစားအစာကို လုံးဝ မစားသေးရန် မှာကြားနေသည်။

ဝမ်ပါးမှာ ပြုံးပြုံးရွှင်ရွှင် ဖြစ်နေသည်ကို မြင်ရသဖြင့် ဆန်းကိုးနှင့်ယွမ်တို့မှာ စိတ်ချမ်းသာ သွားကြသည်။

သူကပင် တိုးညင်းသောအသံဖြင့် ဆန်းကိုးအား ပြန်၍ မေးလိုက်သေးသည်။

'ဆရာဆန်းကိုးဒဏ်ရာရတယ်မဟုတ်လား၊သက်သာရဲ့လား'

'သက်သာပါတယ်ကွာ ငါ့အတွက်မပူပါနဲ့၊ မင်းသာ နေကောင်းအောင် သက်သက်သာသာ နေပါ'

ဆန်းကိုးသည် ယွမ်ကိုလည်း တစ်ချက်မော့ကြည့်ကာ ဝမ်ပါးအား ဆက်၍ ပြောလိုက်သည်။

'ဆရာမ ဝေ့ယမ်းယမ်း မင်းကို လာကြည့်သွားတယ်၊ ဟိုမှာမင်းနေကောင်းရင်စားဖို့ စားစရာတွေတောင် ယူခဲ့တယ်'

ဝမ်ပါးသည်စားပွဲပေါ်မှ စားစရာတွေကို တစ်ချက်ကြည့်ကာ သူ့မျက်နှာသည် ပြုံးသွားသည်ဟု ထင်လိုက်ရလေသည်။

* * *

ဆရာမဝေ့ယမ်းယမ်းသည် နောက်တစ်နေ့၌ ချင်ချင်ဓဂဟာသို့ စောစီးစွာ ရောက်ရှိလာသည်။

သမားတော်ကြီးချင်ချင်သည် ညီဖြစ်သူ ချင်ယားနှင့်အတူ လက်ဖက်ရည်နှင့်မုန့် ကို စားသောက်ချိန်ဖြစ်သည်။

'လာပါဝေ့ယမ်းယမ်း၊ဆရာတို့နဲ့ဟစခါတည်းဝင်စားစမ်း'

သူမသည် ဤဂေဟာ၌ အချိန်ကြာမြင့်စွာ နေထိုင်ခဲ့သူမို့ သမားတော်ကြီးများနှင့် အကြိမ်ကြိမ် စားသောက်ခဲ့ဖူးသည်။

ညီအစ်ကို နှစ်ယောက်စလုံးကလည်း ဝေ့ယမ်းယမ်းကို သမီးအရင်းကဲ့သို့ ချစ်ကြသည်။

အလုပ်လုပ်သည့်နေရာတွင် သွက်လက် ချက်ချာမှုရှိသည်။ ဉာဏ်ကောင်းသည်၊ ဝီရိယကောင်းသည်၊ သပ်ရပ်သည်။

ထို့ကြောင့်လည်း သူမကို လက်မလွှတ်ချင်သော်လည်း ဝေ့ယမ်းယမ်းက စိတ္တဇဝေဒနာသည်တွေနှင့် နေထိုင်ရသော အလုပ်သည် အလွန်ပင် စိတ်ပျက်စရာကောင်း၍ ထွက်ခွင့်တောင်းဆိုသောကြောင့် ခွင့်ပြုလိုက်ရခြင်း ဖြစ်လေသည်။

ဝေ့ယမ်းယမ်းသည် သမားတော်ကြီး ချင်ချင်တို့၏ ရှေ့တွင် မျက်နှာချင်းဆိုင်ဝင်ထိုင်၍ ကရားထဲမှ လက်ဖက်ရည်ကို ငှဲ့ကာ ဝင်၍စားသောက်လေသည်။

'ဆရာမလေးက စောစောစီးစီး ဘာအကြောင်းများ ထူးလို့လဲ'

ချင်ယားက မေးလိုက်ခြင်းဖြစ်သည်။

'တခြားတော့ မဟုတ်ပါဘူးဆရာကြီး၊ မြို့ပြအုပ်ချုပ်ရေးက အကူအညီတောင်းထားတဲ့ကိစ္စကို ကူညီလက်စနဲ့ ကူညီနေတာပါ'

သမားတော် ချင်ချင်က....

'အေးလေ၊ ဒီကိစ္စ ခုထိမပြီးသေးဘူးလား'

'ပြီးတော့ ပြီးသွားပါပြီ၊ ဒါပေမယ့် စီစီချမ်းဆိုတဲ့ အမျိုးသမီးရဲ့ မှတ်တမ်းပျောက်နေတာကို ကျွန်မပြန်ပြီး လော့လာနေတာပါ'



သမားတော်ကြီး ချင်ချင်သည် မှတ်တမ်းပျောက်နေသည့်ကိစ္စ ယခုမှသိရသည့်အတွက် အံ့ဩစွာ ဝေ့ယမ်းယမ်းကို ကြည့်လိုက်သည်။

'စီစီချမ်းရဲ့မှတ်တမ်းပျောက်နေတယ်၊ ဟုတ်လား'

ချင်ယားက....

'ဟုတ်တယ်အစ်ကိုကြီး၊ အဲဒီကိစ္စ အစ်ကိုကြီးကို ကျွန်တော် မပြောမိသေးဘူး၊ မှတ်တမ်းအခန်းထဲမှာ တစ်ယောက်ယောက် ဝင်ခိုးသွားတယ်လို့ သူတို့ ယူဆထားကြတယ်'

သမားတော်ကြီး ချင်ချင်၏မျက်နှာတွင် မည်းခနဲဖြစ်သွားသည်ဟု ထင်လိုက်ရသည်။

'သူတို့က စီစီချမ်းရဲ့မှတ်တမ်းကို ဘာလို့လိုချင်ရတာလဲ၊ သူတို့အဖို့ စိတ်ဝင်စားစရာ ကောင်းနေလို့လား'

ဝေ့ယမ်းယမ်းက ခေါင်းခါယမ်း လိုက်လေသည်။

'ဘာမှန်း မသိသေးဘဲနဲ့ သူတို့က စိတ်မဝင်စားပါဘူး၊ သူတို့စိတ်ဝင်စားတာက ခုရက်ပိုင်း အတွင်းမှာမှ ဒီမှတ်တမ်း ဘာကြောင့်ပျောက်ရသလဲ ဆိုဘာပါပဲ'

သမားတော်ကြီးသည် စကားလုံးဝ ဆက်မပြောဘဲ လေးလေးနက်နက် တွေးတောစဉ်းစားနေပုံရသည်။

ဝေ့ယမ်းယမ်းက....

'စီစီချမ်းဟာ ကျွန်မရှိစဉ်က ရောက်လာတဲ့ ဝေဒနာသည်ပဲ၊ ကျွန်မ မှတ်မိသလောက်ဆိုရင် သူ့ကို ခေါ်လာတာ တပ်မှူး ရှဖုန်းရီလေ'

'ဩော်....အေး ကျုပ်မှတ်မိပြီ၊ ရှဖုန်းရိခေါ်လာခဲ့တဲ့ စီစီချွမ်း၊ သူက သိပ်ထူးထူးထွေထွေ မရှိလှပါဘူး၊ ပျောက်ကင်းသွားလို့ သူ့နေရာသူ ပြန်သွားတယ် မဟုတ်လား'

ထိုစဉ် ချင်ယားက သတိရသွားဟန်ဖြင့်....

'အဲ....ကျုပ်လဲမှတ်မိပြီ၊ စီစီချွမ်း....စီစီချွမ်း၊ ရှဖုန်းရိ ခရီးထွက်တုန်းက လမ်းခရီးမှာတွေ့လို့ ခေါ်လာတဲ့ ကောင်မလေး၊ ရုပ်က ခပ်ဆိုးဆိုး၊ ရုပ်ဆိုးသလောက် ကြမ်းတမ်းတယ်လေ၊ ယောကျ်ားတွေကိုမြင်တာနဲ့ ဆဲတယ်၊ တွေ့ရာနဲ့ ကောက်ပေါက်တယ်၊ နောက်ပြီး တစ်လောကလုံးက ယောကျ်ားတွေကို တစ်ယောက်ပြီး တစ်ယောက် ဆက်တိုက် သတ်ပြမယ်လို့ အမြဲတမ်းကြိမ်းနေတဲ့ ကောင်မလေးပေါ့'

ချင်ယားက ပြောလိုက်သဖြင့် မှတ်တမ်းရေးသူ ဝေ့ယမ်းယမ်းသည် အရုပ်ဆိုးမလေး စီစီချွမ်းကို ကောင်းစွာ မှတ်မိလာတော့သည်။

တပ်မှူး ရှဖုန်းရိ ခေါ်လာပုံ၊ သူမ၏ နောက်ကြောင်းများကို မိမိတို့က မေးမြန်းပုံနှင့် သူမ၏ မှတ်တမ်းကို မိမိရေးခဲ့ရပုံ အားလုံးက ဝေ့ယမ်းယမ်း ခေါင်းထဲသို့ ပြန်ဝင်လာခဲ့တော့သည်။

'သူ့မှတ်တမ်း မရှိလဲ အကြောင်း မဟုတ်တော့ပါဘူး၊ သူတို့က ပထမလိုပဲ စိတ်ဖောက်ပြန်ပြီး လူတွေ သတ်နေမယ်လို့



ထင်နေတယ် မဟုတ်လား၊ ဘယ်တော့မှ ဒီလိုမဖြစ်ဘူး၊ ဒီကလေးမလေးက အားလုံးကို ကောင်းသွားတာ'

သမားတော်ကြီး ချင်ချင်ကလည်း မှတ်မိလာသဖြင့် ပြောလိုက်ခြင်း ဖြစ်လေသည်။

'အစ်ကိုကြီးက သိပ်ခက်တာပဲ'

'ဘာခက်တာလဲ'

'စိတ်ဝေဒနာသည်တွေဟာ လုံးလုံးလျားလျား ပျောက်ကင်းတယ်လို့ ဘယ်ရှိပါ့မလဲ အစ်ကိုကြီးရဲ့၊ အမြဲတမ်း ဆဲဆိုကြိမ်းမောင်းနေတဲ့ အမျိုးသမီးဟာ မဆဲတော့တာပဲရှိမယ်၊ မကြိမ်းမောင်းတော့တာပဲ ရှိမယ်၊ အဲဒီလောက်နဲ့ ပျောက်သွားပြီလို့ ပြောလို့မရဘူး၊ သူ့ရဲ့ ဝမ်းတွင်းခံစားချက်ကတော့ အမြဲ ရှိနေမှာပဲ၊ အချိန်မရွေး ပြန်ပြီး ပေါက်ကွဲလာနိုင်တယ်၊ ဒါပေမယ့် အရင်ကလိုတော့ ပရမ်းပတာ မပြောတာပဲ ရှိမယ်'

'မင်းဟာ စိတ်သမားတော် လုပ်နေပြီး **စိတ်အကြောင်းကို** နိုက်နိုက်ချွတ်ချွတ် မသိသေးပါဘူး၊ ငါကုတဲ့ လူမမာတွေဟာ ပျောက်ကို ပျောက်သွားတယ်၊ ဘယ်လို ရောဂါအငွေ့အသက်မှ မကျန်ရဘူး'

'ဒါဖြင့် အဲဒီ လူမမာဟာ နောက်ထပ် ဘယ်တော့မှ ပြန်မဖြစ်တော့ဘူးပေါ့၊ ဟုတ်လား'

'မင်း အဲဒီလို မေးလိမ့်မယ်ဆိုတာ ငါထင်သားပဲ၊ ပြန်ဖြစ်တာက ရောဂါအသစ်ပဲ၊ ငါပြောမယ်ကွာ လူတစ်ယောက် ဖျားတယ်၊ ဆေးတိုက်လိုက်တယ်၊ အဲဒီအဖျား လုံးဝပျောက်သွားတယ်၊ ဒါကို ငါက ပျောက်သွားတယ်လို့ပဲ ပြောရ

မှာပဲ၊ အဲ နောက်လေးငါးနှစ်ကြာမှ ထပ်ဖျားတယ်၊ အဲဒါကား နောက်ထပ်ဖြစ်တဲ့ ရောဂါအသစ်ကွ၊ မရှင်းသေးဘူးလား’

ချင်ယားသည် မည်သည့် စကားမှ မပြောတော့ဘဲ လက်ဖက်ရည်ဝိုင်းမှ ထသွားသည်။

စိတ်ထဲမှာတော့ မကျေမနပ် ဖြစ်သွားပုံရသည်။

သည်အဖြစ်မျိုးကို ဝေ့ယမ်းယမ်းက မကြာခဏ ကြုံတွေ့ဖူးပြီမို့ ရိုးနေပြီ ဖြစ်သည်။

ဆရာကြီး ချင်ချင်လည်း လူနာဆောင်တစ်ခုသို့ ထသွားလေသည်။

ဝေ့ယမ်းယမ်းသည် မှတ်တမ်းအခန်းဘက်သို့ လျှောက်လာပြီး အခြား သိသင့်သိထိုက်သော အချက်အလက်အချို့ကို ရေးမှတ်ပြီး ခုတ်အိကို နှုတ်ဆက်ကာ ပြန်သွားတော့၏။

# အခန်း (၁၈)

ကျုံကွမ်းမြို့၏ အရှေ့ဘက်ခြမ်း ဖြစ်သော ရပ်ကွက်တွင် ကြယ်နီ စားသောက်ဆိုင်သည် အထူး နာမည်ကျော်ကြား လှပေသည်။

သန့်ရှင်းသပ်ရပ်မှုရှိပြီး အစားအသောက် ကောင်းသည်။

ညှော့ကြိုမယ်ကလေးများက စကားပြော ချိုသာပြီး ပျူပျူ ငှာငှာ ရှိလှသည်။

ထို့ပြင် အချိန်မရွေး လောင်းကစားနိုင်သော ကစားဝိုင်းကလည်း ရှိနေသည့်အပြင် အဆိုအကဖြင့် ညှော့ခံဖျော်ဖြေသော ခန်းမကာ ရှိနေပေသေးသည်။

အချို့၏ ပြောစကားအရ ဆိုလျှင်....

ပျော်ပါးရန် အတွက် အမျိုးသမီးများလည်း များစွာ မွေးမြူထားသည်ဟု ဆိုလေသည်။

မည်သို့ပင်ဆိုစေ.... ဟော့ဆန်းကိုးသည် ရိုးရိုးအဝတ်အစားကို ဝတ်၍ ကြယ်နီ စားသောက်ဆိုင်ထဲသို့ ရောက်ရှိလာလေသည်။

နာမည်ကြီးသလောက် လူကာ စည်ကားလှသည်။

ဟော့ဆန်းကိုးသည် ယခင်က ဤစားသောက်ဆိုင်သို့ နှစ်ကြိမ်သုံးကြိမ်မျှ ရောက်ခဲ့ဖူးသည်။ စားသောက်ဖူးသည်။ သို့သော် ထိုစဉ်က ဘာတာဝန်မှ မရှိခဲ့ပေ။ ယခု သူလာရခြင်းမှာ တာဝန်တစ်ခု ပါလာသည်။

‘ဖူအောင်းကြည်’ ဆိုသည့် တစ်ချိန်က စိတ်ဝေဒနာရှင် မလေးသည် ယခုအခါ ဤစားသောက်ဆိုင်၌ အမှုထမ်းနေ

သည်ဟု သိရသဖြင့် လေ့လာအကဲခတ်ရန် ရောက်ရှိလာခြင်းဖြစ်သည်။

* * *

ဟေ့ဆန်းကိုးသည် အရက်အနည်းငယ်ကိုမှာ၍ ချောင်ကျကျ စားပွဲတစ်လုံး၌ထိုင်နေသည်မှာ ကြာပြီဖြစ်သည်။

ထိုဆိုင်ထဲတွင် စားသောက်နေသူများထဲမှ မျက်နှာတန်းမိသူ သုံးလေးယောက်အား ပြုံးကာရယ်ကာဖြင့် နှုတ်ဆက်သွားကြရုံမှအပ အခြားအသိအကျွမ်း လုံးဝမရှိပေ။

သူသည် ဖူကောင်းကြည်ကို မည်ကဲ့သို့ တွေ့ဆုံ၍ မည်ကဲ့သို့ ချဉ်းကပ်ရမည်ကို စဉ်းစားနေသည်။

နောက်တစ်ချက် စဉ်းစားမိသည်က သူမကို မိမိကိုယ်တိုင်အကဲခတ်ခြင်းထက် သူမနှင့် သိကျွမ်းရင်းနှီးနေသောသူကို မေးမြန်းရသည်က သူမအကြောင်းကို ပို၍သိရလေမလားဟုလည်း စဉ်းစားမိသည်။

သူမသည် ဤစားသောက်ဆိုင်၌ မည်သည့်အခန်း၌ ပါဝင်လှုပ်ရှားနေပါလိမ့်ဟု တွေးနေစဉ် ကစားဝိုင်းအခန်းထဲမှ လူတစ်ယောက်ထွက်လာသည်ကို မြင်တွေ့လိုက်သဖြင့် ဆန်းကိုးက လက်ဖျစ်တီး၍ ခေါ်လိုက်သည်။

ထိုလူကဆန်းကိုးနား ကပျာကယာပြေးလာသည်။ ထိုလူ ငယ်ကား လမ်းပေါ်က အလှ်ပင်ဖြစ်လေသည်။

'ဆရာရောက်နေတာ ကျွန်တော်မသိလိုက်ဘူး၊ ဘာခိုင်းစရာရှိလို့လဲ'

ဟေ့ဆန်းကိုးက ထိုင်ခိုင်းပြီး....



'တိုးတိုးပြောပါကွ၊ ငါမင်းဆီက အကူအညီတော့ နည်းနည်း လိုချင်တယ်'

'ပြောပါ၊ ကျွန်တော် ဘာဆောင်ရွက်ပေးရမလဲ'

'ဒီစားသောက်ဆိုင်မှာ ဖူကောင်းကြည်ဆိုတဲ့ အမျိုးသမီးကို မင်းသိသလား'

'ဖူကောင်းကြည် ...မသိဘူးဆရာရဲ့၊ ဒါပေမယ့် တီကျင်းတော့ သိမှာပဲ'

ဆန်းကိုးက မျက်မှောင်ကြုတ်လိုက်သည်။

'တီကျင်းက ဘယ်သူလဲ'

'ကျွန်တော့်မိတ်ဆွေပါ၊ သူကဒီဆိုင်မှာရှိတဲ့ အမျိုးသမီးအလုပ်သမား ခေါင်းဆောင်ပဲ'

'သူ့ကို ဘယ်မှာတွေ့နိုင်မလဲ'

အလှ်ထိုင်ရာမှ သုတ်ခနဲထသွားသည်။ သိပ်မကြာသောအချိန်မှာပင် ခပ်ဝဝအမျိုးသမီး တစ်ဦးနှင့်အတူ ပြန်ရောက်လာ၏။

'ဆရာ တီကျင်းက သူပဲ'

'ဘာအကြောင်းရှိလို့လဲရှင့်၊ ကျွန်မအလုပ်သမားတွေထဲက မကျေနပ်တာများ ရှိနေလို့လား'

အလှ်းကို မျက်ရိပ်ပြလိုက်သဖြင့် အနီးမှ ထွက်ခွာသွားတော့သည်။

'ထိုင်ပါဦး တီကျင်း၊ ကျုပ်သိချင်တာလေးတစ်ခု ကူညီစမ်းပါ'

သူမက ကုလားထိုင်၌ထိုင်ပြီး....

'ရှင်ဟာ လူဆိုးထိန်းလို့ အလှ်းကပြောတယ်၊ကျွန်မတို့....'

သူ့ပစ္စည်းမဆုံးမီ ဟော့ဆန်းကိုးက လက်ကာပြလိုက်သည်။

‘ခင်ဗျားတို့အလုပ်သမားတွေ ဘာမှမဖြစ်ပါဘူး’ တီကျင်း၊ ကျုပ် မြို့ပြအုပ်ချုပ်ရေးဌာနကဆိုတာလဲ လူတွေသိပ်ပြီး မသိစေချင်ဘူး’

‘ကောင်းပါပြီရှင်၊ ရှင်ဘာသိချင်လဲ ပြောပါ’

ဟော့ဆန်းကိုးက သူ့ဖော်အကဲကိုခတ်လိုက်သည်။

‘ဒီမှာဖူကောင်းကြည်ဆိုတဲ့ ဧည့်သည် မိန်းမ ရှိတယ် ဟုတ်လား’

တီကျင်းက ပြုံးလိုက်သည်။ ဟော့ဆန်းကိုးမှာ ရှက်တရက် ကြောင်သွားတော့သည်။

‘ခင်ဗျားက ဘာရယ်တာလဲ’

‘ရှင် ပိုက်ဆံများများ ထုတ်နိုင်ရင် သူနဲ့တွေ့လို့ရတာပဲ၊ ဒါ ရှက်စရာ မရှိပါဘူး၊ ဒုတိယဆောင်မှာ ကောင်းကြည်လို့ မေးပြီး ဝင်သွားပေါ့’

ဟော့ဆန်းကိုးစိတ်ထဲတွင် အတော်ပင် အသိအအောင့် ဖြစ်သွားတော့သည်။ ဖူကောင်းကြည်သည် အထက်လွှာမှ ကြေးစားတစ်ယောက်ပါလား။ တီကျင်းအသံ၏ ထင်မံ၍ ထွက်လာပြန်သည်။

‘ကောင်းကြည်ကို ပေါ့ပေါ့ဆဆတော့သဘောမထားနဲ့ရှင့်’

ဟော့ဆန်းကိုး မျက်မှောင်ကြုတ်လိုက်သည်။

‘ခင်ဗျား ဘာကိုဆိုလိုတာလဲ’

တီကျင်းက....

‘ဒီလိုလေ....တစ်ရာ နှစ်ရာလောက် ငွေနဲ့ကတော့ သူ့ကို တွေ့ရမှာ မဟုတ်ဘူး၊ လာပြီး အနှောင့်အယှက် ပေးရမလား ဆိုပြီး သူ့ ရဲ့ကိုယ်ရံတော်လက်ချက်နဲ့အသက်ထွက်သွားနိုင်တယ်’



ဟော့ဆန်းကိုးက လေကာလေးတစ်ချက် ချွန်မိလျက်သား ဖြစ်သွားသည်။

‘သူက သက်တော်စောင့်တော်တော် ငှားထားနိုင်တယ်ပေါ့၊ ဟုတ်လား’

‘သူ့ ကိုယ်ရံတော်ကလဲ တကယ့် သရဲဘီလူးတစ်ကောင်ပဲ’

‘ဘယ်လိုလူမျိုးတွေကို သူက လက်ခံနေတာလဲ’

‘သူ့ ဖောက်သည်တွေကတော့ တကယ် ပိုက်ဆံချမ်းသာတဲ့ သူဌေးတွေပဲ၊ တခြား နယ်ကလာတဲ့ သူဌေးတွေတောင်ရှိတယ်’

ဟော့ဆန်းကိုးကစဉ်းစားနေပြီးမှတီကျင်းကို ဆက်မေးသည်။

‘ခင်ဗျားသူနဲ့ နီးနီးကပ်ကပ် နေဖူးလား’

တီကျင်း ဆန်းကိုးအား ဆတ်ခနဲ မော့ကြည့်တာ....

‘အမြဲတမ်းတော့ မဟုတ်ဘူး၊ တွေ့ဆုံကြတဲ့ အခါမှာတော့ ရင်းရင်းနှီးနှီး ရှိပါတယ်၊ ဆရာက သူ့အကြောင်းကို သိချင်တာ အဲသက်သက်ပဲပေါ့နော်၊ ဟိုကိစ္စမဟုတ်ပါဘူး’

ဟော့ဆန်းကိုးက ရယ်၍ ခေါင်းယမ်းကာ....

‘မဟုတ်ပါဘူးဗျာ၊ သူဟာ တစ်ချိန်က ချင်ချင်ဂေဟာမှာ ဆေးပါးကုသခဲ့ဖူးတဲ့ ဝေဒနာရှင် တစ်ယောက်ဗျ၊ ခုချိန်မှာ သူ့စိတ်တွေဟာ ကောင်းကောင်းမွန်မွန် ရှိနေပြီလားဆိုတာ သိချင်လို့ပါ’

တီကျင်းက ကြက်သီးထသွားသလို ခန္ဓာကိုယ် ဆတ်ခနဲ ဖြစ်သွားသည်။

‘စိတ်ဝေဒနာသည် ဟုတ်လား၊ ရှင်ပြောမှပဲ ကျွန်မ သိတော့တယ်၊ သူ ဒီကိုရောက်တာ ဆယ်နှစ်နီးပါး ရှိနေပြီ၊ အင်း....အင်း....ရှင်ပြောမှ ကျွန်မ ပြန်တွေးကြည့်မိတယ်၊ ဒါ

ကြောင့်မို့ တစ်ခါတစ်ခါ သူ့မျက်လုံးတွေဟာ နီရဲလာပြီး စိတ်ခက်ထန်လာတတ်တာကိုး'

'သူဟာ ယောကျ်ားတွေကို ကြိမ်းဝါးပြီး ထခုန်တတ်တဲ့ အခုလ အကျင့် ရှိသလား၊ အဲဒါမျိုး မြင်ဖူးသလား'

သူမက အံ့သြသလို ပါးစပ်ဟသွားသည်။

'ဟာ....သိပ်မြင်ဖူးတာပေါ့ရှင်၊ သူ့ကိုယ်ရံတော်ဘီလူးကြီးကိုတောင် ချမ်းသာပေးတာမှ မဟုတ်ဘဲ၊ တွေ့ကရာနဲ့ ကောက်ပေါက်ပစ်တာ'

သူမသည် စိတ်ဝေဒနာ ခံစားစဉ်က လက္ခဏာတွေ ရှိနေပါလားဟု တွေးမိပြန်သည်။

'သူ့ကို ကျုပ်တွေ့ချင်တယ်၊ သူ့ရဲ့အလုပ်ကိစ္စတော့မဟုတ်ဘူးပေါ့၊ ဖြစ်နိုင်ပါ့မလား'

တီကျင်းက စဉ်းစဉ်းစားစားဖြင့် ခေါင်းယမ်းလိုက်သည်။

'သူ့အလုပ်ကိစ္စကလွဲပြီး ကျန်တာတွေကို သိပ်စိတ်ဝင်စားတာ မဟုတ်ဘူး၊ ဒီတော့ ရှင်က တခြားနည်းနဲ့ တွေ့ခွင့်ယောင်းပေါ့၊ ခွင့်တောင်းနေစရာတောင် မလိုပါဘူးရှင်၊ တာဝန်အရ တွေ့ပါပဲ'

'သူဟာ စိတ်ဝေဒနာသည်ဆိုတာ ဒီကလူတွေ ဘယ်သူမှ မသိကြဘူးလား'

တီကျင်းက ခေါင်းယမ်းပစ်လိုက်သည်။

'ရှင့်ဆီက ကြားရတာ ပထမဆုံးပဲ၊ သူကိုယ်တိုင် ဖုံးကွယ်ထားတာ ဖြစ်မှာပေါ့၊ အကယ်၍ သူဟာ စိတ်ဝေဒနာသည်ဆိုရင် ကြယ်နီပိုင်ရှင်က လုံးဝ လက်ခံမယ်မထင်ဘူး'



'ဒါဆို ခင်ဗျားလဲ မသိဟန်ဆောင်ပြီး နေလိုက်ပါ တီကျင်း၊ တော်ကြာ ခင်ဗျားမှာ အန္တရာယ်များနေမယ်'

'ဟုတ်တာပေါ့ရှင်'

ဟော့ဆန်းကိုးက စဉ်းစား၍ နောက်ထပ် မေးခွန်းတစ်ခု ထုတ်ပြန်သည်။

'သူ အပြင်ကို မထွက်ဘူးလား'

တီကျင်းက မဲ့ရွဲ့လိုက်သည်။

'ရှင်တို့မမြင်လို့ပါ၊ မကြာခဏ အပြင်ထွက်နေတာပဲ'

'ညပိုင်းတော့'

'ညဘက်က ပိုပြီးအထွက်များသေးတယ်'

'တစ်ယောက်တည်းလား၊ သူ့ကိုယ်ရံတော်ကြီးနဲ့လား'

'ဒီဘီလူးကို သူက ဘယ်တော့မှ မခေါ်ဘူး'

'ကျေးဇူးတင်တယ် တီကျင်း၊ ကျုပ် သူနဲ့သွားတွေ့ပါ့မယ်'

* * *

ဒုတိယအဆောင်သည် ခန်းမဆောင်၏ အနောက်ဘက်၌ ရှိနေသည်။

ထိုအဆောင်သည်လည်း အပြင်စားသောက်ဆောင် ကဲ့သို့ပင် အရက်နှင့် အစားအစာများ ရောင်းချသည်။

ဘယ်ဘက်တွင် လောင်းကစားဝိုင်းရှိသည်။

ထိုစားသောက်ခန်းမကို လွန်လာသောအခါ တံခါးများ စိတ်ထားသော အခန်းကြီးနှစ်ခန်းကို တွေ့ရသည်။

ဟော့ဆန်းကိုးသည် ဆက်ပြီးလျှောက်လာရာ နောက်မှခြေသံ လိုလိုကြားသဖြင့် လှည့်ကြည့်မိလိုက်လေသည်။ သို့သော် ဟော့ဆန်းကိုးနေစက်ကျသွားလေသည်။

လူတစ်ယောက်၏ သဏ္ဌာန်တစ်ခုကို ရိပ်ခနဲမြင်လိုက်ရပြီး ထိုလူ၏လက်သီးက မေးရိုးဆီသို့ တည့်တည့်မတ်မတ် ဝင်ရောက်လာတော့သည်။

'ခွပ်....'

ဟော့ဆန်းကိုး နောက်သို့လန်သွားပြီး သူ၏ကိုယ်လုံးနှင့် နံရံ ဆောင့်မိသွားသည်။

'ဝုန်း....'

ဟော့ဆန်းကိုးမှာ မျက်စိပြာခနဲ တစ်ချက် ဖြစ်သွားသည်။ သူအာသတိကြီးစွာထား၍ ကုန်းထပြီး သေသေချာချာကြည့်မိလိုက်သည်။

ရုတ်တရက် အံ့ဩတုန်လှုပ်သွားမိသည်။

တိကျင်းပြောသည့် ဖူ ကောင်း ကြည် ၏ ကိုယ်ရံတော် လူ့ဘီလူးကြီး။ အသားမည်းပြီး ခေါင်းကပြောင်နေသည်။ ခန္ဓာကိုယ်က သာမန်လူနှစ်ယောက်စာနီးပါးရှိသည်။ သူသည် သွားဖြဲ၍ ရှေ့သို့တိုးလာသည်။

ဟော့ဆန်းကိုး စောစောက အငိုက်ခံလိုက်ရခြင်းသာ ဖြစ်သည်။ ကျောင်းမှန်းကန်မှန်း သိအောင်တော့ အကြွေးဆပ်ရပေမည်။ ခန္ဓာကိုယ်တစ်ပတ်လှည့်၍ ခြေဖျားနှင့်ပစ်ခတ်လိုက်သည်။

'ဖုန်း....'

ဘီလူးကြီးမျက်နှာ တစ်ဖက်ရွဲ့သွားကာ အေးသို့ ငိုက်စိုက် ငိုက်စိုက် ဖြစ်သွားသည်။ လဲကျမသွားသည်ကို ဟော့ဆန်းကိုး အံ့ဩသွားသည်။ သူ၏နဂါးပတ်ခြေသည် ဝါးပိုးဝါးတစ်လုံး ထက်ပိုင်းကျိုးရသည် မဟုတ်ပါလား။

လူ့ဘီလူးကြီးသည်အတော်ကလေးတော့နာသွားပုံရသည်။



'ဟီး....ဟီး....'

ဟု ပါးစပ်မှအသံမြည်ပြီး ပြေးဝင်လာသည်။

ဟော့ဆန်းကိုးက အမြင့်သို့ ခုန်လိုက်ပြီး ခုန်ကန်ချလိုက်၏။

'ဝုန်း'

နောက်ကို အနည်းငယ် လန်သွားသည်မှအပ ဘီလူးကြီး ပြေး၍ ပူးကပ်လိုက်သည်။

နောက်တစ်ချက် ဆင့်၍ကန်ရာ ခြေထောက်ကို ဖမ်းဆွဲပြီး လိမ်ချလိုက်သောကြောင့် ဟော့ဆန်းကိုး ကျွမ်းပစ်လိုက်ရသည်။

ဒီကောင်ကြီး အနားကပ်ခံ၍မဖြစ်၊ သူ၏လက်ချောင်းကြီး များက သံမဏိလိုမာကျောပြီး ပြုတ်တူနှင့် ညှပ်ထားသကဲ့သို့ ခိုင်မြဲလှသည်။

မိမိ၏ခြေထောက် နှစ်ချောင်းကို အသာကလေးဆွဲယူပြီး ကိုင်ပေါက်နိုင်သည်။

လူ့ဘီလူးကြီးမှာ တိကျသော တိုက်ကွက်ဟူ၍ မရှိပေ။ နွားသိုးတစ်ကောင်ကဲ့သို့ အရမ်းကာရော ဝင်ရောက်ခွဲ့တတ်သည်။ သည်လိုလူမျိုးကို ဟော့ဆန်းကိုးက မဖြုံပေ။

သူ၏ လေ့ကျင့်ထားသော တိုက်ကွက်များသည် ကျဲတစ်ကောင်တောင် ပစ်လဲသွားနိုင်သည်။ လူ့ဘီလူးကြီးက ရှေ့သို့ တစ်လှမ်းချင်း တိုးလာသည်။

သေသေချာချာကြည့်မှ သူ့ပါးစပ်တွင် သွေးများစီးကျနေသည်ကို တွေ့ရသည်။ စောစောက ကန်ချက်မိထားသောကြောင့် ဖြစ်သည်။

ဟော့ဆန်းကိုးသည် သူနှင့် တစ်လံချသာ ကွာလှမ်းတော့

သည့် လူ့ဘီလူးကြီးအား လေပွေကြမ်းတိုက်ကွက်ဖြင့် ခြေရော လက်ပါ အသုံးပြု၍ တိုက်ခိုက်လိုက်သည်။

'ဖုန်း....'

'ဖျန်း....'

နှစ်ချက်ဆင့်၍ ထိသွားသော်လည်း ဘီလူးကြီးက မဖြုံဘဲ ညာလက်ကို ယမ်းလိုက်သည်။

'ဝှီး....'

ဟေ့ဆန်းကိုး၏ မျက်နှာအနီးမှ လေနီကြမ်းဖြတ်တိုက်သွားသလို ခံစားလိုက်ရသည်။ ဆံပင်များပင် လေနှင့်အတူလွင့်သွားသည်။ အကယ်၍သာမျက်နှာကို လက်ဝါးနှင့်ထိမိပါက မြင်ရက်စရာမရှိအောင် စုတ်ပြတ်သွားနိုင်သည်ဟု ထင်ရလေသည်။

ထိုစဉ်....

'ဝုန်း'ခနဲ တံခါးဖွင့်လိုက်သံနှင့်အတူ အမျိုးသမီးတစ်ဦး ခါးထောက်ရပ်တန့်နေသည်ကို တွေ့လိုက်ရသည်။

'ရပ်လိုက်စမ်း အားကု'

အမိန့်သံကြောင့် လူ့ဘီလူးကြီး တန့်သွားသည်။ သူ့အမည်က အားကု ဆိုပါလား။

ဟေ့ဆန်းကိုးသည် ခါးထောက်ရပ်တန့်နေသော အမျိုးသမီးကို တွေ့လိုက်ရသည်တွင်....

မျက်လုံးများပြူးကျယ်ကာ အံ့ဩသွားတော့သည်။

နားပါဦးမည်။

ပထမပိုင်း ပြီး၏။

ဒု-ဇာတ်သိမ်း ဆက်လက်ဖတ်ရှုပါရန်။